တက္ကသိုလ်

# တင်မြင့်

## သူသိပ်လျှို့ဝှက်သည်



# တက္ကသိုလ်တင်မြင့်

## သူသိပ်လျှို့ဝှက်သည်


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၈၂၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၉၄၀၄၀၈

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လွင်(၀၂၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လွင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်



## သူ သိပ်လျှို့ဝှက်သည်

ဤဝတ္ထုစာတ်လမ်းသည် တရံရောအခါက တကယ်ဖြစ်ခဲ့သော ဇာတ်လမ်းကို စာရေးသူက ချဲ့ထွင် ဖြည့်စွက်ရေးသား ခြင်းဖြစ်ပါသည်။

ထိုဇာတ်လမ်းတွင်ပါရှိသော ဇာတ်ဆောင်၊ ဇာတ်ပို့များ၏ အမည်များမှာ စာရေးသူ၏ စိတ်ကူးဖြင့်ပေးထားသော အမည်များဖြစ်ပါ၍ အကယ်တန္တု စာဖတ်သူ၏ အမည်နှင့် တူညီသွားပါက မတော်တဆ တိုက်ဆိုင်မှုသာ ဖြစ်ပါကြောင်း ကြိုတင်တောင်းပန်အပ်ပါသည်။

စာရေးသူ

စေတနာစာပေ

## ၁

မြတ်သူဇာက ညစာထမင်းဝိုင်းသို့ နောက်ဆုံးမှ ရောက်လာသည်။

ညနေကျောင်းက ပြန်လာပြီးမှ ပင်ပန်းလှသောကြောင့် မြတ်သူဇာ အိပ်ရာထက်တွင် ခေတ္တအနားယူလဲလျောင်းရာမှ မေ့ခနဲ အိပ်ပျော်သွားပြီး တစ်ကျော့ပြန် နိုးလာမှ ရေချိုးအဝတ်လဲပြီး အောက်ထပ်သို့ ဆင်းလာရာ ထမင်းစားခန်း ထမင်းဝိုင်းတွင် မောင်နှမအစုံအလင် ရောက်နေပေပြီ။

အစ်မအကြီးဆုံး မျိုးနန္ဒာက စားပွဲထိပ်တွင်ထိုင်သည်။

စားပွဲ၏လက်ဝဲဘက်တွင် မောင်လေးလတ်လတ်

နှင့် ညီမလေး မိုးစန္ဒာထိုင်သည်။

စားပွဲလက်ဝဲဘက်တွင် မြတ်သူဇာ တစ်ယောက်တည်းထိုင်သည်။

သူတို့မောင်နှမလေးဦးသည် သင်္ကန်းကျွန်းမြို့နယ် ဖော့ကန်ရပ်ကွက် သီရိရတနာလမ်းတွင် သုံးဧကကျယ်ဝန်းသော ခြံကြီးထဲတွင် ထည်ဝါသော နှစ်ထပ်တိုက်ကြီးဖြင့်နေကြသည်။

"မဟာမြိုင်ဂေဟာ"

ခြံတံခါးအုတ်တိုင်တွင် ထွင်းဖောက်ပြီး ရွှေမှင်ရောင်စာလုံးဖြင့် ခြံနှင့် တိုက်ကို အမည်တပ်ထားသည်။

မောင်နှမလေးဦးသည် မဟာမြိုင်မိသားစုဖြစ်ပါ၏။

"ဟော ... မြတ် နိုးလာပြီ ... "

အကြီးဆုံးအစ်မ မျိုးနန္ဒာက နှုတ်ဆက်သည့်သဘောဖြင့် ပြောလိုက်သည်။

လတ်လတ်က သူ၏ မမမြတ်အား ထမင်းစားခန်းထဲ ဝင်လာသည်မှ စားပွဲတွင် ဝင်ထိုင်သည်အထိ လိုက်ကြည့်သည်။

လတ်လတ်၏ မျက်နှာတွင် မမမြတ်ထံမှ တစ်စုံတစ်ခု တောင်းခံပြီး မျှော်လင့်ချက်ထား မျက်နှာအမူအရာရှိနေသည်။

အငယ်ဆုံးမ မိုးစန္ဒာကတော့ မမမြတ် ဝင်လာသည်ကို ဘာမှ မထူးခြားသော အမူအရာရှိနေပြီး စားလက်စ ထမင်းကို ဆက်စားနေသည်။





"ကဲ ... မြတ်ရေ ... မြတ်ရဲ့မောင်လေး လတ်လတ်က မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ပေးပါတဲ့ ... အဲဒါ မမမျိုးက မင်း မမမြတ်ကို ပြော ... သူသဘောတူရင် ဝယ်လို့ ပြောထားလို့ မြတ်အလာကို လတ်လတ်က စောင့်မျှော်နေလေရဲ့ ... "

"ဘာလုပ်မလဲ မမမျိုး ... "

မြတ်သူဇာ ကြွေဇလုံထဲမှ ထမင်းကို သူမစားမည့် ပန်းကန်ပြားထဲသို့ ဇွန်းဖြင့်ခပ်ထည့်ရင်း ပြန်ပြောလိုက်သည်။

လတ်လတ် ချက်ချင်း မျက်မှောင်ကြုတ်သွားသည်။

"အိမ်မှာ ကားနှစ်စီးတောင် ရှိနေတာပဲ ... မောင်လေး လတ်လတ် ကျူရှင်နဲ့ ညီမလေးမိုးရဲ့ နေ့စဉ်ကျောင်းပို့ ကျောင်းကြိုကို ဦးဒေဝက ကြိုပို့နေသားပဲ ... လတ်လတ် ဘာသာ ကိစ္စရှိလို့ သွားစရာရှိလည်း ကားဖြူကိုပဲဖြစ်ဖြစ် ကားနီကိုပဲဖြစ်ဖြစ် ကြိုက်ရာယူသွားလို့ရနေတာပဲဟာ"

"အိမ်မှာ ကားနှစ်စီးရှိပေမဲ့ ကျွန်တော်အဖို့တော့ အလကားပါ ... ကားဖြူလေးကို မနက်ပိုင်း မမမြတ်က ယူသွားပြီး တက္ကသိုလ်ကျောင်းချိန်ပြီးတဲ့ ညနေကျမှ ပြန်လာတာ ... ကားဖြူလေးက မမမြတ်ရဲ့ သီးသန့်ကားဖြစ်နေတယ် ... ကားနီလေးကျတော့လည်း မမမျိုး ဈေးသွားတာနဲ့ သာရေးနာရေးသွားတာနဲ့ မိမိုးက ကျောင်းတက်ကျောင်းဆင်းလိုက်

ပို့ရရုံမကဘူး ... ကျူရှင်ဆက်တက်တာနဲ့ ... ကျွန်တော့်မှာ ကားတစ်ခါလိုချင်ရင် ဟိုမျက်နှာကြည့်ရ ... ဒီမျက်နှာကြည့်ရနဲ့ ... မအားတဲ့ကြား ဇွတ်ယူသွားပြန်လည်း ကိုယ်လွန်ရာရောက်မှာစိုးတာနဲ့ ဒီအတိုင်းပဲ ထွက်သွားရတာချည်းပါ မမြတ် ... "

"သာရေးနာရေးမှာ မမမျိုး ကားယူသွားတယ်ဆိုတာက တစ်ခါတစ်ရံမှပါကွယ် ... "

"တစ်ခါတစ်ရံ ဟုတ်လား ... ကျွန်တော့်အဖို့တော့ အဲဒီတစ်ခါတစ်ရံဟာ နေ့တိုင်းကြုံတွေ့နေတဲ့ တစ်ခါတစ်ရံပဲ"

လတ်လတ်သည် အစ်မမြတ်သူဇာက မော်တော်ဆိုင်ကယ်ဝယ်ပေးရန် ငြင်းဆန်သည်နှင့် ချက်ချင်း မျက်နှာထားတင်းသွားသည်။

လတ်လတ် မတ်တတ်ရပ်သည်။ ခါးပင်ထောက်လိုက်သေးသည်။

မြတ်သူဇာက မောင်ငယ် လတ်လတ်ကို မော့ကြည့်နေသည်။

မဟာမြိုင်အစဉ်အဆက်မှ ပေါက်ဖွားလာသူတိုင်းသည် ရုပ်သန့်ရုပ်ချောတွေချည်း ဖြစ်သည်။

အကြီးဆုံး မျိုးနန္ဒာသည် ယခု အသက်(၂၆)နှစ်ရှိလာသော်လည်း အချောအလှစာရင်းဝင်သူဖြစ်ပါ၏။





ဒုတိယ မြတ်သူဇာကျတော့ အချောအလှတွင် မပြောပါနှင့်တော့။ ရန်ကုန်တက္ကသိုလ်၌ သမိုင်းအဓိကနှင့် ပထမနှစ် စ,တက်တည်းက ကွင်းဖြစ်ခဲ့သည့် မြတ်သူဇာ၏ အလှသည် ဘွဲ့ရပြီး လေးနှစ်လုံး တက္ကသိုလ်ဝယ် လွှမ်းမိုးထားနိုင်သည်။

ယနေ့တိုင်လည်း တက္ကသိုလ်သမိုင်းဌာနတွင် မဟာဝိဇ္ဇာဘွဲ့ရပြီး နည်းပြဆရာမလေးအဖြစ်နှင့်လည်း လွှမ်းမိုးထားဆဲဖြစ်ပါ၏။

အငယ်ဆုံးမ မိုးစန္ဒာ၏အလှကိုကြည့်ဦး၊ ဟိုက်စကူးရှစ်တန်းကျောင်းသူဘဝကတည်းက မိုးစန္ဒာ၏အလှအချောသည် ပြောမကုန်။ ဟိုက်စကူးတစ်ခွင်လုံး ဟိုးလေးတကြော် စတင်ဖြစ်ခဲ့သည်။ ယခု မိုးစန္ဒာ အသက်(၁၈)နှစ် ဆယ်တန်းဝယ် စို့စို့ပို့ပို့မို့မို့တင်းတင်း အရမ်းလှနေသည်။

အစ်မဖြစ်သူ မြတ်သူဇာနှင့် ညီမလေး မိုးစန္ဒာ၏ အလှတွင် သိသိသာသာ ကွာခြားချက်တစ်ခုတော့ရှိသည်။

အစ်မ မြတ်သူဇာ၏အလှက ဆံပင်ရှည်ရှည်၊ အင်္ကျီရင်ဖုံး ချိတ်ထဘီနှင့် အလှသရဖူဆောင်းသည်။

မိုးစန္ဒာကျတော့ စကတ်ဖြင့်လည်းကောင်း၊ ဘောင်းဘီဖြင့်လည်းကောင်း ဆံကေသာ ကုပ်ဝဲလေးဖြင့်လည်းကောင်း ခေတ်ပေါ် စပို့ရှပ်အင်္ကျီဖားဖားနှင့်လည်းကောင်း လှချင်တိုင်းလှနေသူဖြစ်ပါ၏။

သူ့အရွယ်နှင့်သူ ဝတ်စားဆင်ပုံဖြင့် တစ်မျိုးစီလှသည်။ ချောသည်။ ကြည့်ကောင်းသည်ပဲ ဆိုပါတော့။

ယောကျာ်းလေး လတ်လတ်ကို ကြည့်ဦး။ အသားဖြူဝင်းပြီး ဖြူဥနေသည်။ အသက်နှစ်ဆယ်ကျော်ပြီမို့ နှုတ်ခမ်းမွေး ပါးမြိုင်းမွေးမရှိ။ ရိတ်ထားသည့်နေရာတွင် စိမ်းဖန့်ဖန့်ဖြစ်နေသည်ကပင် တစ်မျိုးကြည့်ကောင်းနေသည်။ သို့သော် ခေတ်လူငယ်မို့ အင်္ကျီရင်ဘတ်ဟပြဲ၊ ဂျင်းဘောင်းဘီတွင် ခါးပတ်ပြားကြီးကြီးနှင့် လမ်းသရဲဆန်စွာ ဝတ်ဆင်သည်ကို အစ်မဖြစ်သူ မြတ်သူဇာ စိတ်ပျက်ပါ၏။

“မမမြတ်ကို ကျွန်တော် တစ်ခုမေးမယ် ... မမမြတ် ရန်ကုန်က ဘတ်(စ်)ကားစီးဖူးသလား ... လေးဘီးငှား တက္ကစီကားစီးဘူးသလား ...”

မြတ်သူဇာ ပြန်မဖြေ။ မျက်နှာထားတင်းနေသော မောင်ငယ် လတ်လတ်ကိုသာ မော့ကြည့် ငေးကြည့်နေသည်။

“မမမြတ် ဘတ်(စ်)ကား တစ်ခါမှ မစီးဖူးဘူး ... အငှားလေးဘီးကို လက်ခုပ်တီးခေါ်ပြီး မမမြတ် မစီးဖူးဘူး ... ဘယ်စီးဘူးမလဲ ... မမမြတ်အတွက် အက်(စ်)အီးကားဖြူသန့်သန့်က အမြဲအသင့်ရှိနေတာကိုး ... အဲဒီကားဖြူလေးပျက်လို့ ဝပ်ရှော့ပို့ထားလည်း ဟွန်ဒါကားသစ်ကြီးတွေ လီမိတတ်





ကားသစ်ကြီးတွေနဲ့ မမမြတ်ရဲ့ အပေါင်းအသင်းတွေက မမမြတ်ကို ကြိုဟယ် ပို့ဟယ်လုပ်ပေးကြတာကိုး ...”

“လတ်လတ် ... မင်းဘာတွေပြောနေတာလဲ ...”

“ရန်ကုန်မှာ ကိုယ်ပိုင်ကားမရှိတဲ့လူတွေရဲ့ အသွားအလာခက်ခဲတာကို ပြောနေတာ ... လတ်လတ်ရဲ့ ကျောင်းသွားကျောင်းပြန်မှာ တွေ့ရတဲ့ အခက်အခဲကို ပြောနေတာ ... အဲ ... အိမ်ကကားအနီနဲ့ လတ်လတ်ကျောင်းကြိုကျောင်းပို့ပေးတာတော့ မှန်ပါတယ် ... ဒါပေမဲ့ လတ်လတ်ရဲ့ ကျောင်းအားလပ်ချိန် ကိုယ်ပိုင်အချိန်တွေမှာ သူငယ်ချင်းတွေဆီသွားချင်တယ် ... ဟိုကိစ္စ ဒီကိစ္စလေးတွေကြောင့် အပြင်ထွက်ချင်တယ်ဆိုရင် လိုင်းဘတ်(စ်)ကားစီးပြီးသွားရတယ် ... ငါးပိသိပ်၊ ငါးချဉ်သိပ် တိုးဝှေ့တက်ရတယ် ... တိုးဝှေ့ဆင်းရတယ် ... ကားခြေခုံမှာ တွဲလောင်းခိုစီးတဲ့အခါ ပြုတ်ကျရင်သေရော ... အဲဒီလို ဘတ်(စ်)ကားပေါ်က ပြုတ်ကျလို့သေတဲ့လူတွေ ဆေးရုံရောက်တဲ့လူတွေ မနည်းမနော ရှိတာ ... မမမြတ်တို့ ကြားဘူးမှာပါ ... မျက်မြင်မတွေ့ဘူးတောင် သတင်းစာမှာ ဖတ်ရမှာပါ ... ဒီကြားထဲ လက်ပတ်နာရီပဲ အဖြုတ်ခံရမလား၊ ဟင်းချိန်းနဲ့ ဆွဲကြိုးကိုပဲ အဖြုတ်ခံရမလား၊ အိတ်ထဲက ပိုက်ဆံ ခါးပိုက်နှိုက်ခံရမလားနဲ့ ဘတ်စ်ကားပေါ်က မဆင်မချင်း ရင်တထိတ်ထိတ်ဖြစ်ရတာတွေ

မျိုးကို မမြတ် မတွေ့ကြုံခဲ့ရသေးပါဘူးနော် ... အဲ ... ဘတ်စ်ကားမစီးဘဲ အငှားကားအပေါ်ဆုံးနဲ့ ပတ်နီလေးဘီးကားစီးမယ်ဆိုပြီး လက်ခုပ်တီးမခေါ်လိုက်လေနဲ့ ... ခဲတစ်ပစ်အကွာခရီးလောက်ကို အနည်းဆုံး တစ်ရာပေးရမယ်လို့ တောင်းတာ ... လတ်လတ်သွားမဲ့ မြို့ထဲဆိုရင် တစ်ရာ့ငါးဆယ် နှစ်ရာပေးမှရတာ ... ကျွန်တော်ရတဲ့ မုန့်ဖိုးက တစ်နေ့မှ တစ်ရာတည်း ... ဘယ်မှာ လေးဘီးအငှားကားစီးနိုင်မလဲ ... ဒီဒုက္ခမျိုးတွေ မမမြတ်ကိုယ်တိုင် မခံစားရတော့ ဘယ်မှာ မော်တော်ဆိုင်ကယ် ဝယ်ပေးချင်ပါ့မလဲ၊ တစ်စီးလေးငါးခြောက်စောင်ပေးရမှာ တွန့်တိုနေတာပေါ့"

"မမမြတ်က ဘာမှ တွန့်တိုနေစရာမရှိဘူး လတ်လတ် ... ဟောဒီ မဟာမြိုင်ဂေဟာကြီးမှာ ကျန်ခဲ့သမျှ မယ်မယ်ဘုရားနဲ့ ဘဘဘုရားထားခဲ့သမျှ ငွေကြေးနဲ့ အိမ်ရာနဲ့ ရတနာတွေချည်းပဲ ... အားလုံးဆို သိန်းပေါင်းထောင်ဂဏန်းတန်ဖိုးရှိတယ် ... အဲဒါတွေအားလုံး မမမြတ်တို့ မောင်နှမလေးယောက် အမွေဆက်ခံရမှာချည်းပဲ လတ်လတ် ... "

"လတ်လတ်နဲ့ အငယ်ဆုံး မမိမိုးအတွက်ကတော့ ဆိုင်သာဆိုင် မပိုင်ပါဘူး မမမြတ်ရာ ... မမမြတ်ကျွေးမှ စားရတယ်၊ မမမြတ်ပေးမှ ယူရတယ် ... ဝတ်ရတာပါ ... "

"မင်း ဒီလိုမပြောနဲ့ လတ်လတ် ... မင်းကို မော်တော်ဆိုင်





ကယ်ဝယ်မပေးချင်တာ အကြောင်းတွေ အများကြီးရှိတယ်၊ ပထမအချက်က လူငယ်စိတ်နဲ့ မော်တော်ဆိုင်ကယ်ကို အရမ်းစီးရင် အသက်အန္တရာယ်ရှိနိုင်တယ် ... မတော်တဆတွေ အများကြီးဖြစ်နိုင်တယ် ... "

လတ်လတ်ကရယ်သည်။ မရယ်လိုပါဘဲလျက် တမင်လုပ်ရယ်ပုံမျိုးဖြစ်သည်။

"မတော်တဆဖြစ်သွားလို့ သေသွားလည်း အေးတာပေါ့ဗျာ၊ မဟာမြိုင်ဂေဟာကြီးရဲ့ အမွေတစ်စု ပျက်ပြယ်သွားရင် မမမျိုးရယ်၊ မမမြတ်ရယ်၊ ညီမလေးမိမိုးရယ်ဖြည့်ပြီး သုံးယောက် ခွဲဝေယူကြပေါ့ ... "

"ဟယ် ... "

မြတ်သူဇာနှုတ်မှ ... လတ်လတ်၏စကားကြောင့် ဟယ်ခနဲ ဖြစ်သွားရတော့သည်။

အငယ်ဆုံးမ မိုးစန္ဒာကတော့ လတ်လတ်၏စကားကို တခစ်ခစ်ပင် ရယ်သေးသည်။

"ဒါဆို ဟန်ကျတာပဲ ကိုကိုလတ် ... မိုးရမဲ့ဝေစုထဲမှာ ကိုကိုလတ်ဆီကရတာကိုပါ ထည့်ပေါင်းရင် အထုပ်ကြီးပိုကြီးသွားတာပေါ့ ... ဒါပေမဲ့ ကိုကိုလတ်ရာ ကိုကိုလတ်သေမှ ကိုကိုလတ်ရဲ့ ဝေစုထဲကရတာမျိုးတော့ မိမိုးမယူရက်ပါဘူး ... အဲဒီဝေစုထဲကရတဲ့ဝေစုကိုကိုကိုလတ်တစ်ယောက်ကောင်း

ရာသုဂတိလားပါစေဆိုပြီး လှူဒါန်းအမျှဝေမယ် ... အဲ ... ကျန်တာကိုတော့ ... ရော့ ... မမြတ်ပဲယူတော့လို့ ပေးလိုက်မှာပါ ... ”

“ဘာပြောတယ် မိမိုး ... ”

မြတ်သူဇာ အရမ်းဒေါသထွက်သွားသည်။ ရင်ထဲတွင် ညီမအငယ်ဆုံးစကားကြောင့် ကျင်ခနဲ ခံစားလိုက်ရသည်။ အငယ်ဆုံးမ မိုးစန္ဒာ၏စကားသည် မိမိကို စော်ကားနေပေပြီ။ ဘာမဆို မိမိက လက်ဝါးကြီးအုပ်ထားသည့် အဓိပ္ပာယ်သက်ရောက်နေသည်။

ထို့ကြောင့် ဘာပြောတယ် မိမိုးဟု မျက်နှာထား တင်းတင်းနှင့် ပြန်မေးမိသည်။

မိုးစန္ဒာကလည်း အစ်မလတ် မြတ်သူဇာကို မျက်နှာထားတင်းတင်းနှင့်ပင် ပြန်ကြည့်သည်။ ပြီး ပြန်ဆက်ပြောသည်။

“လောကကြီးမှာ လူမိုက်နဲ့ ငွေ အတူမနေဆိုတဲ့စကားက မှန်တယ် မမြတ်ရဲ့ ... ပညာနည်းတဲ့သူတွေဟာ မိုက်မဲတတ်တယ် ... ဒီမဟာမြိုင်ဂေဟာကြီးရဲ့ မိသားစုလေးယောက်ကိုပဲပြန်ကြည့် ... ”

“မယ်မယ်ဘုရား ကွယ်လွန်သွားတဲ့နှစ်မှာ အစ်မအကြီးဆုံး မမျိုးက ကိုးတန်းနဲ့ ကျောင်းထွက်ရပြီး မဟာမြိုင်အိမ်ထောင်မိသားစုကို အစ်မကြီး အမိအရာနဲ့ ဝင်ရောက်ထိန်းသိမ်းရတယ် ... ကိုကိုလတ်ကိုကြည့်လိုက်ဦး ... ဆယ်တန်း





မှာ နှစ်နှစ်ဆက်ကျလို့ ကျောင်းကထွက်ပြီး အပြင်ကျူရှင်တွေယူပြီး ဆယ်တန်းပြန်ဖြေဖို့ ပြင်ဆင်နေရတယ် ... မိမိုးကတော့ ဒီနှစ်မှ ကိုးတန်းအောင် ဆယ်တန်းတက်ရတာ၊ ဒီမဟာမြိုင်မိသားစုလေးယောက်မှာ မမြတ်တစ်ယောက်သာ မဟာဝိဇ္ဇာဘွဲ့ရပြီးလို့ တက္ကသိုလ်မှာ နည်းပြဆရာမ ဝင်လုပ်နေတဲ့ ပညာအရှိဆုံး မဟုတ်လား ... ငွေကြေးဥစ္စာပစ္စည်းဆိုတာ လူလိမ္မာလက်ထဲမှာသာမြဲတာ ... လူမိုက်လက်ထဲမှာ မမြဲဘူး ... ဒါကြောင့် ကိုကိုလတ်သေရင် ရတဲ့ဝေစုကို မမြတ်ကိုပဲ ပြန်ပေးထားမယ်လို့ပြောတာ ... ”

“ဖြန်း ... ”

မထိန်းနိုင်တော့ပြီဖြစ်သော ဒေါသဖြင့် မြတ်သူဇာသည် ညီမအထွေးဆုံးလေး၏ ပါးပြင်တစ်ဘက်ကို လှမ်းရိုက်လိုက်သည်။

“ဟဲ့ ... မြတ် ... မြတ် ... ဘယ်လိုလုပ်တာလဲ ... ကလေးကို ... ”

ဟုဆိုကာ မြတ်သူဇာ၏လက်ကို မျိုးနန္ဒာက ဖမ်းယူဆုပ်ကိုင်လိုက်သည်။

လတ်လတ်သည် ပါးရိုက်ခံလိုက်ရသည့် ညီမငယ်အား ကြင်နာစွာ ပခုံးဖက်ကာ အစ်မမြတ်သူဇာအား မကျေနပ်သော အကြည့်ဖြင့် စိုက်ကြည့်သည်။

မြတ်သူဇာ မျက်ရည်တွေကျရင်း ပြောသည်။

“သူတို့အငယ်နှစ်ကောင် မြတ်ကို သိပ်စော်ကားလွန်းနေပြီ မမမျိုး ... ဟိုတစ်နေ့ကလည်း မမိုးက ဘောင်းဘီဖင်ကျပ် ဝတ်ချင်တယ်ပြောလို့ မြတ်က မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ မသင့်တော်ဘူး ... ဣန္ဒြေမစောင့်စည်းရာရောက်တယ် မဝတ်နဲ့လို့ တားမြစ်တာကို မိမိုး မကျေနပ်ခဲ့ဘူး ... ဒါကြောင့် အခုလိုစကားတွေ ပြောလာတာ ... လတ်လတ်ကိုကြည့်ဦး ... မော်တော်ဆိုင်ကယ်သာ ဝယ်ပေးလိုက်ရင် သူ ဆိုင်ကယ်စီးထွက်သွားလို့ အိမ်ကို ပြန်မရောက်မချင်း တစ်အိမ်သားလုံး ဘယ်လောက်စိတ်ပူရမလဲ၊ နောက်ပြီး မော်တော်ဆိုင်ကယ်နဲ့ ဟိုလတ်လျား ဒီလိုက်လျားသွားနေရင် ဒီနှစ် ဆယ်တန်းအောင်ပါဦးမလား ... ”

“ဒါတွေခေါက်ထားလိုက်ပါ မမြတ် ... တောမှာသွားပြော၊ ပညာရှိစကားမို့ မှန်တယ်ပဲထားပါ ... လတ်လတ်ကို မော်တော်ဆိုင်ကယ်ဝယ်မပေးနဲ့တော့ ... မလိုချင်တော့ဘူး၊ နောက်တစ်ခါ ကိုယ့်ညီမ အထွေးဆုံးလေးကိုလည်း ဘယ်တော့မှ ပါးမရိုက်ပါနဲ့တော့ ... မယ်မယ်နဲ့ ဘဘဘုရားရှိစဉ်တုန်းက ရိုက်ဖို့နေနေသာသာ ညီမလေးကို လက်နဲ့ တောင်ရိုက်ဖို့မရည်ရွယ်ခဲ့ဘူး ... ဖူးဖူးမှုတ်ခံထားရတဲ့ ညီမလေးပါ”





မြတ်သူဇာသည် မျက်နှာလက်အုပ်ငိုကာ သူမ၏ ...ိပ်ခန်းရှိရာသို့ ပြေးသွားတော့သည်။ အိပ်ခန်းအတွင်း ဂလန့်ထိုး...ာ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။

အိပ်၍မရဘဲ အိပ်ရာထက်တွင် လူးလိမ့်နေတော့...ည်။

တကယ်တော့ မြတ်သူဇာသည် မဟာမြိုင်မိသားစု...ောင်နှမတွေအပေါ်တွင် သံယောဇဉ်ကြီးလွန်းသူဖြစ်ပါ၏။

မမမျိုးတွင်လည်းကောင်း၊ မောင်လေးလတ်လတ်...နှင့် ညီမလေးမိုးစန္ဒာတွင်လည်းကောင်း မသင့်တော်တာတစ်ခုခုဖြစ်...လမည်ကို မြတ်သူဇာက သံယောဇဉ်ကြီးမားစွာဖြင့် အမြဲစိုးရိမ်ပူ...န်နေသူဖြစ်ပါ၏။

မမမျိုးက အစ်မအကြီးဆုံးမို့ နောက်ဆုံး မယ်မယ်...ဘုရား ကွယ်လွန်သွားပြီးနောက် မဟာမြိုင်ဂေဟာတွင် ဦးစီးခေါင်း...ဆောင် အမိအရာယူရသည်။

မမမျိုးတွင် ပြင်ပဆက်ဆံရေးသိပ်မရှိ။ အိမ်ကြီးတစ်...အိမ်လုံး တာဝန်ယူရသူမို့ ပြင်ပဗဟုသုတနည်းပါးသွားသည်။

အိမ်မြေကိစ္စ၊ ဘဏ်ကိစ္စ၊ အခွန်တော်ကိစ္စနှင့် ရုံးကိစ္စ...နှ်သရွေ့ မြတ်သူဇာကပင် ဆောင်ရွက်သည်။

မြတ်သူဇာ၏ရုပ်ရည် ခန္ဓာကိုယ်အချိုးကျ ပြေပြစ်...ကျော့ရှင်းမှု ပညာအရည်အချင်း ကောင်းမှုတို့ကြောင့် မြတ်သူဇာ

ကို ရာသက်ပန်ရည်ရွယ်သည့် တကယ့်ထိတ်ထိတ်ကြဲ အမျိုးသား တွေ ချဉ်းကပ်သည်။

မြတ်သူဇာခမျာ သူမ၏ နှလုံးသားရေး၊ အိမ်ထောင် ရေးတို့ကို လုံးဝမစဉ်းစား။ အငယ်နှစ်ယောက်ဖြစ်သော လတ်လတ် နှင့် မိမိုးစန္ဒာတို့ တက္ကသိုလ်မှ ဘွဲ့အသီးသီးရပြီးမှသာ မိမိကိစ္စ စဉ်း စားမည်ဟု ဆုံးဖြတ်ထားသည်။ အလွန်ဆုံး နောက်ထပ်လေးငါး နှစ်ဆိုလျှင် အငယ်နှစ်ယောက် ဘွဲ့ကိုယ်စီရပြီး လူတစ်လုံး သူတစ် လုံး ဖြစ်စေဖို့ မျှော်မှန်းသည်။ မိမိလည်း ထိုအချိန်ဆိုလျှင် အသက် သုံးဆယ်ကျော်ဦးမည်မဟုတ်။

ဤစိတ်ဓာတ်ဖြင့် အရာရာတွင် အငယ်နှစ်ယောက် အတွက် စိတ်ဓာတ်ပြင်းထန်ကာ ထိန်းသိမ်းရာတွင် အငယ်နှစ် ယောက်၏ မိမိအပေါ် အမြင်မကြည် အမြင်စောင်းသည်များခံ သည်။

မိမိ၏စေတနာသည် သူတို့လေးနှစ်ယောက်အတွက် ဝေဒနာဖြစ်နေသည်။

မမမျိုးကတော့ အငယ်နှစ်ယောက် တောင်းဆို သည်များကို နားအေးလျှင်ပြီးရော သဘောမျိုးဖြင့် လိုက်လျောချင် တတ်သည်။ ဒါကြောင့်လည်း မြတ်သူဇာ ပို၍ စိတ်ပူပင်ရသည်။

ဘဘဘုရားနှင့် မယ်မယ်ဘုရားထားခဲ့သော အမွေ တွေမှာ များပြားပါ၏။





သို့သော် မယ်မယ်ဘုရား ဆုံးပါးသွားပြီးနောက် ဝင် ငွေသည် မယ်မယ်ရရ မရှိတော့။

မိမိ၏ နည်းပြဆရာမလခသည် အိမ်စရိတ် ဘေး ယ်ထား။ လတ်လတ်စီးသော ဖိနပ်တစ်ရံလောက်ဖိုးပင်မရှိ။

လတ်လတ်နှင့် မမိုးတို့ တက္ကသိုလ်ဘွဲ့ရပြီးအထိ ညာသင်စရိတ်တွေ အများကြီးကုန်ကျဖို့ရှိသေးသည်။

လစဉ်အိမ်စားစရိတ်၊ သာရေးနာရေး လူမှုရေးကိစ္စ ကုန်ကျငွေ၊ မိသားစုလေးယောက် ကိုယ့်အဆင့်နှင့် လျော်ညီစွာ ားသောက်ရေး၊ နေရေးထိုင်ရေးစရိတ်၊ ယာဉ်မောင်း ဦး၁၀၊ ဂဏ္ဍာစိုး ဒေါ်သာယာ၊ အိမ်ဖော်လေးများဖြစ်သည့် မိပေါက်နှင့် န်းခင်၊ မာလီဂန်ဂယားစသည့် မဟာမြိုင်ဝိုင်းတော်သားတွေ၏ လစာငွေ၊ ကားနှစ်စီး၏ အမြဲကုန်ကျငွေစသည်တို့သည် လစဉ်ဘဏ် ထုတ်ယူသုံးစွဲနေရသည်။ ကြာလျှင် ဘဘဘုရားနှင့် မယ်မယ် ဘုရား ထားခဲ့သမျှ လုံးပါးပါးသွားမည်ကို စိုးရိမ်သည်။

ထန်းလျက်ခဲကြီးတစ်ခဲကို ပုရွက်ဆိတ်ပေါင်းများစွာ က အမြဲခဲပြီး စားသောက်နေလျှင် ထန်းလျက်ခဲအကြီးကြီးမှ တ ဖြည်းဖြည်း ထန်းလျက်ခဲသေးသေးလေးဖြစ်သွားမည်ကိုလည်း မြတ် သူဇာပင် စိုးရိမ်စိတ်ပူရသည်သာ။

မြတ်သူဇာ၏စိတ်မှာ နောက်ဆုံး မိသားစုလေး

ယောက် ခွဲဝေယူသော အချိန်တွင် မယ်မယ်ရရ အထုပ်ကြီးဆွဲ
ရသွားစေချင်သော စေတနာအမှန်ဖြစ်သည်။

သို့သော် ယနေ့ညနေ ထမင်းဝိုင်းတွင် အငယ်မ
ယောက် ပြောလိုက်သော စကားတွေသည် မြတ်သူဇာအား
အထိတ်တလန့် တုန်လှုပ်သွားစေသည်။ သူတို့ရသင့်သော အ
တွေကို မမမြတ်က လက်ဝါးကြီးအုပ်ထားသည်ဆိုသည့် အဓိပ္ပာယ
သက်ရောက် စကားသံတွေထွက်လာသည်။

တစ်ညလုံး မြတ်သူဇာ အိပ်မပျော်ဘဲ မိုးလင်းကာ
မှ မှေးခနဲ အိပ်ပျော်သွားသည်။

အိပ်ရာထနောက်ကျသွားသည်။

နိုးသည်နှင့် တံခါးဖွင့် အပြင်ထွက်ခဲ့သည်။

အပြင်ဘက်တွင် မမမျိုးတစ်ယောက်တည်းသာ
ထိုင်နေသည်ကို တွေ့ရသည်။

လတ်လတ်နှင့် မိမိုးကိုမတွေ့။

နာရီကိုလှမ်းကြည့်ရာ ညီမလေးမိုးစန္ဒာ ကျောင်း
သွားချိန်ရှိနေပြီ ...။ လတ်လတ်ကတော့ ပြင်ပကျူရှင်သမားမို့ ဒီ
လောက်အစောကြီး မသွားတန်ရာ ...

"မမမျိုး ... လတ်လတ်နဲ့ မိုးကော ..."

"ကျောင်းသွားကြပြီလေ ..."

"အိမ်မှာ ကားနှစ်စီးစလုံးရှိသားပဲ ..."





"ဩော် ... ဒါလား ... မနက်ကော်ဖီဝိုင်းမှာ မောင်နှမနှစ်
ယောက် ပြောကြတယ်လေ ... လတ်လတ်က မမိုးကို နင်
ရန်ကုန်မှာ ဘတ်စ်ကားစီးဘူးသလားတဲ့ ... မိုးက တစ်ခါမှ
မစီးဖူးဘူးလို့ ပြန်ပြောတယ် ... အငှါးလေးဘီးကားရော
စီးဘူးလားတဲ့ ... မိုးက မစီးဖူးဘူးပဲ ... နင့်မှာ ပိုက်ဆံဘယ်
လောက်ရှိလဲ ... စုထားတာ ငါးရာလောက်ရှိတယ်တဲ့ ...
ဒါဆိုဖြစ်တယ် ... နင့်ကို ငါ ဘတ်စ်ကားတစ်လှည့် ... အငှား
လေးဘီးတစ်လှည့်နဲ့ ကျောင်းလိုက်ပို့ပေးမယ် ... ဒီနေ့တစ်
နေ့ပဲ နင်စီးကြည့် ... နင့်မှာ အတွေ့အကြုံအသစ်ရအောင်
ငါ လိုက်ပို့တာ ... လေးဘီးကားခတော့ နင်ပဲပေးပေါ့ ...
နင်ကြီးရင် စာရေးဆရာမလုပ်မယ်ဆို ... စာရေးဆရာဆို
တာ ဒီလိုပဲ အတွေ့အကြုံကို ငွေကုန်ခံရှာရတယ် ... လာ
သွားစို့ဆိုပြီး ... အဲဒါပျော်စရာကြီးလို့ နှစ်ယောက်အော်ပြီး
မောင်နှမ လက်တွဲထွက်သွားကြတာပဲ မြတ်ရေ ..."

မြတ်သူဇာ ဆိုဖာပေါ် ပစ်ထိုင်ချလိုက်သည်။ ရင်ထဲ
တွင် တလှိုက်လှိုက်ဖြစ်လာရပါ၏။

"ဒါ သူတို့မောင်နှမနှစ်ယောက်ပေါင်းပြီး မြတ်ကို အရွဲ့တိုက်
တာ မမမျိုး ... မနေ့ကကိစ္စကို အရွဲ့တိုက်တာ ..."

"ဟဲ့ ... အဲဒီပုံစံမျိုးတော့ မဟုတ်ဘူး မြတ် ... သူတို့နှစ်

ယောက်စလုံး ရှင်လို့ မြူးလို့ ... မနေ့ကကိစ္စ သူတို့ခေါင်းထဲမှာ ဘာမှ မရှိတော့သလိုဘဲ ...”

“မမမျိုးက သူတို့ကို အိမ်ကကားနဲ့ သွားလို့ မပြောဘူးလား၊ လတ်လတ်က ယောကျ်ားလေးမို့ ဘတ်စ်ကားတိုးတိုးဝှေ့ဝှေ့စီးတာ အရေးမကြီးဘူးပဲထား ... မိမိုးက ကလေးစိတ်ပဲရှိသေးပေမဲ့ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုက သိပ်တက်နေတယ် ... ရုပ်လေးကလည်းချောမှချော ... ဘတ်စကားပေါ်မှာ မတော်တာတွေ တွေ့မှဖြင့် ...”

“မမမျိုး ပြောပါတယ်တော် ... အိမ်က ကားနဲ့ပဲသွားပါလို့၊ ဒါပေမဲ့ လတ်လတ်က ညီမကို အဆွယ်ကောင်းတယ်လေ၊ နှစ်ယောက်သား မမမျိုးကို ပလူးပလဲလုပ်ပြီး လစ်သွားကြတာ ...”

“ဒုက္ခပါပဲ ... ဘတ်စ်ကားပေါ်မှာ ညီမအတွက် လတ်လတ်က ရန်တွေဘာတွေဖြစ်မှာ စိုးရသေးတယ် ... လတ်လတ်အကြောင်း မမမျိုး သိသားနဲ့ ...ဘာမဆို ထိုးချင်ကြိတ်ချင်တတ်တဲ့ကလေး ...”

“အေး ... မြတ်ပြောတာလည်း ဟုတ်တာပဲ ... ဒါပေမဲ့ အငယ်နှစ်ယောက်က မမမျိုးကို ချစ်ရုံချစ်တာ ... ကြောက်တာမှ မဟုတ်တော့ ငါ့ကို အတင်းပလူးပလဲလုပ်ပြီး ထွက်သွားတာ ... ငါ ဘာတတ်နိုင်မှာလဲ မြတ် ...”





မြတ်သူဇာ မျက်ရည်ဝဲလာသည်။

“မမမျိုးရယ် ... လတ်လတ်လိုချင်တဲ့ မော်တော်ဆိုင်ကယ်ဝယ်သာပေးလိုက်ပါတော့ ...”

မြတ်သူဇာ ထပြီး အလုပ်သွားဖို့ ပြင်ဆင်တော့သည်။ အဝတ်အစားလဲပြီး စီးနေကျကားဖြူလေးဆီလာခဲ့သည်။

“ဟဲ့ ... မြတ် ... အစောကြီးရှိသေးတယ် ... ကော်ဖီတောင်မသောက်သွားဘူးလား ...”

“ကျောင်းရောက်မှပဲ ဝယ်သောက်တော့မယ် မမမျိုး ... မိမိုးတစ်ယောက် သူ့ကျောင်းကို တန်းတန်းမတ်မတ်ရောက်ရဲ့လားဆိုတာ ဝင်ချောင်းကြည့်လိုက်ဦးမယ် ...”

“ဩော် ... အေး ... ပူတတ်ရန်ကော မြတ်ရယ် ... သူ့အစ်ကိုလတ်လတ်ကိုယ်တိုင် လိုက်ပို့တာပဲဟာ၊ ကျောင်းမရောက်ဘဲ ရှိပ့ါမလား ...”

မြတ်သူဇာ မော်တော်ကားကို သွက်သွက်လေးမောင်းထွက်လာခဲ့သည်။ မိမိကျောင်းကို မသွားသေးဘဲ မြို့ထဲရှိ ပန်းပဲတန်း အ.ထ.က(၁)သို့ ဦးတည်မောင်းခဲ့သည်။

မိုးစန္ဒာက ထိုကျောင်းတွင် တက်သောကြောင့်ဖြစ်ပါ၏။

ကျောင်းသံတံခါးကြီး ပိတ်ထားသည်။ အမျိုးသမီးသန့်သန့်ကျောင်းမို့ ကျောင်းတံခါး စောစီးစွာပိတ်သည်။ နောက်ကျ

သော ကျောင်းသူများ သံတံခါးကြီးမှ မလွယ်တံခါးလေးဖွင့်ဝင်ရ သည်။

ကျောင်းသံတံခါးမှ မြတ်သူဇာ ကျောင်းဝင်းထဲသို့ ကြည့်သည်။

ကျောင်းမတက်သေးသဖြင့်ကျောင်းသူတွေကျောင်း ဝတ်စုံကိုယ်စီဖြင့် ဟိုဟိုဒီဒီ လှုပ်ရှားနေသည်ကို လိုက်ကြည့်သည်။

ဟိုမှာ မိုးစန္ဒာ။

မိုးစန္ဒာက တစ်ဘာသာထူးခြားလှပသူမို့ ကျောင်း သူအများထဲတွင် ထင်းခနဲ တွေ့ရသည်။

ထိုအခါကျမှ မြတ်သူဇာ ဟင်းခနဲ သက်ပြင်းချပြီး သူ့ကျောင်းအလုပ်ဌာနသို့ ပြန်မောင်းခဲ့သည်။

....?....





## ၂

လုပ်ငန်းခွင်ဝင်စကတည်းက မြတ်သူဇာ၏ရင်ထဲတွင် တနုံ့နုံ့ခံစားနေရသည်။

မြတ်သူဇာက နည်းပြဆရာမဆိုစကတည်းက LACTURE သင်ကြားပို့ချမှုပါ ပေးရသည်။ ယနေ့ မြတ်သူဇာ (၃)ချိန် CLASSဝင်ရသည်။ တနုံ့နုံ့ခံစားနေရသည့်ကြားပင် တာဝန်ကျေအောင် ကြိုးစားဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် CLASSနှစ်ချိန်ဝင်ပြီးသွားပြီ။ ညနေပိုင်းတစ်ချိန် ကျန်သေးသည်မို့ ဆရာ ဆရာမများအခန်းတွင် ညက အိမ်မှာဖြစ်ခဲ့ရသည်များကို ရင်တွင်း မကြည်မလင်နှင့်ပင် ပြန်တွေးနေမိသည်။ ယနေ့ညနေ တာဝန်ပြီးဆုံး၍ အိမ်ကိုပြန်ရမည်ကိုပင် ကြောက်နေသည်။

"ဟေး ... မိမြတ် ... နင် ကလပ်တွေပြီးပြီလား ... ပြီးရင် ငါနဲ့ အိမ်လိုက်ခဲ့ဟယ် ... နင့်ကို သတိရလို့ ငါ တမင်လာတာ ... ကလပ်ပြီးရင် ငါ့အိမ်လိုက်ခဲ့ ... အိမ်မှာပဲ ရေချိုးအဝတ်လဲပေါ့ ... "

"ငါ့မှာ အဝတ်ပိုမှ မပါတာ ... "

"ဒါများ အဆန်းလား မိမြတ်ရယ် ... ငါတို့ ကျောင်းသူဘဝကတည်းက ငါ့အဝတ်နင်ဝတ် ... နင့်အဝတ်ငါဝတ်နေကြတာ ... ငါ့အိမ်မှာ ရေချိုးအဝတ်အစားလဲပြီးရင် ညစာအိမ်မှာပဲစား ... ဒီည ငါ့အိမ်မှာပဲ ငါနဲ့အတူတူအိပ်ရအောင်"

"ဟာ ... မဟုတ်တာ ... နင့်ယောကျ်ား ကိုစန်းမောင်ကြီးနဲ့ဟာ ... "

"ဟဲ့ ... ငါ့ယောကျ်ား ကိုစန်းမောင်က ကနေ့ပဲ ဘန်ကောက်ကို လေယာဉ်နဲ့ ပါသွားပြီ ... သူတို့ သင်္ဘောက ဘန်ကောက်မှာကပ်တယ် ... အမြန်လာပါလို့ ကြေးနန်းရိုက်ခေါ်လို့ လိုက်သွားရတာ ... အခု ငါ့ယောကျ်ားကို လေယာဉ်ကွင်းပို့ပြီး သူ လေယာဉ်ထွက်သွားမှ ငါ ပြန်လာပြီး နင့်ဆီဝင်တာ ... "

"သြော် ... သြော် ... နင့်ယောကျ်ားမရှိလို့ ငါ့ကို ညအိပ်အဖော်ခေါ်တယ်ပေါ့လေ ... ဟုတ်လား ... "





"နင့်ကို ငါ အချစ်ဆုံးပဲ မိမြတ်ရယ် ... အဲ ... ဒါပေမဲ့ နင့်အဖော်ခေါ်တာ ငါ့ယောကျ်ားနဲ့တော့ ဘယ်တူမလဲ ... "

"ဟဲ့ ... မိနွယ် ... နင် ပေါက်ကရ ညစ်တီးညစ်ပတ်တွေလာမပြောနေနဲ့ ... ဒါ ဆရာ ဆရာမတွေနားတဲ့အခန်း ... သိက္ခာရှိရှိနေရတယ် ... ပြောရတယ် သိလား ... "

"ဟာ ... ငါ ဘာပေါက်ကရ ညစ်တီးညစ်ပတ် ပြောလို့လဲ မိမြတ် ... ငါ့ယောကျ်ားက ငါ့ကို စိန်ဆိုစိန် ... အိမ်ဆိုအိမ် မော်တော်ကားဆို မော်တော်ကား ... ငါလိုချင်တာ အားလုံး ဝယ်ပေးနိုင်တာကိုပြောတာ ... နင်က အဲဒီလို ငါ့ကို ဝယ်ပေးနိုင်လို့လား ... ဒါကြောင့် နင်က ငါ့ယောကျ်ားနဲ့တော့ ဘယ်တူမလဲလို့ပြောတာ ... "

"ကောင်မ ... "

နှစ်ယောက်သား ရယ်မောကြသည်။

တစ်နေ့လုံး ညစ်ညူးနေသော မြတ်သူဇာ၏ စိတ်မှာ သူငယ်ချင်းမိနွယ်ရောက်လာပြီး ဗလွတ်ရွတ်တာတွေပြောမှ ရယ်မောရင်း စိတ်လန်းဆန်းသွားသည်။

ခင်စောနွယ်နှင့် မြတ်သူဇာတွင် မြို့မကျောင်းတွင် နေစဉ်ကတည်းက အတန်းတူ အချစ်ဆုံးသူငယ်ချင်းဖြစ်သည်။ ဆယ်တန်းအောင်တော့လည်း သမိုင်းအဓိကခြင်းတူကာ ဘွဲ့ရသည်အထိ အတူတူပင်။

တက္ကသိုလ်မှ ဘွဲ့ရပြီးနောက် ခင်စောနွယ်က နိုင်ငံခြားသင်္ဘောလိုက်အရာရှိ ကိုစန်းမောင်နှင့် လက်ထပ်သည်။

မြတ်သူဇာက မဟာဝိဇ္ဇာဆက်တက်သည်။

ခင်စောနွယ်လင်မယားက မြေနီကုန်း မြေနုလမ်းတွင် ကိုယ်ပိုင်အိမ် ကိုယ်ပိုင်ကားနှင့် နေကြသည်။

မြတ်သူဇာ မကြာခဏ ခင်စောနွယ်အိမ်သို့ သွားလည်ဖူးသည်။သူငယ်ချင်းနှစ်ယောက်တွေ့လျှင် ... ငယ်စဉ်က အကြောင်းတွေပြော။ အတူစားနှင့် ပျော်ရသည်။

ယခုလည်း ယခုည သူ့အိမ်တွင် အတူလာအိပ်ရန် မဟာမြိုင်အိမ်သို့ပြန်ရန် ဝန်လေးနေသဖြင့် နောက်ကျန်သော ကလပ်တစ်ချိန်ပြီးလျှင် လာခဲ့မည်ဟု ပြောလိုက်သည်။

ကလပ်စ်ပြီးကျောင်းဆင်းသည်နှင့် မြတ်သူဇာ ခင်စောနွယ်၏ မြေနုလမ်းအိမ်သို့ ကားဖြူလေးမောင်းသွားတော့သည်။

နှစ်ယောက်သား ရေချိုးကြသည်။

ဖြီးလိမ်းပြီး အဝတ်ကိုယ်စီလဲကာ ကမာရွတ်၊ ဦးပိန်ခေါင်ဆိုင်တွင် သွားစားကြသည်။ ကျောင်းသူဘဝကတည်းက မြတ်သူဇာနှင့် ခင်စောနွယ်သည် ဦးပိန်ခေါင်ကြီးဆိုင်တွင် စားသောက်လေ့ရှိခဲ့သည်။

ဦးပိန်ခေါင်ကြီးက အိုသွားသော်လည်း မြတ်သူဇာနှင့် ခင်စောနွယ်တို့ကို စားနေကျဖောက်သည်အဖြစ် မှတ်မိသည်။





စားသောက်ကြပြီးအပြန် မြေနီကုန်းညဈေးကိုပင် ဝင်လိုက်ကြသေးသည်။

မြေနုလမ်းအိမ်သို့ ပြန်ရောက်သောအခါ ည(၈)နာရီပင် ထိုးပေပြီ။

မအိပ်မီ လက်ဖက်သုပ်၊ ဂျင်းသုပ်စားရင်း ဗွီဒီယိုခွေကြည့်ကြသည်။

ဗွီဒီယိုကြည့်နေစဉ် ည(၉)နာရီသာသာတွင် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။

အိမ်ရှင်ဖြစ်သော ခင်စောနွယ်က တယ်လီဖုန်းသွားနားထောင်ပါ၏။ ပြီး တယ်လီဖုန်းပြောခွက်ကို လက်ဝါးပိတ်ကာ မြတ်သူဇာကို လှမ်းပြောသည်။

"မြတ် ... နင်တို့ မဟာမြိုင်က မမမျိုးဆက်နေတာ ... နင်ကိုယ်တိုင် ပြောမလား ... ဒါမှမဟုတ် ငါဘာပြန်ပြောပေးရမလဲ မြတ် ... "

"ငါ ဒီမှာပဲ အိပ်မယ်လို့ ပြန်ပြောပေးပါ မိနွယ် ... "

"ဟာ ... နင့်ဟာနင် လာပြောမိမြတ် ... ခါတိုင်းရိုးရိုးဆိုရင်တော့ နင်ဒီမှာ အိပ်မယ်လို့ ငါပြောပေးမယ် ... အခုဟာ နင်နဲ့ နင့်မိသားစု ပြဿနာမှာ ငါ ဝင်မပါချင်ဘူး ... "

ခင်စောနွယ်ပြောသည်မှာ မှန်နေသဖြင့် မြတ် ထလာပြီး တယ်လီဖုန်းကို ယူလိုက်သည်။

"ပြောပါ မမမျိုး ... မြတ်ပါ ... "

"ဪ ... မြတ် ... မမမျိုးတို့အားလုံး မြတ် အချိန်နဲ့ ပြန် မရောက်လာလို့ စိတ်ပူနေကြတယ် ... ပထမတော့ အလုပ်ကိစ္စအစည်းဝေးထိုင်နေတာလို့ ထင်သေးတယ် ... ဒါပေမဲ့ အခု ကိုးနာရီထိုးပြီးတဲ့အထိဆိုတော့ ခင်စောနွယ်အိမ်ကို သွားတတ်လို့ဆက်တာ ... "

"မြတ် ဒီမှာပဲအိပ်မလို့ မမမျိုး ... "

"အယ် ... မြတ်ကလည်း မဟုတ်တာ ... ဒီမှာ တကယ်တန်း ကျတော့ အငယ်နှစ်ယောက်ဟာ သူတို့ မမမြတ် ပြန်မလာလို့ လည်ပင်းတဆန့်ဆန့် မျှော်နေကြတယ် ... လတ်လတ် လိုချင်တဲ့ မော်တော်ဆိုင်ကယ်လည်း လတ်လတ်လိုက်ပြတဲ့ အရှေ့အာရှထရေဒင်မှာ မမမျိုး လေးသောင်းနဲ့ ဝယ်ပေး လိုက်ပြီးပြီ ... မော်တော်ဆိုင်ကယ်ရလို့ ကျူရှင်ကပြန်လာပြီး ပျော်နေပေမဲ့ မမမြတ် ပြန်မလာသေးဘူးလို့ ရောက်ချိန် တန် ပြန်မရောက်လို့ စိတ်ပူရှာတယ် ... မိမိုးလည်း မျက်ရည် လေးဝဲပြီး မမမြတ်က သိပ်စိတ်ကြီးတာပဲ ... မိမိုးကို မနေ့ က ပါးလည်းရိုက်သေးတယ် ... အခုလည်း မမမြတ် မမိုးတို့ အပေါ် စိတ်ဆိုးပြီး ပြန်မလာဘူး ... တစ်ခုခုများ ဖြစ်နေ လားဆိုပြီး ငိုနေတယ် ... အခုပဲ ပြန်လာခဲ့ပါ မြတ် ...





စိတ်ဆိုးပြီး အိမ်ကဆင်းသွားသူများ အိမ်မှအိပ်ဆိုတာမျိုး အတုမယူပါစေနဲ့ ... "

"ဪ ... ဒုက္ခပါလား"

ဟု မြတ် နှုတ်မှမထွက်ဘဲ ရင်ထဲက ညည်းညူလိုက်သည်။

"ဒီမယ်မြတ် ... မြတ်အဖော်ရအောင် လတ်လတ်ကို မော်တော်ဆိုင်ကယ်နဲ့ မြေနုလမ်းကို အကြိုလွှတ်လိုက်ရမလား၊ ဦးဒေဝကတော့ ဒီအချိန်မှာ ထုံးစံအတိုင်း ဒေါင်းနေပြီ ... ဒါလည်း သူ့ရဲ့ကိုယ်ပိုင်အချိန်ပဲလေ ... "

"မလွှတ်နဲ့ မမမျိုး ... လတ်လတ်ကို မော်တော်ဆိုင်ကယ်နဲ့ ရော ကားနီနဲ့ရော မလွှတ်နဲ့ ... ညကြီးမင်းကြီး မြတ်ဘာ သာပဲ ပြန်လာခဲ့မယ် ... "

"ဟာ ... မြတ်တစ်ယောက်တည်း ညမိုးချုပ်လှပြီ ... "

"ရတယ် မမမျိုး ... မြတ်ရဲ့ကားဖြူလေးက စိတ်ချရပါတယ်၊ လမ်းမီးတွေလည်း ကောင်းသားပဲ ... မြတ်ဘာသာ ပြန် လာခဲ့မယ် ... လတ်လတ်ကို လုံးဝမလွှတ်နဲ့ ... မြတ် ဒီ ကောင်လေးကို စိတ်မချဘူး ... "

မြတ်သူဇာ ဖုန်းပြန်ချလိုက်သည်။ ခင်စောနွယ်က မြတ်ပြောသမျှ ကြားသဖြင့် မြတ်ဖုန်းချသည်နှင့် ...

"ဒီလိုလုပ် မြတ် … နင့်ကားဖြူ ရှေ့ကမောင်း … ငါ ကား နဲ့ နောက်ကနေ လိုက်မောင်းပို့မယ် … "

"နင်း ပြန်ကျတော့ကော ဘာထူးလဲ … နင်တစ်ယောက် တည်း မောင်းပြန်ရမှာ … "

"ဟဲ့ … ငါက လင်နဲ့ အအိုပဲ … "

"လုပ်မနေနဲ့ မိနွယ် … နင်လည်း ငါ့လို နှစ်ဆယ့်လေးနှစ်ပဲ ရှိသေးတာ ကျွန်မအအိုပါလို့ လည်ပင်းမှာ စာဆွဲထားတာ မဟုတ်ဘူး … နေပါလေ့စေ … ငါ့ဟာငါ မောင်းပြန်မယ်၊ ဒီလမ်းတွေ ငါ မောင်းနေကျ … တစ်ခါတလေ ဌာနဆိုင်ရာ အစည်းအဝေးရှိလို့ မိုးချုပ်မှ ပြန်တာတွေလည်းရှိတာပဲ … ဒီကနေ့ ငါ့အိမ်ကို အလွန်ဆုံး တစ်နာရီပဲ မောင်းရမှာပေါ့ဟာ … "

ခင်စောနွယ် ကားရှိသော်လည်း ဒရိုင်ဘာ မထားပေ။ လင်မယားနှစ်ယောက်စလုံး ကားမောင်းတတ်သူတွေမို့ ဒရိုင်ဘာအပိုမခန့်ပေ။

"ဒါဆို နင် အိမ်ပြန်ရောက်တာနဲ့ ငါ့ဆီဖုန်းဆက် … နို့မို့ရင် ငါ စိတ်ပူလို့ ညအိပ်ပျော်မှာ မဟုတ်တော့ဘူး … "

မြတ်က မိနွယ် ပါးကို ချစ်စနိုးနူတ်ဆက် နမ်းပေးပြီး မြေနုလမ်းအိမ်မှ မောင်းထွက်လာခဲ့သည်။





ကားမောင်းရင်း စိတ်မကောင်းဖြစ်ရသည်။ မမမျိုး ကိုယ်တိုင်က မိမိစိတ်ကောက်ပြီး အိမ်ပြန်မလာဟု ထင်နေပုံရသည်။

တကယ်တော့ မြတ်သူဇာ စိတ်မကောက်တတ်ပေ။ သနေ့ စိတ်မကောင်းခြင်းသာဖြစ်သည်။ မိမိုးလေးကို ရိုက်မိသည်။ မိမိလက်ကို ဖြတ်ပစ်ချင်မိသည်။ ရိုက်မိသည်ကို အကြီးအကျယ်စိတ်မကောင်းဖြစ်ရသည်။

မောင်လေး လတ်လတ်ကိုလည်း သနားသည်။ သူ့ခမျာ မိဘကမရှိတော့သည်မို့ လိုချင်တာရှိလျှင် အစ်မတွေကိုသာ ပူဆာသည်။ မမမျိုးက လိုက်လျောလွယ်တတ်သူမို့ မမမြတ်ကို ဦးတည်ပူဆာသော ကလေးပါလားဟု စိတ်မကောင်းဖြစ်ရသည်။ မိမိက တင်းတင်းမာမာ ပြောမိသည်ကိုး။

----?----

## ၃

"ကျွီ ... ကျွီ ... ကျွီ ... "

ဘရိတ်ကိုဖိနင်းပါ၏။

သို့သော် ကားအရှိန်များသည်မို့ မော်တော်ကားမှာ ဘီးမလှိမ့်ဘဲ ရှေ့သို့ ဒရွတ်ဆွဲပါသွားသည်။

"ဖုန်း ... အား ... "

ဘရိတ်ကို ဒရွတ်ဆွဲအောင် ဖိနင်းသော်လည်း ကားမီးရောင် ထိန်ထိန်လင်း ရှေ့မှ ထိုလူကို မလွတ်တော့ဘဲ တိုက်မိတော့သည်။

အတိုက်ခံရသူကလျှင်တော့ တော်တော်လျှင်သည်။ သူ့တည့်တည့်သို့ ကားမီးကြီး ထိုးဝင်လာသည်နှင့် အနီးကပ် ခါမှ သူသည် ကား၏ဘောနက်ပေါ်သို့ အားလျှားမှောက်ဝင်လိုက်သည်။





အာလျှားမှောက်ကြီး ဒရွတ်တိုက်ရာသို့ ပါရှိလာသည်။ ဒရွတ်ဆွဲအရှိန်သေမှ ကားသည် ဒက်စတော့ ဘုန်းခနဲ ရပ်သွားရာ ဘောနက်ပေါ် မှောက်လျက်သား ထိုသူသည် ကိုင်စရာမရှိ ဘာမရှိနှင့် ကားဘောနက်ပေါ်မှ မြေကြီးသို့ ပြုတ်ကျသွားသည်။

မြတ်သူဇာသည် အိမ်ရောက်ချင်ဇောနှင့် ကားအရှိန်တက်မောင်းခဲ့သည်။ တာမွေအဝိုင်းကြီးလွန်သောအခါ အင်မတန်လူပြတ်သောလမ်းမို့ ဖိမောင်းသည်။

အတိုက်ခံရသူကလည်း ဘာကောင်မှန်းမသိ ငေးတိငေးကြောင် ရှိလွန်းသည်။ မြတ်သူဇာက တိုက်မိတော့မည်မှန်းသိသောကြောင့် ကားဘရိတ် တအားနင်း ဟွန်းအဆက်မပြတ်တီးသည့်ကြားကပင် ငူငေါင်ငေါင် ကိုလူကို တိုက်မိသည်။

အလွန်ရှင်းသောလမ်းမို့ လဲကျသူကို ထားခဲ့ပြီး မြတ်သူဇာ ဆက်မောင်းလျှင်ရသည်။

မြတ်သူဇာတွင် ထိုစိတ်မရှိ။ သည်ကတော့ တိုက်မိပြီးပြီ။ အတိုက်ခံရသူကို မိမိ တာဝန်ယူရမည်ဟု မြတ်သူဇာ သဘောက ဤသို့ထားသည်။

မြတ်သူဇာ ကားပေါ်မှ ဆင်းသည်။ ပထမတော့ ထိုလူသည် လမ်းပေါ်တွင် ပက်လက်ကြီး သူ့အနီးသို့ မြတ်သူဇာ ရောက်သောအခါ ထထိုင်နေပေပြီ။

မြတ်သူဇာ ဘာလုပ်ရမှန်းမသိ အတိုက်ခံရသူကို တွဲထူရမလိုလို ပွေ့ကူချီရမလိုလို ရှိနေသည်။

"အား ... ကျွတ် ... ကျွတ် ... လက်စသတ်တော့ မောင်းသူက အမျိုးသမီးပေကိုး ... အရှိန်များတော့လည်း မထိန်းနိုင်ဘူးပေါ့ဗျာ ... "

"ကျွန်မ မြန်မြန်မောင်းမိတာတော့ မှန်တယ် ... ဒီလမ်းက လူသွားလူလာ ကားသွားကားလာ ပြတ်တာမို့ အရှိန်မြှင့်မောင်းမိတာ ... ဒါပေမဲ့ ကျွန်မ ဘရိတ်လည်းနင်းတယ် ဟွန်းလည်းတီးတယ် ... ရှင်က ငူငူငေါင်ငေါင်နဲ့ လမ်းကို အတင်းဖြတ်ကူးတာကိုး ... "

"အဲဒါ ဟုတ်ပါတယ် ... ကျွန်တော်ကိုယ်တိုင်က ဟိုတွေး ဒီတွေးနဲ့ အတွေးလွန်ပြီး ကားလမ်းကို ဖြတ်တာကိုး ... ရန်ကုန်ရောက်ကတည်းက ကားတိုက်ခံရမလိုဖြစ်တာ သုံးခါရှိပြီ ... တိုက်မိမဲ့ တိုက်မိတော့လည်း ညကြီးမင်းကြီး လူရှင်းရှင်း လမ်းကျမှ တိုက်မိတော့တယ် ... "

သူ့ကိုကြည့်ရသည်မှာ သွေးထွက်သံယိုမရှိ။ ကျိုးပဲ့သည့်လက္ခဏာမရှိ။

မည်သို့ဖြစ်စေ ကားဘောနက်ပေါ်သို့ အားလျားမှောက်ချသည့်ဒဏ်၊ ဘောနက်ပေါ်မှ လိမ့်ကျသည့်ဒဏ်၊ ဤဒဏ်နှစ်ခုတော့ ခံရမည်။





"အေးဗျာ ... မတော်တဆဖြစ်တာကဲ ... ဘာတတ်နိုင်မှာလဲ ... "

ထိုလူက သူကိုင်ဆွဲလာသောပစ္စည်း လွင့်စင်သွားသည်ကို ရှာဖွေလိုက်ကြည့်နေသည်။

လမ်းမီးရောင်နှင့်ရော ကားမီးရောင်နှင့်ရော သူ၏ပစ္စည်းများ လမ်းပေါ်တွင် ဖြစ်နေသည်ကို မြတ်သူဇာက ကူညီလိုက်ကောက်ပေးသည်။

ထိုလူက သူ့ပစ္စည်းများ လိုက်ကောက်ရင်း ထိုင်ရာမှ အထကွင် ...

"အား ... ကျွတ် ... ကျွတ် ... "

ညည်းတွားမတ်တတ်ရပ်ရာမှ ပြန်ထိုင်ချလိုက်သည်။

"ဘာဖြစ်သွားလဲ ... ခြေထောက်များ ကျိုးသွားသလားရှင်"

"ကျိုးတော့ မကျိုးဘူးထင်တာပဲ ... ခြေမျက်စိအကြောထုံးသွားတာတို့ ခြေပွတ်တိုင်လည်တာတို့လောက် ဖြစ်မှာပါ... ကားဘောနက်ပေါ်က အကျမှာ ခြေခေါက်ကျသွားလို့ဖြစ်မယ် ... "

"ဒုက္ခပါပဲရှင် ... လမ်းမလျှောက်နိုင်ရင် ကျွန်မကားပေါ် တက်ပါလား ... ကျွန်မ ကူတွဲပေးမှာပါ ... နောက်ပြီး ဆေးခန်းတစ်ခုခုကို လိုက်ပို့ပေးမယ်လေ ... မိုးလင်းဖွင့်တဲ့ ဆေးခန်းတွေ ရှိတတ်ပါတယ် ... "

ထိုလူက သူ့လက်တစ်ဖက်ဖြင့် သူ့ခြေမျက်စိကို လက်ညှိုးလက်မခွထောက်ပြီး နှိပ်နေသည်။

"အဲဒါ နောက်ဆုံးအဆင့် ထားလိုက်ပေါ့ဗျာ ... ခြေထောက်လို့မှ မရနိုင်တော့ဘူးဆိုရင်တော့ ဆေးခန်းသွားရမှာပဲ ... အခုလောလောဆယ်တော့ ဟောဟိုလွင့်သွားတဲ့ ကျွန်တော့်ပစ္စည်းလေး ကောက်ယူပေးပါလား ... လမ်းပေါ်မှာ နောက်ကကားတစ်စီး ကြိတ်သွားနင်းသွားမှာစိုးလို့ပါ ..."

မြတ်သူဇာ သွားကောက်ပေးသည်။

ပထမပစ္စည်းမှာ ကျောပိုးဇစ်ဆွဲအိတ်ဖြစ်သည်။ အမည်းရောင်သားရေအိတ် ဇစ်ဖြင့်အပိတ်အဖွင့်ပြုရသည်။

နောက်တစ်ခုမှာ တယောပုံစံအတိုင်း သားရေဖြင့် စပါယ်ရှယ်ချုပ် တယောအိတ်ဖြစ်ပါ၏။

တယောအိတ်မှာ ပွင့်နေပြီး အထဲရှိ တယော၏ အဖျားပိုင်း ကြိုးညှိဘုသီးတွေနေရာမှကပ်ပြီးထက်ပိုင်းကျိုးနေသည်။

မြတ်သူဇာက ထက်ပိုင်းကျိုးလေးကိုပါ ကောက်ယူပြီး ပစ္စည်းတွေအားလုံး သူ့ရှေ့တွင် ချပေးလိုက်သည်။

"တယောထက်ပိုင်းတော့ ကျိုးသွားတယ် ... အဲဒီအကျိုးပိုင်းကိုပါ တယောအိတ်ထဲမှာ ပြန်ထည့်ပေးထားတယ်"

လမ်းမီးရောင် ကားမီးရောင်ရှိသော်လည်း ထိုလူက





ကားဘေးအမှောင်ဘက်တွင် ကျသွားသည်မို့ သူ့မျက်နှာနှင့် သူ့ခန္ဓာကိုယ် သေချာမမြင်ရသေးပေ။

"အင်း ... ပိုင်ရှင်တစ်ယောက်လုံး ကားတိုက်ခံရမှတော့ သူ့ခမျာလည်း ကျိုးသွားရှာမှာပေါ့လေ ..."

ပြောပြီး သူက ရယ်သေးသည်။

သူ၏ရယ်သံမှာ ရင်ထဲက ကြည်နူး၍ ရယ်သံမဟုတ်ဘဲ လောကကြီးကို ပြက်ရယ်ပြု တမင်ရယ်သံမျိုးဖြစ်သည်။

"အင်း ... ရန်ကုန်မှာ ဘာတစ်ခုမှ အလုပ်အဆင်မပြေရင် ဘုရားစောင်းတန်းတစ်ခုခုမှာ ရှေ့မှာခွက်ချပြီး တယောထိုးရင် ထမင်းဖိုးလောက်တော့ ရတန်ကောင်းရဲ့လို့ ထင်ထားတာ ... အခုတော့ ဒီအကြံပျက်သွားတာပေါ့ဗျာ ..."

ထိုလူသည် နောက်တစ်ဝက် ပြောင်တစ်ဝက်နှင့် သူ့ဟာသူပြောနေခြင်းဖြစ်သည်။

အကြောင်းမူ ...

သူ့ပစ္စည်းများကို လိုက်ကောက်ပေးရာတွင် သူ့ ဆွဲအိတ်ကို ကြည့်လိုက်သည်။ ဆွဲအိတ်က သားရေအိတ်ဖြစ်သော်လည်း ဟောင်းနေပြီ။ သို့သော် ဆွဲအိတ်တွင် ဂျပန်ပြည်မှာလုပ်သည့် MADE IN JAPAN ဟူသောတံဆိပ် နှိပ်ကပ်ထားသည်ကို တွေ့ရသည်။

ပြီး တယောသားရေအိတ်တွင်လည်း အင်္ဂလန်လုပ်ဟူသောတံဆိပ် တွေ့ရပြန်သည်။

ပစ္စည်းတွေက ဟောင်းသော်လည်း အဖိုးတန်တွေဖြစ်နေသည်။

သူ့ကို ဘယ်လိုလူစားလဲဟု သတ်မှတ်ရန် ခက်ခဲနေသည်။

ရန်ကုန်တွင် လူတချို့သည် ကားရှေ့မှ တမင်ဖြတ်မထိတထိဖြစ်သည်နှင့် ပစ်လှဲချ၊ အနာတရဖြစ်ဟန်ဆောင် အမှုမဖြစ်လိုလျှင် တောင်းသလောက်လျော်ကြေးပေးတွေရှိသည်။

ယခု သူက လျော်ကြေးစကား တစ်ခွန်းမျှမဆို။ ဘုရားစောင်းတန်းတွင် ခွက်ရှေ့ချ တယောထိုးပိုက်ဆံကောင်းမည်ဆိုသည်မှာ ဟုတ်နိုင်ပါ့မလား။

"ကဲ ... ခင်ဗျားသွားပေတော့ ... လမ်းပေါ်မှာ ကျွန်တော်က ပစ္စည်းတွေရှေ့မှာချ၊ ခင်ဗျားလို အထက်တန်းကျအမျိုးသမီးက ဘေးမှာရပ်နေ၊ လေးငါးခြောက်သိန်းတန်ကားကြီးကလည်း ရှေ့မီးတွေဖွင့်ပြီးရပ်ထား၊ အဲဒီမြင်ကွင်းအားလုံးဟာ ကြည့်မကောင်းဘူး ... ပတ္တရောင်ရဲတွေ ကင်းသမားတွေနဲ့ တွေ့ရင် ပြဿနာအရစ်ရှည်မယ် ... ခင်ဗျားသွားပေတော့ ..."

"ရှင်ကော ..."





ထိုလူက ပြန်မဖြေဘဲ မတ်တတ်ရပ်ကြည့်ပြန်သည်။ ညည်းညူသံနှင့်ပင် သူ့ခြေထောက်ကို အားတင်းပြီးထောက်သည်။ ထော့နင်းလောက်တော့ လျှောက်နိုင်သွားပုံရသည်။

သူ့ဟာသူ ခြေထောက်နိုင်မှန်းတော့ ကျိုးမသွားနိုင်မှန်းသေချာမှ သူ့ဆွဲအိတ်ကို ကျောလွယ်။ ကျန်လက်တစ်ဖက်က တယောအိတ်ကို ကောက်ယူသည်။

"ရှင် ဘယ်သွားမှာလဲ ..."

"ဦးချစ်မောင်လမ်း ..."

"အဲဒီလမ်းမှာ ရှင်နေသလား ..."

"ကျွန်တော် မနေဘူး ... အဲဒီလမ်းမှာ ကျွန်တော့်သူငယ်ချင်းရှိတယ် ... သူက ဝပ်ရှော့ထောင်ထားတယ်တဲ့ ... အဲဒီကိုသွားမလို့ ..."

"ရှင့်စကားက မသေမချာကြီးဘဲ ..."

"သူက အဲဒီလိုလိပ်စာပေးသွားတာပဲဗျာ ... ရန်ကုန်မှာ ရပ်ကွက်အမည် လမ်းအမည် အိမ်နံပါတ်သိရင် ရှာဖို့လွယ်တယ်လို့ သူက ပြောသွားတာပဲ ... သူတို့လမ်းကို ဖြတ်မောင်းတဲ့ ဘတ်စ်ကားနံပါတ်လည်း သူပြောတယ် ... ဒါပေမဲ့ ... ရထားဆိုက်တာက နောက်ကျတယ် ... သူပြောတဲ့ ကားအမှတ်ကလည်း တာမွေလမ်းခဝုံမှာ ဂိတ်ဆုံးတယ်ဆိုလို့ ...

ဆင်းလာရင်း ဦးချစ်မောင်လမ်းကို ကျွန်တော် လိုက်ရှာနေတာ ... ”

ထိုလူ့စကားအရ ထိုလူသည် နယ်မှ မီးရထားနှင့် လိုက်လာသူဟု ခန့်မှန်းသည်။ သူငယ်ချင်းဝပ်ရှေ့သို့လည်း တစ်ခါမှ ရောက်ဖူးဟန်မရှိပါလေ။

ရန်ကုန်ရောက်မှ ကားတိုက်ခံရမလိုဖြစ်တာ သုံးခါရှိပြီဟုလည်း ပြောသည်။ အဆင်မပြေလျှင် ဘုရားစောင်းတန်းတွင် ခွက်[illegible]ာယောထိုးတောင်းစားမည်ဟုလည်း နောက်သလိုလို အတည်ပြောသလိုလို ပြောသည်။

ခြုံကြည့်လျှင် သူ ရန်ကုန်သားမဟုတ်သည်မှာ သေချာသည်။

“ဒါဆို ဦးချစ်မောင်လမ်း လိပ်စာအတိုင်း ကျွန်မ လိုက်ပို့ပေးမယ်လေ ... ဒီနေရာကဆို သိပ်မဝေးတော့ဘူးဆိုတောင် ရှင့်ခြေထောက်နာနေတာမို့ တော်တော်လျှောက်ရဦးမယ်၊ နောက် ခုချိန်ဆို လူလည်းပြတ်နေပြီ ... အိမ်တံခါး ခြံတံခါးတွေလည်း ပိတ်တန်လောက်ပြီ ... ”

“ခြေထောက်နာနဲ့ လမ်းလျှောက်ရတာတော့ ... မနိပ်တာအမှန်ပဲ ... ဒါပေမဲ့ လူပြတ်တာကိုတော့ ကျွန်တော်က ထည့်မတွက်ဘူး ... ကျွန်တော့်အိတ်ထဲမှာပါတဲ့ အဝတ်တွေက လွန်ခဲ့တဲ့လေးနှစ်လောက်က ဝယ်ထားတဲ့ အဝတ်





ဟောင်းတွေ ... တကယ်လို့ လုယူသမားနဲ့ တွေ့တောင် ကျွန်တော့်ဆွဲအိတ်ကိုဖွင့်ပြီး ဘာမှယူချင်စိတ်ရှိမှာမှ မဟုတ်တာ ... ကျွန်တော်ကတောင် အဲဒီလုယက်သမားဆီက အလှူပြန်ခံလိုက်ဦးမှာ ... ”

သူ့ဟာသူပြောပြီး သူ့ဟာသူ ရယ်ပြန်သည်။

“ကဲ ... သိပ်မိုးချုပ်သွားပြီ ... ခင်ဗျား ပြန်တော့ ခင်ဗျားက သိပ်ချော ... သိပ်အချိုးကျတဲ့ မိန်းကလေး ... ငွေကြေးလည်း ချမ်းသာပုံရတယ် ... ဒီအချိန်မျိုးမှာ ခင်ဗျားအတွက် အချိန်မရွေး အန္တရာယ်ရှိနိုင်တယ် ... ကျွန်တော်ကလည်း သူငယ်ချင်းကို ရှာရဦးမယ် ... ကဲ ... သွားပေတော့ဗျာ”

ပြောပြောဆိုဆို ထော့နင်းထော့နင်းနှင့် ထွက်သွားသည်ကို မြတ်သူဇာက ကြည့်နေပြီး ချက်ချင်းဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

“ဒီမှာရှင့် ခဏလေး ... ”

လိုက်ပို့ဖို့တော့ စိတ်မကူးတော့။ ယခု ညနေရာမှာပင် တစ်နာရီလောက်ကြာသွားပြီ။ မိမိအိမ်က စိတ်ပူနေတော့မည်။

မြတ်သူဇာ သူမ၏ ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။ အိတ်ထဲတွင် ရှိသမျှ ကျန်သမျှ ငွေစက္ကူအားလုံး ထုတ်ယူသည်။

“ဘာပဲဖြစ်ဖြစ် ရှင့်မှာ အနာတရဖြစ်သွားတယ် ... ကျွန်မကားနဲ့ တိုက်မိတာမို့ ကျွန်မမှာ တာဝန်ရှိတယ် ... နောက်

ပြီး ရှင့်တယောလေး ထိပ်ကျိုးသွားတယ် ... အဲဒီတော့ ခြေနာဆေးကုဖို့ရော တယောပြန်ပြင်ဖို့ရော ကုန်ကျမဲ့ငွေ ကျွန်မ ပေးပါရစေ ... ရော့ ... ယူပါ ... "

ဖြုန်းခနဲတော့ ထိုလူက တွေဝေသွားသည်။ သို့သော် ချက်ချင်းပြုံးကာ ငွေစက္ကူများလှမ်းယူပြီး ခြောက်ကပ်ကပ်ရယ်သံ ပြုပြန်သည်။

"အေးဗျာ ... ငွေဆိုတော့လည်း ကျွန်တော့်စိတ်မှာ ယူချင်မိသား ... ဒါပေမဲ့ ခြေနာကုသဖို့တော့ မဟုတ်ဘူး၊ ဒီလောက် နာတာလောက်ကတော့ တေဇောဘမ်းလိမ်းပြီး ပတ်တီးစီးထားရင် ပြန်ကောင်းသွားမှာ ... အဲ ... တယောပြင်ဖို့ကလည်း ချက်ချင်းမပြင်သေးပါဘူး ... လောလောဆယ် တယောထိုးချင်စိတ် တစ်စက်မှမရှိတာ ... အနုပညာဆိုတာက စိတ်ရဲ့ အဟာရပဲ ... စိတ်သာယာမှ တယောထိုးသီချင်းဆိုလို့ကောင်းတာ၊ အခုလက်တလောမှာတော့ ကျွန်တော် ဗိုက်အရမ်းဆာနေပြီ ... ပိုက်ဆံမရှိလို့ မနက်စာတောင် မစားရသေးဘူး ... ဒီရန်ကုန်မှာက ရေသောက်တာတောင် ပိုက်ဆံပေးသောက်ရမလိုဘဲ ... ကျုပ်အဖို့ အခုလောလောဆယ် အလိုအပ်ဆုံးဟာ ပိုက်ဆံပဲ ... ဟဲ ... ဟဲ ... ကျေးဇူးတင်တယ်ဗျာ ... ပိုက်ဆံပေးတာကို ... ဟဲ ... ဟဲ ... ဟဲ"

သူ ခြောက်ကပ်ကပ်ရယ်သော်လည်း မြတ်သူဇာ





လိုက်မရယ်ပေ။ ဓာတ်မီးတိုင်အောက်တွင် ရပ်နေသော သူ့ကို ငေးကြည့်နေမိသည်။

လက်စသတ်တော့ လူငယ်တစ်ဦးပင်ရှိပါသေးလား။

မောင်လေးလှတ်လတ်နှင့် ရှယ်တူလောက်သာရှိသေးသည်။ သို့သော် လူကောင်က ထွားသည်။ ထောင်နှင့် ရပ်နှင့်ရှိသည်။

အဖြူရောင်ကော်လံကတုံးအင်္ကျီဝတ်ထားသည်။ ပုဆိုးမှာ အနက်ဗိန်းအခံတွင် ကျေးတစ်ရာအရုပ် အဖြူလေးတွေနှင့်ဖြစ်သည်။ အင်္ကျီရော ပုဆိုးရော အသစ်မဟုတ်ပါ။ တစ်ပတ်ရစ်တွေသာဖြစ်သည်။ သူ၏ ဆံပင်တို့သည် လိုအပ်သည်ထက် ပိုရှည်နေသည်။ တမင်ဆံပင်ရှည်ထားခြင်းမျိုး မဟုတ်တန်ရာ။ ဆံပင်မညှပ်သည်မှာ ကြာမြင့်ပြီမို့ ရှည်သောအရှည်မျိုးဖြစ်သည်။ သို့သော် ဆံပင်အုံက မည်းနက်ပြီး အုံကောင်းသည်။ အမည်းရောင်တောက်ပနေသည်။

မျက်ခုံးမှာ ဆံပင်သန်သလိုပင်မည်းနက်ထူထဲသည်။ နှာတံထိပ်ဝယ် မျက်ခုံးခြင်းဆက်နေသယောင်ရှိသည်။

ခြုံ၍ကြည့်လျှင် အလွန်ကြည့်ကောင်းသောရုပ်နှင့် ခြေတံလက်တံမှအစ ခန္ဓာကိုယ်အချိုးကျသော လူငယ်တစ်ယောက်ဖြစ်ပါ၏။

သူ့တွင် အထူးခြားဆုံး ဆွဲဆောင်မှုမှာ နှုတ်ခမ်း ပါး

စပ်ပင်ဖြစ်သည်။ နှုတ်ခမ်းပွင့်ရယ်လေလျှင် ပုလဲစီသွားဖြူတန်းဘေးတစ်ဘက်စီတွင် သွားအစွယ်လေးတွေရှိသည်။ နှုတ်ခမ်းဖွင့်သွားပေါ်ရယ်လေ ကျက်သရေရှိလေရုပ်မျိုးဖြစ်ပါ၏။

မြတ်သူဇာ မှတ်သားဖူးသည်။

မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ လူတစ်ယောက်၏ ကျက်သရေသည် ခန္ဓာရုပ်တစ်နေရာတွင်ရှိသည်ဟူ၍။

ထိုလူငယ်တွင် ကျက်သရေသည် သူ၏နှုတ်ခမ်း ပါးစပ်တွင်ရှိသည်ပင် ဖြစ်တန်ရာသည်။

"ပိုက်ဆံ့ဆိုတာက ... ကိုယ်ပေါ်မှာ ဝတ်ပြီးသားရှိနေရင် နောက်ထပ်ဝတ်ဖို့မလိုပေမဲ့ ... စားဖို့အတွက်ကျတော့ မရှိမဖြစ် လိုအပ်ပြန်ရော ... မနက်စာစားထား ညစာကျတော့ မစားဘဲ နေနိုင်ကြတာမှ မဟုတ်တာ၊ အချိန်တန်ရင် ဗိုက်က ဆာလောင်လာတယ်လေ ... တကယ်ပါ ... အခု ခင်ဗျားပေးတဲ့ ပိုက်ဆံနဲ့ ကျုပ် ထမင်းဝယ်စားမှာပါ ... လက်ဖက်ရည်တောင် မသောက်ဘူး ... ကျေးဇူးတင်တယ်ဗျာ ... ကျွန်တော့်မှာ ဝင်ငွေရတဲ့အလုပ်ရရင် ... ခင်ဗျားပိုက်ဆံကို ပြန်ဆပ်မှာပါ ... အဲဒါ ယောကျ်ားကတိပါ"

"ဒီပိုက်ဆံကို ကျွန်မက ချေးတာမဟုတ်ဘူးရှင့် ... ပေးတာ၊ ပေးတာဆိုတာ ပြန်ဆပ်ဖို့မလိုဘူး ... "





ထိုလူငယ်က ပိုက်ဆံစက္ကူကို မီးရောင်အောက်တွင် တစ်ချပ်ခြင်း ရေတွက်သည်။

"ကိုးဆယ်တန်လေးရွက်က သုံးရာ့ခြောက်ဆယ် ... လေးဆယ့်ငါးကျပ်တန်သုံးရွက်က တစ်ရာ့သုံးဆယ် ... ငါးကျပ်တစ်ဆယ်တန်ခြောက်ရွက်က ခြောက်ဆယ် ... ငါးကျပ်တန်ငါးရွက်က နှစ်ဆယ့်ငါးကျပ် ... "

သူက လက်ချောင်းချိုးပြီး ရေတွက်သည်။

"အားလုံး ငါးရာ့ခုနစ်ဆယ်တိတိ ကျွန်တော့်နာမည် လွင်ဦး၊ အစ်မနာမည်လေး တစ်ဆိတ်လောက်ဗျာ ... "

"မြတ်သူဇာတဲ့ ... "

"အဲ ... ဟုတ်ပြီ လွင်ဦးဆိုသူက မမြတ်သူဇာထံမှ ယနေ့ငွေငါးရာခုနစ်ဆယ် ချေးယူသည်ပေါ့ဗျာ ... "

"ပေးတာပါလို့ ပြောနေသားနဲ့ ... "

"ကျွန်တော် သူများပေးတိုင်း အလကားမယူတတ်ပါဘူး၊ အလကားယူမိတဲ့ ဒုက္ခဟာ မသေးလှဘူးဗျာ ... အထူးသဖြင့် အစ်မမြတ်သူဇာလို ချမ်းသာကြွယ်ဝပြီး သိပ်လှတဲ့ အမျိုးသမီးဆီက ငွေကြေးကို မယူချင်ဆုံးဘဲဗျာ ... အခု လက်ရှိအခြေအနေ အမြင်မှာတော့ ကျွန်တော့်စကားတွေက ဖိနပ်ကြားက နတ်စကားထွက်သလိုဖြစ်မှာပါ ... ကျွန်တော်က အစ်မသူဇာပေးတဲ့ ပိုက်ဆံကို လိုလိုချင်ချင် ယူချင်မိတာကိုး၊

အေးဗျာ ... အဲဒီလိုမှ မယူရင်လည်း နောက်တစ်ရက် နှစ်ရက်ဆိုရင် ထမင်းငတ်သေတဲ့မသာ တစ်လောင်းဆိုပြီး ဓာတ်ပုံနဲ့ သတင်းစာမှာ ပါချင်ပါလာမှာမို့လား ... ကဲ ... အစမမြတ်သူဇာသွားတော့ ... ”

မြတ်သူဇာ သူ့ကားဆီ လာပြန်တက်မောင်းထွက်လာခဲ့သည်။

ကားမောင်းရင်း ... မောင်လွင်ဦးဆိုသူအကြောင်းတွေးနေမိသည်။

ကျုံ့ကွဆံကွင်းအလွန် အဝိုင်းလေးဓာတ်ဆီဆိုင်တွင် အိမ်မှမောင်းလာသော ကားနီလေးကို တွေ့သည်နှင့် ကားမီးရောင်ဖြင့် ကားချင်းတွေ့ကာ နှစ်စီးလုံးရပ်လိုက်ကြသည်။

ဦးဒေဝကြီးမောင်းလာသည်။ လတ်လတ်က ရှေ့တွင် ဦးဒေဝနှင့်အတူထိုင်ပြီး နောက်တွင် မမမျိုးနှင့် ညီမလေးမိုးစန္ဒာကို တွေ့ရသည်။

“ခင်စောနွယ်ဆီက ဖုန်းလာတယ် ... မြတ် သူ့ဆီကထွက်သွားတာ တစ်နာရီကျော်ပြီတဲ့ ... အဲဒါ အိမ်ပြန်မရောက်လာသေးလို့ မမမျိုးတို့ စိတ်ပူပြီး ကားနီလေးနဲ့ ထွက်လာတာ ... ”

မိုးစန္ဒာကငိုပြီး နောင်ကို မမမြတ်ကို စိတ်ဆင်းရဲအောင် မလုပ်တော့ပါဟု တောင်းပန်သည်။





မောင်နှမလေးယောက် ပြန်လည်အဆင်ပြေသွားတော့သည်။

မောင်နှမအရင်းတွေဆိုတော့လည်း ဒီလိုပဲပေါ့။ သင့်မြတ် သင့်မြတ်လိုက် သံသရာပဲပေါ့။

မဟာမြိုင်ဂေဟာသို့ ရောက်လေမှ အားလုံး ဝိုင်းထိုင်က မြတ်သူဇာက အပြန်လမ်းတွင် မောင်လွင်ဦးဆိုသည့် လူငယ်ကို ကားတိုက်မိသည့်မှအစ မောင်လွင်ဦးနှင့် တွေ့ခဲ့စကားပြောခဲ့တွေ အဖြစ်အပျက်အားလုံး ပြောပြသည်။

ထို့ကြောင့် တစ်နာရီကျော်နောက်ကျသွားသည်ကို ်းပြရင်း ပြောပြခြင်း ဖြစ်ပါတော့သည်။

---- ? ----

## ၄

ဒီလိုနှင့် တစ်လကြာသွားသည်။

ညကြီးမိုးချုပ်လမ်းပေါ်တွင်တွေ့ခဲ့သော မောင်လွင်ဦးဆိုသည့် လူငယ်လေးအကြောင်း မြတ်သူဇာ၏ခေါင်းထဲတွင် မရှိပါလေတော့။

မောင်လွင်ဦးနှင့် ထပ်မံ၍လည်း နောက်ထပ်တစ်ခါမျှ မတွေ့တော့။

ယနေ့ တနင်္ဂနွေနေ့။

တနင်္ဂနွေနေ့မျိုးဝယ် မြတ်သူဇာ ကျောင်းပိတ်သည်။ အလုပ်မဆင်း။ မိုးစန္ဒာလည်း ကျောင်းပိတ်သည်။ လတ်လတ်အဖို့ကတော့ ကျူရှင်လည်း ညနေပိုင်းကျမှ တက်ရမည်။





ဒီလို တနင်္ဂနွေနေ့မျိုးဝယ် မဟာမြိုင်ဂေဟာတွင် လူစုံသဖြင့် ဒေါ်သာယာက နံနက်ကော်ဖီဝိုင်းတွင် တစ်ခုခု အဆန်းမုန့်လုပ်ကျွေးတတ်သည်။

ယနေ့ မြန်မာ့ရိုးရာမုန့် မုန့်ပြားသလက်လုပ်သည်။

ရန်ကုန်မြို့တွင် မြန်မာ့ရိုးရာ မုန့်ပြားသလက်မုန့်မျိုးသည် ကွယ်ပျောက်သလောက်ရှိခြေပြီ။

"လာ မြတ် ... ဆာရင်စားနှင့် ... ဟိုအငယ်နှစ်ကောင်က တနင်္ဂနွေနေ့ဆိုရင် နေဖင်ထိုးမှ အိပ်ရာထကြမှာ ... "

ဒေါ်သာယာက ဒယ်ပြားကချလိုက် မျိုးနန္ဒာနှင့် မြတ်သူဇာ နှမ်းထောင်းဖြူ နှမ်းဆီစစ်စစ်နှင့် မုန့်ကိုထိုးစားလိုက်စားကြတော့သည်။ ပူပူနွေးနွေး ကျွတ်ကျွတ်ရွရွလေးမို့ စားကောင်းလှသည်။

"မြတ်ကို ပြောစရာရှိတယ် ... ဒီနေ့ ကိုရန်မျိုးနောင် သားအမိ ဒီအိမ်ကို လာကြမယ်တဲ့ ... ဒီမှာ မနက်စာသုံးဆောင်မယ်တဲ့ ... အဲဒါ ဘာဟင်းချက်ရမလဲဆိုတာ ဒေါ်သာယာနဲ့ တိုင်ပင်နေတာ ... "

"ဒါက သူတို့ဘာကြိုက်တတ်သလဲဆိုတာ မျိုးထိပ်ထားက ပြောလေ ... ဒါမှ ဒေါ်သာယာက ချက်တတ်မှာပေါ့ ... တရုတ်ဟင်းလား ... ကုလားဟင်းလား ... အင်္ဂလိပ်ဟင်းလား ပြော ... ဒေါ်သာယာ အားလုံးချက်တတ်တယ်"

"သူက မန္တလေးသား ဒေါ်သာယာရဲ့ ... အခု မော်ဘီကို အလုပ်နဲ့ ပြောင်းလာတာ မကြာသေးဘူး ... မယ်မယ်ဘုရား မကွယ်လွန်ခင်လေးက ဒီမဟာမြိုင်ဂေဟာကို သုံးနှစ်ခေါက်လောက်လာဖူးတယ် ... မြတ်ရော အငယ်နှစ်ကောင်ရော ကျောင်းသွားချိန်မို့ ... သူနဲ့ မတွေ့ဘဲ လွဲသွားတာ ... သူက မန္တလေးသားဆိုတော့ မြန်မာဟင်းကိုပဲ နှစ်သက်မယ် ထင်တယ် ... ကိုရန်မျိုးနောင်က မြန်မာသိပ်ဆန်တာ ... "

"သူ့အမျိုးသမီးနဲ့ ကလေးတွေရော ပါလာမှာလား ... ဒါဆို အားလုံးနှစ်သက်တာကို ရွေးချယ်ရမှာ မျိုးထိပ်ထား ..."

ထိပ်ထားမျိုးနန္ဒာက ရယ်သည်။

"သူက လူပျိုကြီးပါ ဒေါ်သာယာရဲ့ ... အသက်သုံးဆယ်ကျော်လောက်ရှိပြီ ... သူ့ခမည်းတော်ကတော့ ကွယ်လွန်တာကြာပြီ ... သူ့မယ်မယ်ဘုရားပဲရှိတော့တယ် ... သူ့မယ်မယ်ဘုရားက ထိပ်တင်ဒေါ်အိန္ဒာတဲ့၊ သားအမိနှစ်ယောက်တည်း ... ထိပ်တင်ဒေါ်အိန္ဒာက မန္တလေးမှာ စိန်ကို အဓိကထားပြီး ကျောက်မျက်ရတနာဆိုင်ကြီး ဖွင့်ထားတယ် ... ဟီးနေတဲ့ဆိုင်ကြီးပေါ့လေ ... ချမ်းသာတာကတော့ မျိုးတို့နဲ့ အတူတူလောက်ပဲရှိမှာပါ ... "





မြတ်သူဇာက မျိုးပြောသမျှ နားထောင်နေသည်။ မယ်မယ်ဘုရား မကွယ်လွန်မီက မန္တလေးတွင် အလွန်ရင်းနှီးသော မဟာဆီမဟာသွေး ထိပ်တင်ဒေါ်အိန္ဒနှင့် သူ့သားတော်တစ်ပါးရှိကြောင်း ပြောသည်ကိုတော့ ကြားဖူးသည်။

ယခု မမမျိုးပြောမှ အသေးစိတ်သိရခြင်းဖြစ်သည်။

မမမျိုးသည် ကိုမျိုးရန်နောင်အကြောင်း ပြောရသည်ကို ခံတွင်းလိုက်ပုံရသည်ကိုလည်း အကဲခတ်မိသည်။

"ကိုရန်မျိုးနောင်က မန္တလေးတက္ကသိုလ်ကပဲ ... ဘီအဲက်စီအောင်တာပဲ ... အဲဒီနောက် ကိုယ့်စရိတ်နဲ့ကိုယ် ဩစတြေးလျှားယားမှာ သွားပြီး စိုက်ပျိုးရေး မွေးမြူရေးနဲ့ စည်သွပ်စက်ရုံလုပ်ငန်းကို သွားလေ့လာသင်ကြားပြီး ဘွဲ့ရတဲ့အထိ ငါးနှစ်သင်ကြားပြီး ပြန်လာတာတဲ့ ... အဲဒါ အခု မော်ဘီဘက်မှာ သူ့စိတ်ကြိုက်စမ်းသပ်ပြီး မြေဆယ်ဇကေဝယ်လိုက်တယ်တဲ့ ... နို့စားနွားမ မွေးမြူရေး သိုးနဲ့ ဆိတ် မွေးမြူရေး လုပ်ငန်းစနေပြီတဲ့ ... နာနတ်တွေလည်းစိုက်ထားတယ်၊ စည်သွပ်စက်ရုံလည်း ဆောက်ဖို့စပြီး ဖောင်တေးရှင်းချနေပြီတဲ့ ... အဆင့်မီ နို့ဆီဘူး ... သိုးသားဘူး ... ဆိတ်သားဘူး၊ နာနတ်ဘူးတွေ ထုတ်မယ်ပြောတာပဲ ... သူအလုပ်ခန့်ထားတဲ့ဩစတြေးလျှားယားသမားတွေလည်းရှစ်ယောက်လောက်ရှိတယ်တဲ့ ... "

မမမျိုးသည် ကိုရန်နောင်အကြောင်း အကောင်း တွေချည်း ပြောသည်။

ကုန်းဘောင်ဆက် နဝမမြောက် သီပေါမင်းလက်ထက်တော်တွင် မျိုး၊ မြတ်၊ လတ်၊ မိုးတို့ မယ်မယ်ဘုရား၏ ဘိုးတော်သည် မင်းတရားကြီး ခန့်ထားတော်မူသော ငွေတိုက်ဝန်ဖြစ်ခဲ့သည်။ ဘဘဘုရား၏ အဘိုး အဘင်တို့က စဉ်းပတ်ဝန်ဖြစ်ခဲ့သည်။

ထို့ကြောင့် စဉ်းပတ်ဝန်မျိုးနှင့် ငွေတိုက်ဝန်မျိုး ပေါင်းစပ်ကာ မျိုး၊ မြတ်၊ လတ်၊ မိုးတို့သည် မဟာဆီမဟာမျိုးရိုးစွဲ အကြီးဆုံးထားသူမှာ မမမျိုးပင်ဖြစ်သည်။ ဒုတိယလိုက်သူမှာ လတ်လတ်ပင်ဖြစ်သည်။ မြတ်သူဇာကတော့ မဟာမျိုးရိုးကိစ္စကို အလေးအနက်တော့ ထားသည်။ အစွဲအလမ်းတော့ သိပ်မထား။ အငယ်ဆုံး မမိုးစန္ဒာကတော့ ဒီမဟာမျိုးတွေ ဘာတွေကို လုံးဝအလေးမထား။ အမျိုးဆက်ပြရသည်ကိုပင် စိတ်ရှုပ်သည်ဟုပြောသည်။

ကိုရန်မျိုးနောင်သည် မမမျိုး၏ ပြောပြချက်အရ ယခု အသက်(၃၂)ရှယ်ဖြစ်ပြီး မမမျိုးက (၂၆)နှစ်။

မယ်မယ်ဘုရားမကွယ်လွန်မီက ကိုရန်မျိုးနောင်၏ မယ်တော် ထိတ်တင်ဒေါ်အိန္ဒာနှင့် သားရေးသမီးရေးကိစ္စ ဘာတွေ ပြောခဲ့ ကတိပြုခဲ့ကြသည်မသိ။

မမမျိုးနဲ့ ကိုရန်မျိုးနောင်ကိစ္စပဲ ဖြစ်လောက်သည်။





မမမျိုး အိမ်ထောင်ပြုမည်ဆိုက ပြုသင့်ပေပြီ။ မမမျိုး အသက်(၂၆)ဆိုစေကာမူ ချောမွတ်လှပနေသည်။

ခန္ဓာကိုယ်ကတော့ သွယ်သွယ်ဖြူဖြူနွဲ့နွဲ့လေးဖြစ်သည်။

မြတ်သူဇာကို မိုးစန္ဒာတို့၏ ခန္ဓာကိုယ်ဖွံ့ဖြိုး အချိုးကျတော့မရှိ။

နှိုင်းစာပြောမည်ဆိုပါက မြတ်သူဇာနှင့် မိုးစန္ဒာ၏ ကိုယ်လုံးအလှသည် ပွင့်ပွင့်ငွါးငွါး နှင်းဆီပွင့်လိုလှသည်ဆိုလျှင် မမမျိုးနန္ဒာ၏ အလှသည် စပယ်ပွင့်လေးလိုလှသည်ဟု တင်စားနိုင်ပေသည်။

ယင်းအခိုက်မှာပင် အငယ်ဆုံးမ မိုးစန္ဒာ အိပ်ရာမှနိုး အိမ်ပေါ်မှ ဆင်းလာပြီး အောက်ထပ်ရှိ ရေအိမ်သို့ ထဘီကို အထက်ဆင်မှကိုင်ရင်း ဒေါ်သာယာကို လှမ်းပြောသည်။

"ဒေါ်ကြီးသာယာ ဒီနေ့ မိုးတို့ကျောင်းပိတ်တဲ့နေ့မှာ ငါးလုံးထမင်းနဲ့ ငါးရဲယိုဖက်ထုပ်ဟင်း စားချင်တယ် ... လုပ်ပေး"

ဟု ပြောပြီး ရေချိုးခန်းထဲ ဝင်သွားသည်။

"အဲ ... မိမိုး ... အိပ်ချင်မူးတူးနဲ့ အော်ပြောသွားမှပဲ အဖြေထွက်တော့တယ် ဒေါ်သာယာ ... ဒီနေ့မနက် မျိုးတို့ အိမ်မှာ ငါးထမင်းလုံးနဲ့ ငါးရဲယိုထုပ်ဟင်း ချက်ကြစို့ ... မန္တလေး

သား ကိုရန်မျိုးနောင်လည်း ကြိုက်မှာပါ ... သူက သိပ်မြန်မာစားစရာကို နှစ်သက်သူပဲ ... "

"ကောင်းတယ် မျိုးထိပ်ထား ... အခုချက်ချင်း စောစောပိုင်း ဈေးကို ပြေးဝယ်မှ ငါးကောင်းကောင်းရမယ် ... အခုလောလောဆယ် ဒေါ်သာယာလက်မှာ မုန့်နှစ်တွေတန်းလန်းနဲ့ ကိုယ်တော်လေး လတ်လတ်နဲ့ ထိပ်ထားလေး မိုးစန္ဒာအတွက်လည်း မုန့်ပြားသလက်ဆက်လုပ်ရဦးမယ်"

"ဒါဆိုမျိုးပဲ ဈေးသွားလိုက်မယ် ... "

မြတ်သူဇာက ဝင်ပြောသည်။

"မမမျိုး ဈေးသွားလို့ ဘယ်ဖြစ်မလဲ ... ကားမောင်းတဲ့ ဦးဒေဝကြီးက သူ့ရွာသူပြန်ဖို့ ခွင့်သုံးရက်တောင်းထားတာ ဒီကနေ့ မိုးမလင်းခင်ကသွားပြီ ... နောက်ပြီး မမမျိုး ဈေးသွားနေတုန်း ဧည့်သည်ရောက်လာရင် မြတ် ဧည့်မခံတတ်ဘူး ... "

"ကဲ ... ဒါဆို လတ်လတ်ကို မောင်းခိုင်းပြီး မြတ်ပဲ ဈေးသွားလိုက် ... မြတ်ကားမောင်းတတ်ပေမဲ့ ဈေးမှာ ကားအဝင်အထွက်နဲ့ အဆုတ်အတက်တွေရှိနေတယ် ... "

လတ်လတ်ကိုနှိုးပြီး ကားမောင်းဖို့ခေါ်ရာ လတ်လတ်လိုက်ရင် မိုးလည်းလိုက်မယ်ဆိုပြီး မိုးစန္ဒာပါ တက်ရောက်လိုက်ပါခဲ့တော့သည်။





"ဩော် ... မြတ်ရေ ... ငါးအကောင်ကြီးကြီးရဖို့ဆိုရင် ကမ္ဘာအေးဈေးကိုသွား ... အဲဒီမှာစုံတယ် ... ဝက်ဆီပေါင်းတို့ ဝက်ပေါင်ခြောက်တို့လည်းရတယ် ... အဲဒါတွေလည်းဝယ်ခဲ့ ... "

ရှေ့တွင် လတ်လတ်မောင်းပြီး ဘေးတွင် မြတ်သူဇာ ထိုင်သည်။ မိုးစန္ဒာက နောက်ကူရှင်တွင် တစ်ယောက်တည်းထိုင်သည်။

မော်တော်ကားကို ပလက်ဖောင်းဘေးမှာပင် လတ်လတ်က စနစ်တကျရပ်ပေးသည်။ လတ်လတ်တို့၏ကားရှေ့တွင် တိုရိုတာကားဝါလေးတစ်စီး နဂိုတည်းက ရပ်ထားသည်။ 'ချ' အက္ခရာဖြစ်စေကာမူ တိုရိုတာကားဝါလေးမှာ ပြောစရာမရှိအောင် သစ်လွင်တောက်ပနေသည်။ ကားသစ်လေးအတိုင်းပါပေ။

ထိုကားဝါလေးပေါ် ဒရိုင်ဘာမောင်းနေရာတွင် လတ်လတ်တို့အရွယ် လူငယ်တစ်ယောက်ထိုင်ပြီး စာဖတ်နေသည်။ လတ်လတ်တို့ကား သူ့နောက်တွင် ဝင်ရပ်မှန်းလည်း သိပုံမရ။ ဘေးဘီဝန်းကျင်ကို လုံးဝမကြည့်။ ထိုကားဝါအတွက် ပိုင်ရှင်က ငှားထားသော ဒရိုင်ဘာဖြစ်ပေမည်။

ထိုသူသည် သူ့ကားနောက်တွင် အလွန်ချော၊ အလွန်လှပြီး ကိုယ်ခန္ဓာသိပ်အချိုးကျသည့် အမျိုးသမီးလတ်တစ်ဦး

နှင့် အမျိုးသမီးငယ်တစ်ဦး ပါရှိလာသည်ကိုပင် ငဲ့စောင်း၍ မကြည့်ပေ။ သူဖတ်နေသော စာအုပ်ကိုသာ ငုံ့ဖတ်နေသည်။

"မိမိုး … မလိုက်နဲ့တော့ … မမမြတ်ဟာ မမမြတ်သွားမယ်၊ မောင်လေးလတ်လတ်နဲ့နေခဲ့ … နှစ်ယောက်ရန်ဖြစ်မနေနဲ့နော် … လတ်လတ်ကလည်း မိမိုးကို သွားမစနဲ့ … "

မြတ်သူဇာ ကားမှဆင်းပြီး ဈေးထဲအက်သို့ ဝင်သွားသည်။

လတ်လတ်သည် ကားကူရှင်ကျောဘက်ကိုမှီကာ ခေါင်းတင်ထားပြီး ဈေးသွားဈေးလာ ကောင်မလေးတွေကို မျက်စိမှိန်းပြီး အရသာခံကြည့်နေသည်။

"ဒုန်း … "

တိုက်မိသံနှင့်အတူ လတ်လတ်တို့ကားနီလေးသည် ရှေ့သို့ လိမ့်ရွေ့သွားကာ ရှေ့တွင်ရှိသော တိုရိုတာကားဝါလေး၏ ဖင်ကို လတ်လတ်၏ကားနီခေါင်းပိုင်းဖြင့် ဝင်ဆောင့်ပြန်တော့သည်။

"ဟား … ဟား … ဟား … ချာလီကတော့စံပဲ … ငါက ဘရိတ်နင်းလို့အော်လေ … သူက လီဗာကိုပဲ ဖိနင်းလေနဲ့ ကားက မရပ်ဘဲ ရှေ့ကို အရှိန်နဲ့ ပိုသွားတာပေါ့ … ရှေ့က ကားနီနဲ့သာ မတိုက်မိရင် ကားပလက်ဖောင်းပေါ်တွက်ပြီး လူတွေကို မတိုက်တာဘဲ တော်သေးတာပေါ့ … ဟား … ဟား … ဟား … "





သူတို့ကားသည် နောက်ဆုံးပေါ်အက္ခရာနှင့် နောက်ဆုံးပေါ် ကားသစ်ပင်ဖြစ်ပါ၏။ ယနေ့ပေါက်ဈေး (၆)သိန်းနှင့် (၈)သိန်းကြားတွင်ရှိသည်။

သူတို့ ကားပေါ်မှ သူတို့ဆင်းလာကြသည်။ အသက်နှစ်ဆယ်နှင့် အစိတ်ကြား ကောင်ငယ်လေးတွေဖြစ်ကြသည်။

ဝတ်စားထားကြသည်မှာ အပုံစား။ သူတို့စီးသောဖိနပ်တစ်ရံသည်ပင် သောင်းကျော်ပေးရသည်။

ဆံပင်ကုပ်ဝဲနှစ်ယောက်။

ကျန်နှစ်ယောက်က နောက်စေ့ပိုင်း ဆံပင်ရှည်ကို အမျိုးသမီးများလို ကြိုးချည်သားရေပင်ပတ်သည်အထိ နောက်စည်းကြက်တောင်နှင့်ဖြစ်သည်။

အရှိန်အဝါကြီးသော ချမ်းသာသော မိဘများ၏ ကားတွေဖြစ်ကြသည်မှာ သေချာသည်။

ခေတ်စကားနှင့် ဆိုပါက လမ်းသရဲလေးကောင်။

လတ်လတ် ကားပေါ်ကဆင်းသည်။

"မိမိုး … နင်ဆင်းမလာခဲ့နဲ့ … "

လတ်လတ်သည် အတိုက်ခံရသော သူ၏ကားဖင်ပိုင်းကိုကြည့်သည်။

မိုးစန္ဒာက အစ်ကိုလတ်လတ်စကားကိုနားမထောင်

သူမလိုက်ဆင်းပြီး လတ်လတ်လိုပင် ကားနီလေးဖင်ကို ကြည့်သည်။

ဆံရှည်ကြက်တောင်စီးလေးကောင်က လတ်လတ်နှင့် မိုးစန္ဒာ မောင်နှမကို မတ်မတ်ရပ်လက်ပိုက်နှင့် ခါးထောက်နှင့် ကြည့်နေကြသည်။

အနီးရှိဆိုင်သမားတွေက ဝုန်းခနဲ စ,တိုက်မိကတည်းက ကြည့်နေကြသည်။

လတ်လတ်ကကြည့်ပြီးနောက် ... လက်ပိုက်ခါးထောက်လေးယောက်ရှေ့တွင် ရပ်လိုက်သည်။

"ကဲ ... မောင်းသူတိုက်သူ ဘယ်သူလဲ ... "

ကြက်တောင်စည်းတစ်ကောင်က ပြန်ဖြေသည်။

"ကံအကြောင်းတရား ကြံတစ်ချောင်းနှစ်ပြား တိုက်မိတဲ့ ပုဂ္ဂိုလ်ကတော့ ကျွန်ုပ်မောင်မောင်တာပဲ ... "

"ကျုပ်ကားနီ လက်ဝဲဘက်နောက်မီးကာဘာကွဲသွားတယ်၊ ကားဖင်ပိုင်းချိုင့်သွားတယ် ... "

"အဲဒါတွေ့သားပဲ ... ဟကောင်တွေ ... နင်တို့လည်း တွေ့တယ်နော် ... မီးလုံးကာဘာကွဲတယ် ... ဖင်ပိုင်းချိုင့်သွားတယ် ... "

"တွေ့တယ်ကွ ဖိုးတာ ... ဒါပေမဲ့ အဲဒီအကွဲနဲ့ အချိုင့်အပိန့်





တွေကို ငါတို့ မကြည့်အားဘူး ... အဲဒီ ဖင်ချိုင့်နားမှာ ရပ်နေတာကလေးက မျက်စိပသာဒဖြစ်လွန်းလို့ ... အဲဒါကိုပဲ ကြည့်နေတာ ... "

မိုးစန္ဒာကို စိုက်ကြည့်နေခြင်းကို ပြောလိုက်ခြင်းဖြစ်သည်။

မိုးစန္ဒာသည် လတ်လတ်၏ရှေ့သို့ပင်တက်ကာ အကောင်လေးကောင်ကို ခါးထောက်ပြီး မျက်နှာချင်းဆိုင်သည်။ ရှေ့သို့တိုးမည့် ခြေလှမ်းပြင်သည်ကို လတ်လတ်က ညီမငယ်ကို လက်မောင်းကို ဆွဲထားလိုက်သည်။

လတ်လတ်ကိုယ်တိုင် သူ့ရင်ထဲက ဒေါသကို ထိန်းထားရပါ၏။ အားမတန် မာန်လျှော့သည့်သဘောပင်။ ယောကျ်ားသားဆို၍ မိမိက တစ်ယောက်တည်း။ သူတို့က လေးယောက်။ နောက်ပြီး ဒီလိုကောင်တွေအကြောင်း လတ်လတ်ကောင်းကောင်းသိသည်။ ကိုယ့်မှာက ညီမလေးမိမိုးလည်း ပါလာသဖြင့် ဖြစ်လိုက်လျှင် ကိုယ့်ဘက်ကနာဖို့ချည်းဖြစ်နေသည်။

လတ်လတ်တွင် ကြောက်စိတ်လန့်စိတ်တော့ တစ်စက်မျှမရှိ။

လေးကောင်နှင့် လတ်လတ် အခြေအတင်ဖြစ်နေစဉ်မှာပင် ဘေးမှ အသံတစ်သံဝင်လာသည်။

"ဒီမှာဗျ အားလုံး ... ကျွန်တော်ကလည်း မနေသာတာနဲ့ ဝင်ပြောပါရစေ ... ကျွန်တော်က ဒီကားနီလေးရှေ့က တိုက်တာကားအဝါက ဒရိုင်ဘာပါ ... '"

သူ့အသံသည် အေးဆေးတည်ငြိမ်သည်။ စကားပြောရာတွင် သွေးအေးသည်။ တံတွေးတစ်ချက်မမျို။ တင်းတင်းမာမာမျက်နှာမျိုးမဟုတ်။ သူ့စကားပြောသံက ညြို့အောင်သည်။

မတီကောင်လေးကောင်ရော လတ်လတ်နှင့်မိုးစန္ဒာရော တိုးဝင်လာ ပြောသူကို ကြည့်လိုက်ကြသည်။

အဝတ်အစားနွမ်းပါးသည်။ နဂိုစပို့ရှပ်အပြာရောင်မှာ ရေလျှော်ဖန်များသဖြင့် ဖြူရော်ရော် ပြာနမ်းနမ်းအရောင်ရှိနေသည်။ ဝတ်ထားသော အဖြူအမည်းကွက်စိပ် ချည်ချောလုံချည်မှာ အကောင်းစားဖြစ်သော်လည်း မေးမှိန်နေပြီ။

သို့သော် ... စပို့ရှပ်အင်္ကျီဝတ်ထားသည့်မို့ သူ၏ မို့မောက်ရင်အုံ လက်မောင်းလက်ဖျံ မာဆယ်သားတွေ အထစ်လိုက်ရှိနေသည်ကို တွေ့ရသည်။

"ဟ ... ဟိုကားဝါက ဒရိုင်ဘာဆို ဟိုကားဝါပေါ်မှာပဲ ထိုင်နေပေါ့ ... ဒီကို ဘာလို့ လာစွက်နေတာလဲ ... "

"ကျွန်တော် ဘယ်သူ့ကိုမှ ဝင်မစွက်ပါဘူး ... ကျွန်တော် ကားအုံနာဈေးသွားအပြန်ကို ကားပေါ်က ထိုင်စောင့်နေ





တာပါ ... ကျွန်တော် မောင်းတဲ့ကားရပ်ထားတာကလည်း ယာဉ်စည်းကမ်းဥပဒေအတိုင်း ရပ်ထားတာပါ ... အဲဒါ ခင်ဗျားတို့ကားက ကားနီကို နောက်ကဝင်ဆောင့်တော့ ကားနီက ရှေ့လိမ့်ပြီး ကျွန်တော့်အုံနာရဲ့ကားနောက်ကို ဝင်ဆောင့်မိပြန်တယ် ... အဲဒီကားဝါနောက် ဘန်ဘာကွေးသွားပြီ ... နောက်ဘော်ဒီ ချိုင့်ဝင်သွားတယ် ... "

"အောင်မာ ... 'ဈ'နံပါတ်ကားအစုတ်က ဝင်ပြောနေသေးတယ် ... ဆွမ်းဆန်ထဲ ကြွက်ချေးက မရောနဲ့ ... ငါ့ကားကို ကြည့်စမ်း ... မနေ့ကဘဲ ခုနစ်သိန်းခွဲနဲ့ လာဝယ်တဲ့လူရှိတယ် ... နံပါတ်ကိုကြည့်ဦး ... နောက်ဆုံးအက္ခရာနဲ့ နောက်ဆုံးနံပါတ်၊ ငါ့ခေါင်းလည်း ရှေ့မီးလုံးကြီးနှစ်လုံးကွဲပြီး ဘောနက်ခေါင်းတွန့်သွားတယ် ... မင်း မြင်တယ် မဟုတ်လား၊ ဟေး ... ချာလီတို့ ... တူးတူးတို့ ဖိုးထောင် ... ဒီဘဲနာ ဒီမှာ လာငိုပြနေတာ မင်းတို့ ကြားတယ် မဟုတ်လား ... "

"ကြားသားပဲ ဖိုးတာရာ ... ယုန်ကလေးကို အရေခွံခွာရမှာ သနားစရာများ ဖြစ်နေသလားလို့ ... "

ဘာမထိလေးကောင်က သူ့အား ပယ်ပယ်နယ်နယ် နှိမ်ပြောသည်ကို သူက ပြုံးပင်ပြုံးနေလိုက်သည်။

သူ၏အပြုံးကို မိုးစန္ဒာရော လတ်လတ်ပါ ငေးကြည့်

မိကြသည်။ ထူအမ်းအမ်းနှုတ်ခမ်းစုံ ပွင့်သွားကာ ပုလဲစီသွားဖြူတန်းပေါ်လာပြီး တစ်ဘက်ထောင့်စီတွင် သွားစွယ်လေးတစ်ချောင်းစီဖြင့် ဘောင်ကွက်ထားပြီး ကြည့်ကောင်းလှပေသည်။

"ကျွန်တော့်အုံနာက ဒေါ်ဒေါ်စိုးတဲ့ ... သူက ကားဝါလေးကို အရမ်းသ,ထားတာဗျ ... ခင်ဗျားတို့လို ခုနစ်သိန်းခွဲတစ်စီးမက ဆယ်စီးလောက် ဝယ်နိုင်သူပါ ... ဒါပေမဲ့ ဒေါ်ဒေါ်စိုးက ဒီကားဝါလေးဆိုမှ ဒီကားဝါလေးကိုပဲ သံယောဇဉ်သိပ်ကြီးတယ် ... အဲ ... ဒေါ်ဒေါ်စိုးက နည်းနည်းပါးပါး ဒေါသကြီးတယ် ... သူ့ကား အခုလို ထိခိုက်သွားတာ ဒရိုင်ဘာကျွန်တော့်ကိုပဲ အပြစ်ပုံချမှာ ... ကျွန်တော် တောင်းပန်ချင်တာက သူ့ကားဒီလို ထိခိုက်သွားတာ ကျွန်တော့်မှာ လုံးဝအပြစ်မရှိတဲ့အကြောင်း ဝိုင်းပြောပေးကြပါ ... ဒေါ်ဒေါ်စိုးက ကျွန်တော့်ကို အလုပ်ထုတ်ပစ်မှာ စိုးရိမ်လွန်းလို့ပါဗျာ ... ဒါမှမဟုတ်လည်း ဒေါ်ဒေါ်စိုးလာရင် သူတောင်းသလောက် လျော်ကြေးပေးလိုက်ကြပါဗျာ ... "

"ဟေ့ကောင် ချာလီ ... ဒီကောင်က အိညွက် အိညွက်နဲ့ နောက်ဆုံးတော့ လျော်ကြေးတောင်းနေတာပဲကွ ... မင်းပဲ လျော်ကြေးပေးလိုက် ချာလီ ... မင်းက ကားမောင်းသင်တာ ဘရိတ်နဲ့ လီဗာနင်းတဲ့ကောင်ပဲဟာ ... ဒီတော့ လျော်





ကြေးကိစ္စ မင်းတာဝန် ... မင်းမှာ ပိုက်ဆံဘယ်လောက်ပါသလဲ ချာလီ ... "

"ခြောက်ကျပ် ... "

"အား ... ခြောက်ကျပ်ဆိုတဲ့ အသပြာ နည်းတာမှ မဟုတ်တာ ... ကွမ်းတစ်ယာ ရေတစ်မှုတ်ဖိုးတော့ ရနိုင်တာပဲ၊ အဲဒီခြောက်ကျပ်ကိုပဲ အဲဒီ အိညွက် အိညွက်ကောင်ကို ပေးလိုက်ကွာ ... ဒါမှ ဒီဒရိုင်ဘာကိုဗျတ္တ ကွမ်းတစ်ယာ ရေတစ်မှုတ်နဲ့ အားလျှော့ပြန်သွားမှာ ... "

ချာလီဆိုသည့်ကောင်က တဟဲဟဲရယ်မောရင်း ရှေ့သို့တိုးလာသည်။ ကားဝါမှ ဒရိုင်ဘာနှင့် မျက်နှာချင်းထိမလုမတတ် တိုးကပ်လာသည်။ ပြီး ချာလီက သူ့ဘောင်းဘီနောက်ဘက်အိတ်ထဲမှ ဘာဏ်ထုတ်ငွေနှစ်ရာတန်တစ်အုပ်ကို ထုတ်ပြသည်။

နှစ်ရာတန်အုပ်မှ ငွေစက္ကူသစ်များကို ဖလပ်ဖလပ် အသံမြည်အောင် လက်မဖြင့် သပ်ပြလိုက်သေးသည်။ ပြီးနောက် သူ့ ဂျာကင်အိတ်ထဲမှ ငါးကျပ်တန်တစ်ရွက် တစ်ကျပ်တန်တစ်ရွက် ထုတ်ကာ ...

"ရော့ ... ခြောက်ကျပ် ... "

"ကျွန်တော် ပြောပြီကော ... ခြောက်ကျပ်မကလို့ ခြောက်သိန်းလည်း ကျွန်တော် မယူဘူး ... အုံနာဒေါ်ကြီးစိုးလာရင်သာ ကျေနပ်ကျေအေးအောင်ပေးပါ ... လျော်ပါ ... လုပ်ပါ"

"လျှာရှည်လိုက်တဲ့ မိကျောင်းသား ... ကဲ ... မင်း ငွေ ခြောက်ကျပ် ယူသွားမလား ... မယူဘူးလား ... ဒါပဲပြော"

"မယူပါဘူး ..."

"မယူရင်သွားတော့ ..."

"ဒေါ်ဒေါ်စိုးနဲ့ ခင်ဗျားတို့ ရှင်းပြီးတဲ့အထိ ဒီနားက ကျုပ် တစ်ဖဝါးမှမသွားဘူး ..."

"ဒါဆို မင်းက ငါ့ကို ဗီဆန်တာပေါ့ ဟုတ်လား ... ကဲ _ ဗီဆန်ဦးကွာ ..."

ချာလီက ငွေစက္ကူနှစ်ရွက် ခြောက်ကျပ်ဖြင့် ဒရိုင် ဘာလူငယ်မျက်နှာကို ပစ်ပေါက်ကာ ဒရိုင်ဘာ၏ အင်္ကျီရင်ဘတ် ကို ဆုတ်ကိုင်ပြီး လက်ယာလက်သီးဆုတ်ကာ ဖြောင့်လက်သီးပစ် ဝင်လိုက်သည်။

"အား ..."

လက်သီးကြောင့် ဒရိုင်ဘာ အားခနဲအော်သံမဟုတ်။

လတ်လတ်ကိုယ်တိုင် သေချာကြည့်နေသည့်ကြား ကပင် ထိုဒရိုင်ဘာလူငယ်က ဘယ်လိုပြန်လုပ်လိုက်မှန်းပင် မသိ လိုက် မမြင်လိုက်ရဘဲ ချာလီထိုးသည့် လက်ကောက်ဝတ်ကို ဒရိုင် ဘာက ဖမ်းဆုပ်ကိုင်ပြီး နောက်ပြန်လိမ်ချိုးထားသဖြင့် အားခနဲ နာကျင်စွာ ချာလီ၏အော်သံ ထွက်ခြင်းဖြစ်တော့သည်။





ချာလီ၏ ကျောပြင်မှာ ဒရိုင်ဘာ၏ ရင်ဘတ်နှင့် ပ်လျက်သား ဖြစ်သွားသည်။

ချာလီသည် ဗလခေသူမဟုတ်။ သူ၏လက်သီးချက် ာ ထိုးသည့်အတိုင်း ထိသွားလျှင် ဒရိုင်ဘာ ပုံလဲသွားနိုင်သည်။

ယခုမူ ချာလီမှာ တအားအား နာကျင်စွာအော် ည်းရင်း ဒရိုင်ဘာလူငယ်လက်မှ ရုန်းထွက်မရ ဖြစ်သွားသည်။

ချာလီကိုကူရန် မောင်မောင်တာ ရှေ့သို့တိုးလာ သည်နှင့် ဒရိုင်ဘာလူရွယ်က ချာလီ၏ကိုယ်လုံးကြီးကို မောင်မောင် ာဆီသို့ အရှိန်နှင့် တွန်းလိုက်ရာ မောင်မောင်တာရော ချာလီရော ွေးခနဲ နှစ်ယောက်သား ထပ်လျက်ကြီး မြေကြီးတွင် မှောက်သွား တော့သည်။

"မိမိုး ... ကားထဲဝင်နေစမ်း ..."

လတ်လတ်က မိုးစန္ဒာကို အတင်းဝင်စေပြီး ကား ်ံ အလုံပိတ်လိုက်သေးသည်။ ပြီးနောက် ဒရိုင်ဘာလူရွယ်နှင့် ဘေး ျင်းယှဉ်ရပ်လိုက်သည်။ ထိုးကွက် တိုက်ကွက်အတွက်လည်း သင့်ပြင်လိုက်သည်။

"ခင်ဗျား ဘယ်သူမှန်းတော့ ကျုပ်မသိဘူး ... ဒါပေမဲ့ ... ဒီကောင်တွေကိုချဖို့ ခင်ဗျားကို ကျုပ် ပူးပေါင်းတယ်"

ချာလီရော မောင်မောင်တာရော ခံလိုက်ရပြီမို့ ကျန် ှစ်ယောက်သည် တိုးဝင်လာသည်။

သတ်ပုတ်ပွဲကြီး စတင်လေပြီ။

ချာလီနှင့် မောင်မောင်တာ မှောက်လျက်က ပြန်မထသေး။ ကျန်နှစ်ယောက်နှင့် မောင်မောင်လတ် ဒရိုင်ဘာတို့ အကြိတ်အနယ်ချကြသည်။

ဓွတ်တိုးဝင်လာသူနှစ်ယောက်ကို လတ်လတ်က တစ်ယောက် ဒရိုင်ဘာကတစ်ယောက် ခြေဦးဖျားတို့ဖြင့် ဝင်လာသူနှစ်ဦး၏ ဆီးခုံသို့ ခြေဖျားဦးအရှိန်ဖြင့် ပစ်သွင်းလိုက်သည်။

နှစ်ယောက်စလုံး ဆီးခုံကို လက်ဝါးအုပ်ကာ ဖင်ထိုင်ကျသွားသည်။

လတ်လတ်နှင့် ဒရိုင်ဘာက ဆက်ပြီး ထိုလူနှစ်ယောက်ပေါ် ခုန်အုပ်ကာ နပန်းသတ်သလို သတ်ကြပြန်သည်။ အပေါ်စီးရနေသူမှာ ခုန်အုပ်သော မောင်မောင်လတ်နှင့် လူရွယ် ဒရိုင်ဘာပင်ဖြစ်တော့သည်။

သို့သော် ...

လတ်လတ်နှင့် ယှဉ်ပြိုင်သူသည် လတ်လတ် လက်ထက် ဗလအင်အား ပိုကောင်းသည်။ အသတ်အပုတ် ပိုကျွမ်းသည်။

လတ်လတ်ခံရပြီ။

ကားထဲက မိုးစန္ဒာသည် အစ်ကိုလတ်လတ် ခံနေရပြီမို့ ကားထဲမှပင် ကားတံခါးဖွင့်ဖို့ ကြိုးစားရင်း အော်ဟစ်နေသည်။





ဒရိုင်ဘာလူရွယ်က လတ်လတ်ခံနေရပြီမို့ သူနှင့်ယှဉ်ပြိုင်သူအား မညှာတော့ဘဲ အပေါ်စီးမှနေပြီး လက်သီးရောလက်ဝါးစောင်းရော ဆက်ပေးလိုက်ရာ အောက်လူငြိမ်ကျသွားသည်။

ဒရိုင်ဘာလူရွယ် လတ်လတ်ဆီသို့ ပြေးသွားသည်။ လတ်လတ်ကို ခွစီးထားပြီး အနိုင်ရနေသူ၏ ပခုံးတစ်ဘက်ပေါ်သို့ ဒရိုင်ဘာက လက်ဝါးအုပ်ပြီး လက်ချောင်းများ လှုပ်ရှားလိုက်ရာ ထိုလူမှာ လတ်လတ်ကိုထိုးရန် လက်သီးကြီးမြှောက်ထားသည့် ပုံစံအတိုင်း အရုပ်ကြီးလို ရုပ်သေကြီး ငြိမ်သွားသည်။ ထိုလူရုပ်သေကို လတ်လတ်က အထပင် ဘေးသို့တွန်းလိုက်ရာ လက်ကြီးမြှောက်ပုံသေရုပ်အတိုင်း ဘေးမြေကြီးပေါ်သို့ လိမ့်ကျသွားပေတော့သည်။

ထိုစဉ် မောင်မောင်တာနှင့် ချာလီ ပြန်သတိရထလာကြသည်။

ဒရိုင်ဘာနှင့် လတ်လတ်သည် မောင်မောင်တာနှင့် ချာလီကို ဆက်ဖိုက်မည်ပြုစဉ်မှာပင် ...

"ဟေး ... တော်ကြရပ်ကြစမ်း ... "

အမိန့်သံဖြင့် ရပ်ကွက်လူကြီးတွေ ရောက်လာသည်။

အနီးအနားရှိ ဈေးဆိုင်ရှင်များက ရပ်ကွက်လူကြီး ဈေးလူကြီးတွေကို မြင်တွေ့သည့်အတိုင်း ပြောပြကြသဖြင့် ရပ်ကွက်

လူကြီး ဈေးလူကြီးများသည် မောင်မောင်တာတို့ လေးယောက်အုပ်စုကို လက်မလွှတ်စေရန် လက်မောင်းကိုယ်စီ ကိုင်ထားသည်။

လဲကျနေသော ကောင်တွေကိုလည်း ထူထူထောင်ထောင်ဖြစ်အောင် လုပ်ပေးသည်။

မောင်လတ်လတ်နှင့် ဒရိုင်ဘာကိုတော့ ချုပ်ကိုင်ခြင်းမရှိ လွှတ်ထားသည်။

"ဘာလဲ ... ခင်ဗျားတို့က ဘာတွေမို့ ကျုပ်တို့ကို လက်ဆွဲဖမ်းထားတာလဲ ... လွှတ်ကြစမ်း ..."

ရပ်ကွက်လူကြီးတစ်ဦးက မောင်မောင်တာ၏ ခက်ထန်မှုကို ရယ်မောကာ ပြောလိုက်သည်။

"ဟောဒီ ငါတို့လေးယောက်က သက်ဆိုင်ရာ အသိအမှတ်ပြု ရပ်ကွက်လူကြီးခန့်ထားတဲ့လူတွေပဲ ... ရပ်ကွက်ထဲမှာ မင်းတို့ ဆူပူနှောင့်ယှက်မှုပြုတာကို ရဲစခန်းလှမ်းအကြောင်းကြားနိုင်တယ် ... ကျန်တဲ့လေးယောက်က တရားဝင် ဈေးလူကြီးတွေပဲကွ ..."

"ရတယ်လေ ... ကျုပ်တို့ကို ရဲစခန်းအပ်ရင် ဟိုနှစ်ကောင်ကိုလည်းအပ်ရမယ် ... ဒါပဲ ..."

"အေး ... ဒါကတော့ အမှုစတင်ဖြစ်ပွားပုံကစပြီး ပြီးဆုံးတဲ့အထိ ဘေးကမြင်တဲ့ မျက်မြင်သက်သေတွေအပေါ် မူတည်





တာပဲ ... မင်းတို့ စတင်ကျူးလွန်စော်ကားရန်ဖြစ်တာတွေအားလုံး မြင်တဲ့သက်သေတွေက အများကြီးပဲ ... ယာဉ်တိုက်မှုအတွက်လည်း ယာဉ်ထိန်းရဲကို ခေါ်ရမယ် ..."

ရပ်ကွက်လူကြီး ဈေးလူကြီးတွေက တည်တည်တံ့တံ့နှင့် မှန်တဲ့အတိုင်းလုပ်တော့မည်ကို မောင်မောင်တာကို ချာလီတို့ ဖြုံသွားသည်။

မောင်မောင်တာက စ,ပြောသည်။

"ဒါဆို ဒီအမှုကို ကျုပ်တို့ကျေအေးမယ် ... ဟေ့ကောင် ချာလီ ... မင်းရှိသမျှ ပိုက်ဆံထုတ်စမ်း ..."

ချာလီက နှစ်သောင်းထုပ်ကို လက်ဝါးတွင် ပုတ်ပြသည်။

လတ်လတ်နှင့် လူရွယ်က ဘာမှမပြောဘဲ လူကြီးတွေ ဆက်လုပ်မည်ကို စောင့်စားနေသည်။

စွာလံတေးမိမိုးစန္ဒာ ဆင်းလာသည်။ ရပ်ကွက်လူကြီးတွေရှေ့တွင် မားမားလေး ရင်ကလေးကော့ရပ်သည်။

"ဟောဒီ ကျွန်မတို့ကားနီလေးဟာ ခုခေတ်ကာလပေါက်ဈေး သုံးသိန်းလောက်ရှိတယ် ... သူတို့လည်း ကားစီးနေတဲ့လူတွေပဲ ... ဘယ်ကားမျိုးဟာ ဘယ်လောက်တန်ကြေးရှိတယ်ဆိုတာ သိပြီးသားပါ ... ဒီတော့ ကျွန်မကို သူတို့

ငွေသုံးသိန်းပေး ... ဒီကားနီလေးကို သူတို့ယူသွားတော့ စာချုပ်ချုပ်ပြီး ရပ်ကွက်လူကြီးတွေရှေ့မှာ လက်မှတ်ထိုး ပေးလိုက်မယ် ... ”

“ဟာ ... ဒီလိုတော့ ဘယ်ဖြစ်မလဲ ... မဟုတ်တာကြီး”

မောင်မောင်တာ ပြူးပြဲငြင်းတော့သည်။

“ဒီလိုမဖြစ်ရင် အမှုဖွင့် ... ရှင်က လျော်ကြေးပေးမယ် ... ကျေအေးမယ်ဆိုလို့ပြောတာ ... ဘာလဲ ... ရှင်ပေးတဲ့ အလျော်ဆိုတာက မီးလုံးကာဗာ ကွဲသွားတာ အစားပြန် ထည့်ပေးမယ် ... ကားဖင်ချိုင့်သွားတာ ပြန်ထုပေးမယ်ကို ဆိုလိုတာလား ... ”

“ဒါလုပ်ရိုးလုပ်စဉ်ပဲ ... နင့်ကားနီ ပြန်ပြင်လို့ ငါးသောင်း တောင် မကုန်ဘူး ... ”

“ဒီမှာရှင့် ... နဂိုအပတီကောင်းနေတဲ့ ကားကို တိုက်နိုက် မိလို့ ပြန်ပြင်တယ်ဆိုတာ ပျက်တာကို ပြန်ပြင်တာ နဂိုအော် ရီဂျင်နယ်ပြန်ဖြစ်မလာဘူး ... ဒါ ရှင်နားလည်တယ် မဟုတ် လား ... ”

မိမိုးစန္ဒာက ရပ်ကွက်လူကြီး ဈေးလူကြီးတွေကို တောင်းပန်စကားဆိုပေသည်။

“ဦးလေးကြီးတို့ကို မိုး တောင်းပန်ပါတယ် ... သက်ဆိုင်ရာ





မှုခင်းရဲရော ယာဉ်ထိန်းရဲရောခေါ်ပြီး အမှုဖွင့်ပေးပါရှင် ... မိုး မကျေအေးပါဘူး ... ဒီလိုလူတွေကို ဒီလိုလုပ်သင့်ပါတယ်၊ မှတ်သားသွားလောက်အောင် သက်ဆိုင်ရာက အရေးယူ ပေးဖို့ ကြိုးစားပေးပါ ... မိုးတို့ ကားပျက်စီးသွားတာ မိုး တို့ဘာသာ အကုန်အကျခံပြင်ပါ့မယ် ... ”

“ဟဲ့ ... ဟဲ့ ... မိမိုး ... ဘာတွေဖြစ်နေကြတာလဲ ... မောင်လေးလတ်လတ် ... ဘာတွေဖြစ်နေတာလဲဟင်”

မြတ်သူဇာ ဈေးဝယ်ပြီး ပြန်အလာတွင် တွေ့မြင်ရ သော မြင်ကွင်းကြောင့် စိုးရိမ်တကြီး မောင်ငယ်နှင့် ညီမငယ်ကို လူပုံအလယ်မှာပင် မေးမြန်းလိုက်သည်။

လတ်လတ်နှင့် မိုးက ဖြစ်ကြောင်းကုန်စင် ရှင်းပြ သည်။

ရပ်ကွက်လူကြီးတွေမှာ ချာတိတ်မလေး မိုးစန္ဒာ ဝင်ရောက်ပြောသည်ကို ဘာလုပ်ပေးရမည်မှန်းမသိ ဖြစ်နေသည်။ မြတ်သူဇာ ပြန်ရောက်လာမှ အုပ်ထိန်းသူပါလားဟု အသိအမှတ်ပြု ကြသည်။

“အို ... နေပလေ့စေ ... အမှုလည်း မလုပ်ဘူး ... လျော် ငွေလည်း မယူဘူး ... ဦးဒေဝပြန်လာမှ ကားကို ပြန်ပြင် ခိုင်းမယ် ... ”

"အိုး ... ဒီအတိုင်းခံနေလို့ ဘယ်ဖြစ်မလဲ မမြတ်ရဲ့ ... သူတို့ကလည်း နောက်ကဝင်တိုက်သေး ... တိုက်လာမှ လတ်လတ်တို့ တစ်စီးထဲမကဘူး ... ဟောဒီအစ်ကိုရဲ့ တိုရိုတာကားကိုပါ ဝင်တိုက်တာ ... နောက်ပြီး သူတို့ကလည်း တိုက်သေး ... သူတို့ကပဲ လူပါးဝစကားပြောသေး ... ကျွန်တော့်ကို ရန်လုပ်တယ် ... အဲဒီအစ်ကိုက ဝင်ကူချပေးလို့"

မြတ်သူဇာက ဟိုအစ်ကိုဟု လတ်လတ်က လက်ညှိုးထိုးထိုးပြီး ပြောသည်ကို လှမ်းကြည့်လိုက်သည်။

"ဟင် ... မောင်လွင်ဦးပါလား ... ဟိုလွန်ခဲ့တဲ့ တစ်လလောက်က ရာပြည့်ကွင်းနားမှာ မမြတ်ကားနဲ့ တိုက်မိတဲ့ မောင်လွင်ဦး မဟုတ်လားဟင် ... "

"ဟုတ်ပါတယ် အစ်မ ... ကျွန်တော် လွင်ဦးပါ ... အဲဒီတုန်းက ကျွန်တော် ငွေငါးရာခုနစ်ဆယ်တောင် ချေးသွားသေးတယ်လေ ... "

"ဩော်ကွယ် ... အရေးထဲ ... "

လွင်ဦးပုံစံမှ ကြွေးပြန်မဆပ်ရသေးမီ ကြွေးရှင်နှင့် ပက်ပင်းတိုးသဖြင့် မျက်နှာမထားတတ်သူတစ်ယောက်၏ပုံစံပေါ်နေသည်။ ကြွေးရှင်ကို တွေ့သဖြင့် အိုးမလုံ အုံပွင့်စကားတွေပြောနေသည်။





"အမလေး ... ကုန်ပါပြီတော် ... ကုန်ပါပြီ ... ငါ့ကားနောက်ပိုင်းတစ်ခုလုံး ရွှတ်ရွှတ်ကျေသွားပါလား ... ဒါကြောင့် ဒါရိုင်ဘာမထားချင်တာ ... အိမ်ကလူကြီး သဘောကောင်းလို့ ဒီဒရိုင်ဘာကို စဉ်းစားမိတာ ... "

စီခနဲ အသံထွက်လာသဖြင့် ဝိုင်းကြည့်ကြပြန်သည်။

အသက်ငါးဆယ်ခန့် ဖြူဖြူတုတ်တုတ် ခန့်ခန့်ညားညား အမျိုးသမီးကြီးတစ်ဦးကို မြင်ကြရပါ၏။ အလုံးကြီးသော လက်ကောက်ကြီးတွင် ပန်းဖော်ထားသော ပန်းလက်ကောက်ကြီး ဝတ်ထားသည်။ သံကြိုးပုံဆွဲကြိုးရှည်ကြီးကို အထက်ဆင်အုပ်ရှည်လျားစွာ ဆွဲထားသည်။ စိန်နားကပ်ကြီးပန်ထားသည်။ အဖိုးသိပ်ကြီးသော ပါတိတ်ဝမ်းဆက်ဝတ်ထားသည်။ လက်သူကြွယ်တွင် နားကပ်နှင့် ဆင်တူ စိန်လက်စွပ်ဝိုင်းကြီး ဝတ်ထားသည်။

သူမကြီး၏ နောက်တွင် မိုးစန္ဒာနှင့် မတိမ်းမယိမ်း မိန်းမပျိုလေး ပါလာသည်။ မြင်ရုံနှင့်ပင် ထိုအမျိုးသမီးငယ်သည် ရုပ်ချောရုပ်လှနှင့် ခန္ဓာကိုယ်ကျော့ရှင်းသည်မှာ ထင်းခနဲ မြင်သာသည်။ သူမလေးတွင်လည်း စိန်နားကပ်ပန်ထားသည်။ သေးသေးမျှင်မျှင်ရွှေဆွဲကြိုးတွင် အသွေးကောင်း အသားကောင်း စိန်သားလော်ကတ်လေး တပ်ဆင်ထားသည်။ ကြိုးအမည်းဖြင့် ရွှေရောင်အကောင်းစားနာရီလေး ပတ်ထားသည်။ ရွှေလက်ကောက်လေး တစ်ဖက်တစ်ကွင်း ဝတ်ထားသည်။

မြင်ရုံနှင့် ဈေးလာသော သားအမိမှန်း သိသာသည်။ ရုပ်ချောကောင်မလေးက ဈေးခြင်းဆွဲကိုင်ထားပါ၏။

မိခင်က ဒေါ်အာကျယ်ဖြစ်ပုံရသည်။ သမီးငယ်လေးက သိမ်မွေ့သလောက် မိခင်ဒေါ်အာကျယ်က ကြမ်းပုံလည်းရသည်။

သူမ၏ တိုရိုတာကားအဝါ အတိုက်ခံရသည်ကို အလွန်မကျေနပ်သောအသွင် ရှိနေသည်။

"ကဲ ... လွင်ဦး ... မော်တော်ကား ဒီလောက်ရုပ်ပျက်ဆင်းပျက် ကွေးကောက်ပိန်ချိုင့်အောင် ဘယ်လိုဖြစ်တယ်ဆိုတာ ပြောစမ်း ... "

"ကျွန်တော်က မတိုက်ပါဘူး ဒေါ်ဒေါ်စိုး ... ကျွန်တော် ရပ်ထားတာကို နောက်က ဝင်တိုက်တာခံရတာပါ"

"အို ... မင်းပေ့ါလျော့လို့ အတိုက်ခံရတာပေ့ါ ... တကယ်ဆို လွတ်လွတ်လပ်လပ်နေရာမျိုးမှာ သွားရပ်ပါလား ... နေရာတကာ မင်း ငူငူငိုင်ငိုင်နဲ့ ... ကားရပ်တာနဲ့ စာအုပ်ကောက်ကိုင် ... မင်းကိုယ်မင်း တကယ့်ပညာရှိကြီးထင်နေတာ ... မဖြစ်ဘူး ... မဖြစ်ဘူး ... မင်းနဲ့ မဖြစ်တော့ဘူး ... "

"အို ... မေမေကလည်း အိမ်ကျမှ ပြောပေ့ါ ... အခုလူလယ်ကောင်ကြီးမှာ ရှက်စရာ ... ကိုလွင်ဦးကို ဘယ်လိုဖြစ်တာလဲဆိုတာ သေချာမေးဦးမှပေ့ါ ... "





ဒေါသကြီးနေသော အဒေါ်ကြီးက သမီးကို မျက်စောင်းလှည့်ထိုးလိုက်သည်။ တစ်ခုခုပြောမည်လုပ်ပြီးမှ မပြောဘဲ နေလိုက်သည်။

လတ်လတ်က သားအမိကို ငေးကြည့်ရာမှ ဝင်ပြောသည်။

"ဒီမယ် အန်တီ ... တိုရိုတာကားအဝါဟာ အန်တီ့ကားဆိုရင် ဝင်တိုက်တာ ဟောဒီ ကျွန်တော့်ကားအနီပါ ... ကိုလွင်ဦး ဒရိုင်ဘာမှာ အပြစ်မရှိပါဘူး ... နောက်ပြီး ဒီနေရာဟာ ဈေးလာတဲ့ ကားတွေရပ်ဖို့ သက်ဆိုင်ရာက ပေးထားတဲ့နေရာပါ ... "

"ဟုတ်တယ်ဗျ ... "

ဟု အရပ်လူကြီးကလည်း ဝင်ပြောသည်။ ပြီး ချာတိတ်လေးယောက် မောင်းလာသော ကားက ကားနီကိုဝင်ဆောင့်ပြီး ကားနီကရှေ့လိမ့်ကာ ကားဝါကို တိုက်မိကြောင်း အစအဆုံး ရှင်းပြပေသည်။

"အဲဒါ ... ဟောဒီသူငယ်လေးယောက်က သူတို့ ဝင်တိုက်မိတဲ့အတွက် လျော်ကြေးပေးပါမယ်တဲ့ ... အလျော်နဲ့ မကျေနပ်လို့ အမှုဖွင့်မယ်ဆိုလည်း ရဲနဲ့ ယာဉ်ထိန်းရဲကို ကျွန်တော်တို့ အရပ်လူကြီးတွေကပဲ အကြောင်းကြားပေးပါ့မယ်"

အန်တီအဒေါ်ကြီး နားမဝင်ပေ။

"အို... ဘာပဲဖြစ်ဖြစ် ကိုယ်ကပဲတိုက်တိုက် ... သူများကပဲ တိုက်တိုက် ... ဒရိုင်ဘာအသုံးမကျလို့ဖြစ်တာ ... ကဲ ... လွင်ဦး ... မင်း ငါ့ကားကို ဆက်မမောင်းနဲ့တော့ ... မင်းကို သုံးလခနဲ့ ဒီလရက်တွက်ပေး ... ကျသင့်တဲ့အတိုင်းပေးမယ် အိမ်လာမယူနဲ့ ... ဈေးက ငါ့ဆိုင်မှာပဲသွားယူ ... ငါ အလျော် လည်း မယူဘူး ... အမှုလည်း မဖွင့်ဘူး ... အလျော်ယူ အောင် ငါက ဆင်းရဲသူ မဟုတ်ဘူး ... အမှုဖွင့်လည်း အိမ် ထောင်ဦးစီး အိမ်ကဟာကြီး ရုံးသွားရ ဂတ်သွားရနဲ့ မသွား ရဘူး ... ဒါပဲ ... ကဲ ... တူးမာ ... နင်ပဲ ကားကို မောင်း ငါပြန်မယ် ... "

"မဟုတ်သေးဘူး မေမေ ... အိမ်ရောက်ပြီး ဖေဖေ့ကို အဖြစ် အပျက်အကျိုးအကြောင်းတွေ ပြောပြပြီး ဖေဖေ ဘာဆုံး ဖြတ်မယ်ဆိုတာ နားထောင်ရဦးမှာပေါ့ မေမေ ... "

"လျှာမရှည်နဲ့ တူးမာ ... ငါက မောင်းဆိုမောင်း ... အိမ်ပြန် မယ် ... ဒါပဲ ... "

အန်တီအဒေါ်ကြီး ဆောင့်အောင့်ကာ ကားတံခါး ဖွင့်ဝင်ထိုင်တော့သည်။

တူမာဆိုသည့် သမီးချောလေးသည် လွင်ဦးအား ကြင်နာသော အကြည့်ဖြင့်ကြည့်ပြီး ...





"တူးမာစိတ်မကောင်းပါဘူး ကိုလွင်ဦး ... မေမေ့အကြောင်း ကိုလွင်ဦးသိသားပဲ ... အိမ်ရောက်မှ ဖေဖေ့ကို တူးမာ သေ ချာရှင်းပြပါ့မယ် ... တစ်ရက်နှစ်ရက်နေပြီးရင် ကိုလွင်ဦး တူးမာတို့ဆိုင်ကို လာခဲ့နော် ... တူးမာ သွားတော့မယ်"

လွင်ဦးဆိုသည့် ဒရိုင်ဘာလူငယ်က ဘာမျှပြန်မပြော။ သွားစွယ်လေးနှစ်ချောင်းပေါ်သည်အထိ ပြုံးနေပေသည်။

ဤအပြုံးသည် မချိပြုံးဖြစ်မှန်း မြတ်သူဇာက အကဲ ခတ်မိသည်။ ဖြစ်ချင်တာဖြစ် ခံလိုက်မည်ဆိုသည့် အပြုံးမျက်နှာ ပေါ် လွင်နေသည်။

မောင်မောင်တာနှင့် ချာလီတို့အုပ်စုသည် အလျော လည်းမပေးရ။ အမှုလည်းမဖွင့်မို့ တစ်ယောက်နှင့် တစ်ယောက် လက်တို့ကာ သူတို့ကားပေါ် အလျှိုလျှိုတက်ကာ မောင်းထွက် သွားတော့သည်။

ရပ်ကွက်လူကြီးတွေကလည်း ကာယကံရှင်က အမှု မလုပ် လျော်ကြေးမယူမို့ လစ်ပြေးသူများကို ဘာမျှမပြောတော့ပေ။

ကိုလွင်ဦးဆိုသော ဒရိုင်ဘာလူရွယ်သည် မည်သူကို မျှ နှုတ်မဆက်တော့ဘဲ တစ်လှမ်းချင်း ကားမှတ်တိုင်သို့ သွားရန် ပြင်လိုက်သည်။

"ဒီမှာ ကိုလွင်ဦးဆိုတဲ့လူ ... ခဏလေး ... "

လတ်လတ်က အော်ခေါ်သဖြင့် လွင်ဦးက ရပ်နေသည်။

"ဒီမှာ မမြတ် ... ကိုလွင်ဦးဆိုတဲ့လူကို မမြတ်သိတယ်နော် ... "

"မမြတ်ပြောဘူးတယ်လေ ... တစ်ခါက ညဘက်မှာ လူတစ်ယောက်ကို မမြတ်ကားနဲ့တိုက်မိတဲ့အကြောင်းလေ၊ အဲဒီကိုလွင်ဦးပဲ ... အခု ဒုတိယအကြိမ်တွေ့တာပဲ ... "

"ဒီလူမဆိုးဘူး မမြတ် ... သူဝင်ကူလို့ ကျွန်တော်တို့မောင်နှမ မိမိုးနဲ့ ဘာမှမဖြစ်တာ ... "

"ဟုတ်တယ် မမြတ် ... အဲဒီလူ သိပ်တော်တာပဲ ... ဟိုကောင်တွေ တစ်ယောက်ပြီးတစ်ယောက် မှောက်သွားအောင်ချတာ မိုးမျက်စိထဲ ကြည့်ကောင်းလိုက်တာ ... "

လတ်လတ်က ထပ်ပြောပြန်သည်။

"ဒီလူအလုပ်ပြုတ်သွားတာ မမြတ်လည်းကြားသားပဲ ... သနားစရာပဲ ... အိမ်မှာ လောလောဆယ် ဦးဒေဝလည်း မရှိဘူး ...ကျွန်တော်ကလည်း ကျွန်တော့်မော်တော်ဆိုင်ကယ်နဲ့ အိမ်မှာ ကားနှစ်စီးတောင် ဦးဒေဝက အသက်ကြီးလို့လား မသိဘူး ... ကြောက်တတ်တယ် ... "

"ဟုတ်တယ် မမြတ်၊ မိုးကျောင်းသွားကျောင်းပြန် ကောင်





လေးတွေ အနီးကပ်မိုးကိုလာရိတာတောင် ဦးလေးဒေဝက ဘာမှမပြောရဲဘူး ... ရှောင်မောင်းတော့တာပဲ ... "

စောမြတ်သူဇာ ချက်ချင်းဆုံးဖြတ်ရတော့သည်။ အငယ်နှစ်ယောက်ကလည်း ဆန္ဒရှိနေပြန်။ အမှန်တကယ်ကျတော့လည်း ကားနှစ်စီးနှင့် တစ်ခါတစ်ရံ မောင်းပေးမည့်သူ အခက်အခဲရှိပြန်ဖြစ်တတ်သည်မို့ လတ်တလော လတ်လတ်နှင့် မိုးကြောင့် အလုပ်ပြုတ်သွားသော မောင်လွင်ဦးကိုပင် အိမ်မှကား မောင်းစေရန် ဆုံးဖြတ်လိုက်သည်။

"မောင်လွင်ဦးကို သွားခေါ်လိုက်ပါ လတ်လတ် ... "

ရှေ့ခန်းတွင် လတ်လတ်ပင်မောင်းစေကာ လွင်ဦးက ဘေးမှ ထိုင်လိုက်သည်။

မြတ်သူဇာနှင့် မိုးစန္ဒာ ညီအစ်မနှစ်ယောက် နောက်ခန်းတွင် ထိုင်လိုက်ပါလာကြသည်။

"မင်း ဘယ်သွားမလဲ မောင်လွင်ဦး ... နောက် ဘာလုပ်မယ် စိတ်ကူးသလဲ ... "

"ကျွန်တော် မြို့ထဲသွားမလို့ အစ်မ ... ဘာဆက်လုပ်မယ်ဆိုတာတော့ သူငယ်ချင်းတွေဆီသွားပြီး အကူအညီတောင်းရမှာပဲ ... ဘာအလုပ်ရရပေါ့ ... အစ်မ ... ကျွန်တော်က ကျဘမ်းလုပ်နိုင်ပါတယ် ... "

"ခုနအမျိုးသမီးကြီးအိမ်မှာ မောင်လွှင်ဦးလုပ်နေတာ လခ ဘယ်လောက်ရသလဲ ... "

"တစ်လနှစ်ရာ ... မနက်စာ၊ ညစာထမင်းကျွေးတယ် ... ကားဂိုထောင်အပေါ်ထပ် ထပ်ခိုးမှာနေခွင့် အိပ်ခွင့်ပေးတယ်"

"ဒီခေတ်ထဲမှာ တစ်လနှစ်ရာနဲ့ လုပ်တဲ့ ဒရိုင်ဘာ ခင်ဗျား တစ်ယောက်ပဲရှိမယ် ကိုလွှင်ဦး ... "

ဟု လတ်လတ်ကရယ်၍ပြောသည်။

"ဒီမယ် မမမြတ် ... ဦးလေးဒေဝကြီးကို မမမြတ်တို့ လခ ဘယ်လောက်ပေးသလဲ ... "

"ဒါတော့ ပြောလို့မဖြစ်ဘူး လတ်လတ် ... ဦးလေးဒေဝကို မမမြတ်တို့ မိသားစုအားလုံးက ဦးလေးတစ်ယောက်လို စေတနာသဘောထားတာ ... ဘဘဘုရားလက်ထပ်က တည်းက အတူနေလာကြတာ ... "

"မဟုတ်ဘူးလေ မမမြတ် ... ကျွန်တော်ပြောနေတာက ကိုလွှင်ဦးဟာ ကျွန်တော်တို့ကြောင့် အလုပ်ပြုတ်ခဲ့တာဆို တော့ သူ့ကိုပေးဖို့လခကိုပြောတာ ... ဦးလေးဒေဝကို ပေး တာနဲ့ နှိုင်းယှဉ်ချိန်ဆပေးနိုင်ဖို့ပါ မမမြတ် ... "

"ဒါဆို နေဦး ... မောင်လွှင်ဦးကို မမမြတ်အရင်မေးမယ်၊ မမမြတ်တို့အိမ်မှာ ဒရိုင်ဘာအလုပ်လုပ်မလား ... "





"ကျွန်တော့်မှာ တခြားရွေးချယ်စရာ မရှိပါဘူး မမမြတ် ... အခု မြို့ထဲသွားမလို့ဟာလည်း ရရာအလုပ်လုပ်မလို့ပါ"

"ကောင်းပြီ ... ဒါဆို မမမြတ်တို့အိမ်က တစ်လကို ငါးရာပေး မယ် ... မမမြတ်တို့ ကားဂိုထောင်အပေါ်ထပ်မှာ အခန်း တွေရှိတယ် ... တစ်ခန်းကိုတော့ ဦးဒေဝယူထားပြီးသား၊ ကျန်တဲ့ အခန်းတွေထဲက ကြိုက်တဲ့တစ်ခန်းမှာ မောင်လွှင် ဦးနေလို့ရတယ် ... လခအပြင် ထမင်းကျွေးမယ် ... ကော်ဖီ ချိန် ကော်ဖီတိုက်မယ် ... ဘယ့်နှယ်လဲ မောင်လွှင်ဦး လုပ် နိုင်မလား ... "

"သိပ်ကိုလုပ်ပါမယ် မမမြတ် ... ရန်ကုန်ရောက်ကတည်းက အခု မမမြတ်ပေးတဲ့အလုပ်လောက် ကောင်းတဲ့အလုပ်မှ ကျွန်တော် မရဘူးသေးတာ ဝမ်းမြောက်ဝမ်းသာနဲ့ လုပ်ပါ့ မယ် မမမြတ် ... "

"မမမြတ်တို့အိမ်မှာ ကားနှစ်စီးရှိတယ် ... ကားဖြူတစ်စီး နဲ့ ဟောဒီ ကားနီပဲ ... ကားဖြူကတော့ မမမြတ်ကျောင်း ဆင်းကျောင်းတက်မှာသုံးတယ်၊ ကျောင်းချိန်ရှိသလောက် ကျောင်းမှာပဲ ယူထားတယ် ... ဟောဒီကားနီကတော့ လတ်လတ်ကို ကျောင်းပို့ကျောင်းကြို အိမ်ကအကြီးဆုံးမမ မျိုး ဈေးသွားသွား ဘယ်သွားသွားအတွက်ရယ်ပဲ ... လော လောဆယ်မှာတော့ ဦးလေးဒေဝက မောင်းပို့ မောင်းကြို

လုပ်ပေးတယ် ... အခု မောင်လွင်ဦးကို ထပ်ခန့်လိုက်တော့ ဦးလေးဒေဝနဲ့ ညှိနှိုင်းပြီး တစ်လှည့်စီမောင်းပေးတာမျိုး ဖြစ် မလားဘဲ ... ”

ဤမျှပင် လွင်ဦး အလုပ်ခန့်ထားရေး ပြီးသွားသည်။ ထပ်ပြောရန်မရှိတော့ပေ။

“ဒီမှာဗျ ကိုလွင်ဦး ... ”

“ပြောပါ ကိုလတ်လတ် ... ”

သူ့အား လွင်ဦးက ကိုလတ်လတ်ဟု ပြန်ခေါ်လိုက်သည်ကို လတ်လတ်ရင်ထဲက ဘဝင်မကျပါပေ။ အိမ်မှာ အလုပ်သမားအားလုံး ဦးဒေဝအပါအဝင် လတ်လတ်ကို ကိုယ်တော်လေးဟု ခေါ်ကြရသည်။ ဦးဒေဝ၊ ဒေါ်သာယာ၊ နန်းခင် ချာတိတ်အိမ်ဖော်တွေမှအစ မိမိကို ကိုယ်တော်လေးဟု ခေါ်စေသည်။ ဒီကိစ္စကို ဦးဒေဝမှတစ်ဆင့် ပြောမည်ဟု ဆုံးဖြတ်လိုက်ပါ၏။

“အခု ခင်ဗျားကို အလုပ်ဖြုတ်ပစ်တဲ့ ... အဒေါ်ကြီးက ဒေါ်ဒေါ်စိုးတဲ့လား ... အဲဒီအန်တီကြီးနဲ့ အတူပါလာတဲ့ ကောင်မလေးက တူးမာတဲ့နော် ... တူးမာက အန်တီကြီးရဲ့သမီးလား ... တူးမာမှာ မောင်နှမဘယ်နှစ်ယောက်ရှိသလဲ ... သူတို့ဘာအလုပ်လုပ်ကြသလဲ ... ”

“တူးမာရဲ့အပြင်နာမည် ကျောင်းနာမည်ကတော့ ကေသီခိုင်တဲ့ ... သူ့အဖေနာမည်က ဦးမင်းခိုင်၊ ဆောက်လုပ်ရေးရုံး





မှာ အင်ဂျင်နီယာချုပ်လို့ပြောတာပဲ ... အမေကတော့ ခုနတွေ့တဲ့ ဒေါ်ဒေါ်စိုးပဲ ... ဗိုလ်ချုပ်ဈေး ဗဟိုရုံထဲမှာ အထည်ဆိုင်နဲ့ တွဲပြီး ‘ခိုင်စိုးရတနာ’ ဆိုင်းဘုတ်နဲ့ စိန်ရွှေလက်ဝတ်ရတနာတွေ ဆိုင်ဖွင့်ရောင်းဝယ်တယ် ... ရွှေတိဂုံဘုရားလမ်းမှာ သူတို့ခြံနဲ့ တိုက်နဲ့နေတယ် ... ”

“ဟ ... ဒါဆိုဘော့စ်အစားထဲကပေါ့ ဟုတ်လား ... ဒါနဲ့ တော‘ဈ’တိုရိုတာ ဒိတ်အောက်ကား စီးနေသတဲ့လား”

“အဲဒီတိုရိုတာ ကော်ရိုလာကားဝါဆလွန်းကားက ဒေါ်ဒေါ်စိုးနဲ့ မိဘလက်ထက်က နိုင်ငံခြားက အသစ်စက်စက် မှာသွင်းဝယ်ယူတဲ့ကားလေ ... လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်ကတည်းက ဆိုပါတော့ ... ဒီကားကို ဒေါ်ဒေါ်စိုးက သူ့မိဘအမွေကားမို့ သိပ်မြတ်နိုးတယ် ... ကားပစ္စည်း ဒီမှာဝယ်မရရင် ဂျပန်တို့ စင်ကာပူတို့မှ မှာယူပြီး ပစ္စည်းသစ်လဲထည့်တယ် ... နောက်ပြီး သူတို့အိမ်မှာ ကားသိပ်မလိုဘူး၊ တူးမာ ဖေဖေ ဦးမင်းခိုင်ကို သူ့ဌာနက မာစတာဂျစ်ကားစိမ်းတစ်စီးရာထူးအရပေးထားတယ် ... ဒရိုင်ဘာပါအပြီးပါတယ် ... ”

“ဒါဆို တူးမာ ... အဲ ... ကေသီခိုင် ကျောင်းတက်တော့ကော ကေသီခိုင်က ဘယ်ကျောင်း ဘယ်နှစ်တန်းလဲ”

မြတ်သူဇာသည် မောင်လေးလတ်လတ်က တူးမာခေါ် ကေသီခိုင်အကြောင်း စစ်စစ်ပေါက်ပေါက် မေးမြန်းနေသည်ကို အံ့ဩစွာနားထောင်နေပါ၏။

တူးမာခေါ်ကေသီခိုင်ကို တွေ့တွေ့ချင်း လတ်လတ်က သဘောကျပြီး ကိုလွင်ဦးနှင့် သိကျွမ်းနေသော တူးမာကို လတ်လတ်ဆက်သွယ်လို၍များ ဒီလောက်မေးမြန်းနေသလားမသိ။ ဒါကြောင့်များ ကိုလွင်ဦးကို ချက်ချင်းအလုပ်ခန့်ခိုင်းခြင်းများလား။

"တူးမာက အခုဆို အသက်ဆယ့်ကိုးနှစ်ထဲမှာ ... ပြီးခဲ့တဲ့နှစ်က ဆယ်တန်းအောင်တယ် ... အောင်မှတ်အရ မြန်မာစာအဓိကနဲ့ တက္ကသိုလ်တက်ခွင့်ရတယ် ... ဒါပေမဲ့ ... တက္ကသိုလ်တက်ဖို့က ကိုယ့်အလှည့် စောင့်ရတယ် မဟုတ်လား ... ဒါကြောင့် ကျောင်းမတက်သေးခင် ဗိုလ်ချုပ်ဈေးက သူတို့ပိုင်ဆိုင်မှာ ဒေါ်ဒေါ်စိုးက ဆက်ထိုင်စေတယ် ... ဒေါ်ဒေါ်စိုးဆန္ဒက တူးမာကို ဆယ်တန်းအောင်ပြီးရင်တော့ပြီ ... ဆိုင်ကို အမြဲဆက်ထိုင်စေချင်တဲ့ဆန္ဒရှိတယ် ... ဒါပေမဲ့ အန်ကယ်ဦးမင်းခိုင်က တက္ကသိုလ်ဆက်တက်ရမယ်လို့ ပြောထားတယ် ... တူးမာကတော့ လိမ္မာတဲ့သမီးပဲ ... မိဘနှစ်ပါး သဘောတူစီစဉ်တာကို နာခံမယ်ဆိုတဲ့သဘော ထားပုံရတာပဲ ... "





မေးစရာ ပြောစရာစကားများ ပြတ်သွားပြီး ငြိမ်သွားချိန်ဝယ် မိုးစန္ဒာက လွင်ဦးကို မေးမြန်းလိုက်သည်။

"မတူးမာက သူ့အမေခေါ်တာကို လိုက်မသွားခင် ကိုလွင်ဦးကို တောင်းပန်သွားတယ်နော် ... ကိုလွင်ဦးနဲ့ မတူးမာ တော်တော်ခင်ကြသလား ... "

"သူတို့ 'ခိုင်စိုးရိပ်ငြိမ်'မှာ အန်ကယ်ဦးမင်းခိုင်က သဘောသိပ်ကောင်းပြီး အလုပ်သမားတွေအပေါ်မှာ အဆင့်အတန်းမခွဲဘူး ... သူတို့ခြံကြီးထဲမှာပဲ အလုပ်သမားသုံးယောက်နဲ့ ပန်းထိမ်လုပ်ငန်းဖွင့်ထားသေးတယ် ... ဒီပြင် ထမင်းချက်တို့ မာလီတို့ ခြံစောင့်တို့ အလုပ်သမားတွေလည်း ရှိတယ်၊ မမိုး ... တူးမာကလည်း ဖအေအတိုင်းပဲ ... အလုပ်သမားတွေအပေါ်မှာ အဆင့်အတန်းခွဲတဲ့စိတ်မျိုး မရှိဘူး ... အဲ၊ ဒေါ်ဒေါ်စိုးကတော့ အလုပ်သမားတွေအပေါ် သိသိသာသာကြီး အဆင့်အတန်းခွဲတယ် ... ကြမ်းကြမ်းကြမ်းတမ်းတမ်းလည်း ပြောဆိုဆက်ဆံတယ် ... ဒေါ်ဒေါ်စိုး နည်းနည်းအလျှော့ပေးဆက်ဆံတာဆိုလို့ ပန်းထိမ်အလုပ်သမားသုံးယောက်ပဲရှိတယ် မမိုး ... "

မိုးစန္ဒာက ကားနောက်ပိုင်းတွင် ထိုင်ပြောနေရာမှ ပါးစပ်ကို လက်ကိုင်ပဝါပိတ်ကာ ခွိခနဲ ကျိတ်ရယ်ပါ၏။

သူမကို ကိုလွင်ဦးက 'မမိမိုး'ဟုခေါ်သည်ကို ကျိတ်ရယ်မိခြင်းပင်။ ကြားရတာ နားထဲတွင် အဆန်းဖြစ်သွားသောကြောင့် ရယ်မိခြင်းဖြစ်ပါ၏။

သို့သော် မိုးစန္ဒာက ဆက်ပြောသည်။

"ဒါပေ့ါ ... ဒီအခေါ်ကြီးက ပန်းထိမ်ဆရာတွေတော့ ချော့ပေါင်းမှာပေ့ါ ... သူ့ရွှေတွေ စိန်တွေခိုးမှာစိုးလို့နေမှာပေ့ါ"

လွင်ဦးက မမိမိုး၏ ထင်မြင်ချက်ကို ပခုံးတွန့်ပြလိုက်သည်။

----?----





# ၅

သူဌေးအိမ်တွေသည် ဒီပုံစံအတိုင်းသာဖြစ်သည်။ ဒီလို ခြံဝန်းကျယ်၊ ဒီလိုလှပသောတိုက်အိမ်။

'ခိုင်စိုးရိပ်ငြိမ်'လည်းဒီလို။

ယခု 'မဟာမြိုင်ဂေဟာ'လည်းဒီလိုအနေအထားနှင့် အလှအပတွေသာ ကွာခြားသွားသည်။ သဘောအနေနှင့်ကတော့ ဒီလိုဒီတိုင်းပင်ဖြစ်ကြောင်း လွင်ဦး တွေ့ရပါပေ၏။

ဆင်ဝင်ပေါ်တီကိုအောက်တွင် လတ်လတ်က ကားရပ်လိုက်သည်။

"ကဲ ... မမမြတ်နဲ့ မိမိုး ... ဆင်းကြတော့ ... ကျွန်တော်ပဲ ကားဂိုထောင်သွားထားလိုက်မယ် ... နောက်ပြီး ကိုလွင်ဦးနေဖို့ ဂိုထောင်အပေါ်ထပ် တန်းလျားခန်းပြလိုက်မယ်"

မမမြတ်နှင့် မိမိုးဆင်းသည်။

"ဩော် ... မောင်လွင်ဦး ... မမမျိုးနဲ့ ထပ်တွေ့ဖို့လိုသေးတယ် ... မနက်စာထမင်းစားမောင်းထုရင်လာခဲ့ပေါ့ ... "

ထမင်းစားလျှင် အိမ်သားများကို မောင်းထုအချက်ပေးသည်ဟု လွင်ဦး နားလည်ရသည်။

"ဟောဒီဘေးဆုံးခန်းက ဦးဒေဝနေတဲ့အခန်းပဲ ... ကျန်တဲ့သုံးခန်းထဲက ကိုလွင်ဦး ကြိုက်ရာအခန်း ယူပေတော့"

ရိုင်းရိုင်းပြောရလျှင်တော့ အစေခံတန်းလျားဟုပင်ပြောရမည်။

လွင်ဦးက ဦးဒေဝယူထားသော အခန်းနှင့် ကပ်လျက်ခန်းကို ရွေးယူလိုက်သည်။ ဦးဒေဝသည် ရွာသို့ ခေတ္တပြန်သွားသည်မို့လားမသိ။ သူ့အခန်း သော့ခတ်မသွားပေ။

အခန်းသည် (၁၂)ပေပတ်လည်ခန့်ရှိသည်။

တစ်ယောက်အိပ်ခုတင်၊ မွေ့ရာပါးပါး၊ ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံးနှင့် ခုတင်ဘေးတွင် စာကြည့်စားပွဲရှိသေးသည်။

"ဦးဒေဝအခန်းက စားပွဲပေါ်မှာတော့ ဘုန်းကြီးဖတ်တဲ့ စာအုပ်မျိုးစုံရှိတယ်ဗျ ... ဦးဒေဝက ဘုန်းကြီးလူထွက် ... ဘုန်းကြီးဝတ်သွားတာလည်း သူ့မိန်းမ ဖောက်ပြန်သွားတာကို စိတ်ညစ်ပြီး ဘုန်းကြီးဝတ်တာလို့ ကြားတာပဲ ... ဘုန်းကြီး





ဝါ လေးဝါလောက်ရပြီးမှ လူပြန်ထွက်ပြီး မယ်မယ်ဘုရားဘာဘာဘုရားတို့ဆီမှာ အလုပ်ဝင်လုပ်တာတဲ့ ... ဘုန်းကြီးမဝတ်ခင်ကတည်းက ဒရိုင်ဘာမို့ ဒီအိမ်မှာ ဒရိုင်ဘာ ပြန်ခန့်ထားလိုက်တာပဲ ... မနက်ဆယ့်တစ်နာရီ၊ ညနေခြောက်နာရီမှာ ထမင်းစားမောင်းထုတယ် ... ကိုလွင်ဦး မီးဖိုပေါက်က ဝင်လာပြီး ထမင်းစားပေါ့ ... အိမ်ရှေ့ဧည့်ခန်းကို အိမ်သားမိသားစုထဲက မခေါ်ဘဲမလာနဲ့ ... ကျန်တဲ့လိုအပ်တဲ့ပစ္စည်းကိုတော့ ကိုယ့်ဟာကိုယ်ဝယ်သုံး ... "

လွင်ဦး ခေါင်းညိတ်ပြသည်။ သဘောလည်းပေါက်သည်။

"ကော်ဖီသောက်ချင်ရင် ကိုယ့်ဟာကိုယ် ဓာတ်ဘူးဝယ် ... ဒေါ်သာယာဆီမှာ ရေနွေးတောင်း ... ဒီအခန်းကလျှပ်စစ်မီးအားနဲ့ ရေနွေးမတည်ရဘူး ... ထမင်းမချက်ရဘူး ... ဒီတန်းလျားလျှပ်စစ်မီးကို ညနေခြောက်နာရီက ဆယ်နာရီအထိပေးတယ် ... ဆယ်နာရီထိုးတာနဲ့ ပိတ်တယ်၊ ခင်ဗျားဓာတ်ဘူးတွေ ဘာတွေ ညာတွေဝယ်မယ်ဆိုရင် ကြိုတင်လစာ မမမျိုးဆီမှာ ထုတ်ယူနိုင်တယ် ... ကဲ ... ဒီအခန်းနေဖို့ကိစ္စကတော့ ဒါပဲ ... "

လတ်လတ်ပြောသော အပိုပစ္စည်းများသည် လွင်ဦးတွင် ရှိပြီးသားတွေချည်းဖြစ်သည်မို့ ဝယ်ဖို့မလိုပေ။ မိမိပစ္စည်းတွေ

ဒေါ်ဒေါ်စိုး တူးမာတို့ ပေးထားသော အခန်းတွင်ကျန်ခဲ့သည်။ ပြန်ယူရပေမည်။

"ကျွန်တော့်ပစ္စည်းတွေ တူးမာတို့ဆီမှာ ကျန်ခဲ့တယ် ... ကိုလတ်လတ် ... "

"သွားပြန်ယူပေါ့ ... မမမျိုးနဲ့ မမမြတ်ဆီမှာ ခွင့်တောင်းပြီး သွားယူလေ ... ကျွန်တော်ပြောပေးမယ် ... "

"ကျွန်တော် ဒေါ်ဒေါ်စိုးတို့အိမ် ပြန်သွားမယူရဲတော့ဘူး ... နေ့ခင်းကျမှ ခွင့်တောင်းပြီး ဗိုလ်ချုပ်ဈေးမှာထိုင်တဲ့ တူးမာဆီသွားပြီး အကျိုးအကြောင်းပြောပြရင် ... တူးမာက ကျွန်တော့်ပစ္စည်းတွေပို့ပေးဖို့ စီစဉ်ပေးမှာပါ ... "

"နေ့ခင်း ခင်ဗျား တူးမာဆီသွားရင် ကျုပ်လည်းလိုက်မယ်၊ ဒါဆို ဒီလိုလုပ်ဗျာ ... မနက်ပိုင်းမှာတော့ ဒီအိမ်မှာ အထူးစည့်သည် ထမင်းစားဖိတ်ထားတယ် ... အလွန်ဆုံး မွန်းလွဲနှစ်နာရီဆို ဧည့်သည်ပြန်မှာပါ ... အဲဒီနောက်ကျမှ အိမ်ကကားနဲ့ ယူပြီး ဗိုလ်ချုပ်ဈေး တူးမာတို့ဆိုင်ကို သွားကြမယ်လေ ... တူးမာနဲ့ ကျုပ်ကို ကိုလွင်ဦး မိတ်ဆက်ပေးနော်"

"ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စအတွက် ဒီအိမ်ကကား မယူချင်ဘူး ... ဒီနေ့မှ ဒရိုင်ဘာခန့်တယ် ... ဒီနေ့ ကားယူသုံးတယ်လို့ အထင်မခံချင်ဘူးဗျာ ... "

"ရတယ်လေဗျာ ... ကျွန်တော် လိုက်မှာပဲဟာ ... ကား





အတိုက်ခံထားရတာ ဘော်ဒီရုံသွားပြင်မယ်လို့ပြောပြီး ယူသွားမယ် ... ကိုလွင်ဦးက တူးမာနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပြီးရင် ဘော်ဒီရုံကို သွားတော့ပေါ့ ... "

လွင်ဦးက စိတ်မပါသော်လည်း ပူပူနွေးနွေးအလုပ်င်သူမို့ မငြင်းသာဘဲ ခေါင်းညိတ်လိုက်ရသည်။

လတ်လတ် ကျေနပ်စွာ ပြန်ပြောမည်ပြုစဉ် တန်းျားပေါ်သို့ လူကြီးတစ်ယောက်တက်လာသည်နှင့် ရင်ဆိုင်တိုးတွေ့ပေသည်။

"ဟာ ... ဦးဒေဝကြီးပြန်လာပြီ ... "

"ပြန်လာပြီလေ ... ကိုယ်တော်လေး လတ်လတ် ခွင့်ယူတာ ဒီနေ့ သုံးရက်ပြည့်သွားပြီဆိုတော့ ဒီနေ့ ပြန်လာရတာပေါ့ ... "

"လာ ... လာ ... ဒါဆို အတော်ပဲ ... နောက်ထပ်ခန့်လိုက်တဲ့ ဒရိုင်ဘာရောက်နေတယ် ... ဦးဒေဝနဲ့ မိတ်ဆက်ပေးမဲ့ မော်တော်ကားနဲ့ ပတ်သက်တာတွေ ဦးဒေဝနဲ့ ဒရိုင်ဘာသစ် ဆွေးနွေးကြပေါ့ ... "

ဦးဒေဝနဲ့ လွင်ဦးကို မိတ်ဆက်ပေးပြီးနောက် လတ်လတ် သူ့အိမ်ကြီးဆီသို့ ပြန်သွားသည်။

နာရီဝက်အတွင်းမှာပင် ဘဝတူခြင်းဖြစ်သော ဦးဒေဝနှင့် လွင်ဦးတို့ တရင်းတနှီးခင်မင်သွားသည်။

လွင်ဦး၏ နဂိုဗီဇကိုကပင် အသက်ကြီးသော လူကြီးများကို ရိုရိုသေသေလေးလေးစားစားဆက်ဆံသော အကျင့်ရှိသောကြောင့် ဦးဒေဝကြီးသည် တစ်ခဏအတွင်းမှာပင် လွင်ဦးအား ခင်မင်သွားတော့သည်။

----?----





## ၆

လောလောဆယ် ဦးဒေဝ၏ ဖျဉ်ကြမ်းပက်လက်ကုလားထိုင်မှာပင်ထိုင်ကာ လတ်လတ်အကြောင်း စဉ်းစားသည်။

လတ်လတ်သည် သူတို့အိမ်တွင် မိမိကို အလုပ်ခန့်ရန် သူ့မမြတ်ကို တိုက်တိုက်တွန်းတွန်း ပြောသည်။

ပြီး တူးမာခေါ် ကေသီခိုင့်အကြောင်းကို လွန်မင်းစွာ စိတ်ဝင်စားစွာမေးမြန်းသည်။

ယနေ့ မွန်းလွဲပိုင်း(၂)နာရီတွင် ဗိုလ်ချုပ်ဈေးသို့ လိုက်ပါပြီး တူးမာနှင့် သူ့ကို မိတ်ဆက်ပေးရန် ဇွတ်ပြောသည်။

တူးမာကို လတ်လတ်မြင်မြင်ချင်း နှစ်သက်သွားသည်မှာ သေချာသည်။

လတ်လတ်လိုလူနှင့် ဆိုပါက တူးမာဘက်မှာ န
လည်းမနာ သာလည်းမသာ သွေးတူရည်တူဖြစ်နိုင်သည်။ တူးမာ
အတွက် လတ်လတ်သည် သင့်တော်သူတစ်ယောက်ဟု ဆိုနိုင်သည်
ဟု လွင်ဦး နောက်ဆုံးမှတ်ချက်ပြုလိုက်သည်။

"တောက် ... ဒီနေ့တော့ သေချာတယ် ... ဆယ့်တစ်နာရီ မောင်းမတီးတာ ... "

"မောင်းမတီးတော့ ဘာဖြစ်လဲ ဦးဒေဝ ... "

"ဟ ... မောင်းမတီးတော့ မနက်စာထမင်း အချိန်နဲ့ မစားရဘူးပေါ့ကွာ ... ဧည့်သည်လာမယ်၊ ဧည့်သည်မနက်စာကျွေးမယ် ... ဧည့်သည် မနက်စာစားသောက်ပြီးမှ ငါတို့အတွက် မောင်းတီးတော့မှာ သေချာတာပေါ့ကွ ... "

"ဦးဒေဝဆာပြီလား ... "

"ဆာပြီပေါ့ကွ ... ငါက ကိုယ်ခွင့်ယူတဲ့အတိုင်း သုံးရက်နေ သွားလို့ မနက်စာထမင်းတောင် မစားခဲ့ဘဲ ဒီနေ့မနက် ခွင့်ရက်စေ့အမီ ပြန်လာတာ ... လမ်းမှာ ဘာမှဝယ်မစားခဲ့ဘူး မနက်စာမောင်းကိုမီအောင် ပြန်လာတာ ... ဒါဆို လမ်းမှာ ထမင်းတစ်နပ်ဖိုး သက်သာတယ်ဆိုတဲ့ တွက်ကိန်းလေ ... လမ်းဘေးဆိုင်မှာ ထမင်းဝယ်စားရင် ဈေးအသက်သာဆုံး ဟင်းနဲ့ စားတောင် တစ်ပွဲကို သုံးလေးဆယ်ကျတာကွ"





"ကျွန်တော်သိသလောက်တော့ ကမ္ဘာအေးဈေးက ဆယ်နာရီလောက်ကမှ ပြန်လာတာ ဦးဒေဝ ... "

"ဒါဆို သေချာပြီ ... အခုမှ ချက်တုန်း ပြုတ်တုန်းနေမှာ"

ဦးဒေဝသည် ပြောပြောဆိုဆို တန်းလျားဝရန်တာ
က်သို့ထွက်ကာ တန်းလျားဘောင်ကို လက်ထောက်ပြီး အိမ်ကြီး
သို့ လှမ်းကြည့်နေတော့သည်။

"ဟေး ... လာကြည့် ... လာကြည့် မောင်လွင်ဦး ... ဒါမျိုးက မြင်ရခဲတယ် ... "

လွင်ဦး ထပြီး ဝရန်တာမှကြည့်သည်။

"တွေ့လား ... ဟိုမှာ မတ်သလစ်ရွှေအိုရောင်နဲ့ ဆလွန်းကားကြီး ခြံထဲဝင်လာတာလေ ... အဲဒါ ထမင်းစားလာတဲ့ ဧည့်သည်ပေါ့ကွ ... အေး ... အဲဒီကားကြီးတစ်စီးမျိုးကို ငွေဘယ်လောက်တန်တယ် ထင်သလဲ ... "

"ကျွန်တော် အဲဒီလောက် အမျိုးကောင်းတဲ့ကားကြီးတွေ အကြောင်း သိပ်မသိဘူး ဦးဒေဝ ... "

"အေး ... နံပါတ်ယူပြီးသားစီးပြီးသားဆိုရင်တောင် အဲဒီ ကားမျိုးက ကိုးသိန်း ဆယ်သိန်းတန်တယ် ... ဒါဆို အခု လာတဲ့ ဧည့်သည်ဟာ တကယ့်ဘော်ဇာဖြစ်ရမယ်ကွ ... ဘော်ဇာမှ မရွှေ့ပြောင်းနိုင်တဲ့ ခြံမြေတိုက်တာ အဆောက်

အအုံတွေဝယ်ထားဦး ရွှေစိန်နဲ့ ကျောက်မျက်ရတနာတွေ ပြည်တောင်းနှစ်လုံးသုံးလုံးအပြည့်ရှိအောင် ချမ်းသာတဲ့ တကယ့် ထိတ်ထိတ်ကြဲဘော်ဇာတွေက ... ဟော - ကြည့် ... ကားပေါ်က အမျိုးသားဆင်းလာပြီ ... ”

လွင်ဦး မြင်ရပါ၏။ အတွင်းရှပ်ဖြူလက်ရှည်၊ ကော်လာမဲ့ စတစ်ကော်လာလယ်ကတုံးအင်္ကျီ ဝတ်ထားသည်။ မီးခိုးရောင်ရင့်ရင့် တိုက်ပုံအင်္ကျီ ဝတ်ထားသည့်ပုဆိုးမှာ မန္တလေးပိုးအောက်ခံ အနက်ဗိန်းတွင် အဖြူရောင်သေးမျှင်သော ကန့်လန့်ခင်းပိုးပုဆိုးဝတ်ထားသည်။

အမျိုးသားကို လှမ်းမြင်ရသည်မှာ တော်တော်မြန်မာဆန်ပြီး ကျက်သရေရှိလှပေသည်။ အသက်အားဖြင့်တော့ (၃၀)ကျော်ဟု လွင်ဦးခန့်မှန်းသည်။

“သူက ဘယ်သူလဲ ဦးဒေဝ ... ”

“ကိုရန်မျိုးနောင်တဲ့ ... မင်း ဆက်ကြည့်လေ ... အဲဒီ ရန်မျိုးနောင်က တယုတယကားပေါ်က ဆွဲချနေတဲ့ အမျိုးသမီးကြီးက ရန်မျိုးနောင်ရဲ့ မယ်မယ်ဘုရား ထိပ်တင်ဒေါ်အိန္ဒာတဲ့ ... ”

ဒေါ်အိန္ဒာ ကားပေါ်မှ တွဲဆင်းသည်နှင့် ဖျတ်ခနဲ ဖျတ်ခနဲ လျှပ်ပြက်သလားထင်ရအောင် ထိပ်တင်ဒေါ်အိန္ဒာ ဝတ်





ဆင်ထားသော စိန်နားကပ်လည်းကောင်း စိန်လက်စွပ်မှလည်းကောင်း စိန်လော့ကတ်မှလည်းကောင်း နေရောင်ဖြင့် ဖျိုးဖျိုးဖျတ်ဖျတ် လက်လက်ထသွားသည်။

ထိပ်တင်ဒေါ်အိန္ဒာ၏လက်မှာတော့ ကျားခေါင်းရွှေလက်ကောက်ကြီးတွေ၏ အရည်ပြည့်ရွှေရောင်မှာ အိဝင်းမှည့်နေပါ၏။ ချိတ်ထဘီဝတ်ထားပြီး ပန်းနုရောင်ဇာပဝါပါးခြုံထားသည်။

“အဲဒီ ထိပ်တင်ဒေါ်အိန္ဒာ ဝတ်ထားတဲ့ ချိတ်ထဘီတောင် သုံးသောင်းတန်ကြေးရှိတယ် မောင်လွင်ဦး ... ”

“ဟာ ... မဟုတ်တာ ... ”

“မယုံရင် မင်းကိုယ်တိုင် ဗိုလ်ချုပ်ဈေးရောက်တဲ့အခါ ပိုးချိတ်ထဘီဆိုင် ဝင်မေးကြည့် ... အနည်းဆုံး တစ်ထည်ကို တစ်သောင်းကနေပြီး လေးငါးသောင်းအထိရှိတယ် ... ဒါတောင် ကိုယ်လိုချင်တဲ့ ဒီဇိုင်းအဆင်သင့်မရှိရင် စရန်တစ်ဝက်ပေးပြီး အော်ဒါမှာရတယ် ... ”

“ဝယ်ဝတ်မဲ့သူကောရှိလို့လားဗျာ ... ”

“အမယ်လေး ... မေးမနေနဲ့ ... ရောင်းရတာမှ လက်မလည်ဘူး ... သြော်ကွာ ... စရန်ငွေတစ်ဝက်ပေးပြီးမှာရပါတယ်လို့ ငါပြောပြီးပြီးပဲ ... ”

“ထားပါတော့ ... ဦးဒေဝလိုလူက ပြောမှတော့ ကျွန်တော် ယုံရပြီပေါ့ ... ”

ထိုစဉ်မှာပင် မဟာမြိုင်ဂေဟာကြီးထဲမှ ဖြူဖြူသွင်သွင် ရုပ်ချောချောအမျိုးသမီး ပြေးဆင်းလာကာ ထိပ်တင်ဒေါ်အိန္ဒြာကို ဟိုတစ်ဘက်မှ ထပ်တွဲပြီး ရန်မျိုးနောင်နှင့် ထိုအမျိုးသမီး တွဲခေါ်ပြီး အိမ်ကြီးထဲဝင်သွားကြပါ၏။

"အဲဒါ အိမ်ထဲက ထွက်လာပြီး တွဲတဲ့အမျိုးသမီးကရော ဘယ်သူလဲ ဦးဒေဝ ... ဖြူဖြူသွယ်သွယ်နဲ့ တကယ်ချောချော လှမှလှပဲ ..."

"ဟ ... အဲဒါ မင်းမသိသေးဘူးလား ... ဒီအိမ်ကြီးက ထိပ်ထားမျိုးနန္ဒာလေ ... ကိုယ်တော်လေးလတ်လတ် ထိပ်ထားမြတ်သူဇာနဲ့ ထိပ်ထားလေးမိုးစန္ဒာတို့ရဲ့ အစ်မအကြီးဆုံး ... ဒီမဟာမြိုင်ဂေဟာကြီးရဲ့ အရှင်သခင်ပေါ့ ..."

"ဩော် ... မမမျိုးဆိုတာလား ..."

"အေးလေ ... မင်းကို မျိုးထိပ်ထားကပဲ ဒရိုင်ဘာအလုပ်ခန့်လိုက်တာ မဟုတ်ဘူးလား ..."

"ကျွန်တော့်ကို အလုပ်ခန့်တာ မြတ်သူဇာနဲ့ ကိုလတ်လတ်ပါ ..."

"အင်းပေါ့လေ ... မြတ်ထိပ်ထားနဲ့ ကိုယ်တော်လေးက ခန့်လိုက်တာဆိုရင် မျိုးထိပ်ထားက သဘောတူပြီးသားပဲပေါ့ အင်း ... ဒီတစ်ခါတော့ မျိုးရန်နောင်က သူ့မယ်မယ်ဘုရား





ကိုပါ ခေါ်လာတာထောက်ရင် သူတို့ချင်း သားရေးသမီးရေးကိစ္စပဲ ဖြစ်ရမယ် ... ဒါမျိုးက မိခင်ပါမှ ဖြစ်တာကိုး"

"ဒါမျိုးဆိုတာက ဘာကိုဆိုလိုတာလဲ ဦးဒေဝ ..."

"အာဝါဟ ဝိဟာဝကိစ္စပေါ့ကွာ ..."

မိဘအလိုက် စရိုက်ကျင့်ရိုး။
အမျိုးနွယ်လျှင် စောင့်စည်းကျန်၍
အယှဉ်အပေါင်း ခင်ပွန်းလောင်းနှင့်

လို့ လောကသာရပျို့ထဲမှာ ကန်တော်မင်းဆရာရေးခဲ့သလို ပေါ့ ... ခင်ပွန်းကောင်းရွေးချယ်ရာမှာ ကိုယ့်မျိုးရိုးနဲ့ လိုက်ဖက်တဲ့ ခင်ပွန်းကိုသာ ခလေ့နဲ့ ကိုက်အညီ ရွေးချယ်ဖို့ပေါ့ကွာ ... အခုရန်မျိုးနောင် သူ့မယ်မယ်ဘုရားကိုပါ ခေါ်လာတာ ဒီကိစ္စကြောင့်ဖြစ်မှာပေါ့ ..."

"ဒါဆို ကိုရန်မျိုးနောင်တို့ကလည်း မဟာဆီမဟာသွေး မဟာမျိုးတွေပေါ့နော် ဦးဒေဝ ..."

"ဒါပေါ့ ... ဒါပေါ့ ... မျိုးထိပ်ထားကို မြတ်ထိပ်ထားတို့ ကိုယ်တိုင်က မဟာဆီမဟာသွေးတွေကိုးကွ ..."

"ဦးဒေဝက ဒီအိမ်က မောင်နှမတွေကို မျိုးထိပ်ထား၊ မြတ်ထိပ်ထား၊ မိုးထိပ်ထားလို့ခေါ်ပြီး ကိုလတ်လတ်ကိုတော့ ကိုယ်တော်လေးလို့ ခေါ်တယ်နော် ... ကျွန်တော့်နားထဲမှာ

တော့ ဒီအခေါ်အဝေါ်တွေဟာ ဆန်းနေသလားလို့ ... "

"အေးပေါ့ကွာ ... ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ဝေးခဲ့ပြီး ထီးကျိုးစည်းပေါက်ဖြစ်ခဲ့တာလည်း နှစ်ပေါင်းရာကျော်ပြီဆိုတော့ မောင်လွင်ဦးတို့ကနေ ခေတ်နှစ်ဆယ်ရာစုကခေတ်ကလေးတွေမှာ ဒီအခေါ်အဝေါ်မျိုးတွေ ဇာတ်သဘင်ပွဲထဲမှာသာ မြင်ဘူး ကြားဘူးတော့မှာပေါ့ ... အိမ်း ... ဟောဒီ မဟာမြိုင်ဂေဟာကြီးရယ် ... ငါရယ် ဒေါ်သာယာရယ်က မျိုးထိပ်ထားတို့ရဲ့ ဘဘဘုရား မယ်မယ်ဘုရားတို့လက်ထက်ကတည်းက အမှုထမ်းခဲ့တာဆိုတော့ အဲဒီအခေါ်အဝေါ်တွေ အကျင့်ပါနေပြီ ... ပြင်လို့မရတော့ဘူး ... မျိုးထိပ်ထားရဲ့ ဘဘဘုရားကိုတော့ ငါတို့က ကိုယ်တော်ကြီးလို့ ခေါ်တဲ့အခါခေါ် ... သခင်ကြီးလို့ခေါ်တဲ့အခါခေါ်တယ်ပေါ့ကွာ ... မယ်မယ်ကိုတော့ ထိပ်တင်ကြီး ... သခင်မကြီးလို့ခေါ်တယ် ... အဲဒီလိုခေါ်မှလည်း သူတို့က သဘောကျတယ် ... သူတို့ရဲ့ မဟာမျိုး မဟာနွယ်တွေကို သိပ်တန်ဖိုးထားကြတယ်ကွဲ့ ... ဒီလိုအခေါ်အဝေါ်ဟာ ကြာတော့လည်း နှုတ်ကျိုးနေတာပေါ့ မောင်လွင်ဦး ... "

"ကိုလတ်လတ်ကတော့ ကိုယ်တော်လေးနော် ... "

"အေး ... "





"ကျွန်တော်တော့ အဲဒီလိုခေါ်ရမှာ လျှာမရဲဘူး ဦးဒေဝ"

"ရတော့ရပါတယ် ... ဒီခေတ်လူငယ်တွေနဲ့ သူစိမ်းသက်သက်တွေကြတော့ ... ဘယ်လာပြီး ထိပ်ထားတို့ ကိုယ်တော်လေးတို့လို့ ခေါ်ကြတော့မလဲ ... အေး ... ဒါပေမဲ့ကျုပ်စေတနာနဲ့ မောင်လွင်ဦးကိုတော့ သတိတစ်ခုပေးထားမယ် ... အကြီးဆုံးမျိုးထိပ်ထားနဲ့ ကိုယ်တော်လေးလတ်လတ်ကိုတော့ တတ်နိုင်သမျှ သူတို့ခေါ်စေချင်တဲ့အတိုင်း ခေါ်ပေါ့ကွယ် ... အဲဒီနှစ်ယောက်က သူတို့မျိုးရိုးအစွဲအလမ်းသိပ်ကြီးတယ် ... မျိုးထိပ်ထားအကြီးဆုံးဟာပင်ကိုယ်အားဖြင့် ကိုယ်က နူးညံ့သိမ်မွေ့တယ် ... သဘောထားကောင်းတယ် ... အလုပ်သမားတွေရဲ့ တစ်ခါတစ်ရံအမှားအယွင်းကိုခွင့်လွှတ်တယ် ... ကိုယ်လေး လတ်လတ်ကတော့ မာန်မာနကြီးတယ် ... ဘဝင်လည်း တော်တော်ကြီးမြင့်တယ် ... ဒေါသလည်း မြန်တယ် ... သတိထားဖို့သတိပေးတာပါကွယ်၊ ကိုယ်လေးလတ်လတ်နဲ့ မောင်လွင်ဦးက သက်တူရွယ်တူ လူငယ်ချင်းဆိုတော့ တင်ကြိုသတိပေးတာပါ ... "

"ကျေးဇူးတင်ပါတယ် ဦးဒေဝ ... နို့ မမြတ်နဲ့ မမိုးကရောသူတို့သဘောတွေကကော ဘယ်လိုလဲ ... "

"ဘယ်က မမိမိုးလဲ ... ဒီမဟာမြိုင်ဂေဟာမှာ မမိမိုးဆိုတာ ရှိမှမရှိတာ ... "

"ဟာဗျာ ... ဦးဒေဝကလည်း ကျွန်တော့်ပြောတာ ဟို အငယ်ဆုံးကောင်မလေးကိုပြောတာပါ ... "

"ဩ ... မိုးထိပ်ထားကို ပြောတာလား ... နာမည်အရှည်ကတော့ မိုးစန္ဒာတဲ့ ... အေး ... ဒီမဟာမြိုင်ဂေဟာမှာ မြတ်သူဇာခေါ် မြတ်ထိပ်ထားက အရာရာမှာ အတော်ဆုံးပဲကွ ... အချောဆုံး ... ပညာအတတ်ဆုံး ... သဘောထားအကောင်းဆုံးပဲ ... မဟာမြိုင်ဂေဟာကြီးရဲ့ အခွန့်ရှည်တည်တံ့ခိုင်မြဲရေးကို မြတ်ထိပ်ထားက အားလုံးထိန်းထားတယ် အကြီးဆုံး မျိုးထိပ်ထားက သဘောကောင်းတာက ဘာမဆို လိုက်လျောတတ်တဲ့ သဘောကောင်းတာမျိုး ... အဲ မြတ်သူဇာ မြတ်ထိပ်ထားကျတော့ သဘောကောင်းပေမဲ့ သူ့နေရာနဲ့သူ သူ့စည်းကမ်းနဲ့သူထားပြီး လိုက်လျောသင့်တာကို လိုက်လျောတယ် ... မလိုက်လျောသင့်တာဆိုရင်တော့ ဘူးခံပယ်ချတယ် ... "

"မိုးစန္ဒာကကော ... "

"ဟာ ... ဒီကောင်မလေးက မဟာမြိုင်ဂေဟာမှာ အငယ်ဆုံး အစွာဆုံး ... ဇွတ်အကျဆုံးပဲ ... ငယ်လည်းငယ်သေး





တာကိုး ... နေရာတကာ ဗိုလ်လုပ်ချင် အနိုင်ယူချင်တယ်၊ ကိုယ်တော်လေးလတ်လတ်တောင် သူ့ညီမ မိုးထိပ်ထားကျတော့ အလျှော့ပေးရတယ် ... ဒါပေမဲ့ ကောင်မလေးက အငယ်ဆုံးဆိုပေမဲ့ သဘောတော်တော်ကောင်းတယ်ကွ ... သူ့အစ်ကို အစ်မတွေလို မာန်မာနစိတ်မရှိလှဘူး ... ဘဝင်မြင့်စိတ်နဲ့ ဒေါသစိတ်လည်းနည်းတယ် ... "

တအောင့်စကားပြတ်သွားသည်။

လွင်ဦးအနေနှင့်ကတော့ ယခုမှရောက်လာသော လူသစ်ဖြစ်နေသောကြောင့် ဘာစကားဆက်ပြောရမှန်း မသိသောကြောင့် ငြိမ်နေခြင်းဖြစ်ပါ၏။

"ဟဲ ... ဟဲ ... ဟဲ ... "

"ဘာလို့ရယ်တာလဲ ဦးဒေဝ ... "

"ဩော်ကွာ ... ခုခေတ်မှာ ယောကျ်ားဈေးကောင်းတာကို တွေးရယ်တာပါ ... ငါအတွင်းသိ အစင်းသိအနေနဲ့ ပြောရရင် ဟောဒီ မဟာမြိုင်ဂေဟာရဲ့ မိသားစု မောင်နှမလေးယောက် အမွေခွဲကြရင် တစ်ယောက်ကို သိန်းနှစ်ရာစီလောက်များ ရမလားမသိဘူး ... ငါ့အထင်ပြောတာနော်၊ ဒီထက်တောင် ပိုချင်ပိုမယ် ... အေး ... မျိုးထိပ်ထားလည်း သိန်းနှစ်ရာရမယ်ပေါ့ကွာ ... "

"ဒါအဆန်းလားဗျာ ... သူတို့ဘိုးဘွားဘီဘင်လက်ထက်က တည်းက ချမ်းသာလာတာပဲဟာ ... "

"အေး ... မျိုးထိပ်ထားဟာ ရုပ်ချောတယ် ... လိမ္မာရေ ခြားလည်းရှိတယ် ... သူ့ခမျာ သိန်းနှစ်ရာလောက်ပိုက်ပြီး ရန်မျိုးနောင်နောက်ကို လိုက်သွားရမယ် ... မယားပိုင်တဲ့ ပစ္စည်းကို လင်ပိုင်တာပဲ ... မျိုးထိပ်ထားမှာ အဘက်ဘက် ကပေးရတာတောင် အခုကတည်းက အတော်ရသေးတဲ့ ယောက္ခမကြီးကို ချော့နေရတာကြောင့် ယောကျ်ားဈေး ကောင်းတယ်လို့ပြောတာ ... "

လွင်ဦးသည် ဦးဒေဝစကားကို နားထဲမှာကြားရပြီး ဝရန်တာလက်တန်းကို လက်ဝါးနှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ကိုင် ပြီး ကောင်းကင်သို့မော့ကာ ဝိုးခနဲ သက်ပြင်းကြီး မှုတ်ထုတ်လိုက် မိသည်။ လွင်ဦးကို ကြည့်နေသော ဦးဒေဝက ...

"မင်းက ဘာလို့သက်ပြင်းကြီး မှုတ်ထုတ်တာလဲ မောင်လွင် ဦး ... သက်ပြင်းချတယ်ဆိုတာ တစ်ခုခုမပြေလည်ဘဲ ရင် ထဲမှာ အခက်အခဲနဲ့ မွန်းကျပ်တဲ့အခါမှ သက်ပြင်းမှုတ်ထုတ် မိတာမျိုး မဟုတ်လား ... "

"ဩော် ... ယောကျ်ားတွေဈေးကောင်းတယ်ဆိုတဲ့ ဦးဒေဝ စကားကို ဆန့်ကျင်ဘက် တွေးလိုက်မိလို့ပါ ... ယောကျ်ား





တိုင်းဟာ ဈေးမကောင်းပါဘူး ဦးဒေဝ၊ ဥပမာ ... ကျွန်တော် လိုကောင်မျိုး ဦးဝေလို လူမျိုးကျတော့ ဈေးကောင်းသတဲ့ လား ... ကျွန်တော်တို့လည်း ယောကျ်ားပဲဟာ ... ဈေးဗန်း ထဲထည့်ပြီး ဈေးထဲမှာ ချရောင်းတောင် ဝယ်မဲ့သူရှိမှာမှ မဟုတ်တဲ့ယောကျ်ားတွေပဲဗျာ ... "

"ဒါတော့ကွာ ...

ကြေးစည်ပင်မျိုးကောင်းသော်လည်း
တိုက်မောင်းကို ပုန်ကန်၍
ဆန်တစလမယ်ပေးချေက
ဒူ ... ဟူ ... ဟူ မြည်ဝန်းမည်မဟုတ်

လို့ ကျဉ်းကန်ရှင်ကြီးမေတ္တာဇာတ်မှာ ဆိုထားသားပဲ မောင်လွင်ဦးရ ... သူလည်း ယောကျာ ... ငါလည်း ယောကျ်ားဆိုပြီး ဉာဏ်နဲ့ ဝီရိယမှာပြိုင်စမ်း ... အသာရချင် ရမယ် ... အနိုင်ရချင်ရမယ် ... အေး ... ကံကိုတော့ သွား မပြိုင်လေနဲ့မောင် ... သူကံကောင်းပြီး ကိုယ်ကံညံ့တဲ့အခါ မှာ ပြိုင်လေရှုံးလေပဲ ... "

"အဲဒါကို ကျွန်တော် ခြွင်းချက်မရှိ လက်ခံပါတယ် ဦးဒေဝ"

"အေး ... ငါ့အကျင့်က နှုတ်ဖွာချင်တဲ့အကျင့် ပြောချင်တာ လေးရှိလာရင် ရင်ထဲက ကလီကလီနဲ့ ပြောချင်တာ ... "

"ပြောပါ ဦးဒေဝ ... ကျွန်တော် အလေးအနက် နားထောင်နေတာပါ ... "

"ငါကြားဖူးဖတ်ဖူးတာပါ ... ဟိုတုန်းက အဇ္ဇုန္နရသရက်သီးဆိုတာရှိတယ်တဲ့ ... အဲဒီသရက်ပင်ပေါက်တဲ့နေရာက မြင့်မိုရ်တောင်ရဲ့ သီတာခုနစ်တန်ကမ်းခြေမှာမှ ပေါက်နေတာတဲ့ နတ်သုဒ္ဓါလို အရသာရှိတယ်ဆိုပဲ ... ဆင်းရဲသားနဲ့ လားလားမှမထိုက် ... ဘုန်းရှင်ကံရှင်ဘုရင်နဲ့သာ ထိုက်တန်သတဲ့ — အဲဒီ အဇ္ဇုန္နရသရက်သီးတစ်လုံးဟာ အပင်ကကြွေကျပြီး — သီတာခုနစ်တန်က မျောပါလာတာကို ဆင်းရဲသားတစ်ဦးက တွေ့ရှိဆယ်ယူရရှိတယ် ... ဆင်းရဲသားက အဇ္ဇုန္နရသရက်သီးမှန်း သိတာနဲ့ ငါနဲ့ မထိုက် ... ရှင်ဘုရင်နဲ့သာ ထိုက်တန်တာဆိုပြီး ဘုရင်မင်းမြတ်ကို သွားဆက်သရတယ်ဆိုပဲ — အေး ... ဟဲ ... ဟဲ ... ဟဲ ... မမှန်းလေနဲ့ မောင်လွင်ဦး မမှန်းလေနဲ့ ... ဟောဒီမဟာမြိုင်ဂေဟာ ထိပ်ထားလေးတွေဟာ အဇ္ဇုန္နရသရက်သီးလေးတွေချည်းပဲ ... ဟား — ဟား ... "

"ဟာဗျာ ... ဦးဒေဝကြီးကလည်း ပေါက်ပေါက်ရှာရှာ ... ကျွန်တော်လိုကောင်က မဟာမြိုင်ဂေဟာရဲ့ သမီးတော်တစ်ပါးပါးကို မျှော်လို့မှလို့ပြောတာမှ မဟုတ်တာ၊ လောကကြီးမှာ ဂုဏ်နဲ့ ဓနကြီးစိုးလွန်းတာကို အဓိကပြောတာ ...





ဂုဏ်နဲ့ ဓနဆိုတာကလည်း ကံပေးမှရတာမျိုး မဟုတ်လား ဦးဒေဝရဲ့ ... "

ဦးဒေဝက တစ်ခုခုဆက်ပြောမည်ဟု ဟန်ပြင်လိုက်ဉ်မှာပင် အိမ်ကြီးမှ အိမ်ဖော်မလေးရောက်လာသည်။

"ဘာလဲဟေ့ နန်းခင် ... ဧည့်သည်တွေရှိလို့ ထမင်းစားမောင်းမထုချင်လို့ ငါတို့ကို ထမင်းစားအခေါ်လွှတ်လိုက်တာလားဟေ့ ... "

"အယ်တော် ... ဟုတ်လည်းဟုတ်ပဲနဲ့ ... ထိပ်ထားမမျိုးက ခိုင်းလိုက်လို့လာတာ ... ဘကြီးဦးဒေဝက ခြံထဲက ရဲယိုပင်က ရဲယိုရွက်သုံးလေးဆယ် ခူးလာပေးပါတဲ့ ... အရင့်တွေမခူးနဲ့တဲ့ ... မြန်မြန်ခူး မြန်မြန်လာတဲ့ ... "

ဗိုက်ဆာနေသော ဦးဒေဝ ခေါင်းကုတ်တော့သည်။

နန်းခင်က ဆက်ပြောသည်။

"လူသစ်မောင်လွင်ဦးဆိုတဲ့လူ မီးဖိုနောက်ဖေးပေါက်က အခုလာခဲ့ပါတဲ့ ... အဲဒါပဲ ... နန်းခင်သွားမယ် ... "

"ဒူ ... ဟူ ... ဟူ ... အမိန့်တော်ကွ ... ကဲ ... ငါလည်း ရဲယိုရွက်သွားခူးမယ် ... မင်းလည်း နောက်ဖေးမီးဖိုတံခါးပေါက်ဆီသွားပေတော့ ... "

ဦးဒေဝထွက်သွားသည်။

မိမိကို နောက်ဖေးပေါက်မှ လာခဲ့ဟု မှာကြားချက်ကို လွင်ဦး စိတ်မကောင်းလေးတော့ ဖြစ်လိုက်သေးသည်။

"ဟယ် ... ကိုယ်က ဝက်ဖြစ်နေမှတော့ ... ဟို ... ညစ်တီးညစ်ပတ်မျိုးပဲ တွေ့မှာပေါ့ ... ခေါ်တဲ့အတိုင်း သွားရုံပဲပေါ့"

----?----





?

"ဩ ... မောင်လွင်ဦးဆိုတာ ထင်ပါရဲ့ ... "

"ဟုတ်ပါတယ် မမမျိုး ... "

"အဲ ... မောင်လွင်ဦးက မမမျိုးကိုတောင် သိနေပါလား"

"ကိုလတ်လတ်နဲ့ မမမြတ်က ကျွန်တော့် အလုပ်ခန့်ထားရေးအတွက် မမမျိုးကို ပြောရဦးမယ်လို့ ပြောထားတာရယ်၊ နောက်ပြီး ဧည့်သည်လာတာကို ဆင်းကြိုတာ မျိုးထိပ်ထားလို့ ဦးဒေဝကပြလို့ မြင်ဖူးတာရယ်ကြောင့် မမမျိုးကို မြင်ဖူးပြီးသား သိပြီးသားဖြစ်နေတာပါ ... "

"အဲဒါ ဟုတ်သားပဲ ... ဒရိုင်ဘာအလုပ်ကိစ္စကတော့ မြတ်ရော လတ်လတ်ရော ခန့်ထားပြီဆိုတော့ မမမျိုးက သဘော

တူပြီးသားပါ ... ပြီးတော့ ကမ္ဘာအေးဈေးမှာ ဖြစ်ပျက်ခဲ့သမျှကိုလည်း သူတို့က ပြန်ပြောပြတယ်လေ ... ဒီမှာ မောင်လွင်ဦးအတွက် လခကိစ္စရော ဂိုထောင်တန်းလျားမှာနေဖို့ နေရာချပေးထားတာရော စီစဉ်ပေးပြီးပြီလို့လည်း ပြောတယ် ... အင်းလေ ... ဒီပြင်နေရာမှာ လခနှစ်ရာရတာကို မမမျိုးတို့က လခငါးရာစပြီး ပေးထားတာပဲကွယ် ... ”

“သိပ်ကျေးဇူးတင်ပါတယ် မမမျိုး ... ”

“ကဲ ... ဒါဆို အခုလောလောဆယ် မမမျိုးတို့ကို ဝိုင်းကူပေးဖို့ မောင်လွင်ဦးကို ခေါ်ခိုင်းလိုက်တာ ... အခုလာတဲ့ ဧည့်သည်က မမမျိုးတို့ မဟာမြိုင်မိသားစုအားလုံး လေးစားစွာနဲ့ ဧည့်ဝတ်ပြုရမဲ့သူတွေဖြစ်နေတယ် ... မနက်စာဧည့်သည်ကို ထမင်းကျွေးရမယ် ... မမမျိုးတို့ မှန်းထားတဲ့အချိန်ထက် ပိုစောပြီး ရောက်လာလို့ မမမျိုးကိုယ်တိုင် မီးဖိုထဲမဝင်လို့ မရတော့ဘူး ... အဲ ... ခပ်သုတ်သုတ်လုပ်ရမှာမို့ မောင်လွင်ဦးက ဟောဒီဒေါ်သာယာခိုင်းသမျှ လုပ်ပေးဖို့ပါ ... ”

“ဟုတ်ကဲ့ပါ ... ”

ပြောပြီး မျိုးထိပ်ထားခေါ် မျိုးနန္ဒာ အပြင်ဘက်ထွက်သွားသည်။ နန်းခင်က ဒေါ်သာယာကို လှမ်းပြောသောအသံထွက်လာသည်။





“ဒီနေ့ မမမျိုး စကားတွေ အများကြီးပြောတယ်နော် ... ရယ်ရယ်မောမောနဲ့ ဟောဒီအစ်ကိုကို ရှင်းပြတာ အရှည်ကြီးပဲ ... မျက်နှာလေးလည်း ရွှင်ပြီးချိုနေတာပဲနော် ... ဒေါ်ကြီးသာယာ ... ”

“ခက်ပါဘိ နန်းခင်ရယ် ... နင် အပျိုလေးဖြစ်ပြီး အ,ရန်ကော ... အခုလာတဲ့ကိုရန်မျိုးနောင်ဆိုတာက သတို့သားလောင်းဟဲ့ ... ဒီမဟာမြိုင်က မယ်မယ်ဘုရား မကွယ်လွန်မီကတည်းက အခုလာတဲ့ ထိပ်တင်ဒေါ်အိန္ဒာနဲ့ သားရေးသမီးရေး ပြောခဲ့ပြီးသားတဲ့ ... ကဲ ... နားလည်ပြီလား နန်းခင် ... ”

နန်းခင် ခေါင်းညိတ်သည်။

“ဩော် ... မောင်လွင်ဦး ထိုင်ကွဲ့ ... ဟောဒီ လင်ပန်းထဲမှာ ထည့်ထားတဲ့ ထမင်းတွေကို ဟောဒီ ခရမ်းချဉ်သီးအရည်နဲ့ သမအောင်နယ်ပေးကွယ် ... နယ်ပြီးရင် မောင်ရင်တို့ဘက်တံရိုက်ကစားတဲ့ ဘောလုံး(တင်းနစ်ဘောလုံး) အရွယ် အလုံးလေးတွေလုံးပေးပါ ... အဲဒါ ... ငါးထမင်းလုံးပဲ ... ဩော် ... မနယ်ခင် လက်ကိုစင်အောင်ဆေးနော်”

လွင်ဦးသည် ဝတ်ထားသော ရှပ်အင်္ကျီကိုချွတ်ကာ နံရံတွင်ချိတ်ထားလိုက်သည်။

မီးဖိုထဲတွင် မဟာမြိုင်၏ လခစားဝိုင်းတော်သားတွေချည်း ရှိနေပါ၏။

"ဟက် ... ဟက် ... ဟက် ... ဟား ... "

တမင်လုပ်ရယ်သံတစ်ခုကြောင့် အသံလာရာသို့ ဝိုင်းကြည့်လိုက်ကြသည်။

မိမိုးပေ။

နန်းခင်နှင့် မိပေါက်သည် သူတို့၏ မိုးထိပ်ထားလေးကိုကြည့်ပြီး တခစ်ခစ်ရယ်ကြပေသည်။ ဒေါ်သာယာပင်လျှင် မိမိုးကိုကြည့်ပြီး ရယ်မောပေသည်။

မိုးစန္ဒာသည် ပေါက်ပေါက်ရှာရှာလုပ်လာသည်။ သူမ၏ ထိပ်ပေါ်တည့်တည့်တွင် ဆံစုကို ခွေတင်ကာ မြအောင်ကလစ်တွေ ထိုးထားသည်။ ဘီးစပတ်ပုံဆံစုကို ခွေထားခြင်းဖြစ်ပါ၏။ ဒေါ်ကြီးသာယာ၏ ဆံစုကိုရှာပြီး လုပ်ထားခြင်းဖြစ်သည်။ ပခုံးတွင် ပဝါရှည်ကြီး လွှမ်းထားသည်။ ပဝါစနှစ်ဘက်က သူ၏ ပေါင်လယ်မက အောက်ကျနေသည်။ လမ်းဘေးတွင် ဈေးပန်းဖြင့် ချရောင်းသော စိန်တုကျောက်တု လက်စွပ်လက်ကောက်ဆွဲကြိုးတွေ ဝတ်ဆင်ထားသည်။ မိပေါက်နှင့် နန်းခင် ဒေါ်ကြီးသာယာနှင့် ဈေးလိုက်သွားသောအခါ ဈေးပန်းဖြင့် ချရောင်းသော အပေါစားပစ္စည်း ဖြစ်ပါ၏။

မိမိုး ညာဘက်လက်ကြားတွင် နဂါးဆေးပေါ့လိပ်





အတုတ်ကြီး ကိုင်ထားသည်။ မီးညှိထားပါ၏။ ဒါလည်း ဒေါ်ကြီးသာယာအိပ်ရာဘေးတွင် ထားရှိသော ဆေးလိပ်ခွက်မှ ယူလာခြင်းဖြစ်သည်။ ပြီး ဟန်ပါပါပြောတော့သည်။

"မယ်မယ်ဘုရားမှာလည်း သားတော်က ဒီတစ်ပါးပဲ ထွန်းကားတာမို့ သူ့ကိုပဲ အရိပ်တကြည့်ကြည့်ဖြစ်နေရတာပေါ့"

အတုဝတ်ထားသော လက်စွပ်နှင့် လက်ကောက်ကို မြင်သာအောင် လက်ကွေးပြီး နဂါးဆေးလိပ်ကြီး ဖွာပြလိုက်သေးသည်။

"သားတော်မောင်က အဋ္ဌရသဆယ့်ရှစ်ရပ်ကို သင်ကြားတတ်မြောက်ပြီးပြီ ... တိုင်းတစ်ပါး ဩစတြေးလျှမှာလည်း ငါးနှစ်တောင်သွားနေပြီး ပညာသင်ပြီးပြီ ... ကနောင်မင်းသားပုံစံအတိုင်းပေါ့ ... ဟွတ် ... ဟွတ် ... ဟွတ် ... "

စကားပြောရင်း ဆေးပေါ့လိပ်ကြီးဖွာရာ မီးခိုးသီးပြီး တဟွတ်ဟွတ်ချောင်းဆိုးသည်ကို ဝိုင်း၍ရယ်ကြပြန်သည်။ ဣန္ဒြေကြီးသော ဒေါ်သာယာ မျက်ပေါက်ကျဉ်းသွားသည်အထိ ရယ်ပေသည်။

မဟာဆန်လွန်းသော အမျိုးသမီးကြီး၏ သရုပ်ပုံ ဖော်ပြနေသည်မှာ လွန်စွာပီပြင်နေသည်။

လွင်ဦးလည်းရယ်ချင်ပါ၏။

ဤဝန်းကျင်သည် လွင်ဦးအတွက် အစိမ်းသက်

သက်ဖြစ်နေ၍ ရယ်လိုခြင်းကို ပါးစပ်ပိတ်အောင့်ထားရပေသည်။

မိမိုးဆက်ပြောသည်။

"ယောကျ်ားတွေဟာ မာယာတစ်သိန်း အပလိန်း အနန္တ အဆိုရှိတာပါ ..."

"သိသားပဲ ကိုလွင်ဦး ... မိုးက အိမ်ရှေ့မှာရောက်နေ ဧည့်သည်ခဲအိုလောင်းကြီးကို ကြည့်ပြီး တမင်ပြောတာ - လူကြီးကိုက အကဲမရဘူး ..."

"ဘာလို့လဲ မိုးထိပ်ထားရဲ့ ..."

ဟု ဒေါ်သာယာက မေးလိုက်သည်။

"မမျိုးက ဒီအိမ်သားအားလုံးနဲ့ မိတ်ဆက်ပေးတယ်လေ အဲဒီ ဦးရန်မျိုးနောင်ဆိုတဲ့ ယောကျ်ားကြီးရဲ့ မျက်လုံးက တစ်ချိန်လုံး မမမြတ်ကိုပဲ ကြည့်နေတယ် ... ဒီညီအစ်မထဲ မှာ မမမြတ်သူဇာက အချောဆုံး အလှဆုံး ပညာအတတ် ဆုံး မဟုတ်လား ... မိုးတို့အားလုံး နားလည်ထားတာက ဒီဦးရန်မျိုးနောင်ဆိုတဲ့ လူကြီးဟာ ဒီအိမ်က အကြီးဆုံး အိမ် ထောင်ဦးစီး မမမျိုးနဲ့သာ ဖြစ်မှာမဟုတ်လား ... သူက မမမျိုးကိုတော့ အာရုံမထားဘဲ မမမြတ်ကိုသာ ငေးကြည့် နေလို့ ... ဟွန်း ... ဘာကြီးမှန်းမသိဘူး ..."

ထမင်းနယ်နေသော လွင်ဦး တန့်ခနဲဖြစ်သွားသည်။





သို့သော် ချက်ချင်းပင် ငါနဲ့ ဘာဆိုင်လဲဟူသော အသိဝင်ကာ လုပ်မြဲ ဆက်လုပ်နေသည်။

"ဒါကြောင့် ယောကျ်ားတွေမှာ မာယာတစ်သိန်းလို့ မိုးက ပြောတာ ... လောကကြီးမှာ ဂုဏ်မက်တာတို့ ငွေမက်တာ တို့ဆိုတာက မိန်းမတွေသာ မဟုတ်လား ... ယောကျ်ား တွေမှာ ဒါမျိုးမရှိရဘူး ... ဟုတ်ဘူးလား ကိုလွင်ဦး"

"ကျွန်တော် မသိပါဘူး ..."

"အို ... ကိုလွင်ဦးက ယောကျ်ားပဲ ... ယောကျ်ားချင်း ယောကျ်ားအကြောင်း ပိုသိရမှာပေါ့ ..."

"ကျွန်တော် မသိပါဘူး မမိမိုး ..."

လွင်ဦးသည် နယ်ပြီးသားထမင်းလုံးကို ဘောလုံး ဖြစ်အောင် လုံးနေသည်။

သို့သော် အလုံးမဖြစ်ခင် ထမင်းအလုံးသည် ပျက် ပျယ်သွားသည်။

မိမိုးဟုခေါ်သော လွင်ဦးအား မိုးစန္ဒာက ယခုမှ သေချာကြည့်သည်။ အင်္ကျီစွပ်ကျယ်လက်ပြက်နှင့် ကျစ်လျစ် တောင့်တင်းသော ခန္ဓာကိုယ်ကို ငေးကြည့်မိသည်။ ပြီး မနက်က ကမ္ဘာအေးဈေးတွင် ဟိုလေးယောက်နှင့် ယှဉ်ပြိုင်ချသည်ကို မျက်စိ ထဲ ပြန်မြင်ယောင်မိသည်။

"ကြည့်စမ်း ... ကိုလွင်ဦး ထမင်းလုံးနေတာ ဖြစ်လည်း

မဖြစ်ဘူး ... ကြည့် ... မိုးလုံးပြပေးမယ် ... သေချာကြည့်"

မိုးစန္ဒာ လက်ကိုအရင်ဆေးကြောကာ လွင်ဦးနှင့် မျက်နှာချင်းဆိုင်ထိုင်ချပြီး ...

"ဒီမှာကြည့် ... ထမင်းကို လိုသလောက်ပဲယူ ... အများကြီးမယူနဲ့ ... ချက်ချင်းမလုံးနဲ့ ... မလုံးသေးခင် လုံးဖို့အရာပေး ... ထမင်းကစီရော ခရမ်းချဉ်နဲ့ ငါးဖတ်စေးသွားအောင် ဟိုလှည့်ဒီလှည့်လုပ်ပေး ... စေးသွားမှ လက်ချောင်းအားလေးတွေနဲ့ တဖြည်းဖြည်းလုံး ... အဲဒါဆို ထမင်းလုံးဖြစ်သွားရော ... "

လွင်ဦးက မိုးစန္ဒာ နည်းပြသည့်အတိုင်း လိုက်နာပြီး လုပ်ရာ ထမင်းလုံးဖြစ်မြောက်သွားသည်။

"ဟုတ်ရဲ့လား ... ဖြစ်ပြီမဟုတ်လား ... "

"ဟုတ်ပါပြီ ... ဖြစ်ပါပြီ မမိုး ... "

"မိမိုးပြောတဲ့အတိုင်း လိုက်နာလုပ်တာမို့ ဖြစ်မြောက်သွားပါပြီ ... "

နှစ်ဦးသားရယ်ကြသည်။

မိုးစန္ဒာသည် လွင်ဦး၏ နှုတ်ခမ်းပါးစပ်ကို ငေးကြည့်မိပြန်သည်။

"ဟဲ့ ... မောင်လွင်ဦးပါ မီးဖိုထဲရောက်နေပါလား ... ဘယ့်နှယ် ဒီနေ့မနက်ကမှ ကားမောင်းဖို့ ခေါ်လာတဲ့လူကို





ဒေါ်သာယာက မီးဖိုထဲခေါ်ခိုင်းနေပြီလား ... "

မြတ်သူဇာ ရောက်လာပြီး မီးဖိုတံခါးဝတွင်ရပ်ကာ ...မ်းကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

"တမင်တကာခေါ်ခိုင်းတာ မဟုတ်ပါဘူး မြတ်ထိပ်ထား၊ ဈေးပြန်နောက်ကျတယ်လေ ... ညှို့သည်က ထင်တာထက် စောရောက်လာတယ် ... လုပ်ရတာကလည်း ထမင်းလုံးဆိုတော့ လူမနိုင်ဘူး ... လုပ်ရမှာ ငါးကို ရဲယိုရွက်မထုပ်ရသေးဘူးကွယ် ... ဒါကြောင့် မျိုးထိပ်ထားက မောင်လွင်ဦးကိုပါခေါ်ပြီး လုပ်ခိုင်းတာပါ ... "

မိုးစန္ဒာ ဝင်ပြောပြန်သည်။

"ဟုတ်တယ်နော် မမြတ် ... ကိုလွင်ဦးလို ယောကျ်ားသိပ်ဆန်တဲ့ လူက မီးဖိုအလုပ် ဘာလုပ်တတ်မှာလဲ ... အခုကြည့်လေ ... ထမင်းလုံးတာတောင် မိုးသင်ပေးမှ လုံးတတ်သွားတာ ... "

မြတ်သူဇာသည် လွင်ဦးနှင့် ညီမလေး မိုးစန္ဒာ ငါးထမင်းလင်ပန်းအလယ်မှာထားပြီး မျက်နှာချင်းဆိုင်ထိုင်နေသည်ကို ...စ်ခဏငေးကြည့်သေးသည်။

"ကြာဦးမလား ဒေါ်လေးသာယာ ... နည်းနည်းကော ကြာဦးမယ် မြတ်ထိပ်ထား၊ ငါးထမင်းလုံးကတော့ ပြီးသလောက်ရှိပြီ ... ငါးထုပ်ဟင်းအတွက် ကိုဒေဝကြီး ရဲယိုရွက်ခူးကာ

ရောက်လာရင် ငါးထုပ်ကောက်ကိုင်ရုံပဲ ... ရဲယိုရွက်နဲ့
ကျက်တာနဲ့ ဟင်းကျက်ပြီပေါ့ ... ”

ကိုလွင်ဦးအား မမမျိုးက ခေါ်ခိုင်းထားသည်ဆို
ကြောင့် မြတ်သူဇာ ဘာမှထပ်မပြောတော့။

“ဒါဆိုရင် ရှေ့ပြေးလိမ္မော်ရည်လေးနဲ့ ကြိုဧည့်ခံထား
ကောင်းတယ် ... ဒေါ်လေးသာယာ လိမ္မော်ရည် စီစဉ်
ပါဦး ... လိမ္မော်ရည်ထည့်တဲ့ ဖန်ခွက်တွေ လင်ပန်းတွေ
အကောင်းစား အသစ်တွေနဲ့ထည့်ပါ ... သန့်ရှင်းပါစေ
ဒီဧည့်သည်တွေက လိမ္မော်ရည်အရသာထက် ဧည့်ခံတဲ့
ခွက်တို့ လင်ပန်းတို့ကို ကြည့်မဲ့သူတွေ ... ”

“ရပါတယ် ... ဧည့်ခန်းကို ဘယ်သူ့ပို့ခိုင်းရမှာလဲ ... ဒေါ်သာ
ယာရော နန်းခင်ရော မိပေါက်ရော ချွေးတွေ သံတွေနဲ့
ညစ်ပတ်နေကြပြီ ... ”

မြတ်သူဇာ၏ မျက်လုံးစုံသည် လွင်ဦးထံ ရော
သွားပြန်သည်။

“မောင်လွင်ဦးကို ပို့ခိုင်းပါ ... မောင်လွင်ဦးက ရုပ်သန့်တယ်
ကဲ ... လာမိမိုး ... လက်ဆေးပြီး ဧည့်ခန်းထဲလိုက်ခဲ့”

“ဟာ ... မိမိုး ဧည့်ခန်းထဲမလိုက်ချင်ဘူး ... အဘွားကြီး
စိန်လက်စွပ်နဲ့ လက်ကောက်ကြီးပေါ်အောင် လက်
မြှောက်ပြီး ဆေးပေါ့လိပ်ဖွာတဲ့ ဟန်ပန်ကိုရော အဘွား





နဖူးကြီးက ကျယ်လွန်းပြီး ပြောင်လက်နေတာရယ်ကြည့်ပြီး
မိမိုးက တအားကြီးရယ်ချင်တာ ... သူ့မှာနဖူးကြီးကို
မင်္ဂလာဒုံနဲ့ ဆက်ပေးလိုက်ရင် လေယာဉ်ကွင်းတိုးချဲ့လို့
တောင် ရနိုင်တယ် ... ဟိ ... ဟိ ... ဟိ ... ”

မြတ်သူဇာကိုယ်တိုင် မိမိုး၏စကားကို ရယ်ချင်မိပါ
၏။

“ကဲ ... မိမိုး ... နင်မလိုက်လို့မရဘူး ... တော်ကြာ လူမစုံ
လို့ မမမျိုး စိတ်မကောင်းဖြစ်နေမယ် ... ”

“မိမိုးကြောင့်တော့ မမမျိုး စိတ်မကောင်းဖြစ်မှာ မဟုတ်
ဘူး ... မမမျိုး စိတ်မကောင်းဖြစ်ရင် အဲဒီဧည့်သည်လူကြီး
ကြောင့်ပဲ စိတ်မကောင်းဖြစ်မှာ ... ဘယ့်နှယ် ... သူနဲ့
ရည်မှန်းတာက မမမျိုး ... ဒါပေမဲ့ သူ့မျက်လုံးအကြည့်တွေ
က မမမြတ်ကိုပဲ ကြည့်နေတာ ... ဟွန်း ... လူကြီးကိုက
မှန်းစရာ ... ”

“အာ ... ဒီကောင်မလေး ပေါက်ကရပြောနေတယ် ... ကဲ၊
ရှည်မနေနဲ့ ... နည်းနည်းသန့်စင်ပြီးလိုက်ခဲ့ ... ”

မိုးစန္ဒာ မနေသာတော့ဘဲ ကိစ္စပတ်ဖြုတ်၊ အတုတွေ
ဖြုတ်၊ ခြေလက်ဆေး မျက်နှာသစ်ပြီး လိုက်သွားရတော့သည်။

“ဒေါ်ကြီးသာယာရေ ... မိမိုး အခန်းထဲက စားပွဲပေါ်မှာ
ချောကလက် ဝမ်းနှုတ်ဆေးရှိတယ် ... အဲဒါယူပြီး လိမ္မော်

ရည်များများထည့်လိုက်နော် ... ဒါမှ သူတို့ချာပီးပီးချင် မြ
မြန်ပြန်မှာ ... ”

ဟု ပြောလိုက်သေးသည်။

ဒေါ်သာယာသည် လက်ရှိအလုပ်ကို နန်းခင်အား
လုပ်စေပြီး ဖန်ခွက်သစ်၊ လင်ပန်းသစ်ဖြင့် လိမ္မော်ရည် စီစဉ်ရတော့
သည်။

ထိုအခိုက်မှာပင် ဦးဒေဝ ရဲယိုရွှက်တွေနှင့် ရောက်ရှိ
လာသည်။

“အဲ ... အတော်ပဲ ... ကိုဒေဝ ရောက်လာတာ လက်ဆေး
ပြီး မောင်လွင်ဦးနေရာကို ဝင်ပေတော့ ... မောင်လွင်ဦး
ကို အပြင်ဘက် လိမ္မော်ရည်ပို့ခိုင်းမလို့ ... ”

လွင်ဦးက ... တောင်းပန်သံနှင့် ဒေါ်သာယာကို
အသနားခံပြောသည်။

“ဦးဒေဝကိုပဲ ပို့ခိုင်းပါလား ... ဒေါ်သာယာ ကျွန်တော်
စည့်ခန်းကို မသွားပါရစေနဲ့ ... အဲဒီဧည့်သည်ကို ကျွန်တော်
မျက်နှာချင်းမဆိုင်ချင်လို့ပါ ... ”

“ဟေး ... ဟေး ... မရှုပ်နဲ့ မောင်လွင်ဦး ... ငါက သာပြီး
တောင် ဒီဧည့်သည်မျိုးတွေကို မမြင်ချင်တာ ... မသွားဘူး
ဟေ့ ... မြတ်ထိပ်ထားကိုယ်တိုင်က မောင်လွင်ဦးကို ပို့စေ
လို့ ပြောခဲ့တာ မောင်လွင်ဦး ရုပ်သန့်တာအပြင် တခြား





အကြောင်းရှိပုံပဲ ... မောင်လွင်ဦးပဲ သွားရမယ် ... မြတ်ထိပ်
ထားအမိန့်ကို ဒေါ်သာယာ မလွန်ဆန်ရဲဘူး ... ”

လွင်ဦး မရှောင်သာ မငြင်းသာတော့ဘဲ ဒေါ်သာ
ပြင်ပေးသော လင်ပန်းနှင့် ချွတ်ထားသော အကျီကို ပြန်ဝတ်
ဧည့်ခန်းသို့လာရတော့သည်။

လင်ပန်းလှလှ ဖန်ခွက်လှလှကို လူချောလူလှတစ်
က ကိုင်ဆောင်လာသည်ကို မြတ်သူဇာက စူးစိုက်ကြည့်သလို
ည့်သည် ကိုရန်မျိုးနောင်ကလည်း စူးစူးစိုက်စိုက်ကြည့်နေပေ
သည်။

လိမ္မော်ရည်ဖန်ခွက်များ ဧည့်သည်ရှေ့စားပွဲပေါ်
င် လွင်ဦးက ချပေးနေစဉ်မှာပင် ကိုရန်မျိုးနောင်ဆိုသူသည် မတ်
တ်ရပ် လွင်ဦးရှေ့တွင် ရပ်လိုက်သည်။

“ငါ့ညီက ဒီမဟာမြိုင်ဂေဟာကြီးကပဲလား ... ”

လွင်ဦး ဘာမျှပြန်မဖြေသဖြင့် မြတ်သူဇာကပင် ဝင်
ပြောလိုက်သည်။

“ဟုတ်ပါတယ် အစ်ကိုရန်မျိုးနောင် ... သူက ဒီနေ့မနက်ပဲ
မဟာမြိုင်ဂေဟာမှာ ကားမောင်းဖို့ ခန့်လိုက်တဲ့လူသစ်ပါ၊
သူ့ပထမအလုပ်ရှင်က အလုပ်ဖြုတ်ပစ်တာကို သနားပြီး ဒီမှာ
အလုပ်ခန့်လိုက်တာပါ ... သူ့နာမည် မောင်လွင်ဦးတဲ့”

မြတ်သူဇာ နံနက်ကမှာအေးချေးတွင် ဖြစ်ပျက်ခဲ့

သမျှအားလုံး ကိုရန်မျိုးနောင်ကို ပြောပြလိုက်သည်။

"ဩ ... ငါ့ညီနာမည်က မောင်လွင်ဦးနော် ... "

"ဟုတ်ပါတယ် ... ဦးရန်မျိုးနောင် ... "

"ဟော ... ငါ့ညီက အစ်ကိုနာမည်ကိုတောင် သိနေတာပဲ နော် ... "

ကိုရန်မျိုးနောင်က လွင်ဦးကို အရေးတယူပြောနေသည်ကို ညီအစ်မသုံးယောက်စလုံး စိတ်ဝင်စားစွာ ကြည့်နေကြသည်။

ထိပ်တင်ဒေါ်အိန္ဒြာသည် သားတော်မောင်က ဒရိုင်ဘာတစ်ယောက်အား အရေးတယူပြောဆိုနေသည်ကို မနှစ်သက်သော အကြည့်ဖြင့် ကြည့်နေသည်။

"ကျွန်တော့်ကို ဦးဒေဝပြောပြလို့ ဒီအိမ်လာတဲ့ ဧည့်သည်ဟာ ကိုရန်မျိုးနောင်ဆိုတာ သိထားပါတယ် ... "

"ဘာကွဲ့ ... မင်းလို ဒရိုင်ဘာက ငါ့သားကိုယ်တော်ကို ကိုရန်မျိုးနောင်လို့ ခေါ်သလား ... မင်း ပါးစပ်သွားဆေးလိုက်စမ်း ... "

"မယ်မယ် ... ဘာတွေပြောနေတာလဲ ... "

"နို့ ... သားတော်မောင်ကရော ဘာတွေလုပ်နေတာလဲ၊ ဒီလူ လွင်ဦးဆိုတာ ဒီအိမ်က ဒရိုင်ဘာပါလို့ သမီးမျိုးထိပ်ထားက ပြောထားသားပဲ ... သားတော်အနေနဲ့ ဒီသူငယ်





ကို ပခုံးပုတ်ပြီး အာလာပ သလ္လာပပြောစရာ မလိုဘူး ... အရောဝင်မှားရင် ပါးလျက်နားလျက်လုပ်တတ်တယ်ဆိုတာ သားတော်မောင် သတိပြုမိအောင် မယ်မယ်က သတိပေးတာ ... ဒီကောင်ရဲ့ အခေါ်ဝေါ်တွေကိုကြည့် ... ဒီအိမ်က ထိပ်ထားတွေကို မမမျိုး၊ မမမြတ်လို့ခေါ်တယ် ... ထိပ်ထားလေး မိုးစန္ဒာကို မမိမိုးလို့တောင်ခေါ်သေးတယ် ... ဘယ်လောက်ရိုင်းစိုင်းတဲ့ကောင်လဲဆိုတာ သားတော်သတိရှိပါ ... "

"အာ ... ကြီးကြီးထိပ်တင်ကြီး ... "

မထင်မှတ်ဘဲ မိုးစန္ဒာသည် ထအော်ခေါ်ပြောလိုက်ဖြင့် အားလုံး မိုးစန္ဒာကို ကြည့်ကြသည်။

"အဲဒီကိုလွင်ဦးက တွေ့စကတည်းက မိုးကို မမိမိုးလို့ခေါ်တယ် ... အဲဒီလိုသူခေါ်လိုက်ရင် မိုးနားထဲမှာ တစ်မျိုးဖြစ်သွားတယ် ... "

"အင်းပေါ့ ... သမီးလေးရယ် ... ဒီကောင်ခေါ်ပုံတွေကိုက နားခါးစရာကြီးပဲဟာ ... "

"ဟင့်အင်း ... မိုးနားထဲမှာ ခါးသွားတာ မဟုတ်ဘူး ... အဲဒီလို မမိမိုးလို့ခေါ်တာကို နားဝင်ချိုတာ ... "

"ဟယ် ... "

ထိပ်တင်ဒေါ်အိန္ဒာကြီး ဟယ်ခနဲဖြစ်သွားသည်
ကျန်အားလုံး မျက်လုံးပြူးသွားကြသည်။

"မအုံညြနဲ့ ကြီးကြီးထိပ်တင် ... ဒီအိမ်မှာ ဦးဒေဝရယ် –
ဒေါ်ကြီးသာယာရယ်က မိုးထိပ်ထားလို့ခေါ်တယ် ... နှ
ခင်နဲ့ မိပေါက်ကတောင် မိုးကို မမမိုးလို့ပဲခေါ်တယ် –
အဲ ... ရှေ့ကထိပ်ထားတွေတပ်ခေါ်တာ ဒီခေတ်ထဲမှ
ဇာတ်ပွဲမှာတို့ ရာဇဝင်ရုပ်ရှင်ကားတွေမှာတို့သာ ခေါ်ြ
တာ ကြားဖူးတယ် ... ဒီပြင်လူတွေရောက မိုးစန္ဒာလို့ခေ
တဲ့လူခေါ်တယ် ... သိပ်ခင်တဲ့ သူငယ်ချင်းတွေကတော့
မိမိုးလို့ပဲခေါ်ကြတာပဲလေ ထိပ်တင်ကြီးကြီးရဲ့ ... "

"ဟဲ့ ... မိမိုး ... နင် ရှုးပေါ်ပေါ်နဲ့ ဘာတွေလျှောက်ပြေ
နေတာလဲ ... အရှုးမ ... "

လတ်လတ်က ညီမကို ဝင်ဟောက်လိုက်သည်။

အထက်အောက်အငယ် မောင်နှမဖြစ်သဖြင့်မိုးစန္ဒ
က လတ်လတ်ကို မကြောက်။ လတ်လတ်ပြောသည်ကို ဂရုမစိုက်
ဆက်ပြီးပြောမြဲပြောသည်။

"ခစ် ... ခစ် ... ခစ် ... ရယ်စရာကြီးပါ ထိပ်တင်ကြီးကြီး
ရယ် ... ဒီအိမ်မှာ မိုးကအငယ်ဆုံးဆိုတော့ မမမျိုးကရော
မမမြတ်ကရော မိုးကို ချစ်စနိုးနဲ့ မိမိုးလို့ခေါ်ကြတော့ –
ကိုလွင်ဦးစိတ်ထဲမှာ မိုးနာမည် မိမိုးလို့ပဲ ယူဆမှာပေါ့ –





ဒါကို သူက ယဉ်ကျေးမှုလေးစွက်ပြီး မိမိုးလို့ခေါ်တာဟာ
တစ်မျိုးနားဝင်ချိုစရာပေါ့ ... "

ကဲ ... ဘယ်သူဘာပြောမလဲ ... မိုးစန္ဒာက ဆယ်
ကျော်သက်မလေးပီပီ သူ့စိတ်ထဲရှိသည့်အတိုင်းနှင့် အမှန်အတိုင်း
တ်ပြောလိုက်သည်။

ထိပ်တင်ဒေါ်အိန္ဒာ မျိုးထိပ်ထားနှင့် ကိုယ်တော်
လေး လတ်လတ်က မိုးစန္ဒာအား မကျေနပ်သော အကြည့်မျိုးဖြင့်
ကြည့်သော်လည်း မြတ်သူဇာက ကျိတ်၍ပြုံးမိလေသည်။

ကိုရန်မျိုးနောင်သည် မိုးစန္ဒာပြောလိုက်သည်ကိုပြုံး
င်း လွင်ဦးဘက်သို့ ပြန်လှည့်လိုက်သည်။

"ဟဲ ... ဟဲ ... အစ်ကိုမှားချင်လည်း မှားမယ်ပေါ့ မောင်လွင်
ဦး ... ဒါပေမဲ့ မောင်လွင်ဦးကို အစ်ကိုက တစ်နေရာရာမှာ
မြင်ဘူးတဲ့လူလို့ မြင်မြင်ချင်း ဦးနှောက်ထင်ဟပ်လိုက်မိ
တယ် ... အေး ... ဒါပေမဲ့ တို့မြင်ဖူးတဲ့လူက သူများကား
မောင်းတဲ့ ဒရိုင်ဘာမဟုတ်တာ သေချာတယ် ... "

"လူချင်းတူလို့ ဖြစ်မှာပါ ဦးမျိုးရန်နောင် ... ကျွန်တော့်က
အရွယ်ရောက်ကတည်းက သူများအိမ်မှာ ဒရိုက်ဘာအလုပ်
လုပ်လာတဲ့သူပါ ... "

"အင်းပေါ့လေကွာ ... လူတူမရှား နာမည်တူမရှားဘဲ ...
ဒါပေမဲ့ လူချင်းလည်းတူတယ် ... နာမည်ချင်းလည်းတူ

တယ်ဆိုတာမျိုးကတော့ ဖြစ်တောင့်ဖြစ်ခဲတစ်ခုပဲပေါ့ကွာ

ရန်မျိုးနောင်သည် အိမ်ကြီး၏ စန္ဒရားထားရာ တင်းပေါက်သို့သွားရင်း စန္ဒရားအနီးအရောက်တွင် စန္ဒရားအဖုံး ဖွင့်ကာ စန္ဒရားခလုတ်လေးများကို လက်ညှိုးနှင့် လျှောက်ထိ သည်။

“ဩော် ... မောင်လွင်ဦး ... ”

“အမိန့်ရှိပါ ဦးရန်မျိုးနောင် ... ”

“ငါတို့ မနက်စာထမင်းမစားခင် ဆိုကြတီးကြစို့လား အပျင်းပြေပေါ့ကွာ ... မောင်လွင်ဦးက စန္ဒရားတီး အစ်ကိုက ဆိုမယ်လေ ... မောင်လွင်ဦး စန္ဒရားတီးတ ပါတယ်နော် ... ”

“လုံးဝမတီးတတ်ပါဘူး ခင်ဗျာ ... ”

“ဒါဖြင့် မောင်လွင်ဦး သီချင်းဆို ... ကိုယ်က စန္ဒရားတီး မယ်လေ ... ”

“ကျွန်တော် သီချင်းလည်း မဆိုတတ်ပါဘူး ... ”

“ဒါဆို တယောတော့ ထိုးတတ်ပါတယ်နော် ... ”

လွင်ဦးသည် ဘယ်သူ့ကိုမှမကြည့်ဘဲ ခေါင်းငုံ့ကာ

“ကျွန်တော် တယောမထိုးတတ်ပါဘူး ... ”

ဟု ပြောလိုက်သည်။

လွင်ဦး၏ တယောမထိုးတတ်ပါဘူးဟု ငြင်းဆိုချ





ကို အအံ့သြဆုံးဖြစ်သူမှာ မြတ်သူဇာပင်ဖြစ်ပါ၏။

မောင်လွင်ဦး ဖြောင်လိမ်လေပြီကော။ လွန်ခဲ့သည့် တစ်ညသော ညက မိမိကားနှင့် တိုက်မိ၍ မောင်လွင်ဦး၏ တယောလေး ထိပ်ပိုင်းကျိုးသွားသည်ကို မြတ်သူဇာ ကောင်းကောင်းမှတ်မိသည်။

“ရန်ကုန်မှာ ဘာအလုပ်မှ မဟန်ရင် ဒီတယောလေးထိုးပြီး ဘုရားစောင်းတန်းမှာ တောင်းစားမယ် ... ”

ဟုလည်း ရွှတ်နောက်နောက်ပြောခဲ့သည်ကိုလည်း မြတ်သူဇာ မှတ်မိသည်။

ယခု ကိုရန်မျိုးနောင် မေးသည်ကို ဘာကြောင့် ဖြောင်လိမ်ပေသနည်း။

ကိုရန်မျိုးနောင်က စန္ဒရားအဖုံးကို ပြန်ပိတ်လိုက်သည်။

“ကဲ ... မောင်လွင်ဦးက ဘာမှမတီးတတ် မဆိုတတ်ဘူးဆိုမှတော့ ရှိစေတော့ပေါ့ကွာ ... ကိုယ်အမေး အမြန်းထူမိတာ စိတ်အနှောင့်အယှက်ဖြစ်သွားရင် ကိုယ် တောင်းပန်ပါတယ်ကွာ ... အဲ ... တို့ရဲ့မော်ဘီလိပ်စာ မောင်လွင်ဦးရဲ့ မမျိုးကို ပေးထားပါတယ် ... မောင်လွင်ဦး လာချင်စိတ်ပေါက်လာတဲ့အခါ ကိုယ့်ဆီလာခဲ့ပေါ့ကွာ ... ကဲ ... ကဲ ... မောင်လွင်ဦး လုပ်စရာရှိတာ ဆက်လုပ်ပါ ... ”

"ကျွန်တော် ဦးရန်မျိုးနေခင်ဆီကို လာစရာ ဘာအကြောင်းမှ မရှိပါဘူး ခင်ဗျာ ... "

ဟု ပြောပြီး လွင်ဦးသည် မီးဖိုဘက်သို့ ပြန်လျှောက်သွားသည်။

"ဒေါ်သာယာ ... ကျွန်တော့်ကို ဘာခိုင်းစရာရှိသေးလဲ — မရှိရင် တန်းလျားခန်းကို ပြန်ချင်ပြီဗျာ ... ကျွန်တော် ခေါင်းကိုက်လို့ ... "

ဒေါ်သာယာ ပြန်ခွင့်ပြုသဖြင့် လွင်ဦး ပြန်လာခဲ့သည်။

"ဟေး ... မောင်လွင်ဦး ... မင်းခေါင်းကိုက်ရင် ငါ့အိပ်ရာခေါင်းရင်းက ကြွက်လျှောက်တန်းပေါ်မှာ တေဇောဘန်းပရုတ်ဆီရှိတယ်ကွ ... အဲဒါယူလိမ်းလိုက်ဦး ... "

ဦးဒေဝက လှမ်းပြောလိုက်သေးသည်ကို ကြားရပါ၏။

ဦးဒေဝ အိပ်ရာပေါ်မှာပင် လွင်ဦး ပစ်လှဲလိုက်သည်။ စိတ်ဂနာမငြိမ်ဖြစ်မိသည်။ မျက်စိထဲတွင် အလုပ်ပြုတ်လာသော အိမ်မှ 'တူးမာ'ကို အလိုလိုမြင်မိလာသည်။

ယခု အလုပ်ရှင်ဖြစ်သော မမမြတ်ကိုရော ကလေးဆန်သည့် မိုးစန္ဒာကိုရော မြင်မိပြန်သည်။

"ဟယ် ... ဘာတွေလာမြင်နေတာလဲ ... "





ကိုယ့်ဟာကိုယ် အပြစ်တင်တာ အာရုံတခြားသို့ ပြောင်းလိုက်သည်။

အာရုံပြောင်းစေရန် ဦးဒေဝ ဖတ်လက်စ မှောက်ထားသော စားပွဲပေါ်မှ စာအုပ်ကိုယူပြီး ဦးဒေဝဖတ်လက်စ နေရာစာမျက်နှာကိုပင် ဖတ်ကြည့်လိုက်သည်။

"မေတ္တာအကြောင်း"

ဟု ခေါင်းစီးတပ်ထားသော စာပိုဒ်ကို ဖတ်လိုက်သည်။ ၎င်းစာကို ပြုစုသူမှာ အရှင်ဇနကာဘိဝံသဆရာတော်ဖြစ်ပါ၏။

ဆရာတော်က သာဓကလေးတင်ပြရေးသားထားသည်။

ရှေးတုန်းက ဒါယကာတစ်ယောက်သည် မေတ္တာပွားများသောအခါ မည်သည်ကစ၍ ပွားများရပါသနည်းဟု ဆရာတော်အား လျှောက်ထားမေးမြန်းရာ ဆရာတော်က ကိုယ်မေတ္တာအထားသူက စပြီးပွားများရမည်ဟု မိန့်တော်မူသည်။

ညအခါ ဒါယကာသည် မိမိအိပ်ခန်းမှထွက်၍ ဧနီးကို ရည်မှန်းလျက် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရာ ဧနီးအပေါ်တွင် ချစ်ခင်မှုတွေ ပွားများတိုးတက်လာရကား ချက်ချင်း ဧနီးထံသို့သွားသည်။ သို့သော် အခန်းတွင်းမှ မင်းတုတ်ထိုးထားသောကြောင့် ဝင်ခွင့်မရသဖြင့် နံရံကို ဦးခေါင်းဖြင့်ဝှေ့ကာ မေတ္တာ၏အကျိုး ခံစားရ

သတဲ့၊ ထို့ကြောင့် ထိုမေတ္တာမျိုးကို 'ဂေဟာသိပေမ'ဟု မှတ်ရမည်။

လွင်ဦးသည် ဆရာတော် စာအဓိပ္ပာယ်ကို သဘော ပေါက်သလိုလို မပေါက်သလိုလိုရှိသဖြင့် ထိုအပိုဒ်ကိုပင် ဒုတိယ အကြိမ် ပြန်ဖတ်သည်။

"ဟား ... ဟား ... ဟား ... "

လွင်ဦး သဘောကျစွာ ဟားတိုက်ရယ်တော့သည်။

ထို့နောက် လွင်ဦး ခုတင်ပေါ်မှဆင်းကာ ခေါင်းရင်း စင်မြင့်ပေါ်ရှိ ဦးဒေဝ၏ ဘုရားစင်ရှေ့တွင် ဆောင့်ကြောင့်ထိုင် လက် အုပ်ချီရှိခိုးကာ ...

"ဆရာတော်အရှင်ဇနကာဘိဝံသအား ရှိခိုးကန်တော့ပါ၏ ... ဆရာတော်ပြုစုသောစာကိုဖတ်ပြီး ဆရာတော်ကို ကြည်ညို ပါ၏ ... ဤနေ့ဤအချိန်မှစ၍ ဆရာတော်၏စာကိုဖတ်မိပြီး ဘုရားတပည့်တော်သည် 'ဂေဟာသိပေမ' မေတ္တာစိတ်ကို ရှောင်ကျဉ်ပါတော့မည် ... ဇနီးမယား၏အိပ်ခန်းအတွင်းမှ မင်းတုတ်ထိုးအသေပိတ်ထားသောကြောင့် နံရံကို ခေါင်းနှင့် ဝှေ့သော ဒါယကာမေတ္တာအကျိုးကို ခံစားရသည်မျိုးကို ရပ်တန့်က ရပ်ပါတော့မည်ဘုရား ... ဟား ... ဟား ... ဟား ... "

"ဟေ့ ... မောင်လွင်ဦး ... အဲဒါ ဘယ်လိုဖြစ်တာလဲ ... ဘုရားစင်ရှေ့ ဆောင့်ကြောင့်ထိုင်ပြီး ဟားနေတာ ... မင်း ဆေးချိုးပြီး ဆေးပေါက်နေသလားကွာ ... "

"ကြုံကြိုဖန်ဖန် ဦးဒေဝရာ ... ကျွန်တော်က ဆေးပေါက်ဖို့ ဝေးလို့ ... ဆေးလိပ်တောင် သောက်တဲ့ကောင်မှ မဟုတ် တာ ... "

"ဒါဆို မင်းဘယ်လိုဖြစ်နေတာလဲ ... အိမ်ကြီးပေါ်ကထမင်း စားမောင်းတီးတာ ... မင်းမလာလို့ အိပ်ပျော်နေရင် ငတ် တော့မှာပဲဆိုပြီး ငါ လာခေါ်တာ ... "

"ကျွန်တော် မောင်းသံမကြားပါဘူး ဦးဒေဝ ... ရောက်တာ နဲ့ တောင်တွေး မြောက်တွေးတွေနဲ့ ငိုင်သွားတယ် ... အာရုံ ပြောင်းအောင် ဟောဒီဦးဒေဝ မှောက်ထားတဲ့ စာအုပ်ကို ကောက်ဖတ်တာ အရမ်းသဘောကျပြီး ပြုစုတဲ့ဆရာတော် ကို ထိုင်ကန်တော့ပြီး ဟားတိုက်ရယ်နေတုန်း ဦးဒေဝ ရောက်လာတာ ... "

"အေး ... အဲဒီစာအုပ်က စာဖတ်သူရဲ့စိတ်ကို ထက်မြက်ဖြူ စင်သွားအောင် အဘိဓမ္မာသဘောကို သုတ္တန်နဲ့ရောပြီး ပြုစု ထားတာ ... ကဲ ... အဲဒီကျမ်းစာအုပ်က အချိန်မရွေးဖတ် လို့ရတယ် ... ထမင်းစားရတာက မောင်းတီးချိန်မှာ စားရ တာ ... လာကွ ... ငါးထမင်းလုံးနဲ့ ငါးရဲယိုရှက်ဟင်း သွား ဟဲကြစို့ ... "

"ဟို ... ညွှန့်သည်တွေပြန်သွားပြီလား ... "

"ပြန်သွားကြပြီလေကွာ ... သူတို့ပြန်သွားပြီးမှ မောင်းထ တာ ... အချိန်နာရီလည်း ကြည့်ဦးလေကွာ ... မွန်းလွဲတစ် နာရီတောင်ရှိပြီ ... အဲ ... ကိုယ်တော်လေး လတ်လတ်က မင်းကိုမှာလိုက်သေးတယ် ... ထမင်းမြန်မြန်စားပြီးရင် ဗိုလ် ချုပ်ဈေးသွားကြစို့တဲ့လေ ... "

လွင်ဦး ခေါင်းညိတ်ပြီး ဦးဒေဝနောက်မှ လိုက်ပါ သွားတော့သည်။

---- ? ----





၈

"ဟော ... ကိုလွင်ဦးလာပြီနော် ... တူးမာက စောစော တည်းက မျှော်နေတာ ... "

လွင်ဦးနှင့် လတ်လတ်နှစ်ယောက် ဗိုလ်ချုပ်ဈေး ဟိုရုံရှိ တူးမာဆိုင်သို့ မွန်းလွဲ(၂)နာရီထိုးမှ ရောက်ကြသည်။

တူးမာက လွင်ဦးကို ပျာပျာသလဲ ကြိုဆိုနှုတ်ဆက် ၏။

"စောစောလာမလို့ဘဲ တူးမာ ... ကိုလတ်လတ်တို့အိမ်မှာ ထမင်းစားဖိတ် ညွှန့်သည်ရောက်နေလို့ ကူလုပ်ပေးနေတာ ရော၊ တူးမာမေမေ ဒေါ်ဒေါ်စိုးနဲ့ ပက်ပင်းတိုးမှာ စိုးရိမ်တာ ကြောင့်ရော နည်းနည်းနောက်ကျသွားတယ် ... ဒီမှာ

တူးမာ ... ဟောဒါက ကိုလတ်လတ်တဲ့ ... မနေ့က ကမ္ဘာအေးဈေးရန်ပွဲမှာ တူးမာ မြင်ဖူးပြီးသားဖြစ်မှာပါ ... ”

“သိကျွမ်းရတာ ဝမ်းသာပါတယ်ရှင် ... ကိုလွင်ဦးရဲ့ အလုပ်ရှင်ဆိုတော့ တူးမာကပိုပြီး အလေးအနက်ထားပါတယ် ... မနေ့မနက်က ကမ္ဘာအေးဈေးရန်ပွဲမှာတော့ လူတွေပိုင်းနေတာနဲ့ တူးမာ ရှက်ကြောက်နေတာနဲ့ ကိုလတ်လတ်ကို အထူးသတိမထားမိပါဘူးရှင် ... ”

“သူက တူးမာတဲ့ ... အိမ်နာမည်ပေါ့လေ ... ကျောင်းနာမည်ကတော့ ကေသီနိုင်တဲ့ ... ကျွန်တော် တူးမာရဲ့အကြောင်း ... ကိုလတ်လတ်ကို အားလုံးပြောပြီးသားပဲဗျာ ... ”

ထုံးစံအတိုင်း တွေ့ရတာဝမ်းသာပါတယ်တွေ အပြန်အလှန်ဖြစ်သွားသည်။

“ကျွန်တော်ကတော့ ... မနေ့က ကမ္ဘာအေးဈေးရန်ပွဲမှာကတည်းက တူးမာကို လူတွေအများကြီးကြားထဲမှာပဲ ထင်းခနဲ သတိထားမိပါတယ် ... တူးမာက အများထဲမှာ သိသိသာသာ ပေါ်လွင်နေလို့ပါ ... ဒါကြောင့် ကိုလွင်ဦးကို တူးမာနဲ့ မိတ်ဖွဲ့ပေးပါလို့ အပူကပ်ရတယ် ... ”

လူပျိုက အပျိုကို ဒီစကားမျိုး စ,လိုက်သည်နှင့်





အပျိုသည် ဘာရည်ရွယ်မှန်း ဒက်ခနဲ တူးမာအပျို နားလည်လိုက်ပါ

သို့သော် မသိကျိုးကျွန်ပြုနေလိုက်ပြီး ပြုံးရုံသာပြုံးပြသည်။

“နီတွတ်ရေ ... ကော်ဖီနှစ်ခွက်နဲ့ မုန့်သွားမှာကွယ် ... ဧည့်သည်တွေအတွက် ပေါင်မုန့်မီးကင် ထောပတ်သုတ်ပါယူလာ ... ”

“ဟုတ်ကဲ့ မမ ... ဒါပေမဲ့ ... မေမေကြီးလာခါနီးနေပြီနော်”

နီတွတ်၏စကားကြောင့် တူးမာသည် ဖျတ်ခနဲ လွင်ဦးအပေါ် ကြင်နာခြင်းနှင့် ခင်မင်ခြင်းတွေ နှစ်မျိုးလုံးပါရှိနေသည်။

“သွားမှာသွားစမ်း နီတွတ် ... မမခိုင်းတာ မမတာဝန် ... မင်းဘာမှ ပူမနေနဲ့ ... အခု ကိုလွင်ဦးဟာ အရင်ကိုလွင်ဦးမဟုတ်တော့ဘူး ... မမရဲ့ဧည့်သည်အဖြစ်လာတာ ... ”

နီတွတ်ထွက်သွားတော့သည်။ ထိုအခါမှ တူးမာက လွင်ဦးကို စကားဆက်ပြောသည်။

မနက်က ဈေးက အိမ်ပြန်ရောက်တော့ ဖေဖေရုံးသွားသေးဘူး ကိုလွင်ဦး ... တူးမာက ဖြစ်ခဲ့သမျှ မေမေ့ရှေ့မှာငိုပြီး ဖေဖေ့ကို ပြောတယ် ... ဖေဖေက ကိုလွင်ဦးအတွက် စိတ်ကောင်းဖြစ်တယ် ... ခက်တာက ... ”

တူးမာ ဆက်မပြောဘဲ ရပ်ထားသည်။

ပြောရင်း အသံလေးတုန်လာ မျက်ရည်တွေဝဲလာသောကြောင့် စိတ်ကို တည်ငြိမ်စေခြင်းငှာ ပြောလက်စ စကားကို ရပ်ထားပြီး မိမိကိုယ်နှင့် စိတ်ကို ပြန်လည်တည်ငြိမ်အောင် ခေတ္တ ရပ်ထားခြင်းဖြစ်သည်။

လွင်ဦးက တူးမာ ဆက်ပြောမည့် စကားကို ခန့်မှန်းထားပြီးသားဖြစ်ပါ၏။

"ခက်တာက ဖေဖေကိုယ်တိုင် မေမေ့ကို အလျှော့ပေးထားရတာ ..."

ဟု တူးမာ ဆက်ပြောမည်သာ ဖြစ်ပေသည်။

တူးမာ၏မေမေ ဒေါ်ဒေါ်စိုးသည် သူ၏မိဘများလက်ထက်စဉ်မှ ချမ်းသာလာသူဖြစ်သည်။ ရွှေတိဂုံဘုရားလမ်းရှိ ခြံကြီးနှင့် တိုက်အိမ်ကြီးမှာ ဒေါ်ဒေါ်စိုးမိဘများထံမှ သမီးဒေါ်ဒေါ်စိုး အမွေဆက်ခံသောခြံနှင့် တိုက်အိမ်ကြီးဖြစ်သည်။ ငွေကြေးချမ်းသာသည်နှင့်အမျှ ဒေါ်ဒေါ်စိုးသည် မာန်မာနကြီးလွန်းပါ၏။

လက်ရှိလုပ်ငန်းမှာပင် ဒေါ်ဒေါ်စိုးသည် မိမိအတွက် အကျိုးအမြတ်ရလျှင် မည်သူ့မျက်နှာမှမထောက်။ လုပ်ဖော်ကိုင်ဖက်များ၊ စီးပွားဖက်များက စိတ်ဆိုးပြီး တစ်သက်လုံးမခေါ်လည်း အရေးမထား။ ငါ့အတွက် အကျိုးရှိဖို့သာ အဓိကဟု သဘောထား





လုပ်ကိုင်သည်။ ပြောစရာရှိလျှင် မျက်နှာမထောက်။ ကြမ်းကြမ်းပြောသည်။

မဟာမြိုင်က မမမျိုးကျတော့ မျိုးရိုးစွဲကြီးမားလွန်းသည်။ ပြင်ပဆက်ဆံရေးတွင် မည်သူနှင့်မဆို ပြေလည်အောင် ဆက်ဆံတတ်သော်လည်း သူတို့အိမ်ထောင်ရေးတွင်မူ သူတို့အချင်းချင်း မဟာမျိုး မဟာနွယ်နှင့်သာ ဂဟေဆက်ရမည်။ ဘေးလူကြားလူ မဝင်စေရဟု သဘောထားသည်။ ဒေါ်ဒေါ်စိုးလို ကြမ်းကြမ်းတမ်းတမ်းမဟုတ်။ သိမ်မွေ့သည်။ နူးညံ့သည်။ စိတ်ထားကောင်းသည်။

"ကိုလွင်ဦး ... တူးမာပြောတာကို နားထောင်နေပါတယ်နော် ..."

"ထောင်နေသားပဲ ... တူးမာဘာသာ စကားကိုရပ်လိုက်တာပဲဟာ ..."

"စိတ်မကောင်းလွန်းလို့ လုပ်သွားတာပါ ... ခက်တာက မေမေ့မှာ နှလုံးရောဂါရှိနေတယ်လေ ... ပထမအကြိမ် ATTACKဝင်မှာစိုးလို့ ... ဒါကြောင့် ကိုလွင်ဦးကို အိမ်မှာ အလုပ်ပြန်ခန့်ဖို့ ဖေဖေ့ကို တူးမာ ပြောပေမဲ့ မအောင်မြင်ခဲ့ဘူး ..."

"တူးမာက တို့အတွက် အလကားစိတ်ပူနေတာကိုး ... တို့

က သန်သန်မာမာ ယောကျ်ားသားတစ်ယောက်ပဲ ... ခေါ
ကျကျ ပြားကျကျနေလို့ရတာပဲဟာ၊ ပြီးတို့က တစ်ကော
ကြွက်ပဲ ... တူးမာက ကိုယ့်ဟာကိုယ် စိတ်ဆင်းရဲအော
တို့အတွက် ဝင်ပူနေတယ် ... ”

လတ်လတ်က တူးမာကို စိုက်ကြည့်ရင်း အပြ
အရယ်နှင့် ဝင်ရောက်ပြောပေသည်။

“ဟုတ်တယ် ... ကိုလွင်ဦးအတွက် တူးမာ ဘာမှမပူနဲ့တော့
အခုဆို ကိုလွင်ဦးကို ကျွန်တော့်အိမ်က မမမျိုးတို့ မမမြ
တို့ကိုပြောပြီး ဒရိုင်ဘာအလုပ်ခန့်ပြီးသွားပြီ ... လခငါးရာ
စပြီးပေးတယ် ... ပြီးတော့ ကျွန်တော်တို့ခြံကြီးထဲ နည်
နည်းနောနော ခြံကျယ်ကြီးမှ မဟုတ်တာ ... ကားဂိုထော
ဆို မော်တော်ကားလေးစီးထားနိုင်တယ် ... အဲဒီကား
ထောင်အပေါ်မှာ အလုပ်သမားတွေနေဖို့ တန်းလျားအခန်
တွေ ဆောက်ထားတယ် ... ဘဘဘုရားနဲ့ မယ်မယ်ဘုရာ
မှာ အိမ်ထောင်သည်မဟုတ်တဲ့ အလုပ်သမားတွေထား
တယ် ... အဲဒီနောက်မှာတော့ အိမ်ဖော်အမျိုးသမီးအလု
သမားတွေကို အိမ်ကြီးပေါ်မှာပဲနေစေပြီး အိမ်ထောင်မ
ယောကျ်ားအလုပ်သမားကိုပဲ တန်းလျားမှာထားတယ် -
သုံးခန်းအလွတ်ထဲက ကိုလွင်ဦးကြိုက်တဲ့အခန်း ပေးလိုက





ပြီးသားပါ ... ထမင်းလည်း ကျွန်တော်တို့ကပဲ ကျွေးတာ
ပဲ ... ကိုလွင်ဦးအတွက် တူးမာမပူနဲ့ ... ”

တူးမာက လတ်လတ်ပြောသည်ကို နားထောင်ရင်း
လွင်ဦးကို လှမ်းကြည့်သည်။

“အိမ်မှာကလည်း ကားနှစ်စီးတောင်ရှိနေတော့ ဒရိုင်ဘာ
နှစ်ယောက်ထားမှလည်း အဆင်ပြေမယ် မဟုတ်လား ...
ကျွန်တော်က ကိုယ့်မော်တော်ဆိုင်ကယ်နဲ့ ကိုယ်လေ ...
အိမ်ကကားကို မလွဲသာမှသုံးတာ ... ”

ကိုလွင်ဦးအတွက် မပူရန်သာပြောသော လတ်
လတ်ကို တူးမာ ကျေးဇူးတင်ပါ၏။ သို့သော် ကိုလတ်လတ်၏
အပြောအဆိုသည် ကိုယ်ရည်သွေး ဗာရာဏသီချဲ့လွန်းသည်ဟု ရင်
ထဲက မှတ်ချက်ပြုသည်။

လတ်လတ်ပြောနေသော စကားတို့ကို ကိုလွင်ဦး
က ပြုံးပြီးနားထောင်နေရာ ထူအမ်းနှုတ်ခမ်းပွင့်ပြီး ပုလဲစီသွားဖြူ
တန်းနှင့် သွားစွယ်ဘောင်ကွပ်လေးကိုကြည့်ကာ တူးမာရင်ထဲတွင်
မခံမချိမခံသာ ဖြစ်ရပါ၏။ ကိုလွင်ဦး၏ အပြုံးတွင် ဘာကြီးပဲဖြစ်ဖြစ်
ဘဝဒဏ်ကို တူသားပေသားကျအောင် ခံမည့်အဓိပ္ပာယ်ဖြစ်ပေနေ
မှန်း တူးမာ အသိဆုံးဖြစ်သောကြောင့်ပါတည်း။

“ဒါဆို တူးမာ ဝမ်းသာရတာပေါ့ ကိုလတ်လတ် ... တူးမာ

က ကိုလွင်ဦး အဆင်မှပြေပါ့မလားလို့ တွေးပူစိုးရိမ်နေတာ အခု ... လခလည်း ပိုရတယ်၊ နေရေးထိုင်ရေးလည်း ငြ အဆင်ပြေတယ်ဆိုတော့ ... ”

“သိတယ် တူးမာ ... ကိုလတ် သိတယ် ... မနေ့က ကိုလွင် ဦး အလုပ်ပြုတ်သွားလို့ တူးမာ စိတ်မကောင်းဖြစ်သွားမှန်း ကိုလတ် ရိပ်မိတယ် ... တူးမာလို အမျိုးသမီးက ဘယ်သူ့ အပေါ်ဖြစ်ဖြစ် အကြင်နာ ဂရုဏာ ရှိတတ်တယ် မဟုတ် လား ... ကိုယ့်အိမ်မှာ မွေးထားတဲ့ ကြောင်လေး ခွေးလေး တစ်ခုခုဖြစ်သွားရင်တောင် တူးမာ စိတ်မျိုးက ခံစားရတာ မျိုးမဟုတ်လား ... ”

“အယ် ... အဲဒီလိုတော့ ကိုလွင်ဦးကို တိရစ္ဆာန်နဲ့ မနှိုင်းပါနဲ့ တိရစ္ဆာန်အပေါ် ခင်တွယ်တာနဲ့ လူလူချင်းအပေါ် ခင်တွယ် တာဟာ ကွာခြားချက်အများကြီးရှိပါတယ် ကိုလတ်လတ်”

တူးမာက လတ်လတ်ကို မာဆတ်ဆတ် မျက်နှာ တင်းလေးနှင့် ပြောပါလေ၏။

“ဟာ ... တူးမာ အဓိပ္ပာယ်မှားသွားပြီ ... ကျွန်တော် ဆို လိုတာက တူးမာရဲ့ သိမ်မွေ့နူးညံ့တဲ့ နှလုံးသားကို အဓိက ဆိုလိုတာပါ ... ကိုလွင်ဦးကို တိရစ္ဆာန်နဲ့ နှိုင်းတဲ့ရည်ရွယ်ချက် မပါ,ပါဘူး ... ”





လတ်လတ်က ကပျာကယာ ရှင်းပြလေမှ တူးမာ မျက်နှာလေး နဂိုအတိုင်း ပြန်ဖြစ်သွားသည်။ ဆက်ပြီး တူးမာသည် သူမဘေးရှိ ပိုက်ဆံသေတ္တာဖွင့်ကာ ငွေခြောက်ရာ ထုတ်ယူလိုက် သည်။

“မေမေက မှာထားတယ် ... ကိုလွင်ဦး လာရင် သုံးလခစာ ငွေခြောက်ရာ ပေးလိုက်ပါတဲ့ ... ”

“သုံးလအတွက် ဘာလို့ယူရမှာလဲ တူးမာ ... ဒီလ ဆယ့် ခြောက်ရက်ပဲ ရှိသေးတာ ... လဝက်အတွက် ငွေတစ်ရာပဲ ပေးပါ ... ”

“ဟင့်အင်း ... မေမေက ခြောက်ရာပေးရမယ်လို့ တူးမာကို မှာထားတာ ... အလုပ်သမားတစ်ယောက်ကို ကိုယ်က ထုတ်ရင် သုံးလခပေးထုတ်ရတယ်တဲ့ ... ဒါမှ နောက်ပိုင်း ရှင်းမယ်တဲ့ ... ”

“တို့က နောက်ပိုင်းရှုပ်မဲ့သူမှ မဟုတ်တာဘဲ တူးမာရယ်”

“ယူပါ ကိုလွင်ဦး ... မေမေက စေတနာနဲ့ပေးတာမှ မဟုတ် တာ ... ပြဿနာရှင်းအောင်ပေးတဲ့သဘောပဲဟာ ... ”

လွင်ဦး ယူလိုက်ပါ၏။

ငွေခြောက်ရာထဲမှ တစ်ရာပြန်ထုတ်ကာ ...

“ရော့ ... တူးမာဆီက တို့ ချေးထားတဲ့ တစ်ရာ ... ”

“ဘယ်တုန်းက တူးမာဆီက ချေးလဲ ... ”

"တယောထိပ်ပိုင်းလေး ပြင်တုန်းက ... "

"ဟာ ... အဲဒါ တူးမာက ပြင်ပေးတာပဲဟာ ... ကိုလွင်ဦး တယောထိုးတာ နားထောင်ချင်လို့ တူးမာဘာသာ ... တစ်ရာပေးပြီး ပြင်တာ ... "

"ဒါတော့ တူးမာ ပြန်ယူပါ ... ကိုယ့်ပစ္စည်းကိုယ်ပြင် ... ကိုယ့်ပိုက်ဆံနဲ့ပဲ ပြင်ရမှာပါ ... နို့မို့ရင် တို့ဘဝက သိပ် ... ကျလွန်းရာ ရောက်သွားမှာ စိုးလို့ပါ တူးမာ ... "

တူးမာ ပြန်လက်ခံရသည်။ လက်မခံ၍ မရ ... ကိုလွင်ဦး စိတ်ဓာတ်ကို တူးမာ သိနေသောကြောင့် ဖြစ်ပါ ...

"ဩော် ... ကိုလွင်ဦး တယောထိုးတတ်သလား တူး ... "

"အံမာလေး ငြိမ့်နေအောင် ထိုးတတ်တာ ... တယော ... ဘယ်ကမလဲ ... စန္ဒရားလည်း တီးတာ သိပ်တော်တာ ... သီချင်းဆိုလည်း သိပ်ပိုင်တယ် ကိုလတ်လတ် ... ကိုလွင် ... ရဲ့အသံက သီချင်းဆိုရင် လွင်လွင်ညြညြလေးနဲ့ အရမ်း ... ထောင်လို့ကောင်းတာ ... "

"ဒါနဲ့များဗျာ ... ဦးရန်မျိုးနောင်ကို ဘာလို့ မတီးတတ် ... မဆိုတတ်ဘူးလို့ ငြင်းလိုက်တာလဲ ကိုလွင်ဦး ... "

"ကျွန်တော် တယောထိုးတတ်တယ် ... စန္ဒရားတီးတ ... တယ် ... သီချင်းဆိုတတ်ပါတယ် ... ဒါပေမဲ့ ဦးရန်မျိုး ...





နဲ့ ပြောတုန်းက ကျွန်တော် ဘာကိုမှတီးဖို့ဆိုဖို့ စိတ်မရှိဘူး ... အနုပညာဆိုတာက စိတ်ရဲ့စေစားရာပါ ကိုလတ်လတ် ... စိတ်မပါတဲ့အချိန် ဘာမှမတီးမဆိုတာ အကောင်းဆုံးမို့ပါ ... "

ထိုစဉ်မှာပင် ...

နီတွတ်သည် လင်ပန်းကိုင်ပြီး ကော်ဖီ၊ ပေါင်မုန့်မီး ... င် ထောပတ်သုတ်များ ယူလာသည်။

တူးမာကိုယ်တိုင် အတင်းတိုက် အတင်းကျွေးသဖြင့် ... းကြသောက်ကြသည်။

စားသောက်၍လည်း ပြီးစီးသွားသည်။

"မေမေတော့ လာကာနီးပြီ ... မေမေ လာရင် ... တူးမာ တစ်လှည့်အိမ်ပြန် ... မော်တော်ကားငှားပြီး ကိုလွင်ဦး ပစ္စည်းတွေ နီတွတ်နဲ့ ပို့ခိုင်းပေးလိုက်မယ်နော် ... "

"ကဲ ... တို့ ပြန်မယ် တူးမာ၊ ကဲ ... ကိုလတ်လတ် ပြန်ကြစို့ ... "

"ဘာပဲဖြစ်ဖြစ်ပေါ့ ကိုလွင်ဦး ကိုယ့်တက်လမ်းကို ဆက်ကြိုးစားဖို့ စိတ်ဓာတ်မကျပါနဲ့နော် ... ဆင်ပြောင်ကြီး အမြီးကျမှ အတစ်မခံပါနဲ့ ... တူးမာက ဘာမဆို ကိုလွင်ဦးကို ကူညီချင်နေတာပါ ... ခက်တာက ကိုလွင်က မာနကြီးလွန်း

တယ် ... တူးမာဆီကသာ မဟုတ်ဘူး ... ဘယ်သူ့
အကူအညီကိုမှ မယူချင်တာ ... ဒါပေမဲ့ အခက်အခဲတွေ
တူးမာကို တိုင်ပင်ပါ ... ဆွေးနွေးပါနော် ကိုလွင်ဦး"

လွင်ဦးက ပြုံးတော့ ပြုံးပြသည်။

သို့သော် ခေါင်းညိတ်ခြင်းတော့ မပြုခဲ့ပါလေ

----?----





## ၉

"ဒီကို ဒီလူရောက်တာ တစ်လပြည့်တော့မယ် ... မမမြတ်က ကိုယ့်ကားကိုယ်မောင်းနေတုန်းပဲ ... မမမြတ် ကျောင်းမှာ ဌာနမှာ မမမြတ်ကား ထားဖို့ ဂိုထောင်မရှိဘူးလား။ ဟိုသစ်ပင် ဒီသစ်ပင်အောက်တွေမှာ ရပ်ထားရတာ ... တစ်နေ့လုံး နေရောင်က တစ်သမတ်တည်းမှမဟုတ်တာ ... ရပ်တုန်းက သစ်ပင်ရိပ်အောက်မှာ ရပ်ထားပေမဲ့ နေရောင်ရွေ့ပြောင်းပြီး ကားကို နေပူထဲမှာထားရတယ် ... သစ်ပင်ပေါ်က အမှိုက်တွေ ဖုန်တွေ ကားပေါ်ကျတယ် ... ကားဘယ်လောက်နာသလဲ ... ဒါတွေ ထားပါဦး ... ဒီနေ့ လမ်းမှာ မမမြတ် ကားထိုးရပ်သွားတယ် ... မမမြတ်ကိုယ်တိုင်

မလုပ်တတ်တော့ ... အကူအညီရှာရ ဘယ်လောက် ခ
ရောက်လဲ ... ”

လတ်လတ်ပြောသမျှ မြတ်သူဇာ ခေါင်းညိတ်ဝ
သည်။

ယနေ့ညနေ ကျောင်းမှအပြန် လမ်းတွင် ကား
ရပ်သွားသည်။ ပြန်နိုးလို့မရ။ ကံအားလျော်စွာ ကားနားလည်သေ
တပည့်တစ်ယောက်နှင့် တွေ့ပြီး ပြင်ပေးမှ စက်ပြန်နိုးသည်။ အိ
ပြန် တစ်နာရီလောက် နောက်ကျသွားပါ၏။

ဒါကို အကြောင်းပြုပြီး လတ်လတ်က ပြောနေခြ
ဖြစ်သည်။

“အဲဒီတော့ ဒီလို လုပ်ပါလား မမြတ် ... ကိုလွင်ဦး
ကားဖြူလေး မောင်းခိုင်း ... မမြတ် ကျောင်းပို့ကျောင်း
ကြိုတာဝန်နဲ့ မိမိုးကျောင်းပို့ကျောင်းကြိုတာဝန် ပေးထာ
လိုက် ... ဦးဒေဝက အသက်ကြီးပါပြီ ... နားနားနေ
ထားလိုက်ပါ ... အခုတော့ ကိုလွင်ဦးကို လခပေးထားပြီး
ဘာတာဝန်မှ မပေးသလို ဖြစ်နေပြီ ... နေ့ခင်းနေ့လယ်
မမျိုး အိပ်တဲ့အချိန် သူ အားလပ်ပြီး အပြင်ထွက်သေး
တယ် ... ”

လတ်လတ် ပြောသမျှတွေမှာ ဟုတ်သင့်သလော
ဟုတ်နေသည်။





အထူးသဖြင့် လတ်လတ်သည် နေ့ခင်းပိုင်း ဗိုလ်ချုပ်
ဈေး တူးမာတို့ဆိုင်သွားရာတွင် တူးမာဆိုင်တွင် လွင်ဦးနှင့် မကြာ
ဘာ ဆုံသည်ကို အမိကမကျေနပ်ခြင်း ဖြစ်သည်။

ထို့ကြောင့် လတ်လတ်က ယခု တစ်ချက်ခုတ် နှစ်
ချက်ပြတ် တင်ပြခြင်းဖြစ်သည်။

လတ်လတ် တင်ပြချက်ကို အငယ်ဆုံးမ မိုးစန္ဒာက
ထောက်ခံသည်။

“ဟုတ်တယ် မမြတ် ... မိုးလည်း ကိုလွင်ဦးပဲ ကျောင်းပို့
ကျောင်းကြို လုပ်ပေးစေချင်တယ် ... ဦးလေးဦးဒေဝကြီး
က အသက်လည်း ကြီး ... ကြောက်လည်းကြောက်တတ်
တော့ ကောင်လေးတွေက ကားဆီလာပြီး ဗြောင်ယိရဲကြ
တယ် ... နောက်ပြောင်ရဲကြတယ် ... ”

လတ်လတ်က ထပ်ဆင့်ပြီး အကွက်ကျကျလေး စီမံ
ချက် တင်ပြသည်။

ကျောင်းချိန်တွေကိုကြည့်လျှင် မိမိုးတို့ကျောင်းက
ဆယ်တန်းသမားကို နှစ်သုတ်ခွဲထားသည်။

နံနက်(၇)နာရီမှ (၁၁)နာရီတစ်သုတ်။

မွန်းတည့် (၁၂)နာရီမှ (၅)နာရီထိ ဒုတိယအသုတ်။

မိုးစန္ဒာက နံနက်ပိုင်း အသုတ်တွင် တက်ရောက်နေ
သည်။

မြတ်သူဇာဌာနက နံနက်(၈)နာရီမှ မွန်းလွဲ (၃) နာရီခွဲ။ ဒီတော့ နံနက်(၇)နာရီမထိုးမီ.လွင်ဦးက မိုးစန္ဒာကို ကျောင်းပို့ ပြန်လာပြီးပြီ။ နံနက် (၈)နာရီအမီ မြတ်သူဇာကို လိုက်ပို့ ... ၊ (၁၁)နာရီအမီ မိုးစန္ဒာကို ပြန်ကြို၊ ညနေ (၃)နာရီ မထိုးမီ မြတ်သူဇာကို သွားကြို။

နာရီပိုင်း မှန်မှန်ကြိုပို့ရသောကြောင့် ကြားအချိန် လွင်ဦး အားလပ်သော်လည်း အပြင်ထွက်လောက်အောင် အချိန်မရတော့။ တူးမာထံ မသွားနိုင်ပါလေတော့။

လတ်လတ် စီစဉ်သည့်အတိုင်း လွင်ဦး လုပ်ဆောင်ရပေသည်။ လခစား ဒရိုင်ဘာပေကိုး။ ညနေပိုင်း မြတ်သူဇာ့ကို ကြိုပြီး အိမ်ရောက်ပြီးလျှင်တော့ လွင်ဦး အားလပ်သွားသည်။

မမြတ်နှင့် မိမိုး ကားစီးလျှင် တူညီသောအချက် တစ်ခု ရှိသည်။

ကားရှေ့ခန်းကူရှင်တွင်သာ ထိုင်ကြသည်။

မမြတ်ကတော့ ကိုယ်တိုင်ကားမောင်းတတ်သူမို့ ကားစီးလျှင် ကားရှေ့မှန်ကို အနီးကပ်ကြည့်ရမှ ကျေနပ်သောအကျင့်ကြောင့် ရှေ့ကူရှင်တွင် ထိုင်ခြင်းဖြစ်သည်။ ကားမောင်းတတ် ?များသည် ဘေးကထိုင်လိုက်သော်လည်း စိတ်က ကားလိုက်မောင်းသောအကျင့်ရှိတတ်သည်။





မမြတ် ကားရှေ့ကူရှင်တွင် ထိုင်ရခြင်းအကြောင်း ိုလည်း ဤအတိုင်း ပြောပြသည်။

မိုးစန္ဒာကတော့ ဘာကြောင့် ရှေ့ကူရှင်တွင် ထိုင်ရ ည်ကို အကြောင်းပြချက်မရှိပေ။ ပုံစံက ထိုင်လို့ထိုင်သည်ဆိုသည့် ံပါပေ။

သို့သော် ... ညီအစ်မ အတူတူထွက်လျှင်တော့ နှစ် ယာက်စလုံး နောက်ကူရှင်တွင် အတူထိုင်ကြသည်။

ထိုသို့ အစီအစဉ်အတိုင်း လွင်ဦး လိုက်မောင်းပေး တွင် မြတ်သူဇာနှင့် ရှေ့တွင် အတူထိုင်လေတိုင်း မြတ်သူဇာ၏ စမ်းမှု မေးခွန်းတွေ မေးမြန်းခြင်း ခံနေရပါ၏။

မြတ်သူဇာသည် ကိုလွင်ဦးတွင် လျှို့ဝှက်ချက်တွေ သည်ဟု ဆိုကာ အစ်အောက် မေးသောမေးခွန်းတွေ မေးခြင်း ်ပေသည်။

မိုးစန္ဒာကတော့ ဘာမဆို သွယ်သွယ်ဝိုက်ဝိုက် အစ်အောက်မေးခြင်းမပြုတတ်၊ ဒဲ့ဒိုးကြီး မေးတတ်သည်။

ညီအစ်မနှစ်ယောက်စလုံးသည် လွင်ဦးအား စိတ် ်စားနေကြသည်။

"ဒီမယ် ... ကိုလွင် ... "

လူကွယ်ရာမှာဆိုလျှင် မိမိုးက လွင်ဦးအား ကိုလွင် ခေါ်ပေသည်။ သူမအား လွင်ဦးက မမိမိုးဟု ခေါ်သဖြင့် သူမက

တမင်တကာပင် ကိုငလွင်ဟု ခေါ်သည်ဖြစ်ကြောင်း ရယ်ရယ်မောမောလေး ပြောပြသည်။

"ပြောပါ မမိုး ... "

"ခုတလော ကိုကိုလတ်တစ်ယောက် စကော့ဈေးက ဗိုလ်တထောင်မာခေါ် ကေသီခိုင်တို့ဆိုင်မှာ တော်တော်ခတ်ကျနေတယ်ဆို ... "

"ဟုတ်မှာပေါ့ ... တို့ကိုတော့ ကိုလတ်လတ်က ဘာမှမပြောလို့ မသိဘူးလေ ... "

"ကေသီခိုင်တို့က တော်တော်ချမ်းသာတယ်ဆို ... "

"အင်း ... ချမ်းသာတယ်လို့ ပြောရမှာပဲ ... သူ့အထည်ဆိုင်နဲ့ ရတနာဆိုင်ကပဲ အရင်းအနှီး သိန်းတစ်ထောင် နှစ်ထောင်လောက်ရှိမလားပဲ ... တို့က အဲဒါတွေရဲ့ အတိအကျတာကြေးကိုမှ မသိတာ ... "

"ကေသီခိုင်က သိပ်ချောတယ်ဆို ... "

"အင်း ... ချောတယ်လို့ ပြောရမှာပဲ ... မမိုးလိုပဲပေါ့"

"အဲ ... မိမိုးက ကိုငလွင်မျက်စိထဲမှာ ချောနေလို့လားဟင်"

"ချောပါတယ် ... "

"ဒါဆို ကေသီခိုင်နဲ့ မိမိုး ဘယ်သူက ပိုချောသလဲ ... ပြော"

"အပူအအေးကို ပြဒါးတိုင်နဲ့ တိုင်းလို့ရတယ် ... အချောအလှကိုကျတော့ ဘာနဲ့တိုင်းရမှာလဲ မမိုး ... "





"ကြည့် ... ကိုငလွင် မျက်စိနဲ့မြင်တဲ့အတိုင်းပေါ့ ... ဘာလဲ ကိုငလွင် မျက်စိထဲမှာ ကေသီခိုင်က မိမိုးထက် ပိုချောနေလို့လား ... "

"အဲဒီလိုတော့ မဟုတ်ဘူး ... တို့မျက်စိထဲမှာ နှစ်ယောက်စလုံး ချောနေတာကိုပဲ ပြောတတ်တယ် ... "

"ထားပါတော့လေ ... ဒါဆို မမမြတ်နဲ့ မိမိုးကော ဘယ်သူက ပိုချောလဲ ... "

"ဒါကျတော့ တပည့်တော် မလျှောက်တတ်ပါလို့ပဲ ပြောရမယ် မမိုး ... နှစ်ယောက်စလုံးပဲ ချောနေတာကိုး ... အဲတစ်ခုတော့ ရှိရဲ့ ... မမမြတ်ထက် မမိမိုးက အသက်ပိုငယ်တော့ မမိမိုးက နုပျိုမှု သာတာတော့ အမှန်ပဲ ... "

မိုးစန္ဒာ မျက်နှာလေး ပြုံးသွားသည်။

"ဒါဆို ကေသီခိုင်ရဲ့အသက်ကရော ဘယ်လောက်ရှိပြီလဲ ... "

"ဆယ့်ကိုးနှစ်ထဲမှာလို့ ပြောတာပဲ ... "

"မိမိုးက အခု ဆယ့်ရှစ်နှစ်ထဲမှာဆိုတော့ ကေသီခိုင်က မိမိုးထက် တစ်နှစ်အသက်ပိုကြီးတာပေါ့ ... မိမိုးက ပိုပြီး နုပျိုရမှာပေါ့ ... "

"ဒါတော့ ဟုတ်တယ် ... တူးမာထက် မိမိုးက ပိုပြီး နုပျိုတယ်လို့ တို့မျက်စိက မြင်နေတယ် ... တူးမာမှာက တစ်ဦးတည်းသော သမီးမို့ မအေရဲ့ ဆိုင်လုပ်ငန်း စီးပွားရေးလုပ်

ငန်းမှာ ဝင်လုပ်ပေးနေရတာကြောင့် ရင့်ကျက်တဲ့ အသွင်ရှိနေတယ် ... မမိုးကတော့ တကယ့်ကလေးတစ်ယောက်လိုပဲလေ ... "

"ကလေးဆန်တာနဲ့ နုပျိုတာ တခြားစီပါနော် ကိုလွင်"

"ကလေးဆန်တာဟာ ပိုပြီး နုပျိုသွားစေတာပေါ့ မမိုးရယ် ... "

မိုးစန္ဒာ ထပ်မံ၍ ကျေနပ်စွာ ရယ်ပြန်သည်။

"ထပ်မေးမယ်နော် ကိုလွင် ... အခု ကိုလွင် ပြန်ဖြေတဲ့အဖြေကို မိမိုးက အတည်ယူပြီး အသည်းထဲမှာ မှတ်ထားမှာ ... မလိမ်မညာဘဲဖြေနော် ... "

"ဘာမေးမှာမို့လဲ မမိုး ... "

"တူးမာခေါ် ကေသီခိုင်နဲ့ ကိုလွင်တို့နှစ်ယောက် ချစ်နေကြလားဟင် ... "

"ခင်တော့ ခင်ကြသားပဲ ... "

"ဒီလိုမဖြေနဲ့လေ ... မိမိုးမေးတာက ကိုလွင်နဲ့ ကေသီခိုင်သမီးရည်းစားဖြစ်နေသလားလို့မေးတာ ... "

"သမီးရည်းစားတော့ မဖြစ်ကြပါဘူး ... တို့က လူပျက်လေးမောင်ရွှေရိုးပဲ ... တူးမာက မမမျိုး၊ မမမြတ်တို့လို ရွှေမင်းသမီးပဲ ... မမမျိုး မမမြတ်တို့ကဆိုရင် မဟာဆီမဟာသွေးမင်းမျိုးမင်းနွယ်ဆိုတာတောင်ပိုသေးတယ် ... "





"တော်စမ်းပါ ... ဘာရွှေမင်းသမီးလဲ ... ဘာမဟာဆီမဟာသွေးလဲ ... ဘာမင်းမျိုးမင်းနွယ်လဲ ... မိမိုးမှာ အဲဒါတွေဘာမှမရှိဘူး သိလား ... "

မိုးစန္ဒာကောင်မလေး ဤသို့ဤနှယ် စိတ်ကစားနေသည်ကို လွင်ဦး ရိပ်မိပါ၏။

လွင်ဦးတွင် ဘယ်ဘဝက ဘာဆုတွေတောင်းခဲ့၍လဲမသိ။ ဤဘဝဝယ် အမျိုးသမီးတွေအပေါ်တွင် မျက်နှာမြင်ချစ်ခင်ပါစေအဖြစ်မျိုးတွေ အမြဲတွေ့နေရသည်။

သို့သော် ...

တန်ပြန်စလှုပ်ရှားပါလေနှင့် မောင်လွင်ဦးတစ်ခါသေဖူးမှတော့ ပျဉ်ဖိုးနားလည်ရမည်။

အသည်းဆိုသည်မှာ လူတစ်ယောက်အတွက် တစ်ကြိမ်တစ်ခါတော့ ကွဲသင့်ပါ၏။

ဒီအသည်းနှစ်ခါကွဲလျှင် မိမိအပြစ်နှင့် မိမိခံနိုင်ရည်ရှိနိုင်ပါတော့မလား။

----?----

## ၁၀

ယနေ့ စနေနေ့။

မိမိုးကတော့ ကျောင်းပိတ်သည်။

မမမြတ်ကိုတော့ နံနက်(၈)နာရီတွင် လိုက်ပို့ပေးရသည်။

"သြော် ... မောင်လွင်ဦး ... မမမြတ်က မနက်ကိုးနာရီကလပ်(စ်)ဝင်ရမယ်၊ တစ်ချိန်တည်းမို့ ဆယ်နာရီဆိုပြီး ရော မောင်လွင်ဦးအိမ်ပြန်မနေနဲ့တော့ လှည်းတန်းဘက်မှာ တစ်ခုခုသွားစားပါလား၊ မမမြတ်ကို စောင့်ရင်းပေ့ါ ... "

"ကျွန်တော် မဆာပါဘူး၊ ဟောဒီ ကုံကော်ပင်အောက်မှာပဲ ကားရပ်ထားပြီး စောင့်ပါ့မယ် ... "





"ပျင်းနေမှာပေ့ါ ... "

"မပျင်းပါဘူး ... ကျွန်တော် စာအုပ်ဖတ်နေမှာပါ ... "

မောင်လွင်ဦးသည် ဤသို့စောင့်ရသည့်အခါ ဤနှယ်ပင် ကားပေါ်၌ စာဖတ်နေတတ်သည်။ မိမိရောက်လာမှ ဖတ်လက်စကို ကားဒက်(ရှ်)ဘုတ်ထဲသို့ ပြန်ထည့်တတ်သည်ကို မြတ်သူဇာ ခဏခဏ မြင်ရတတ်သည်။ ဒက်(ရှ်)ဘုတ်ထဲ ထည့်လိုက်သည်ကလည်း စာအုပ်မဟုတ်ဘဲ စာအိတ်ညိုကြီးတစ်လုံးမှန်း မြင်ရသည်။

"မောင်လွင်ဦးမှာ ဘာစာအုပ်တွေ ပါသလဲ ... "

"ရုပ်ပြတို့၊ သိုင်းဝတ္ထုတို့ပါ အပျင်းပြေဖတ်ဖို့ တောင်းထားတာတွေ ... "

"သြော် ... သြော် ... "

မြတ်သူဇာထွက်သွားရင်း စဉ်းစားသည်။

မောင်လွင်ဦးသည် အဘယ်ကြောင့်သူဖတ်နေသော စာအုပ်ကို မိမိ မမြင်စေချင်ပေသနည်း။

မြတ်သူဇာထွက်သွားသော်လည်း လွင်ဦးသည် ဒက်(ရှ်)ဘုတ်ထဲမှ စာအိပ်ညိုကို မထုတ်တော့ဘဲ သူ့အိတ်ထဲတွင် ထည့်ထားသည့် မဖတ်ရသေးသော စာတစ်စောင်ကို ထုတ်ယူလိုက်သည်။

တူးမာပေးသော စာဖြစ်သည်၊ မိမိပစ္စည်းတွေကို နီတွတ်လာပို့ပေးရင်း နီတွတ်နှင့် ထည့်ပေးလိုက်သော စာဖြစ်ပါ၏။

ထိုစာကို လူမလစ်သဖြင့် မဖတ်ရသေး။ ယခုမှ လွတ်လွတ်လပ်လပ် ထုတ်ဖတ်ခြင်း ဖြစ်သည်။

ကိုလွင်ဦး

မေမေက ကိုလွင်ဦးကို အလုပ်ဖြုတ်တဲ့ကိစ္စအတွက် တူးမာ တကယ်စိတ်မကောင်းဖြစ်ရတယ်။

ဝံပုလွေနဲ့ သိုးငယ်ပုံပြင်လိုပါပဲလေ။

ဒီအပြစ်နဲ့ မဟုတ်လည်း နောက်အပြစ်တစ်ခုခု ရှာပြီး မေမေက ကိုလွင်ဦးကို အလုပ်ထုတ်မှာပါပဲ။

အဲဒါဘာလို့လဲ၊ ကိုလွင်ဦးသိလား။

တူးမာကြောင့်လေ။

တူးမာက ကိုလွင်ဦးကို ခင်မင်နေမှန်း မေမေသိတယ်၊ ဒါကြောင့် ကိုလွင်ဦး တူးမာနဲ့ဝေးရင် ပြီးရော ဆိုပြီး ဝံပုလွေက သိုးငယ်ကို အပြစ်ရှာသလို ရှာထုတ်ပစ်တာ။

အားမလျှော့ပါနဲ့ ကိုလွင်ဦး၊ မဟာဇနက္ကမင်း ပင်လယ်ထဲမှာတောင် မေခလာ ဘယ်လိုထီးနန်းစိုးစံဘုရင် ဖြစ်ခဲ့တာပဲ၊ ဆက်ကြိုးစားပါ၊ တူးမာက ကိုလွင်ဦးကို အမြဲကြိုဆိုလျက်ပါ။

တူးမာ





တူးမာ၏စာကို လွင်ဦးကလည်း ဒုတိယအကြိမ်ထပ်ဖတ်ပြီးနောက် တစ်စစီ ဆွဲစုတ်ပစ်လိုက်သည်။

တူးမာ၏ဘဝကို လွင်ဦးက သဘောပေါက်ပါသည်။

တူးမာနှင့် မိမိသည် အသက်သုံးနှစ်ခန့်သာ ကွာသည်မို့ မိမိသည် တူးမာ၏အနီးက ယောက်ျားမိတ်ဆွေတစ်ဦး ဖြစ်ခဲ့သည်။ မိမိ၏ရုပ်ခန္ဓာနှင့် အရည်အသွေးကို တူးမာက သဘောကျခဲ့သည်။

မမြင်ဖူး မူးမြစ်ထင်ဆိုသလို တူးမာက မိမိကို နှစ်သက်စိတ်ဝင်စားခြင်း ဖြစ်သွားပုံရသည်။

ယခုဆိုလျှင် လတ်လတ်သည် တူးမာအား ချဉ်းကပ်လျက်ရှိသည်။ တူးမာ၏မိခင် ဒေါ်ဒေါ်စိုးကလည်း လတ်လတ်ကို ကျတော့ မိဘဂုဏ်၊ ဥစ္စာကြွယ်ဝမှုအရ သဘောကျဟန်တူသည်။ သဘောတူပုံရသည်။

ဒေါ်ဒေါ်စိုးက မိမိနှင့် သူ့သမီးအပြန်အလှန် ချစ်ကြိုက်နေကြပြီဟု ထင်သည်။

တကယ်တော့ ...

လွင်ဦးသည် ငယ်ရွယ်သူ လူပျိုတစ်ဦးမို့ တူးမာကိုဖြစ်ဖြစ်၊ မမြတ်ကိုဖြစ်ဖြစ် မမိုးကိုဖြစ်ဖြစ် ချစ်ပါသည်ဆိုဦးတော့ မိမိကိုယ်တိုင်က ထိုအချစ်ကို ရှောင်တိမ်းရမည်ကို နားလည်ခံယူထားပေသည်။

"ဟေး ... ငေးလှချည်လား မောင်လွင်ဦး ... "

"ဩော် ... မမမြတ် ကလပ်(စ်)ပြီးသွားပြီလား ... "

"ကိုးနာရီနဲ့ ဆယ်မိနစ်တောင် ရှိသွားပြီလေ ... မမ[illegible] ကလပ်(စ်)သွားတာ တစ်နာရီကျော် ကြာတယ်၊ အဲဒီ[illegible] ချိန်လုံး မောင်လွင်ဦး ငုတ်တုတ်ထိုင်ပြီး တစ်ခုခုကို အ[illegible] အနက်တွေးနေတာ မဟုတ်လား၊ တစ်နာရီဆိုတဲ့ အချိန်[illegible] အတွေးသမားတစ်ယောက်အတွက် တစ်ခဏလေးထ[illegible] တတ်တယ်၊ မမမြတ် ကလပ်(စ်)ပြီးလို့ လှမ်းကြည့်နေ[illegible] မောင်လွင်ဦးငေါင်နေလိုက်တာ၊ မမမြတ်ရောက်လာ[illegible] ကော မသိဘူး၊ ဘာတွေများ ဒီလောက်အတွေးနက်နေ[illegible] မောင်လွင်ဦး ... "

မမမြတ်သည် ကားတံခါးဖွင့်ဝင်ထိုင်ပြီး တံခါး[illegible] ပြန်ပိတ်လိုက်သည်။

လွင်ဦး ကားမောင်းထွက်လာသည်။

"မမမြတ်ဟာ တက္ကသိုလ်က နည်းပြဆရာမဆိုတာ မော[illegible] လွင်ဦးသိပါတယ်နော် ... "

"သိပါတယ် မမမြတ် ... "

"ဆရာမအလုပ်ဆိုတာ စုံထောက်တစ်ပိုင်း ပါတယ်ကွ၊ ကို[illegible] ကျောင်းသား ကျောင်းသူတွေကို ဘယ်သူက ဘယ်လို[illegible] တာ အကဲခတ်လေ့လာရတာကိုး ... "





လွင်ဦး ဘာမျှမပြော။

"မောင်လွင်ဦးကိုလည်း မမမြတ်စုံထောက်လုပ်လာတာ ရောက်စကတည်းကနေ ခုချိန်အထိပဲ၊ စုံထောက်ဆိုတာ လျှို့ဝှက်မှုကို ရှာဖွေတဲ့သူ မဟုတ်လား၊ သဲလွန်စရှာရတယ်၊ သက်သေရှာရတယ်၊ မိုးတစ်ရှာရတယ်လေကွာ ... "

"ကျွန်တော် ဘာပြန်ပြောရမှန်း မသိဘူးမမမြတ် ... "

"ဒါဆို မမမြတ်ကပဲ ဆက်ပြောမယ်၊ စောစောက မောင်လွင်ဦးစာတစ်စောင် အိတ်ထဲက ထုတ်ဖတ်တယ်၊ နောက်ပြီးအဲဒီစာကို တစ်စစီ အစိတ်စိတ် အမွှာမွှာဆွဲဆုတ်ပြီး ကားပြတင်းပေါက်က ပစ်ချတယ်၊ ကဲ ... ပြော၊ ဘာစာမို့ အကြာကြီးဖတ်ပြီးတဲ့နောက် အစိတ်စိတ်အမွှာမွှာ ဆွဲဆုတ်ပစ်တာလဲ၊ စာကို ဆုတ်ပစ်ပြီး မောင်လွင်ဦး တွေတွေငေးငေးကြီး ငိုင်နေတယ် ... "

လွင်ဦးက ဘာပြန်ပြောမှန်းမသိ။

"ကျွန်တော် ဘာမှမတွေးပါဘူး၊ ဆုတ်ပစ်တဲ့စာဟာ အလကားပါလို့ မောင်လွင်ဦးဖြေမှာပဲ မဟုတ်လား ... "

"အဲဒီအတိုင်းပါပဲ မမမြတ် ... "

"မောင်လွင်ဦး လိမ်တာ၊ ဟိုတစ်ခါကလည်း မောင်လွင်ဦး လိမ်တာညာတာ မမမြတ် ကြုံခဲ့ဖူးပြီ ... "

"ကျွန်တော် ဘယ်တုန်းက တစ်ခါလိမ်ဖူးတာလဲ မမမြတ်"

"အိမ်မှာ ကိုရန်မျိုးနောင် လာတဲ့နေ့ကလေ၊ ကိုရန်မျိုးနော
က မောင်လွင်ဦးကို အဆိုအတီးတတ်သလား မေးတာ
မောင်လွင်ဦးက စန္ဒရားလည်း မတီးတတ်ဘူး၊ သီချင်
လည်း မဆိုတတ်ဘူး၊ နောက်ဆုံး တယောတောင် မ
တတ်ဘူးလို့ လိမ်ညာခဲ့တယ်လေ၊ ဟိုတစ်ည ကားတိုက်
ညကတည်းက မောင်လွင်ဦးမှာ ကိုယ်ပိုင်တယောရှိနေ
ကို မမြတ်သိနေတာပဲ၊ နောက် မောင်လေးလတ်လတ်
တဆင့် တူးမာပြောပြလို့ သိရတာက မောင်လွင်ဦး
စန္ဒရားရော တယောရော သီးချင်းဆိုရော သိပ်တတ်တ
တဲ့၊ ဘာလို့ မမြတ်ကို လိမ်ညာချင်ရသလဲ မောင်လွင်ဦး"
"တစ်ပါးသူ တစ်ဦးဦးရဲ့ အကျိုးပျက်စီးမှုမပါတဲ့ လိမ်ညာ
ဟာ အပြစ်မရှိဘူးလို့ ကျွန်တော်ထင်ပါတယ် မမြတ် ..."
"အပြစ်မရှိပေမဲ့ လျှို့ဝှက်မှုတစ်ခုခုကြောင့် လိမ်ညာတယ်
ရင်ကောကွ ... "
"ကျွန်တော့်မှာ လျှို့ဝှက်မှုရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော်
ကြီး အာမခံပါတယ်၊ ကျွန်တော်ရဲ့လိမ်ညာမှုဟာ တပါး
အကျိုးပျက်စီးစေတာ မပါသလို၊ ကျွန်တော်ရဲ့ လျှို့ဝှက်
ဟာလည်း ဘယ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးပျက်စီး
မပါဘူးဆိုတာ ... နောက်ပြီး ကျွန်တော်ရဲ့လျှို့ဝှက်မှု





ဥပဒေနဲ့လည်း တစ်စက်လေးမှ မငြိစွန်းပါဘူးလို့ ကျွန်တော်
ထပ်ပြီး ရဲရဲကြီး အာမခံပါတယ် ... "
"အင်းပါ ... ဟုတ်ပါတယ်၊ မမြတ်ကလည်း မောင်လွင်ဦး
ကိုစိတ်ဝင်စားတာ သက်သက်ကြောင့် မေးမိတာပါ၊ မောင်
လွင်ဦးကို အပြစ်တင်ချင်လို့ မဟုတ်ပါဘူး၊ ကဲ ... ဒါတွေထား
လိုက်တော့၊ ဝမ်းသာစရာကောင်းတဲ့သတင်းတစ်ခု မမြတ်
ပြောစရာရှိလာတယ်၊ သမိုင်းနဲ့ပတ်သတ်တဲ့ လေ့လာမှုတစ်
ရပ်အတွက် မမြတ်ရဲ့ဌာနက လူကြီးတွေက နိုင်ငံခြားသွား
လေ့လာဖို့ မမြတ်ကို အများသဘောတူ ရွေးချယ်လိုက်
တယ် မောင်လွင်ဦး ... "
"သိပ်ကောင်းတာပေါ့ မမြတ် ... လေ့လာရေးဆိုကတည်း
က ကိုယ်မသိသေးတာတွေ လေ့လာရလေ ကိုယ့်မှာ ပညာ
တိုးလေပေါ့၊ နောက်တစ်ချက်က ဌာနရဲ့စရိတ်နဲ့ နိုင်ငံခြား
သွားရတယ်ဆိုတာက ဗဟုသုတတွေ အလကားရသလို
ရလိုက်တာပဲ မမြတ် ... "
"ဟုတ်ပါတယ် မောင်လွင်ဦး ... သိပ်ကို သွားသင့်တယ်၊
ဒါပေမဲ့ လေ့လာရေးအချိန်က နှစ်နဲ့ချီပြီး ကြာနိုင်တာမို့ မမ
မြတ်ခရီးထွက်နေစဉ် မဟာမြို့မှာက မမြတ်က အဓိက
အကျဆုံး မဟုတ်လား ... ဟော ... ဟော ... ဟိုရှေ့မှာ
လမ်းဘေးရပ်ထားတဲ့ ကားဟာ ဦးရန်မျိုးနောင်ရဲ့ ကားပဲ၊

ဘေးမှာရပ်နေတာလဲ ဦးရန်မျိုးနောင်ပဲ၊ လမ်းမှာ ကားပျက် သလားမသိဘူး၊ ကျွန်တော် သူ့ကားဘေးမှာ ရပ်ရမလား မမြတ် ... "

"ရပ်ပါ မောင်လွင်ဦး ... သူ့မှာ အကူအညီ တစ်ခုခုလိုနေ မလားပဲ ... "

လွင်ဦးက ရပ်ပေးလိုက်သည်။

"ဟာ ... မြတ်တို့ပါလား၊ အတော်ပဲ ... "

ဦးရန်မျိုးနောင် ဝမ်းမြောက်ဝမ်းသာစွာပြောပြီး မမြတ်ဆီ သို့လာသည်။

မြတ်သူဇာက လေးစားသောအနေဖြင့် ကားတံခါး ဖွင့်အောက်ဆင်းပြီး ရန်မျိုးနောင်အနီးကပ်အလာကို စောင့်သည်။

"မြတ်ကျောင်းဆင်းပြန်လာတာ ကိုရန်မျိုးနောင်ရဲ့ကား ဘာဖြစ်လို့လဲ ... "

"ကားပျက်တယ်လေ၊ တကယ့်အချိန်ကောင်းမှာမှ ကားက ပျက်တယ်၊ ဒီနေ့မနက်ပိုင်း မော်ဘီအိမ်မှာ နိုင်ငံခြားသား နှစ်ယောက်နဲ့ စက်ရုံတည်ဆောက်ရေးကိစ္စ ဆွေးနွေးဖို့ ဆယ့်တစ်နာရီမှာ ချိန်းထားတယ်၊ သူတို့ကို ကျွေးမွေးဧည့် ခံဖို့ လိုအပ်တာလေးတွေ ရန်ကုန်ဆင်းဝယ်တာ အခုအပြန် မှာ ကားပျက်တယ်လေ၊ ဒရိုင်ဘာမောင်ထွန်းကလည်း ဟုတ်တိပတ္တိ ကားမပြင်တတ်ဘူး၊ ကမာရွတ်ကို တပည့်တစ်





ယောက်လွှတ်ပြီး မက္ကင်းနစ် ခေါ်ခိုင်းထားတယ် ... "

ပြောရင်း ရန်မျိုးနောင် သူ့လက်ပတ်နာရီကို ကြည့် လိုက်သည်။

"အခု ဆယ်နာရီ မိနစ်နှစ်ဆယ် ရှိနေပြီ၊ ချိန်းထားတဲ့အချိန် မိနစ်လေးဆယ်ပဲ လိုတော့တယ်၊ နိုင်ငံခြားသားတွေက အချိန်ကို သိပ်တိကျလေးစားတာ၊ စည်သွပ်စက်ရုံဆောက်ဖို့ ကိစ္စက အရေးမကြီးဘူး ထားဦး၊ ကျွန်တော်နောက်ကျ ပျက် ကွက်ရင် မင်းတို့ မြန်မာတွေ အချိန်မလေးစားဘူးလို့ ထင် သွားမှာ သိပ်စိုးရိမ်တယ်၊ ဆွေးနွေးမှာက ကျွန်တော့်စက်ရုံ ကိစ္စ၊ ကျွန်တော်က ပျက်ကွက်တယ်ဆိုတာလည်း မသင့် တော်ဘူးပေါ့မြတ် ... "

"ဒါဆို အခုမြတ်ရဲ့ ကားနဲ့သွားရင် မော်ဘီကို မိနစ်လေးဆယ် မှာ ရောက်မလား ... "

"ဒါကတော့ မောင်းတဲ့လူအပေါ်မှာ မူတည်တယ်၊ ဘယ့် နှယ်လဲ၊ မောင်လွင်ဦး မောင်းနိုင်မလား၊ အခုချက်ချင်း သွား ရင် မိနစ်လေးဆယ် မော်ဘီကို မီနိုင်လောက်တယ်၊ မမြတ် ကို အိမ်ပို့ပြီးမှ သွားရင်တော့ မီဖို့ သိပ်မသေချာဘူးခင်ဗျ"

"မပို့နဲ့လေ ... မမြတ်လည်း အတူလိုက်ခဲ့မယ်၊ ကဲ ... ဒါ ဆိုတက်ပါ ကိုရန်မျိုးနောင်၊ အခုပဲ သွားကြတာပေါ့ ... "

ဒရိုင်ဘာမောင်ထွန်းက ဝယ်လာသောပစ္စည်းတွေ

မြတ်သူဇာ ကားပေါ်ပြောင်းပေးသည်။ မက္ကင်းနစ်လာ၍ ပြင်ပြီးပ
က မောင်ထွန်းကားနှင့် လိုက်ခဲ့ဟု မှာကြားပြီး စတင်မောင်းထွက်
ခဲ့သည်။

အရေးကြီးသည့် အချိန်မီရောက်လိုသည် ဆိုသော
ကြောင့် လွင်ဦး ကားကိုအမြန်ဆုံး မောင်းတော့သည်။

မင်္ဂလာဒုံလမ်းကွေ့တစ်ခုတွင် အရှိန်နှင့်မောင်းရင်း
ကွေ့လိုက်သည်။

"အို ... အမေ့ ..."

မြတ်သူဇာ အိကနဲ မောင်းနေသော လွင်ဦးဘက်သို့
ယိုင်ကျသွားသည်။ လွင်ဦးက မောင်းလျက်ကပင် မမြတ်ကို သူ့
လက်တစ်ဘက်ဖြင့် လဲကျပြုတ်ကျမသွားရန် ဆီးပွေ့ထားလိုက်
သည်။

"မမြတ် ... ထိခိုက်သွားလားဟင် ..."

ကားကို ချက်ချင်းလမ်းဘေးတွင် ထိုးရပ်လိုက်သည်။

"မမြတ် ဘာမှမဖြစ်ဘူး ... ဆက်မောင်းပါ မောင်လွင်ဦး"

မြတ်သူဇာသည် လွင်ဦးရင်ခွင်ထဲမှ ကျုံးထရင်း
နေရာမှန်ပြန်ထိုင်ကာ ဆက်မောင်းခိုင်းသည်။

လွင်ဦးဆက်မောင်းသည် မောင်းလျက်ကပင် မမ
မြတ် ဘာဖြစ်သွားလဲဟူသော အကြည့်ဖြင့် စွေစောင်းကြည့်သေး
သည်။





"မမြတ် ဘာမှမဖြစ်ဘူး ... မောင်းမှာသာ မောင်း၊ စိုးရိမ်
ပြီး ကြည့်, ကြည့်မနေနဲ့၊ ကားက အရှိန်များတယ် ..."

မြတ်သူဇာ၏ရင်မှာ ဒိတ်ဒိတ်ခုန်ပါ၏။ လဲပြိုသော
ကြောင့်လည်း ရင်ခုန်သည် မောင်လွင်ဦး၏သန်မာသော လက်ကြီး
ဖြင့် ဆီးပွေ့ရင်း သူ၏ရင်ခွင်ထဲ ရောက်သွားခြင်းကြောင့်လည်း ရင်
န်သည်။

တစ်သက်လုံးတစ်ခါဖူးမျှ မခုန်ဖူးသော ရင်ခုန်နည်း
ဖြင့် ရင်ခုန်ခြင်းဖြစ်ပါသည်။

သို့သော် အသည်းအေးအေး၊ နှလုံးအေးအေးဖြင့် ရင်
န်ခြင်းမျိုး ဖြစ်ပါသည်။

ထိတ်လန့်၍ ရင်ခုန်ခြင်းသည် အသည်းပူပူ၊ နှလုံးပူ
 ရင်ခုန်ခြင်းမျိုး ဖြစ်သည်။

ယခုဘာလို့ မြတ်သူဇာအသည်းအေး၊ နှလုံးအေး
င်ခုန်ရဘိသနည်း။

ဆယ့်တစ်နာရီထိုးရန် ငါးမိနစ်အလိုမှာပင် ရန်မျိုး
နောင်အိမ်ဂေဟာရှေ့တွင် ကားထိုးရပ်နိုင်ပေသည်။

တိုက်အိမ်လေးရှေ့တွင် အဖြူခံနံပါတ်ပြားနှင့် ကား
သစ်တစ်စီးရပ်လျက်သား တွေ့ရသည်။

"တွေ့လားမြတ် ... ချိန်းထားတဲ့ နိုင်ငံခြားသားနှစ်ယောက်
သံရုံးက ကားနဲ့ရောက်နှင့်နေကြပြီ၊ ဒါပေမဲ့ ချိန်းထားတဲ့

အချိန်က ငါးမိနစ်တောင် လိုသေးတယ်၊ မောင်လွင်ဦးကို အစ်ကိုအရမ်းကျေးဇူးတင်တယ်ကွာ၊ အစ်ကို ကိုယ်တိုင်ဒီ လောက်အရှိန်နှုန်းနဲ့ မောင်းနိုင်မှာ မဟုတ်ဘူး၊ ဒရိုင်ဘာ မောင်ထွန်းဆို သာပြီးတောင် မမောင်းနိုင်သေး ... ”

တိုက်အိမ်ထဲမှ ဦးရန်မျိုးနောင်တပည့်နှစ်ယောက် ထွက်လာပြီး ဝယ်လာသော ပစ္စည်းများကို သယ်ယူကြသည်။ ဦးရန် မျိုးနောင်လည်း ကားပေါ်မှ ဆင်းသည်။

“မြတ်တို့ မဆင်းတော့ဘူး၊ အထဲမှာ နိုင်ငံခြားဧည့်သည်တွေ လည်း ရှိနေတယ်လေ ... ကဲ ... မောင်လွင်ဦး ပြန်ကြစို့ မမမျိုးတို့ စိတ်ပူလှလျော့မယ် ... ”

အပြန်လမ်းကို မောင်းခဲ့ကြသည်။ ကားကို မှန်မှန် ပင် လွင်ဦးမောင်းတော့သည်။

နှစ်ယောက်စလုံး စကားမပြောမိကြပေ။ ကိုယ်စီ အတွေးဖြင့် ကိုယ့်စီရင်ခုန်နေသည်ထင့်။

မှော်ဘီမှ ထွက်လာပြီး (၈)မိုင်လောက်အရောက် တွင် ကားသည် မောင်းရင်း တုန့်ခနဲ ဖြစ်သွားသည်။

“ဟော ... ”

“ဘာလို့လဲ မောင်လွင်ဦး ... ”

“ကားမှာ ဓာတ်ဆီကုန်တယ် ထင်တာပဲ ... ”

ဓာတ်ဆီပြဒိုင်ခွက်ကို ကြည့်လိုက်ရာ (E)အက္ခရာသို့





ခြားရောက်နေသည်။ မောင်းရင်းပင် ကားဖြူလေး ဆန့်ငင်ဆန့်ငင် နှင့် ထိုးရပ်သွားတော့သည်။

“ဒါ ... မမမြတ် အပြစ်ပဲ၊ ဒီကား ဓာတ်ဆီထည့်ရက်က နက် ဖြန်မှမို့ အပိုထည့်မထားမိဘူး၊ ဒါကိုလည်း သတိမရဘူး၊ သတိ ရရင်တော့ မှော်ဘီအပြင်ရောင်းဆိုင်က ဝင်ဖြည့်သင့်တယ်၊ သူ့ရက်နဲ့ သူထည့်နေကျမှာ အခု မှော်ဘီအထိလာတော့ ဓာတ်ဆီကုန်သွားတာ ... ကဲ ... အခု ဘယ်လိုလုပ်မလဲ မောင်လွင်ဦး ... ”

“အပြင်ဓာတ်ဆီဝယ်ရဖို့က ထောက်ကြန့်မှာမှ သေချာ တယ် မမမြတ်၊ ထောက်ကြန့်ကို ကျွန်တော် ကားကြုံနဲ့ လိုက်သွားမယ်၊ ဓာတ်ဆီဝယ်ပြီး ကားကြုံနဲ့ ပြန်လိုက်ခဲ့မယ် လေ ... ”

“အဲ ... မမမြတ်က ဒီမှာနေခဲ့ရမှာလား ... ”

မြတ်သူဇာက လမ်း၏လက်ဝဲ၊ လက်ျာရှိ တောတန်း ကို ကြည့်ပြီး ပခုံးလေးတွန့်ကာ ပြောလိုက်သည်။

“မမမြတ် မကျန်ခဲ့ရဲဘူး ... ကြောက်တယ် ... ”

ဟုတ်ပါ၏။ ကြောက်သင့်သောနေရာ ကြောက်သင့် သော အခြေအနေရှိနေပါ၏။

“ဒါဆို မှော်ဘီ–ရန်ကုန် ပြေးဘတ်(စ်)ကားလာရင် မမမြတ် လိုက်သွား၊ ဓာတ်ဆီတစ်ဂါလံ ဝယ်လာပြီး အငှားကားနဲ့

ဖြစ်ဖြစ် ပြန်လာဋလေ၊ ကျွန်တော် ဒီမှာကားစောင့်ပြီး ကျန်ခဲ့မယ် ... ”

မြတ်သူဇာ ခေါင်းကုတ်သည်။

“အဲဒီလိုလည်း မဖြစ်သေးပါဘူး မောင်လွင်ဦးရယ် ... မမြတ်မှာ ဘတ်(စ်)ကား စီးကျင့်မရှိဘူး၊ ဘတ်(စ်)ကားပေါ် အတက်အဆင်းလည်း မကျွမ်းကျင်ဘူး၊ ဘတ်(စ်)ကားရောက်လို့ရောက်မှန်း သိမှာမဟုတ်ဘူး ... ”

“ဒါဆို ဖြတ်သွားဖြတ်လာ ပရိုက်ဗိတ်ကားတစ်စီးစီး စောင့်လက်တားပြီး တောင်းပန်၊ ခတ်ဆီ တစ်ဂါလံလောက် ရောင်းပါလို့ ပြောရမှာပဲ ... ”

နှစ်ယောက်သား ကားတစ်စီးအလာကို စောင့်ကြသည်။ ကုန်ကားတွေ ဖြစ်စေ၊ ပရိုက်ဗိတ်ကား ဖြစ်စေ၊ လက်တားသည်ကို ရပ်မပေးပေ။ ဤသို့သောနေရာတွင် ဘာမှန်းမသိ ညာမှန်းမသိမို့ ရပ်မပေးရဲကြ။

“ဒီလိုပဲ လုပ်ကြစို့ မောင်လွင်ဦး၊ မှော်ဘီကလာတဲ့ ဘတ်(စ်)ကားနဲ့ပဲ မမြတ်ရော မောင်လွင်ဦးရော အတူတူ ထောက်ကြန့်ကို လိုက်သွားကြမယ်လေ ... ”

“ကားထားခဲ့ဖို့ စိတ်ချရမလား ... ”

“ဘာတတ်နိုင်မလဲ ... တံခါးတွေပိတ် သော့ခတ်သွားရမှာ





ပေါ့၊ လာပါကွယ်၊ ဟောဟိုမှာ ဘတ်(စ်)ကား၊ မှော်ဘီဘက်က လာနေပြီ၊ တက်လိုက်သွားကြစို့တော့ ... ”

ထိုဘတ်(စ်)ကားဖြင့်ပင် နှစ်ဦးသားတက်လိုက်လာကြသည်။

မြတ်နှင့် လွင်ဦးသည် မတ်တတ်ရပ်လိုက်ရပြီး ... အလယ်တွင် မတ်တတ်ရပ်သူတွေကြားတွင် ပိတ်နေသည်။ တခြားသူစိမ်းတွေနှင့် ပိညှပ်မည့်အစား ကိုယ့်လူဖြစ်သော မောင်လွင်ဦးနှင့် ထိပိသည်ကတော်သေးဟုတွက်ကာ မြတ်သူဇာသည် လွင်ဦးဆီသာ အတင်းတိုးကပ်တော့သည်။ လွင်ဦးရင်ခွင်ထဲ မြတ်သူဇာရောက်ရပြန်သည်။

ခေါင်မိုးလက်တန်းကို လှမ်းကိုင်သောအခါ ပွင့်နေသော ရင်အစုံကို ဘတ်စကားစီးသူတွေက ငေးကြည့်စူးစိုက်ကြည့်ကြသောကြောင့် လက်ကိုပြန်ချကာ လွင်ဦး၏ခါးနှင့် ပခုံးကိုသာ အားပြုဖက်တွယ်ကိုင်ထားရသည်။

ကားအကွေ့တွင်ဖြစ်စေ ကားဘရိတ်နင်းသည့်အခါဖြစ်စေ လွင်ဦးနှင့် မြတ်သူဇာ သိသိသာသာ ပိပိကြီး ပူးကပ်သွားသည်။

အရွယ်ရှိသူဖိုနှင့် မလည်းဖြစ်ပြန် အတွင်းစိတ်တွေကိုက ဆန်းကျယ်နေသည်လည်းဖြစ်ပြန်မို့ နှစ်ဦးစလုံး ဖိုနှင့် မအထိအတွေ့ဖြင့် ရင်ခုန်ကြရပြန်သည်။

မြတ်သူဇာသည် ဘတ်စကားတစ်ခါမျှ မစီးဘူးခေ ယောကျ်ားပျိုတစ်ဦးနှင့်လည်း ယင်းသို့ တစ်ခါမျှမထိတွေ့ဘူးေ မျိုးရိုးအစွဲကြီးသောကြောင့် မိဘပေးစားသူနှင့်သာ လက်ထပ်ေ ဆိုသည့် ဆုံးဖြတ်ချက်ကြောင့် ချစ်သူရည်းစားလည်းတစ်ခါမျှမထာ ဘူးပေ။

ယခုမောင်လွင်ဦးနှင့် မကြာခဏထိတွေ့ ရင်း သည်မို့ မောင်လွင်ဦးနှင့် ကားတိုက်မိသည်ကအစ မောင်လွင် အကြောင်းကို တွေးမိသည်။ နှလုံးသားသည် အညှောင့်လေးထွ လာချင်သည်။

"လာ ... ဆင်းစို့ မမမြတ် ... ထောက်ကြန့်ရောက်ပြီ"

ဟု မိမိလက်ကို မောင်လွင်ဦးက ဆွဲခေါ်ဆင်းေ မှ ယောင်တိယောင်ကန်း လိုက်ပါသွားတော့သည်။

ထောက်ကြန့်လမ်းဆုံဝယ် မြတ်သူဇာနှင့် လွင်ဦ ယှဉ်တွဲပြီး ပြင်ပဓာတ်ဆီရောင်းသူကို လိုက်ရှာကြသည်။

အလွယ်တကူပင် သူတို့ပုံးကို တန်ဖိုးဓာတ်ဆီဖိုးေ ကာ ဓာတ်ဆီနှစ်ဂါလံရသည်။

မိမိကားဆီသို့ ပြန်ရှီးမည်။

"မမမြတ်တော့ ဘတ်စ်ကားစီးရမှာ ကြောက်သွားပြီ မောင်လွင်ဦး ... ဒါကြောင့် လတ်လတ်က မမမြတ်ကို ဘတ်စ်ကားစီးဘူးရဲ့လားလို့မေးတာ ... "





"ဒါဆို ဒီထောက်ကြန့်က လက်ဖက်ရည်ဆိုင်ကပဲ မမမြတ် ထိုင်စောင့်နေပါလား ... ကျွန်တော် ကြုံသလိုပြန်ပြီး ကား မောင်းလာခဲ့မယ်လေ ... "

"ဘာလဲ ... မောင်လွင်ဦးက မမမြတ်နဲ့ သွားရတာ စိတ်ရှုပ် သွားပြီလား ... ဝန်လေးသွားပြီလား ... "

"လုံးဝစိတ်မရှုပ်တဲ့အပြင် ရင်ထဲမှာ ပျော်သလိုလိုတောင် ခံစားရသေးတယ် ... "

"ပျော်သလိုလို ... ဟုတ်လား မမမြတ် ... ကျွန်တော့် ရင် ထဲမှာလည်း ... "

"ကဲ ... ရှည်မနေနဲ့ ... အငှားကားတစ်စီးသာငှားတော့"

"ဒါဆို ဟိုရှေ့က အငှားဂျစ်ကားစတင်းပဲ ... အဲဒီက ဂျစ် ကားငှားသွားကြမယ် ... "

ရှေ့ဘက်မှာပင် မောင်းသူနှင့်အတူ သုံးယောက် ထိုင်ကြသည်။ လွင်ဦးက သူ၏မမမြတ်ကို ဂျစ်ကားဆရာနှင့် ပူး မထိုင်စေဘဲ အလယ်တွင်ထိုင်ပြီး မမမြတ်ကို ဘေးအစွန်တွင် ထိုင် စေသည်။

ပူးကပ်ထိတွေ့ကြပြန်သည်ပေါ့။

တောင်းသလောက် အခပေးပြီး ကိုယ့်ကားရပ်ထား ရာဆီသို့ ရောက်လာသည်။ ဂျစ်ကားသမား ချက်ချင်း ပြန်ကွေ့ မောင်းသွားသည်။

ဓာတ်ဆီတော့ရပြီ။ တိုင်ကီထဲ ဓာတ်ဆီဘယ်
ထည့်ရပ့ါ။ ဆလွန်းကားမို့ အဖုံးဖွင့်လောင်းထည့်ရန် ကန်တော့
ပေသည်။

မမြတ် ကားဖြူထဲတွင် ဘာမျှမရှိ။

နောက်ဆုံး မတတ်နိုင်သောအခြေအနေမို့ လွင်ဦး
သည် ကားဒက်ရှ်ဘုတ်ကိုဖွင့်ကာ စာအုပ်စာရွက်ထည့်ထား
သူ၏စာအိတ်ညိုကြီးကို ဖွင့်ယူလိုက်သည်။ အထဲမှစာရွက်တွေ
အုပ်တွေကို ကားဒက်ရှ်ဘုတ်ထဲ ပြန်ထည့်ကာ စာအိတ်ညိုကြီး
ကန်တော့ပုံသဏ္ဍာန်ပြုပြီး ဖင်အချွန်ပိုင်းကို အပေါက်ကျယ် ပါ
ဖြင့် ကိုက်ဖြတ်ကာ ဓာတ်ဆီပေါက်တွင် ကန်တော့စွပ်သလို
လိုက်သည်။

လွင်ဦး လုပ်ဆောင်သမျှ မြတ်သူဇာက လိုက်ကြည့်
နေသည်။

"ဒီစက္ကူကန်တော့ကိုတော့ ငြိမ်အောင် မမြတ် ကိုင်ထား
ပေး ... ကျွန်တော် ပုံးထဲကဓာတ်ဆီ လောင်းထည့်မယ်
စာအိတ်ညိုကြီးက ယာယီတော့ ဓာတ်ဆီဒဏ်ကို ခံနိုင်
ပါ ... "

ပြောသည့်အတိုင်းလုပ်ကြသည်။

လုပ်သည့်အတိုင်း အောင်မြင်သွားသည်။





"ဘယ်ဆိုးလို့လဲ ... မောင်လွင်ဦး သိပ်ဉာဏ်ကောင်းတာ
ပဲ ... "

"NECESSTY IS MOTDR OF INVETIONဆိုတဲ့ စကားရှိ
တာပဲ မမြတ် ... လိုအပ်ချက်ဟာ တည်ထွင်မှုရဲ့မိခင်လို့
အင်္ဂလိပ်စကားရှိတာပဲ ... လူကြံရင် ပုဂံပြည်ဖြစ်ဆိုတဲ့
မြန်မာစကားပုံလိုပေါ့ ... ဟာသနဲ့ ပြောရရင် လူကြံရင်
ထရံတောင်ဈေးထုတ်စနောင်းပေါ့ မမြတ်ရာ ... "

ပြောရင်း ရယ်ကြသည်။

ကားတံခါးတွင် သော့ပြန်ဖွင့်ဝင်ထိုင်စက်နှိုးရာ ကား
က်နှိုးသွားတော့သည်။

ဆက်၍မောင်းလာခဲ့ပါ၏။

မြတ်သူဇာသည် ရင်ထဲ လိပ်ခဲတင်းတင်းဖြစ်နေ
သည်ကို မြိုမထားနိုင်တော့ဘဲ မေးမြန်းလိုက်သည်။

"မမြတ်ကို မှန်မှန်ပြောစမ်း မောင်လွင်ဦး ... ဘယ်အတန်း
အထိသင်ခဲ့လဲ ... ဒါမှမဟုတ် ဘယ်ဒီဂရီကောလိပ်ကဘွဲ့ရခဲ့
သလဲ ... မမြတ်ကိုယ်တိုင်က တက္ကသိုလ်က နည်းပြ
ဆရာမတစ်ယောက်နော် ... မမြတ် အကဲခတ်နိုင်စွမ်းရှိ
တယ်၊ ခုနတောင် လွင်ဦးပြောသွားတဲ့ အင်္ဂလိပ်PROVERB
တစ်ခုပဲ ... ပြီး မောင်လွင်ဦး အဲဒီPROVERBကို ပြောတဲ့
အင်္ဂလိပ်စာလေသံဟာ ... သိပ်ထံကရိဏ်းကျတယ် ...

မောင်လွင်ဦးလိမ်ညာနေတယ် ... သူတစ်ပါးအကျိုးကို မထိခိုက်စေတဲ့ လိမ်ညာမှုနေတယ် ... သူတစ်ပါးအကျိုးကို မထိခိုက်စေတဲ့ လိမ်ညာမှုမှာ အပြစ်မရှိဘူးဆိုဦးတော့ ... ပုန်းလျှိုး ကွယ်လျှိုး ဖုံက်ထားတာဟာ မကောင်းတဲ့ အကျင့်တစ်ခုလို့ ပြောနိုင်တယ် ... ကဲ ... ပြော ... မောင်လွင်ဦးဘယ်ကောလိပ် ဘယ်တက္ကသိုလ်မှာ ဘယ်အဆင့် ဘယ်အတန်းထိ သင်ခဲ့သလဲ ... ဒါမှမဟုတ် ဘွဲ့ရပြီးသားဆိုရင်ဘာမေဂျာနဲ့ ဘွဲ့ယူခဲ့သလဲ ... "

"အားပါးပါး ... မမမြတ် ... ကျွန်တော့်ကို သိပ်အထင်ကြီးလွန်းနေပါလားဗျာ ... "

"မင်း ဘာထပ်လိမ်ဦးမလဲ မောင်လွင်ဦး ... အနုပညာနဲ့ပတ်သတ်ပြီး မင်းလိမ်ခဲ့ဖူးပြီးပြီ ... "

"ဒါကတော့ ဦးရန်မျိုးနောင်က ကျွန်တော့်ကို ဆိုခိုင်း၊ တီးခိုင်းတာဟာ အနုပညာကို ခံစားချင်လို့မှ မဟုတ်တာပဲ မမမြတ် ... သူမေးမြန်းတာက တရားခံကို ပုလိပ်က မေးတာမျိုးကြီးပဲဟာ ... ဒါကြောင့် ကျွန်တော် ဘူးငြင်းပြီး ညာလိုက်ရတာပါ မမမြတ် ... "

"ကိုရန်မျိုးနောင်ကရော မောင်လွင်ဦးကို ဘာဖြစ်လို့ ပုလိပ်မေးတာမျိုး မေးချင်တာလဲ ... "

"သူ့မှာ အကြောင်းရှိမှာပေါ့ မမမြတ် ... သူ ဘာကြောင့်





ကျွန်တော့်ကို စူးစမ်းချင်ရသလဲဆိုတာ မမမြတ်ကိုယ်တိုင်ပဲ၊ သူ့ကို မေးကြည့်ပေါ့၊ တကယ်တော့ ကျွန်တော်စန္ဒရားကောင်းကောင်းတီးတတ်ပါတယ်၊တယောကောင်းကောင်းထိုးတတ်ပါတယ်၊ သီချင်းလည်း ကောင်းမကောင်းတော့မသိဘူး ဆိုတာတော့ ဆိုတတ်ပါတယ်၊ ကျွန်တော့်အဖေဟာသုခုမပညာရှင်တစ်ယောက်မို့ သူတတ်တာတွေ အားလုံးကျွန်တော့်ကို သင်ပေးထားလို့ ကျွန်တော်တတ်ကျွမ်းနေတာပါ မမမြတ် ... "

"ကျောင်းပညာနဲ့ ပတ်သတ်လို့ရောကွာ ... "

"ကျွန်တော် စာဖတ်ဝါသနာ သိပ်ကြီးပါတယ်၊ ဘာစာမဆိုကျွန်တော်ဖတ်တယ်၊ ကုန်ကုန်ပြောရရင် နံရံမှာ ကလေးတွေ လက်ဆော့ပြီး ရေးထားတဲ့ စာကအစ ကျွန်တော်ဖတ်တယ်၊ ဒါကြောင့် ကျွန်တော်စာတော့ ဖတ်ပါတယ်၊ ဒါပေမဲ့ဘယ်ရွှေ့ဘယ်မျှ ဘယ်အတန်းထိရောက်ခဲ့တယ်ဆိုတာမျိုးမရှိခဲ့ပါဘူး၊ ကျွန်တော် တက္ကသိုလ်အထိ တတ်ဖူးတယ်၊ ဘွဲ့ရဖူးတယ်ဆိုရင် သူများအိမ်မှာ ဒရိုင်ဘာ ဘယ်လုပ်တော့မလဲ၊ ဌာနတစ်ခုခုမှာ အနည်းဆုံး အောက်တန်းစာရေးဝင်လုပ်မှာပေါ့ ... "

"မင်းရဲ့ ကျောင်းအတန်း ပညာကရောကွာ ... "

"ကျောင်းအတန်းပညာတို့ တက္ကသိုလ်အတန်းပညာတို့ ဆို

တာတွေက ဖအေက သားကို သင်ပေးလို့ရတဲ့ ပညာမျိုး မဟုတ်တာ၊ ဒီအတန်းတက်ရင် ဒီလောက်ငွေကြေးတတ်နိုင် ရမယ်ဆိုတဲ့ ငွေကြေးကန့်သတ်ချက်ကြီး ရှိနေတယ်လေ ကျွန်တော့်လို ငမွဲက ဘာတန်းကို တက်နိုင်မှာလဲဗျာ ...

"စာပေးစာယူ သင်တန်းနဲ့ တတ်ရင်ရော ... "

"စာပေးစာယူသင်တန်း တက်ဖို့ကျောင်းသားအတွက် အေး တည်တည်တန့်တန့်နေတဲ့ အိမ်ရှိရပေါ့မယ် မမြတ် ... ကျွန် တော်က ဒီအလုပ်ပြုတ်၊ ဟိုအလုပ်ရှင် အိမ်ရောက်လည်း ဖြစ်ပြန်၊ စာကျက်ဖို့ အချိန်ရယ်လို့ သီးသန့်လည်း မပေးနိုင် ပြန်ဆိုတော့ မဖြစ်ပြန်ဘူးပေါ့ ... "

မြတ်သူဇာ ဆက်မပြောတော့ပေ။ မောင်လွင်ဦး အပေါ်တွင် သံယောဇဉ်ရှိထားသည့်အတွက် စိတ်မကောင်းဖြစ် သည်တော့အမှန်။

မြတ်သူဇာသည် ဒီအတိုင်းကြီး ကားပေါ်တွင် ထိုင် လိုက်ရမည့်ခရီးရှည်မို့ ဒက်(ရှ်)ဘုတ်ဖွင့်လိုက်ကာ ဖတ်ရန်စာအုပ်တစ် အုပ် အုပ်ကို ရှာဖွေလိုက်သည်။

"အဲဒါ ကျွန်တော်ရဲ့ လျှို့ဝှက်ချက်ပါ မမြတ် ... ကျေးဇူးပြု ပြီး ယူမဖတ်ပါနဲ့ ... "

"မမြတ်က အတင်းယူကြည့်မယ်ဆိုရင်ကော မောင်လွင်ဦး မမြတ်ကို စိတ်ဆိုးမှာလား ... "





"စိတ်ဆိုးရလောက်အောင် လျှို့ဝှက်ချက်မျိုးတော့ မဟုတ် ပါဘူး၊ ကျွန်တော်ရဲ့လျှို့ဝှက်ချက်ကို သူစိမ်းတစ်ယောက် မသိစေချင်တဲ့ လျှို့ဝှက်ချက်မျိုးပါ ... "

"မမြတ်က မောင်လွင်ဦးအတွက် သူစိမ်းမို့လားကွယ် ... မဟာမြိုင်ဂေဟာကြီးမှာ မိသားစုလိုအတူ နေထိုင်လာတာ တစ်လတောင် ပြည့်တော့မှာပဲဟာ ... ဘာပဲဖြစ်ဖြစ် ဒီစာ ရွက်တွေကို မမြတ်ဖတ်မှာပဲ ... "

မြတ်သူဇာက ကလစ်တွဲထားသော စာရွက်တွဲကြီး ကို ထုတ်ယူလိုက်သည်။ ထိုစာရွက်တွဲမှာ စာအိတ်ညိုကြီးထဲတွင် ထည့်ထားသော စာရွက်တွဲကြီး ဖြစ်သည်။ မလွဲသာသဖြင့် စာအိတ် ညိုကြီးကို ဓာတ်ဆီထည့်ကန်တော့ လုပ်ရသဖြင့် ထွက်ရှိလာသည့် ကလစ်တွဲစာရွက်တွဲ ဖြစ်ပါ၏။

**"လေအစုန် ရွက်ကုန်ဖွင့်သော်လည်း"**

မှင်အစိမ်းရောင်ဖြင့် ရေးထားသော စာခေါင်းစီးစာ ရွက်နှာကို ဖတ်ရှုရသည်။

စာရေးသူ၏ ကလောင်အမည်ကို ကြည့်လိုက်ရာ ...

**"မောင်ဗေဒါ"**

ဤစာရွက်တွဲကြီးသည် ကလောင်ရှင် မောင်ဗေဒါ ရေးထားသော ဝတ္ထုစာမူကြီး ဖြစ်နေတော့သည်။

မြတ်သူဇာ စတင်ဖတ်ရှုသည်။

ဝတ္ထု၏အခန်း(၁)အစကို အဖွင့်ကဗျာတစ်ပုဒ်နှင့် ဖွင့်ထားသည်။ ကဗျာကိုလည်း ထိပ်စီးဖြင့် ...

**"အားတင်းပေမယ့်"**

ဟု အမည်ပေးထားသည်။

"ရေအစုန် ရွက်ကုန်ဖွင့်သော်လည်း ...
ဩော် ... ခွင့်မသာ ...
ရေဆန်က စီးလှသည်မို့
လှေကြီးမှာနောက်ပြန် မျောရတယ်
မေးလိုက်ရတာ။
ဟယ် ... အားမလျှော့ပါဘူး၊
ဝါးကူမယ်ဆိုပြန်တော့လည်း
အလံတစ်ရာ ရေကနက်သည်မို့
အဘရေ ခက်မှခက်ပဲ"

အဖွင့်ကဗျာလေးပေးထားသော အမည်အားတင်းပေမဲ့နှင့် လိုက်လျောညီထွေစွာ ကြိုးစားအားထုတ်သော်လည်း မအောင်မြင်သည် အခက်အခဲကို ဖော်ပြထားသည်မှာ ကရုဏာရသ ပြောင်မြောက်လှသည်။

မြတ်သူဇာ ကဗျာကိုဖတ်ရင်း စိတ်မကောင်းဖြစ်ရသည်။

ဖျတ်ခနဲ မောင်လွင် ရုပ်အကြံထွက်ချိတ်ထားသော





ဖောင်တိန်ကို မြတ်သူဇာ ဖြုတ်ယူလိုက်ကာ စာရွက်လွတ်တစ်နေရာတွင် ဖောင်တိန်ဖုံးဖွင့်ကာ ရေးခြစ်ကြသည်။ အစိမ်းရောင်မှင်သုံးထားသည်ကို တွေ့သည်။

ဝတ္ထုစာမူမှစာလုံးတွေကလည်း ဤအစိမ်းရောင်စာလုံးတွေဖြစ်နေသည်။

ဤဝတ္ထုကော်ပီသည် မောင်လွင်ဦးရေသော ဝတ္ထုမှန်း သေချာသွားသည်။

"မောင်လွင်ဦးက မှင်အစိမ်းရောင်သုံးတယ်နော် ... "

လွင်ဦး ဘာမျှပြန်မဖြေပါလေ။

"နောက်ပြီး ခုခေတ်မှာ ကလေးလူကြီးကအစ ဘော(လ်)ပင်ကိုပဲ သုံးကြတယ် ... မောင်လွင်ဦးက ရှားရှားပါးပါး ဖောင်တိန်နဲ့ မှင်ကို သုံးတတ်ပါလား ... "

"အဲဒီဖောင်တိန်ဟာ ကျွန်တော့်ဘဝမှာ တယောလေးလို မြတ်နိုးသလို ဒီဖောင်တိန်ကလည်း အမြတ်နိုးဆုံးပါပဲ မမမြတ် ... အဲဒီတယောနဲ့ ဖောင်တိန်ဟာ ဖေဖေထားခဲ့တဲ့ ကျွန်တော့်ရဲ့ အမြတ်နိုးဆုံး ပစ္စည်းနှစ်ခုပါ ... ဖေဖေဟာ ဒီတယောလေးနဲ့ သံစဉ်ရှာတယ် ... ရှာလို့ရတဲ့ သံစဉ်ကို ဒီဖောင်တိန်မှင်စိမ်းရောင်နက် မှတ်သားတယ် ... "

မြတ်သူဇာ စာမူဝတ္ထုကြီးကို ဆက်မဖတ်တော့ဘဲ တရိုတသေပင် ဒက်(ရ်)ဘုတ်ထဲ ပြန်ထည့်ထားလိုက်သည်။

"ဆင်တစ်ကောင်လုံး မျက်မြင်တွေ့နေမှတော့ ... ဆင်ခြေရာရှာဖို့ မလိုတော့ဘူးပေါ့ မောင်လွင်ဦး ... မောင်လွင်ဦးဟာ အသက်အရွယ် လတ်လတ်နဲ့ရွယ်တူ၊ ငယ်သေးပေမဲ့ တည်ကြည်တယ် ... ကိုယ်ကျင့်တရားထိန်းတယ် ... သိက္ခာရှိတယ် ... အနေအထိုင်အပြောအဆို မကလက်ဘူးဆိုတာတွေ အခုတစ်လလောက်အတူနေခဲ့တဲ့ မမမြတ်သိလာတယ် ... အားလုံးတော်ပါတယ် ... ဒါပေမဲ့ ... မောင်လွင်ဦးရဲ့အကျင့်ဆိုးတစ်ခုက လိမ်ညာတတ်တာတစ်ခုပဲ ... မောင်လွင်ဦးရဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ပြောတာတွေလည်း မမမြတ် မယုံကြည်ခဲ့ပါဘူး ... အခု ကဗျာခေါင်းစည်းနဲ့ ဝတ္ထုအဖွင့်ကို ဖတ်ကြည့်မိတာနဲ့ မောင်လွင်ရဲ့ ပညာအဆင့်ဟာ မောင်လွင်ဦးပြောသလို မဟုတ်ဘူးလို့ပိုပြီး မမမြတ်ရင်ထဲက ယုံကြည်တယ် ... မမမြတ်ဟာ စာတစ်ကြောင်း စာတစ်ပိုဒ်ကို ဖတ်လိုက်တာနဲ့ ဒီစာရေးသူရဲ့ အရည်အချင်းကို အကဲခတ်နိုင်တဲ့ တက္ကသိုလ်နည်းပြဆရာမတစ်ယောက်ပါ ... ဘာလို့များ မောင်လွင်ဦး လိမ်ညာနေတာလဲဟင် ... "

"ကျွန်တော့်ဘဝရဲ့ အဖြစ်မှန်တွေကို ပြောမပြချင်လို့ လှီးလွှဲပြောတာကို လိမ်ညာပြောတတ်တဲ့ လူတစ်ယောက်လို့ မမမြတ် ယူဆရင် ကျွန်တော်ဟာ လူလိမ် လူညာတစ်ယောက်ပါပဲ မမမြတ် ... "

"မမြတ်ရိပ်မိခဲ့တာကြာပါပြီ ... မောင်လွင်ဦးဟာ အတိတ်က တစ်ခုခုကို ဖုံးကွယ်ဖို့ ကြိုးစားရင်း မမှန်ကန်တဲ့စကားတွေပြောခဲ့တယ်ဆိုတာ ဒီမယ် မောင်လွင်ဦး ... ခြသေ့ဟာ သူ့ကိုယ်သူ ဖုံးကွယ်ချင်လို့ မြေခွေးရေကို ခြုံထားပေမဲ့ မြေခွေးရေဟာ ခြသေ့ရဲ့လည်ဆံမွေးတွေကို လုံအောင်ခြုံလို့မရပါဘူး ... လည်ဆံမွေးဟာ တစ်နေရာက တစ်စွန်းတစ်စတော့ ပေါ်စမြဲပါ ... အဲ ... မောင်လွင်ဦးက စာရေးဝါသနာပါပြီး စာပေလောကထဲ ဝင်မယ်လို့ ယတိပြတ်ဆုံးဖြတ်ရင် မမမြတ်က အကူအညီများ ပေးနိုင်မလားလို့ပါ ... "

"ဝန်ခံပါတယ် မမမြတ် ... မမမြတ် ကူညီမယ်ဆိုတာကိုလည်း ကျေးဇူးတင်ပါတယ် ... ကျွန်တော် 'မောင်ဗေဒါ' ကလောင်အမည်နဲ့ ဝတ္ထုတွေရေးနေပါတယ် ... ဒါပေမဲ့ ကျွန်တော် မမမြတ်ဆီက အကူအညီကို မယူပါရစေနဲ့ ... စာပေစင်ပေါ်ကို အရှိန်အဝါ အကူအညီတစ်ခုခုနဲ့ တွန်းတင်ပို့ပေးလို့ ရောက်သွားရတာမျိုးကို ကျွန်တော် စိတ်မသန့်လို့ပါ ... ကျွန်တော် စာဖတ်ပရိသတ်က ဖိတ်ခေါ်ပြီး စင်ပေါ်ကို ဆွဲတင်ပေးတာကိုသာ ကျွန်တော် မက်မောလို့ပါ မမမြတ် ... "

"ဒါ ယောကျ်ားသတ္တိပဲ ... "

ဟု မမမြတ်၏ရင်ထဲက မှတ်ချက်ပြုလိုက်ရပါ၏။

မွန်းလွဲတစ်ချက်ခွဲပြီးမှ ကားဖြူလေးသည် မဟာမြိုင်ဂေဟာကြီးခြံထဲသို့ ဝင်ရောက်လာနိုင်ပေသည်။

မမမျိုးသည် ဧည့်ခန်းထဲဝယ် ငေါင်ငေါင်ကြီးထိုင်နေသည်။ အလိုမကျသော မျက်နှာမျိုးရှိနေပါသည်။

မြတ်သူဇာ ဧည့်ခန်းထဲ ခြေလှမ်းဝင်သည်နှင့် မျိုးနန္ဒာက ကောက်ကာငင်ကာ မေးခွန်းထုတ်လိုက်သည်။

"မြတ်တို့ ကိုရန်မျိုးနောင်တို့ မော်ဘီလိုက်ပို့ရတယ်ဆို"

"အဲ ... မမမျိုးက သိနေသလား ... "

"ဖုန်းဆက်တယ်လေ ... ဆယ့်တစ်နာရီလေးငါးလောက်က မမမျိုးဆီကို သက်သက်ဆက်တာမျိုး မဟုတ်ပါဘူး ... ရန်ကုန်မှာ သူ့ကားပျက်လို့ ရပ်ထားရတုန်း မြတ်ရဲ့ကားဖြူလေး ရောက်လာတယ်တဲ့ ... သူ့မှာ အရေးတကြီးကိစ္စရှိလို့ မြတ်ကားဖြူလေးနဲ့ပဲ အချိန်မီအောင် လိုက်ပို့ပေးတယ်တဲ့ ... ရောက်ရောက်ချင်း ဆယ့်တစ်နာရီမှာပဲ မြတ်တို့ကား ပြန်မောင်းသွားတယ်တဲ့ ... အဲဒါ ချောချောမောမော အချိန်နဲ့ မြတ် ပြန်ရောက်ရဲ့လားဆိုတာ စိတ်ပူလို့ မြတ်ဆီကို ဆက်မေးကြည့်တာတဲ့ ... "

"ဪ ... ဟုတ်တယ် မမမျိုး ... မော်ဘီကအထွက် ရှမ်း





မိုင်လောက်မှာ ကားဖြူလေးထိုးရပ်သွားတယ် ... အဲဒါကြောင့် အိမ်အရောက်နောက်ကျတာ ... "

"ကားဖြူလေးရာဇဝင်မှာ တစ်ခါမှ လမ်းမှာပျက်တယ် ထိုးရပ်တယ် မရှိခဲ့ပါဘူးနော် ... "

ဝေး ... မမမျိုးပြောပုံကြီးက တစ်မျိုးကြီးပါလားဟု မြတ်စိတ်ထဲ ထင်မိသည်။ မျက်နှာမကောင်းသည်ကိုလည်း မြင်တွေ့နေရသည်။

"ကားပျက်တာ မဟုတ်ဘူး ... မမမျိုးရေ ... အခုလည်း ကားဖြူလေးက ပျက်တာမဟုတ်ဘူး ... အပြန်လမ်းမောင်းရင်းနဲ့ ဓာတ်ဆီကုန်လို့ ထိုးရပ်သွားတာ ... ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့ ... တစ်သက်နဲ့ တစ်ခါ ဒီတစ်ခါပဲ ဒီဒုက္ခမျိုး ကြုံဖူးတယ် ... "

မြတ်က လမ်းတွင် ဓာတ်ဆီကုန်၍ ထိုးရပ်သွားသည်မှအစ ဘတ်စ်ကားဖြင့် ထောက်ကြံ့သို့ ဓာတ်ဆီသွားဝယ်ရပုံ စသည့် တွေ့ခဲ့သမျှ အခက်အခဲတွေကို အားလုံးပြောပြလိုက်သည်။

"အင်းပေါ့လေ ... ကိုပါကြီးဆီကလည်း မမမြတ်ဆီ ဖုန်းဆက်တယ် ... "

"ဘာဆက်တာလဲ ... "

"သူ ပဲခူးကို ကိစ္စတစ်ခုနဲ့ သွားရာက အပြန်ထောက်ကြံ့မှာ မြတ်နဲ့ လူရွယ်တစ်ဦး တွဲလျှောက်နေတာကို သူ မြင်လိုက်

တယ်တဲ့ ... ဒရိုင်ဘာမောင်လွင်ဦးကို မမမျိုး မဟာမြိုင်မှာ ဒရိုင်ဘာခန့်လိုက်တာ ကိုပါကြီးက မသိသေးဘူးလေ ... ကိုပါကြီးက မြတ်ကိုတွေ့တော့ ဆင်းနှုတ်ဆက်မလို့ဘဲတဲ့ ... ဒါပေမဲ့ မြတ်မှာက အတွဲနဲ့ဆိုတော့ ဆင်းတွေ့ရင် မြတ်က မတွေ့ချင်တဲ့အခါမျိုး အခြေအနေမျိုး ဖြစ်နေမှာစိုးလို့ ဆင်း မတွေ့တော့တာတဲ့ ... အင်းပေ့ါလေ ... ဓာတ်မသိရင် မောင်လွင်ဦး ရုပ်ရည်က သန့်သန့်ပြန့်ပြန့်နဲ့ လူချောတစ်ယောက် ဂိုက်ကောင်းဆိုက်ကောင်း မဟုတ်လား ... လူ အထင်ကြီးတဲ့ရုပ်မျိုးလေ ... ”

“အဲဒါ ဘာသဘောနဲ့ ပြောနေတာလဲ မမမျိုး ... ကိုပါကြီး က မြတ်ကို ဘာသဘောနဲ့ ပြောတာတဲ့လဲ ... ”

“ကိုရန်မျိုးနောင် လမ်းမှာကားပျက်ပြီး အချိန်နာရီ အတိအကျလုပ်ရမဲ့ကိစ္စရှိနေလို့ အကူအညီပေးတာဟာ အင်မတန် ပေးသင့်တဲ့ကိစ္စပဲ ... ဒါပေမဲ့ မြတ်အနေနဲ့ မှော်ဘီအထိလိုက် သွားဖို့ မသင့်ဘူး ... အိမ်မှာဆင်းနေခဲ့ပြီးမှ မောင်လွင်ဦးနဲ့ ကားပြန်လွှတ်ပေးပြီး ကိုရန်မျိုးနောင်ရဲ့ အခက်အခဲကို ကူညီဖို့ကောင်းတယ် ... ဒါမှမဟုတ် မြတ်မှာ မိန်းမဖော် အဖြစ် အိမ်က မမမျိုးကိုဖြစ်ဖြစ် ဒေါ်သာယာကိုဖြစ်ဖြစ် ဝင်ခေါ်ဖို့ ကောင်းတယ် ... ”





“ဒီမယ် မမမျိုး ... မြတ်က အိမ်မှာ ဆင်းနေခဲ့ဖို့ ကိုရန်မျိုး နောင်ကို ပြောသေးတယ် ... သူက ချိန်းဆိုထားတဲ့ နာရီ ချိန်အတိအကျနဲ့ နိုင်ငံခြားဧည့်သည်တွေကိစ္စမို့ တစ်မိနစ် တောင် နောက်အကျမခံနိုင်ဘူးဆိုတော့ သူတွက်ပြတဲ့ နာရီ မိနစ်ဟာ မြတ် အိမ်ကိုပြန်လာဖို့ လုံးဝအချိန်မရတော့ဘူး၊ ဒါကြောင့် မြတ်ပါ လိုက်သွားရတာ ... ”

“မော်တော်ကားပဲ ညီမရယ် ... နွားလှည်း မြင်းလှည်းမှ မဟုတ်တာ ... လိုရင်လိုသလို မောင်းနိုင်တာပဲဟာ ... မောင်လွင်ဦးအနေနဲ့ မြတ်ကိုပို့ ... ပြန်မောင်းသွား အချိန် မီလုပ်နိုင်မှာပါ ... မောင်လွင်ဦးကိုယ်တိုင်က ပြန်ပို့ပေးစရာ မလိုဘူးလို့ ယူဆလို့နေမှာပေ့ါ ... ”

စူးခနဲ စိုက်ခနဲပင် မမမျိုး၏မျက်နှာကို မြတ်သူဇာ ကြည့်လိုက်သည်။

မမမျိုး ပြောပုံကြီးက စကားတွင် အစွန်းထွက်နေ သည်။ အညှီနံ့ပါနေသည်။ မိမိကိုယ်တိုင်က မောင်လွင်ဦးနှင့် အတူလိုက်သွားချင်၍ဟုလည်းကောင်း၊ မိမိကိုယ်တိုင်က ကိုရန်မျိုး နောင်နှင့်အတူသွားချင်၍လည်းကောင်းဆိုသည့် အညှီနံ့ပါနေသည်။

“ညီမမြတ်အနေနဲ့ မယ်မယ်ဘုရား မကွယ်လွန်မီက ဆုံးမခဲ့ တဲ့ စကားတွေ မမေ့သင့်ဘူးကွယ် ... မမမျိုးကပဲ မယ်မယ် ဘုရား ရွတ်ပြခဲ့တဲ့အတိုင်း ပြန်ရွတ်ပြမယ် ... ”

မမမျိုး ဘာတွေရွတ်ပြတော့မည်ကို မြတ်သိပါ၏။ မြတ်ကိုယ်တိုင်လည်း မယ်မယ်ဘုရား နှုတ်တိုက်အာဂုံကျက်မှတ်ထားပါ၏။ သို့သော် မမမျိုးရွတ်သည်ကို နားထောင်ပါ၏။

"ဘေးဘိုးစဉ်ဆက် မပျက်သုံးစွဲ ကျင့်မြဲလေ့လာ၊ စာရိတ္တဖြင့် မိဘအလိုက် စရိုက်ကျင့်၍ အယဉ်အပေါင်း ခင်ပွန်းလောင်းနှင့်တဲ့ ... မယ်မယ်ဆုံးမသွားတာလေ ... မြတ် လောကကြီးမှာ ခင်ပွန်းရွေးမမှားဖို့ သိပ်အရေးကြီးတယ် ... ခြသေ့်မင်းဟာ မြေခွေးနဲ့ အပေါင်းအသင်းမှားပြီး ကေသရာဇာဆိုတဲ့ ဂုဏ်အင်္ဂါလက္ခဏာတွေလျော့ပါးသွားရင် တခြားသတ္တဝါတွေရဲ့ လေးစားမှုတွေ မရတော့ဘူးတဲ့ ... "

"အဲ ... နောက်ပြီးရှိသေးတယ် ...

**ငွေးတောက်သရက်**

**ပင်ချင်းယှက်က**

**သရက်ပင်စင်း**

**သီးချိုကင်း၏တဲ့ ...**

တဲ့ ... မယ်မယ်ဆုံးမခဲ့တာတွေလေ ... မြတ် မမေ့လျော့အောင် မမမျိုးက အစ်မကြီးနေရာက သတိပေးတာပါကွယ် ... "

"မမမျိုး ဘာရည်ရွယ်ပြီး ဒါတွေပြောနေတာလဲ ... "





"ဘာရည်ရွယ်ပြောမှန်း မြတ် စိတ်ထဲက သိပြီးသားနေမှာပါ ... ငါတို့ကျန်ခဲ့တဲ့ မဟာမြိုင်မိသားစုလေးယောက်ထဲမှာ မြတ်ဟာ အချောဆုံးအလှဆုံး ပညာအတတ်ဆုံးပါ၊ ဒါပေမဲ့ ပညာရှိ သတိဖြစ်ခဲဆိုတာမျိုးဖြစ်မှာစိုးလို့ ... မမမျိုးက အချိန်မီ သတိပေးတာပါ ... "

မမမျိုးသည် သူ့စိတ်ထဲ ရှိသမျှတွေပြောပြီး ထိုင်ရာမှထသွားတော့သည်။ မီးဖိုဘက်သွားရင်းပင် မမမျိုးက ထပ်ဆင့်ပြောသွားသေးသည်။

"ဩော် ... လတ်လတ်က ပြောသွားသေးတယ် ... မောင်လွင်ဦး ပထမအလုပ်လုပ်တဲ့အိမ်မှာ မိမိုးအရွယ်လောက်တူးမာ ခေါ် ကေသီခိုင်ဆိုတဲ့ ကောင်မလေးရှိတယ်တဲ့ ... တကယ့်ရိုးရိုးအအနဲ့ မနူးမနပ်ကောင်မလေးတဲ့၊ အဲဒါ အဲဒီမှာ မောင်လွင်ဦး ဒရိုင်ဘာလုပ်စဉ်က ဘယ်လိုဟန်ရေးတွေပြထားခဲ့သလဲတော့မသိဘူးတဲ့၊ အဲဒီတူးမာဟာ မောင်လွင်ဦးကို အရမ်းအထင်ကြီးပြီး အရမ်းလေးစား၊ အရမ်းသံယောဇဉ်ရှိနေတယ်တဲ့ ... ဟဲ ... ဟဲ ... လတ်လတ်က ရယ်စရာသဘောနဲ့ပြောတာပါ ... မောင်လွင်ဦးမှာ ဘယ်လိုဆေးကောင်းဝါးကောင်းတွေရှိသလဲ မသိဘူးတဲ့ ... သူ့ဆီမှာ လတ်လတ်က တပည့်ခံပြီး ဆေးကောင်းဝါးကောင်း အင်း

အိုင်လက်ဖွဲ့တွေ အလှူခံဦးမယ်တဲ့ ... ဟဲ ... ဟဲ ... မမမျိုး
ကတော့ထင်ပါတယ် ... မောင်လွင်ဦးမှာ ဘာဆေး ဘာ
အင်းအိုင်မှရှိမှာမဟုတ်ပါဘူး ... သူ့ဟန်ပန်ပုံစံကိုက မိန်း
ကလေးတွေနှစ်သက်စရာပုံစံမို့ပဲလို့လေ ... ကဲ ... ဒါပါပဲ
မြတ်လည်း ပင်ပန်း လာတယ် ... အနားယူတော့ ..."

----?----





၁၁

ယနေ့ မဟာမြိုင်ဂေဟာတွင် အလုပ်သမားတွေ
လစာငွေထုတ်ပေးသည်။

မောင်လွင်ဦး နံနက်ကျောင်း မိုးစန္ဒာကို ပို့ပေးခဲ့ပြီး
မှ လစာထုတ်ချိန် နောက်ကျသွားသည်။

ဆက်ပြီး မြတ်သူဇာကို ကျောင်းဆက်ပို့ရမည်မို့ မြတ်
သူဇာက အဝတ်လဲပြီး အသင့်ပြုလုပ်ထားသည်။

မျိုထိပ်ထားထံတွင် တံဆိပ်ခေါင်းကပ် လက်မှတ်
ထိုး လခထုတ်ရသည်။

"မောင်လွင်ဦးလစာငွေ ငါးရာထဲမှ မမမျိုး ငွေအစိတ်
ဖြတ်ထားတယ် ... မောင်လွင်ဦး အလုပ်ဝင်တာ တစ်လ

မပြည့်သေးဘဲ နှစ်ရက်လိုနေသေးလို့ ... အတွက်ကျခြင်း တာပါ ... ရော့ ... လေးရာခုနစ်ဆယ့်ငါးကျပ် ... ”

လွင်ဦး လခငွေယူရင်း ...

“မမြတ် ခဏလေးနော် ... ကျွန်တော် တန်းလျားခဏလေးပြေးသွားချင်လို့ ငါးမိနစ်ပါ ... ”

ငါးမိနစ်မပြည့်မီ ပြန်ရောက်လာသည်။ ဒီနောက် မမြတ်နှင့်အတူ မမြတ်ကျောင်းဆီသို့ မောင်းလာခဲ့သည်။

ရော့ ... မမြတ်

လွင်ဦးက စာအိတ်ပြာလေးတစ်ခု မမြတ်သို့ ကားမောင်းရင်း လက်တစ်ဖက်ဖြင့်ပေးလိုက်သည်။

“အဲဒါ ... ဘာစာလဲ မောင်လွင်ဦး ... ”

မမြတ်က မယူဘဲ ပြန်မေးသည်။ ဤစာအိတ်ပြာမျိုးနှင့် ရည်းစားစာ အပေးခံခဲ့ရသည်များလှပြီမို့ မြတ်သူဇာက မယူဘဲ စစ်ဆေးမေးမြန်းသည်။

“ကြွေးဆပ်တာပါ မမြတ် ... စာအိတ်ထဲမှာ ငွေငါးရာနှစ်ဆယ်ပါပါတယ် ... ကားတိုက်မိတဲ့ညက မမြတ်ဆီက ကျွန်တော်ယူသွားခဲ့တဲ့ငွေလေ ... အခု ကျွန်တော် ပြန်ဆပ်နိုင်ပြီမို့ ဆပ်တာပါ ... ”

“အမလေး မောင်လွင်ဦးရယ် ... အဲဒါ မမြတ်ခေါင်းထဲမှာ မရှိတော့ဘူးလေ ... လုံးဝမရှိတာ ... ပေးကတည်းက ပေး





တာမှမဟုတ်တာ၊ စာအိတ်ပြာနဲ့ပေးတာဆိုတော့ မမြတ်ဖြုန်းခနဲ လန့်သွားတယ် ... မမြတ်ပြန်မယူပါဘူးကွယ်”

လွင်ဦးက စာအိတ်ပြာလေးကို မြတ်သူဇာ၏ ပေါင်နှစ်ဖက်ကြွေးထားပေါ်သို့ တင်ထားလိုက်သည်။

မြတ်သူဇာ၏စိတ်ထဲတွင် ကြွေးယူလျှင် ပြန်ဆပ်ရမည်ဆိုသည့် မောင်လွင်ဦးစိတ်ဓာတ်ကို စိတ်ထဲက ချီးကျူးပါ၏။

“မမျိုးဆီက မောင်လွင်ဦးထုတ်တဲ့လခကို မမြတ်မြင်သားပဲ၊ ငါးရာမှာအစိတ်တောင် လျော့သေးတယ် ... အခုပြန်ဆပ်ငွေဟာ ငါးရာနှစ်ဆယ်ဆိုတော့ မောင်လွင်ဦးကတောင် ထပ်စိုက်ထည့်ရမှာပေါ့ ... ”

“ပထမအလုပ်ရှင် ဒေါ်ဒေါ်စိုးက ကျွန်တော့်ကို သုံးလစာငွေခြောက်ရာပေးလိုက်တယ်လေ ... နောက်ပြီး မမြတ်ပေးလိုက်တဲ့ ငွေငါးရာ့နှစ်ဆယ်ထဲက ကျွန်တော့်မှာ ငွေသုံးရာကျန်သေးတယ် ... ဒါကြောင့် မမြတ်ကို ဆပ်နိုင်တဲ့အပြင် ကျွန်တော့်မှာ လိုတာသုံးဖို့ ပိုက်ဆံကျန်ပါသေးတယ် မမမြတ် ... ”

“နေပါဦး ... မမြတ်ရဲ့ကားနဲ့ မောင်လွင်ဦးကို တိုက်မိတဲ့ညက ကနေ့ထိဆိုရင် နှစ်လလောက်ရှိသွားပြီ ... အဲဒီနှစ်လအတွင်း မောင်လွင်ဦးသုံးငွေဟာ နှစ်ရာ့နှစ်ဆယ်ပဲရှိသလား၊ မောင်လွင်ဦးမှာ ငွေသုံးရာကျန်နေသေးတယ်ဆို ... ”

"အလုပ်ရှင်က နေ့စဉ်ထမင်းနှစ်နပ်ကျွေးတယ် ... နေ
နေစရာပေးထားတယ် ... ကျွန်တော့်မှာ တခြားဘာ
စရာရှိတော့မှာလဲ မမြတ် ... ကျွန်တော် မသုံးမဖြစ်ကုန်
တာက ဖယောင်းတိုင်ဖိုး ... စာရွက်စာတမ်းဖိုးပဲ ... အော
တိန်နဲ့စာရေးတာဆိုတော့ ... မှင်အိုးတစ်အိုးဝယ်ထား
နှစ်နဲ့ချီ သုံးမကုန်တာမို့ ဘောပင်ဖိုးလည်းမကုန်ဘူးေ
မသွားမဖြစ်လို့ အပြင်ထွက်ရင်လည်း ဘတ်(စ်)ကားနဲ့ပဲသွား
တာ ... "

"ဘတ်(စ်)ကား ဟုတ်လား ... မောင်လွင်ဦးက ဘတ်(
ကားနဲ့ ဘယ်တွေကို ဘယ်လိုအချိန်ရပြီးသွားသလဲ၊ မမြ
အမြင်တော့ မောင်လွင်ဦး အပြင်ကိုဘတ်(စ်)ကားနဲ့ထွ
ချိန်ရတာမှ မဟုတ်တာ ... "

"ကျွန်တော် မမြတ်ကို ကျောင်းကြိုပြန်ရောက်လာပြီး
ညနေငါးနာရီလောက်ဆို အပြင်ထွက်ပါတယ် ... အဲဒီအချိ
မှာ ကျွန်တော့်အားလပ်ခွင့်ရနေတာပဲ ... "

"ဩော် ... ဟုတ်တာပေါ့ ... မမြတ်က ကျောင်းဆင်း
အိမ်ရောက်ပြီးရင် အပြင်ကိုမှ ထပ်သွားလေ့မရှိတာ ...
မမျိုးသွားစရာရှိလည်း ဦးလေးဒေဝမောင်းတဲ့ ကားနဲ့လေ
နဲ့သွားတာ ... ဟုတ်သားပဲ ... ဒါဆို ညစာထမင်းစားချိန်
မောင်လွင်ဦး ပြန်ရောက်လာသလား ... "





"မရောက်တာများတယ် ... ဦးဒေဝက ဒေါ်သာယာဆီက ကျွန်တော့်အတွက် ညစာထမင်းချိုင့်နဲ့ယူထားပေးလေ့ရှိတယ် ... ချိုင့်ကော့ ကျွန်တော်ကဝယ်ပေးထားရတာပေါ့ မမြတ် ... ပြန်လာမှ ကျွန်တော်စားတယ် ... "

မြတ်သူဇာက ဆရာမပီပီ နိုက်နိုက်ချွတ်ချွတ် မေး လွင်ဦးက ပြေလည်အောင်ဖြေဆိုနိုင်ပေသည်။

"နေပါဦး ... မောင်လွင်ဦးက ညနေပိုင်းမှာ ဘာလို့အပြင်ထွက်လေ့ရှိတာလဲ ... "

"ဘဝရဲ့တိုးတက်ရာတိုးတက်ကြောင်းလေးတွေ လိုက်ရှာတာပါ မမြတ် ... သူငယ်ချင်းတွေနဲ့တွေ့ပြီး ရှေ့ဘာဆက်လုပ်မယ် ... ဘာလုပ်ရင်တိုးတက်ကြီးပွားနိုင်မယ် ဆိုတာတွေ တိုင်ပင်ကြတာပါ ... "

"အင်း ... ကောင်းတာပေါ့ ... မောင်လွင်ဦးရေးတဲ့ ကဗျာအဖွင့်အတိုင်းပေါ့ ... ရေဆန်ဆိုပေမဲ့ နောက်ပြန်မမျောအောင် ကြိုးစားတဲ့သဘောပေါ့ ... ဒါထက် မောင်လွင်ဦး ဒီထက်တိုးတက်ရာတိုးတက်ကြောင်း ရှေ့လမ်းအတွက် ဘယ်အလုပ်မျိုးကို ခြေကုတ်ယူမယ်လို့ စိတ်ကူးထားလဲ"

လွင်ဦး ချက်ချင်းမဖြေ။

ပြီးမှ ဖြည်းလေးစွာ ဖြေသည်။

"ဝါသနာရယ် ... စိတ်အားထက်သန်မှုရယ် ... လွတ်လပ်မှု

ရယ် ... အဆင့်မနိမ့်မမြင့်ရုပ်တည်နိုင်တာရယ်တွေကို အငြင်း ခံထားပြီး ... စာရေးဆရာအလုပ်ကို အောင်မြင်တဲ့အထိ ကြိုးစားမယ်လို့ ရည်ရွယ်ထားပါတယ် မမမြတ် ... အခု အခြေ ဘာလုပ်နေတာက စာရေးတဲ့နေရာမှာ လိုအပ်တဲ့ငွေကြေး အထောက်အပံ့ရမှုနဲ့ ဘဝအတွေ့အကြုံကို လေ့လာဖို့ လုပ် နေကာပါ ... "

"အောင်မြင်နိုင်တဲ့လမ်းစကိုရော တွေ့ပြီလား မောင်လှ ဦး ... "

"မလွယ်ပါဘူး မမမြတ်ရယ် ... စာပေအသိုက်အဝန်းထဲ ကလောင်သစ်တစ်ချောင်းဝင်တိုးရတာ သားရဲတွင်းထဲ ယုန်သူငယ်ရောက်သွားသလို အားငယ်စရာ ဝမ်းနည်းစရာ တွေ တွေ့ရတယ် ... "

"ဒါဆို ... မောင်ဗေဒါ ကလောင်နာမည်နဲ့ မှင်စိမ်းနဲ့ရေးထား တဲ့ ဝတ္ထုကော်ပီကစပြီး စာပေနယ်ထဲကို စဝင်တာလား"

"ဘယ်ဟုတ်မလဲ မမမြတ် ... မောင်ဗေဒါကလောင်အမည်နဲ့ ကျွန်တော် လုံးချင်းဝတ္ထုနှစ်အုပ်တောင် ထွက်ပြီးပါပြီ"

"ဟယ် ... လုံးချင်းနှစ်အုပ်တောင် ထွက်ပြီးပြီဟုတ်လား ဒါဆို အခုမှစပြီး ဝင်ဖို့ကြိုးစားတာဘယ်ဟုတ်တော့မလဲ"

"ဟုတ်တယ် ... မမမြတ် ... ပထမလုံးချင်းထွက်ပြီးတဲ့ နောက် ထုတ်ဝေသူဆီက ကျွန်တော့်ဆီစာလာတယ် –





ကျွန်တော့်စာအုပ်ထုတ်တာ ခွက်ခွက်လန်အောင်ရှုံးတယ် တဲ့ ... တကယ်လို့ သူ့မှာအကျိုးအမြတ်ရှိတယ်ဆိုရင်တော့ စာရေးဆရာကို ဥဏ်ပူဇော်ခ ထိုက်သင့်သလိုပေးဖို့ ရည် ရွယ်ချက်ရှိပါတယ်တဲ့၊ အင်း ... သူ့စာဖတ်ပြီး သူ့ အရှုံးကို ကျွန်တော်ကပြန်ပြီးအလျော်မပေးရတာတောင် ကံကောင်း တယ်လို့ ကျွန်တော် မှတ်ယူရတယ် ... "

"ဒါဆို ဒုတိယမြောက်လုံးချင်းကျတော့ကော ... တခြား ထုတ်ဝေသူနဲ့ပြောင်းပြီးထုတ်တာလား ... "

"မဟုတ်ဘူး မမမြတ် ... ပထမထုတ်ဝေသူနဲ့ပဲဆက်ထုတ် တာ ... "

"ဟင် ... ခွက်ခွက်လန်ရှုံးပါတယ်ဆိုပြီး သူက ဆက်ထုတ် သေးသတဲ့လား ... "

"သူ့ဆီကပဲ ဒုတိယစာ ထပ်လာတယ် ... သူ့စာပေတိုက်ဟာ အရှုံးအမြတ်ကို ပဓာနမထားဘူးတဲ့၊ အရည်အသွေးအလား အလာရှိပြီး လက်စလက်နကောင်းတဲ့ ကလောင်သစ်ဆိုရင် အရှည်ကိုမျှော်ကိုးပြီး ထုတ်ဝေရဲတယ်တဲ့၊ ပထမ ကျွန်တော့် စာအုပ်ဟာ လက်စွမ်းကောင်းတယ့်လို့ ဖတ်သူတိုင်းက ဝန် ခံတယ်တဲ့ ... ဒါပေမဲ့ ကလောင်သစ်အနေနဲ့ စာဖတ်ပရိ သတ်ထဲကို ချက်ချင်းစိမ့်မဝင်နိုင်ဘူးတဲ့၊ ကိုယ်ဖတ်နေကျ စာရေးသူကလောင်စာအုပ်မရှိမှ ကလောင်သစ်ကို စမ်းဖတ်

တဲ့သဘောရှိတယ်တဲ့ ... အဲဒီလို စမ်းဖတ်ရာက ကလောင် သစ်ရဲ့ လက်စွမ်းကောင်းရင်ကောင်းသလို ပရိသတ်ရလာ တာတဲ့ ... ဒါကြောင့် စာပေစိတ်ထားပြီး ကျွန်တော် မောင် ဖေဒါရဲ့ ဒုတိယအုပ်ဆက်ထုတ်မယ်တဲ့၊ ကော်ပီသာ အမြန် ပို့လိုက်ပါတဲ့ ... ”

“အဲဒီထုတ်ဝေသူပြောတာ ဟုတ်သင့်သလောက် ဟုတ် တယ် မောင်လွင်ဦး ... တချို့ထုတ်ဝေတဲ့တိုက်ကြီးတွေဆို ရင် အလားအလာကောင်းတဲ့ကလောင်သစ်ကို ငါးအုပ် လောက် စာမူခညာဏ်ပူဇော်ခမပေးဘဲ မျက်နှာဖုံးပန်းချီ ကောင်းကောင်း ... စာအုပ်အပြင်အဆင်လှလှနဲ့ သတင်းစာ တွေ ရုပ်မြင်သံကြားတွေမှာ ကြော်ငြာထည့် ငွေအကုန်ခံ စိုက်ထုတ်ပြီး ထုတ်ပေးတယ် ... လေးငါးအုပ်လောက် ဆက်တိုက်ထုတ်ပြီး အကျိုးအမြတ်ရှိလာတော့မှ ပရိသတ် က အားပေးလာတော့မှ စာရေးဆရာကို ထိုက်သင့်သလို ချီးမြှင့်တယ်လို့ မမမြတ်ပြောသံကြားဖူးတာပဲ ... ”

“အဲဒီသဘောလားတော့မသိဘူး၊ ကျွန်တော်ကလည်း စာမူခကို အဓိကမထားဘဲ အောင်မြင်လိုစိတ်ပဲရှိနေတော့ ဒုတိယစာမူကော်ပီ ထပ်ပို့လိုက်တယ် ... ”

“ဒုတိယအုပ်မှာ အခြေအနေ ဘယ်လိုထူးခြားလာလဲ မောင် လွင်ဦး ... ”





“ရှုံးတာပဲတဲ့ မမမြတ်၊ ရန်ကုန်ရော နယ်ရောမှာ ကျွန်တော့် စာအုပ် တစ်ထောင်လောက်ပဲရောင်းရတယ်တဲ့၊ သူက အုပ် ရေနှစ်ထောင်ထုတ်တာ တစ်ထောင်ကျန်နေတယ်တဲ့ ... ဒါပေမဲ့ အားမလျှော့နဲ့ တတိယအုပ်ထုတ်ဖို့ ထပ်ပို့တဲ့”

“ဒါကြောင့် ... အခု လေအစုန် ရွက်ကုန်ဖွင့်သော်လည်း စာမူ မောင်လွင်ဦးဆက်ရေးတာလား ... ”

“ချက်ချင်းကြီး ဆက်မရေးနိုင်ပါဘူး မမမြတ် ... ဝတ္ထု တစ်ပုဒ် ကျကျနနဖြစ်လာဖို့က ဇာတ်လမ်းရှာရတယ်၊ ဇာတ် ကွက်စဉ်းစားရတယ်၊ ဇာတ်အိမ်ဖွဲ့ရေးတဲ့အခါ ဇာတ်ကောင် ဇာတ်ပို့တွေကို အသက်သွင်းတဲ့နေရာမှာ သူ့ကာရိုက်တာနဲ့ သူ ကိုက်ညီအောင် စရိုက်ဖော်ပြချက်တွေ ဖန်တီးရတယ် မဟုတ်လား၊ ဒါကြောင့် ဒီတတိယမြောက်စာအုပ်ကိုတော့ ထုတ်ဝေသူနဲ့တွေ့ဆုံပြီး သူ့အိမ်မှာပဲ နေပြီးရေးမယ်၊ ရေးဖို့ နေရာရရင် တော်ပြီ၊ စားတာ ကိုယ့်ဟာကိုယ်ဝယ်စားမယ် ဆိုတဲ့စိတ်နဲ့ ကျွန်တော် ရန်ကုန်ကို ဖွတ်ဆင်းလာတာပဲ မမမြတ် ... ကျွန်တော့်မှာ စုထားတဲ့ငွေလေး နည်းနည်း ပါးပါးလည်းရှိနေတာကိုး ... ”

“အင်း ... အဲဒီတော့ ဘာဆက်ဖြစ်လဲပြောပါဦး ... မမမြတ် စိတ်ဝင်စားသားပဲ ... ”

“ရန်ကုန်ရောက်တော့ သူပေးထားတဲ့လိပ်စာအတိုင်း သူ့

စာအုပ်တိုက်ကိုသွားတယ် ... ဟဲ ... ဟဲ ... ဟဲ ... အင်မတန်အံ့ဩစရာကောင်းပြီး အင်မတန်စိတ်ပျက်စရာနဲ့ တွေ့ရတော့တာပဲ မမြတ် ... ”

“ဘာလို့လဲ ... ”

“ကျွန်တော် နယ်မှာနေပြီး ထင်ထားတာက ထုတ်ဝေသူရဲ့ စာအုပ်တိုက်ဆိုတာ ကျကျနန တည်တည်တံ့တံ့ အဆောက်အဦ ဒါမှမဟုတ် တိုက်ခန်းနဲ့စားပွဲကုလားထိုင်တွေနဲ့ ဆိုင်းဘုတ်လှလှနဲ့လို့ ထင်မြင်ထားတာ ... ”

“အဲဒီလို မဟုတ်ဘူးလား ... ”

“ဘယ်ဟုတ်မလဲ မမြတ် ... သူပေးထားတဲ့လိပ်စာဟာ တရုတ်လက်ဖက်ရည်ဆိုင်ဖြစ်နေတယ် ... ဆိုင်ရှင် တရုတ်မကြီးကို ပြည်လုံးဝေဖြာစာအုပ်တိုက်ကောလို့ မေးတော့ တရုတ်မကြီးက လက်ညှိုးထိုးပြတယ် ... ပြည်လုံးဝေဖြာစာပေ’လို့ တစ်ပေခွဲလောက်ရှည်တဲ့ ပျဉ်ပြားအဖြူခံမှာ စာလုံးအမည်းနဲ့ ဆိုင်းဘုတ်ကို နံပြားဖို အပေါ်မှာ ချိတ်ထားတာတွေ့ရတယ် ... တရုတ်မကြီးက ပြောပြတယ် ... လူတစ်ယောက် သူ့ဆိုင်မှာ ဒီဆိုင်းဘုတ် နံပြားဖိုပေါ်မှာချိတ်မယ်တဲ့ ... စာပေတိုက်နာမည်နဲ့လာတဲ့ စာတွေပါဆယ်တွေကို တရုတ်မကြီးက ယူထားပေးပြီး သူလာတဲ့အခါပေးပါတဲ့၊ အဲဒီအတွက် တရုတ်မကြီးဆိုင်ရှင်ကို တစ်လသုံးရာကျပ်ပေး





တယ်တဲ့၊ သူက တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါလောက်လာပြီး စာတွေပါဆယ်ထုပ်တွေ လာယူတယ်တဲ့”

“ဒါဆို ကလိန်သက်သက်ပေါ့ မောင်လွင်ဦး ... ”

“ဒါကြောင့် ကျွန်တော်ပြောတာပေါ့ ... စာပေနယ်ထဲဝင်ရတာ သားရဲတွင်းထဲဝင်တဲ့ ယုန်သူငယ်လို အားငယ်ရတယ်လို့ ... အဲဒီတော့ ကျွန်တော်က ရန်ကုန်မှာနေစရာ နေရာရှာရတာပေါ့ ... ဦးချစ်မောင်လမ်းထဲမှာ ကျွန်တော်တို့မြို့က ကျွန်တော့်ငယ်သူငယ်ချင်းရှိတယ် ... သူက ဝပ်ရှော့ထောင်ထားတဲ့ လိပ်စာကျွန်တော့်ကိုပေးထားတယ် ... အဲဒီကိုပဲ သွားရင်း ရန်ကုန်မှာ မလည်မဝယ်နဲ့ သူငယ်ချင်းလိပ်စာရှာရင်း မမြတ်ကားနဲ့ ဝင်တိုက်မိတာပဲ ... ”

“ဖြစ်မှဖြစ်ရလေ မောင်လွင်ဦးရယ် ... ”

“ကျွန်တော့်သူငယ်ချင်းဝပ်ရှော့မှာ တည်းခိုရင်း ထပ်ပြီး ပြည်လုံးဝေဖြာစာပေတိုက်ပိုင်ရှင် ကိုစောလှိုင်ကို ကျွန်တော့်သူငယ်ချင်းကပဲ ရှာပေးလို့တွေ့ရတယ် ... သူကကျွန်တော်စာဆက်ရေးဖို့ပဲ တိုက်တွန်းတယ် ... သူ့အနေနဲ့က စာအုပ်လုပ်ငန်းနားလည် ကျွမ်းကျင်ပေမဲ့ ငွေအရင်းအနှီးမရှိလို့ တရုတ်လက်ဖက်ရည်ဆိုင်မှာ ဆိုင်းဘုတ်ချိတ်လုပ်ရတာပါလို့လည်း ပြောင်းပန်တယ် ... ”

"သူ့ကိုတောင် ကိုယ်က ပြန်သနားရမလိုပါလား မောင်လွင်ဦးရယ် ..."

"ဘာတစ်နိုင်မလဲ မမမြတ် ... ONE IS BETTER THAN NONE ဆိုတဲ့စကားရှိတာပဲ ... သူညထက်တော့ တစ်က တန်ဖိုးရှိနေတာပဲ ... ဒါကြောင့် ကျွန်တော့်သူငယ်ချင်း ဝပ်ရှော့ဆရာရှာပေးတဲ့ ဒေါ်ဒေါ်စိုးအိမ်မှာ တစ်လနှစ်ရာနဲ့ ကားမောင်းရင်း စာဆက်ရေးခဲ့တယ် ..."

မြတ်သူဇာက အင်္ဂလိပ် PROVERB ကို ပြောသည် ကိုရော ဘဝတိုက်ပွဲကို အလျှော့မပေးဘဲ ရင်ဆိုင်တိုက်သည်ရော ထိုသို့သော မောင်လွင်ဦးအား များစွာသောရင်ထဲက အဓိပ္ပာယ်တွေနှင့် ကြည့်မိရှာတော့သည်။

----?----





၁၂

ညနေ (၄)နာရီတွင် လူစုံသည်။ မြတ်သူဇာလည်း ပြန်ရောက်ပြီဖြစ်ပါ၏။

မမမျိုးကပင် မောင်နှမတွေအားလုံးကို ဧည့်ခန်းသို့ ခေါ်ယူပြီး အားလုံးဝိုင်းထိုင်မိသည်နှင့် စားပွဲပေါ်တွင် အသင့်တင်ထားသော စာတိုက်မှလာသော စာတစ်စောင်ကို မမမျိုးကယူပြီး ထောင်ပြသည်။

"မနက်ဆယ်နာရီသာသာလောက်ကတည်းကREGISTERD လုပ် ... ဒီစာ ဒီအိမ်စာပို့သမား လာပို့လို့ မမမျိုးလက်မှတ်ထိုးယူလိုက်တယ် ... လိပ်စာမှာ မျိုးနန္ဒာလို့ လိပ်စာတပ်ထားလို့ မမမျိုး ဖောက်ဖတ်ကြည့်ပြီးပြီ ... မော်ဘီ ကိုရန်မျိုးနောင်ဆီကလာတဲ့စာ ..."

"ဟေး ... မမမျိုးတော့ စွံပြီကွ ... "

ဟု မမိမိုးက ထအော်သည်။ ဆက်ပြီး ...

"ဘာလဲ ... ဒီလူကြီးက ... မမမျိုးကို လက်ထပ်ချင်ပြီ
ညောင်ညောင်သံပေးလိုက်တာလား ... "

"ဘာလဲ ... ညောင်ညောင်သံဆိုတာ မိမိုး"

လတ်လတ်က မိမိုးစကားကို နားမလည်သဖြင့် ပြ
မေးသည်။

"အာ ... ကိုလတ်ကလည်း အိမ်က ပူစီမကို လာရစ်
ကြောင်ကြီးလာရင် ညောင် ... ညောင် ... ညောင်လို့ အော်
တယ်မှတ်လား ... အဲဒီကြောင်ကြီးရဲ့ ညောင်သံကြားရ
ပူစီမက ရောက်တဲ့နေရာက ကြောင်ကြီးဆီပြေးသွားတာ
လေ ... "

"အာ ... ဒီကောင်မလေး ဒီစကားမျိုး နင်ပြောစရာလား"

ကိုလတ်က ညီမငယ်ကို ငေါက်သံနှင့်ပြောလိုက်
မိမိုး ပခုံးတွန့်လိုက်သည်။

မမမျိုးက အတည်အတံ့ဆက်ပြောသည်။

"မယ်မယ်ဘုရား မဆုံးပါးခင်က ကိုရန်မျိုးနောင်ရဲ့ မယ်
ဘုရားနဲ့ သားရေးသမီးရေး ကမ်းလှမ်းသဘောတူခဲ့တာရှိ
တယ် မဟုတ်လား ... "





"သိပြီးသားပဲ ... ဒီလူကြီးက မမမျိုးနဲ့ လပ်ထပ်ဖို့ လူကြီး
ခြင်းသဘောတူပြီးသားဆိုတာ"

ဟု လတ်လတ်က ပြန်ဖြည့်စွက်ပြောလိုက်သည်။

"ဘာလဲ ... ကိုကိုလတ်က မမမျိုး အိမ်ထောင်ပြုတာနဲ့
အမွေတွေခွဲတော့မှာပဲဆိုပြီး ဝင်ဘေးတီးပေးနေတာလား၊
ကိုကိုလတ်နော် ... ဒါပဲ ... အခု ဆယ်တန်းဖြေဖို့ နှစ်လပဲ
လိုတော့တယ် ... စာဘက်ကိုလည်း ကြိုးစားဦး"

"ဟေ့ ... မမိုး ... ငါ ဒီနှစ် မအောင်ရင် ငါ့ကိုပါးရိုက် ... ငါ
ဒီနှစ် သိပ်ကြိုးစားနေတာ နင်တို့အားလုံးအမြင်ပဲ ... "

"ဒါပေါ့ ကိုကိုလတ်က မမမျိုးလည်းလက်ထပ် ... အမွေတွေ
လည်းရ ... ဆယ်တန်းလည်းအောင်တာနဲ့ မိန်းမယူတော့မှာ
မှတ်လား ... "

"ဟာ ... ဒီကောင်မလေး မမိုး ... ပေါက်ကရ တောက်တီး
တောက်တဲ့တွေ ပြောနေတယ် ... "

"ဘာတောက်တီးတောက်တဲ့ ပေါက်ကရမှာလဲ ... တစ်နေ့
တစ်နေ့ ဗိုလ်ချုပ်ဈေးက မကေသီခိုင်ဆိုင်မှာ သွားထိုင်လွန်း
လို့ ကုလားထိုင်ဖင်ကြီမ်တွေတောင် ပေါက်နေပြီ၊ မသိရင်
ခက်မယ် ... "

"တော်ကြစမ်းကွယ် ... အခု အရေးကြီးတဲ့ ကိုရန်မျိုးနောင်
ရဲ့ကိစ္စမိသားစု တိုင်ပင်မလို့ ... "

"မိသားစု တိုင်ပင်စရာလိုသေးလို့လား ... မိသားစုအားလုံးက မမမျိုးနဲ့ ကိုရန်မျိုးနောင်ကိစ္စ သိပြီးသားပဲဟာ ... ရက်ကောင်းရက်သာရွေးဖို့ပဲလိုတာ ... လူကြီးခြင်းကမ်းလှမ်းပြီးသား သဘောတူပြီးသား ... ပြီး မမမျိုးနဲ့ဆိုရင် နေနဲ့လ ရွှေနဲ့မြပဲဟာ ... "

မြတ်သူဇာပြောသည်ကို နားထောင်ပြီး မမမျိုးစန္ဒာ သက်ပြင်းချသည်။

"မဟုတ်သေးဘူး မြတ် ... မြတ်တို့အားလုံး ဗေဒင်ဆရာအတွက်မှားနေကြပြီ ... ကိုရန်မျိုးနောင် လက်ထပ်ချင်တာက မမမျိုးကိုမဟုတ်ဘူးတဲ့ ... မြတ်သူဇာကို လက်ထပ်ပါရစေတဲ့ ... "

မြတ်ကိုယ်တိုင် ပါးစပ်ဟောင်းလောင်း။ အငယ်နှစ်ယောက်လည်း ပါးစပ်ဟောင်းလောင်းဖြစ်သွားအောင် အံ့သြသွားကြသည်။

"ကဲ ... မြတ်ကပဲ ကိုရန်မျိုးနောင်ရေးပို့တဲ့စာကို အငယ်နှစ်ယောက်ကြားအောင် ဖွင့်ဖတ်ပြလိုက်ပါကွယ် ... "

လတ်လတ်နှင့်မိမိုးသည် ဘာတွေဖြစ်တာလဲဟု တစ်ယောက်ကိုတစ်ယောက် မဝေခွဲတတ်သောအကြည့်ဖြင့် ကြည့်နေကြသည်။





မြတ်သူဇာက စာကိုဖွင့်ပြီး အားလုံးကြားနိုင်သော အသံဖြင့် ဖတ်ပြသည်။

ထိပ်ထားမျိုးနန္ဒာ ...

တိုတိုနဲ့လိုရင်းပဲ ကျွန်တော်ရေးပါ့မယ်၊ ကျွန်တော်တို့ဘက်က ဆက်ဆက်လာတာရော ... မျိုးထိပ်ထားတို့ဘက်ကရော မဟာမျိုးမဟာနွယ်တွေဆိုတာ ပြောစရာမလိုတော့ဘူးလေ ...၊ ဒါကြောင့် ကျွန်တော့်ရဲ့ မယ်မယ် မျိုးထိပ်ထားရဲ့မယ်မယ်ဟာ သားရေးသမီးရေးကိစ္စကို မျိုးထိပ်ထားရဲ့မယ်မယ် မကွယ်လွန်မီကတည်းက ပြောဆိုအတည်ပြုခဲ့ပြီးသားပဲ ဖြစ်ခဲ့တယ်။

ကျွန်တော့်ရဲ့ ပင်ကိုယ်စိတ်ရင်းကတော့ မဟာမျိုးမဟာနွယ်ခြင်းသာ ထိမ်းမြားရမယ်ဆိုတာကို သိပ်ဘဝင်မကျခဲ့ပါဘူး ... ဒါကြောင့် ကိုယ့်ရင်ထဲနှလုံးထဲက ချစ်သူကိုသာတွေ့ရင် မယ်မယ်ရဲ့အငြိုအငြင်ခံပြီး ကျွန်တော်ချစ်တဲ့သူကိုသာ လက်ထပ်မယ်ဆိုတဲ့ ခံယူချက် ရှိထားခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော့်ရင်ထဲက ချစ်တဲ့သူ မရှိသေးဘူးပေါ့ဗျာ ... ဒါကြောင့် ရင်ထဲက ချစ်သူမရှိသူမို့ မယ်မယ် သဘောတူတဲ့သူနဲ့ပဲ လက်ထပ်မယ်လို့ ဆုံး

ဖြတ်ချက်ချတဲ့အချိန်မှာပဲ မယ်မယ်က ကျွန်တော်လုပ်မဲ့ လုပ်ငန်းတွေ လေ့လာဖို့ မန္တလေးကနေ မော်ဘီကို လာခဲ့တယ် ... ဒါနဲ့ပဲ မဟာမြိုင်ဂေဟာကို မယ်မယ်နဲ့ အတူ ကျွန်တော် ရောက်ခဲ့တယ် ...

အဲဒီမှာ ထိပ်ထားမြတ်သူဇာကို ကျွန်တော် ပထမဆုံးမြင်ဖူးတာပဲ။

နောက်တစ်ခါ မော်ဘီက ရန်ကုန်အလာ လမ်းမှာ ကားပျက်လို့ ထိပ်ထားမြတ်သူဇာနဲ့ဆုံပြီး ကျွန်တော့်ကို ထိပ်ထားမြတ်သူဇာက မော်ဘီကို လိုက်ပို့တယ်၊ သူပို့ပေးလို့ ကျွန်တော်အချိန်မီ မော်ဘီကိုပြန်ရောက်ပြီး နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရေး ကျွန်တော် မပျက်ခဲ့ဘူး။

အဲဒီနေ့မှာပဲ ကျွန်တော့်ရင်ထဲမှာ တိကျတဲ့ ဆုံးဖြတ်ချက်ရလိုက်တယ်။

ထိပ်ထားမြတ်သူဇာကိုပဲ ကျွန်တော် လက်ထပ်မယ်လို့။

ဒါကြောင့် မန္တလေးက မယ်မယ့်ဆီကို ကျွန်တော် ရှင်းအောင် စာလှမ်းရေး မေးမြန်းတယ် ... မယ့်မယ့် အနေနဲ့ မဟာမြိုင်ဂေဟာက အမျိုးအနွယ်နဲ့ တို့လက်





ထပ်ရမယ်ဆိုတာ၊ ပုဂ္ဂိုလ်အတိအကျသတ်မှတ်ပြီး လူကြီးခြင်းပြောခဲ့တာလားလို့။

မယ်မယ့်ဆီက စာပြန်လာတယ် ... လူကြီးချင်း ပြောခဲ့ရာမှာ ပုဂ္ဂိုလ်အတိအကျ သတ်မှတ်ချက်မပါဘူးတဲ့၊ မဟာမျိုးခြင်းသာ အဓိကမို့ ကျွန်တော်သဘောကျတဲ့ မဟာမြိုင်သူ ဘယ်သူ့ကိုပဲဖြစ်ဖြစ် လက်ထပ်နိုင်တယ်တဲ့။

ဒါပါပဲ မျိုးထိပ်ထား ... ဒါကို မျက်နှာချင်းဆိုင်ပြောရမှာ ဝန်လေးလို့ ဒီစာနဲ့ ရေးပြလိုက်တာပါ။ အဲဒါကိုသဘောတူရင် မြတ်သူဇာကို ကျွန်တော် လိုလိုလားလား ခမ်းခမ်းနားနား လက်ထပ်ပါ့မယ်။

ကျွန်တော် မမှားပါဘူးနော် ... လူ့မနော လူ့သဘောအံ့ရ ကျွန်တော် မှန်ကန်မှာပါ။

ရန်မျိုးနောင်

"ထင်သားပဲ ... ဒီအိမ်ကို လာသွားတုန်းကတည်းက ဒီလူကြီးမျက်လုံးတွေဟာ မမမျိုးအပေါ်မှာမရှိဘဲ မမမြတ်ကိုသာ အာရုံစိုက်ကြည့်ကြည့်နေတာ ... ဟွန်း လူကြီးကိုက"

စာဖတ်၍ ဆုံးသွားသည်နှင့် အငယ်ဆုံးမ မိမိုးက နှုတ်ခမ်းရွဲ့၊ ပါးရွဲ့ ပြောလိုက်သည်။

"ဘယ်လိုလဲ မြတ် ... သူ့စာဖတ်ပြီး မြတ်တုန်လှုပ်သွားသလား ... "

မြတ်သူဇာက မပြုံးချင်ပဲလျက် ပြုံးပြသည်။

ယင်းသို့ မပြုံးချင်ဘဲ ပြုံးရင်း ဤသို့ပင် မပြုံးချင်ဘဲ ပြုံးပြတတ်သည့် မောင်လွင်ဦး၏အပြုံးကို ဖျတ်ခနဲ မျက်စိထဲမြင်မိသည်။

"မြတ်အဖို့ကတော့ မြတ်ကိုလက်ထပ်ချင်ပါတယ်ဆိုတဲ့ ယောကျ်ားတော်တော်များများက ပြောသံကြားနေကျမို့ မတုန်လှုပ်ပါဘူး မမမျိုး ... ဒါပေမဲ့ မမမျိုးသေချာစဉ်းစားကြည့်စမ်းပါ၊ ကိုရန်မျိုးနောင်ရဲ့သဘောထားဟာ အထက်စည်းယူရာမရောက်လွန်းဘူးလား၊ ပထမစကားက သူ့ရင်ထဲက ချစ်သူရှိနေရင် မဟာမျိုးမဟာနွယ်ဆိုတာတွေ ဘေးချိတ်ပြီး ယူမှာပဲတဲ့၊ ဒုတိယစကားက မဟာမြို့မိသားစု ဈေးဗန်းထဲထည့်ပြထားရပြီး သူကြိုက်တာကို ရွေးယူမယ်ဆိုတဲ့သဘောပဲ ... အဲဒီအချက်တွေက တင်စီးလွန်းနေတယ် မမမျိုး ... "

"ပို့င့် ... ပို့င့် ... မမြတ်ပြောတာ ... တကယ့်ပို့င့်ကျတယ်၊ ဘာလဲ ဒီလူကြီးက မိုးတို့ညီအစ်မသုံးယောက်တန်းစီပြပြီးမှ သူကြိုက်တာယူမယ်ဆိုတာကြီးက မဟာမြို့ညီအစ်မသုံး





ငါ့ဘက်က အမြတ်ချည်းပဲ၊ နင်တို့သာ မဟုတ်တဲ့ ဒရိုင် ဘာ အစုတ်ပလုတ်နဲ့ ဖြစ်မသွားစေနဲ့ ... ဟင်း ... ငါ မပြောချင်လို့ကြည့်နေတာကြာပြီ ... "

"ဘာ ... ဘာ ... ကိုလတ် ဘာပြောတယ် ... "

မိမိုးသည် ဆိုဖာပေါ်မှာပင် မတ်တတ်ရပ် ခါးနှစ်ဖက်ထောက် မျက်နှာထားတင်းတင်းနှင့် လတ်လတ်ကို ငုံ့ကြည့်မေးလိုက်သည်။

"အေး ... ငါက တူးမာဆိုင်သွားပြီး ကုလားထိုင်ကြိမ်ဖင်ပေါက်အောင်ထိုင်သလို ... နင်တို့လည်း လွင်ဦးမောင်းတဲ့ကားရှေ့ကူရှင်မှာတွဲပြီး ကူရှင်ဖင်ပေါက်အောင်နေ့တိုင်းထိုင်လိုက်ပြီး အကြည်ဆိုက်နေတာပဲ မဟုတ်လား ... ဒါမျိုးတော့ လွင်ဦးတို့က ကျွမ်းတယ် ... ဘယ်မိန်းကလေးမဆို သူ့အပေါ် ကြွေကျအောင် နေတတ်၊ ပြောတတ်တယ် ... မိန်းကလေးတွေကလည်း လွင်ဦးနဲ့တွေ့သွားရင် ညွတ်ကျသွားတာပဲ ... အေး ... နင်တို့တောင် ဒရိုင်ဘာကောင်ကို ထည့်တွက်ရင် တူးမာနဲ့ငါ့ကိစ္စက အများကြီးအဆင့်မြင့်တယ် ... သာတယ်မှတ် ... "

"အို ... ကိုလတ် ... ဒီလိုအရမ်းမပြောနဲ့ ... ကိုလွင်ဦးဟာ ကိုလတ်ပြောတဲ့လူစားမျိုး လုံးဝမဟုတ်ဘူး သိလား ... သိက္ခာနဲ့သမာဓိနဲ့လူ ... ကုန်ကုန်ပြောမယ် ... ကိုလွင်ဦး

"အေးပါ ... နင်တို့ ကိုယ်လိုရာကို ဇွတ်ဆွဲပြောနေတာ ဟာ ..."

"ဒီမယ်ကိုလတ် ... ကိုလတ်ကိုယ်တိုင် ကိုယ်လိုရာဆွဲပြေ သွားတာပဲ မဟုတ်လား ... ညွှန်ကြားရေးမှူးဆိုတာ မူးကြီ မတ်ရာနဲ့အတူတူပဲဆိုတာလေ၊ အမှန်တော့ မဟာမျိုးမဟာ နွယ်ဆိုတာ ဗမာဘုရင်လက်ထက်က နန်းတော်ထဲကဆင် သက်လာတဲ့၊ သားစဉ်မြေးဆက်ကိုမှ မဟာမျိုးမဟာနွယ် လို့ပြောနိုင်တာ၊ အခု ဒီခေတ်မှာ အဲဒီမဟာမျိုးမဟာနွယ် တွေ ဘယ်သူဘယ်ဝါ ဘယ်ရောက်နေမှန်းတောင် မသိဘူး အခု ကိုရန်မျိုးနောင်နဲ့ကိစ္စပြီးသွားရင် ကိုလတ်နဲ့ လက်ထပ် ထိမ်းမြားဖို့ ဘယ်မှာလဲ ... မဟာမျိုး မဟာနွယ်ထိပ်ထား မိန်းကလေး၊ မိုးအိမ်ထောင်ပြုရင်ကော မဟာမျိုးမဟာနွယ် ရွှေမင်းသားကိုယ်တော်ကို ဘယ်မှာလိုက်ရှာရမှာလဲ၊ နောက် ဆုံး ကုန်းဘောင်ဆက် ... သီပေါမင်းအဆက်အနွယ်တွေကို ရှာရင် ကုလားပြည်မှာ သွားရှာရမယ် ... သီပေါမင်းပါတော် မူသွားတာ ကုလားပြည်ကိုး ... ကုလားပြည်က သီပေါမင်း ဆက်တွေကိုလိုက်ရှာရင် ကိုကိုလတ်အတွက် ကုလားမပဲရ မယ် ... မိုးအတွက်လည်း ကုလားထီးပဲရမယ် ... သီပေါမင်း က ဆင်းသက်လာသမျှတွေဟာ ကုလားထီးတွေ ကုလားမ





တွေနဲ့သာ ညားကုန်ကြတယ် မဟုတ်လား၊ ကုလားသွေး တွေ ရောကုန်ပြီမဟုတ်လား ..."

မိမိုးစန္ဒာ၏စကားကို လတ်လတ်မပြောနှင့် မြတ်သူ ဘယ်လိုပြန်လည်ချေပရမည်မှန်းမသိ။

"အေး ... နင် တော်တော်စကားတတ်နေတယ် ... ဒီလို ဒီစကားတွေပြောဖို့ ဒရိုင်ဘာစုတ်က သင်ပေးထားလို့ နင် နင် ပြောတတ်နေတာမဟုတ်လား ... တော်ပြီ ... လုပ်ချင် ရာလုပ်ကြတော့ ဒါပဲ ..."

ပြောပြောဆိုဆို လတ်လတ်သည် ခြေသံပြင်းပြင်း နှင့် ထွက်သွားကာ မော်တော်ဆိုင်ကယ်ဖြင့် တရကြမ်းမောင်းထွက် သွားတော့သည်။

မိမိုးစန္ဒာကလည်း ဆိုဖာပေါ်မှဆင်းကာ ခြေဆောင့် နင်းပြီး သူမ အိပ်ခန်းထဲသို့ဝင်သွားတော့သည်။

ဧည့်ခန်းထဲဝယ် မျိုးထိပ်ထားနှင့် မြတ်ထိပ်ထား အစ်မနှစ်ယောက်သာ ကျန်ခဲ့တော့သည်။

"အင်း ... ဘာလိုလိုနဲ့ မဟာမြိုင်ဂေဟာကြီးမှာ အမှိုက်ကစ ပြသာဒ်မီးလောင်ပြီပဲ၊ ဒီအိမ်မှာ မောင်လွင်ဦးက ပြဿနာ ဖြစ်လာပြီလေ၊ လတ်လတ်က မောင်လွင်ဦး ၊ သဘောကျ ပုံမရဘူး၊ လူငယ်ယောကျ်ားလေးခြင်းဆိုတော့ တစ်နေ့နေ့

မှာ မောင်လွင်ဦးနဲ့ လတ်လတ် ပြဿနာကြီးပြီး ခိုက်ရန်တွေ ဖြစ်ကုန်ရင် လူကြားမကောင်းဖြစ်တော့မယ် ... ”

မျိုးနန္ဒာထိပ်ထား၏စကားမှာ မောင်လွင်ဦးကို ဤ မဟာမြိုင်ဂေဟာကြီးမှ ထွက်သွားစေချင်သည့်သဘော ပါရှိနေမှန်း မြတ်သူဇာ အကဲဖမ်းမိပါ၏။

“သုံးလခစာပေးပြီး အလုပ်ထုတ်ပစ်လိုက်ပေါ့မမျိုး ... မြေနိမ့်ရာ လှံစိုက်တာ အဆန်းမှမဟုတ်တာ ... မောင်လွင်ဦးကို ဒီအိမ်မှာ အလုပ်ခန့်ခဲ့တာလည်း အဓိကလတ်လတ်ပဲ၊ သူ မောင်လွင်ဦးကို အလုပ်ခန့်ချင်တာဟာ ... တူးမာကို အဆက်အသွယ်ရချင်တဲ့ဆန္ဒနဲ့ အဓိကပဲ ... မမမျိုးစဉ်းစားကြည့်လေ ... တူးမာကမောင်လွင်ဦးအပေါ်မှာ လိုက်လျောချင်နေတယ်ဆိုတာ ... လတ်လတ်စကားအရရော မိမိုးစကားအရရော သိသာနေတယ်၊ မောင်လွင်ဦးသာ စိတ်ဓာတ်ညံ့ဖျင်းသူဆိုရင် ကိုယ့်ဘက်ယိမ်းနေတဲ့ တူးမာကို အရဆွဲသိမ်းပိုက်လိုက်ရုံပဲ၊ တူးမာက တစ်ဦးတည်းသောသမီးပဲ မမမျိုး၊ သူ့မိဘစိတ်ဆိုးလည်းခဏပေါ့ ... ပြီး ပြန်ပြီးလက်ခံရမှာပဲ၊ ဒါပေမဲ့ မောင်လွင်ဦးမှာ ဒီစိတ်ဓာတ်မျိုးမရှိဘူး၊ သူ့ လက်ရှိဘဝနဲ့မို့ တူးမာကို သူရှောင်တယ် ... ”

“မြတ်ရဲ့ဝေဖန်ချက်တွေက မောင်လွင်ဦးအပေါ်မှာ မဲတင်းလွန်းမနေဘူးလား ... ”





“လက်ရှိနဲ့လက်တွေ့အတိုင်းပြောနေတာကို မဲတင်းလွန်းတယ်ထင်ရင်လည်း ဘာမှမတတ်နိုင်ဘူး မမမျိုး၊ ရွှေဆိုတာ မှတ်ကျောက်တင်ကြည့်မှ သူ့အရည်အသွေးအမှန်ကို သိနိုင်တယ်၊ လူမှာလည်း တကယ်တန်းအနီးကပ်လေ့လာကြည့်မှ သူ့အရည်အသွေးနဲ့ စိတ်နေသဘောထားကိုသိနိုင်တယ် ... အင်းလေ ... ဘာပဲဖြစ်ဖြစ်ပါ ... ”

မြတ်သူဇာက ထိုင်ရာမှထလိုက်သည်။ ပြီး မမမျိုးကို တစ်လုံးချင်း တစ်ခွန်းချင်းပြောလိုက်သည်။

“မမမျိုးကြိုက်သလို စီစဉ်ပါ ... မဟာမျိုး မဟာနွယ် ဇာတ်စင်ကြီးပေါ်မှာ မမမျိုးက အကြီးအကဲဇာတ်ဆရာပဲ၊ မြတ်က ဇာတ်ဆရာအမိန့်အတိုင်း ကပြရမဲ့သူပါ ... မြတ်အနေနဲ့ စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ၊ ဇာတ်ဆရာရဲ့အလိုကျ ကပြပေးမှာပါ။ ကိုရန်မျိုးနောင်ဆီကို မမမျိုးအကြောင်း ပြန်လိုက်ပါ၊ မြတ် ကိုမျိုးနောင်ကို လက်ထပ်ဖို့ အစ်မကြီးအမိရာရောက်နေတဲ့ မမမျိုးကပဲ ပြန်ကြားလိုက်ပါ ... အဲ ... ချွင်းချက်တစ်ခုတော့ထားပေးပါ ... မင်္ဂလာကိစ္စကိုတော့ လတ်လတ်နဲ့မိမိုးစာမေးပွဲရော၊ တက္ကသိုလ်က စာမေးပွဲတွေရော ပြီးမှ စီစဉ်ပါလို့ ... စာမေးပွဲတွေမတိုင်ခင် မြတ်စိတ်လည်း မအားဘူး လူလည်းမအားဘူး ... ဒါပါပဲမမမျိုး”

ထွက်သွားရန် ခြေလှမ်းပြင်ပြီးမှ မျက်နှာကိုပြန်လှည့်ကာ သူမ၏မမမျိုးကို ထပ်မံဖြည့်စွက်စကား ပြောလိုက်သည်။

"ပုရစ်ဟာ အကောင်ငယ်ပေမဲ့ အသံကျယ်တယ် မမမျိုး... ခုန မမိုးပြောသွားတဲ့စကားတွေဟာ ပုရစ်လိုအသံကျယ်ပေမဲ့ စဉ်းစားစရာပဲ၊ မြတ်လက်ထက်မှာ မဟာမျိုးမဟာနွယ် အစွဲနဲ့ ကိုရန်မျိုးနောင်ကို လက်ထပ်ပေမဲ့၊ မမမျိုးကိုယ်တိုင်ရော လတ်လတ်နဲ့မမိုးအတွက်ရော ... မဟာဆီမဟာမျိုး သတို့သား သတို့သမီးကို အိန္ဒိယမှာ သွားရှာရမှာလားဆိုတာလေ ... "

----?----





# ၁၃

"မြတ်ရေ ... မမစိမ်းကို ကူညီပါလားကွယ် ... "

"ဘာများလဲ မမစိမ်း ... "

"ကနေ့ညနေ ငါးနာရီမှာ ဗိုလ်တထောင်လုပ်သားကောလိပ်က အကူအညီတောင်းထားတယ် ... သူတို့ဆီက သမိုင်းအဓိကယူတဲ့ ကျောင်းသူကျောင်းသားအားလုံးကို သမိုင်းဘာသာရပ်နဲ့ပတ်သက်ပြီး အထွေထွေဟောပြောပွဲ ကျင်းပမှာမို့ ဟောပြောပေးပါတဲ့၊ အဲဒီအတွက် ဌာနမှူးက မမစိမ်းသွားဟောပေးဖို့ တာဝန်ပေးထားတယ်၊ မမစိမ်းမှာ ကနေ့ညနေ မိသားစုကိစ္စတစ်ခု အရေးတကြီးပေါ်လာတယ်၊ အဲဒါ မမစိမ်းကိုယ်စား မြတ်ပဲသွားဟောပေးဖို့ပါ ... ဌာနမှူးကို

လည်း မမစိမ်းပြောပြပြီးပါပြီ ... ဒွာနမှူးက မြတ်သွားရင် ပိုကောင်းပါတယ်တဲ့ ... အဲဒါပါပဲမြတ် ... ကူညီပါဦး"

မမစိမ်းကိုယ်စား မြတ်သူဇာ လုပ်သားကောလိပ်သို့ သွားရောက်ရန် ကတိပေးလိုက်သည်။ (၃)နာရီကျောင်းဆင်းပြီး အိမ်ပြန် ရေမိုးချိုးအဝတ်အစားလဲပြီးမှ လုပ်သားကောလိပ်သွားမည်။

ညနေ(၄)နာရီခွဲတွင် လုပ်သားကောလိပ်သို့သွားမည်။ မောင်လွင်ဦးကို အဆင်သင့်လုပ်ထားစေရန် နန်းခင်ကိုပြောခိုင်းလိုက်သည်။

"အစ်ကိုလွင်ဦး မရှိတော့ဘူး မမမြတ် ... "

"အို ... မဟုတ်တာ ... ငါ့ကိုကျောင်းလာကြိုပြီး ဒီအိမ်ကို ပို့ခဲ့သေးတာပဲ ... "

"ဟုတ်တယ် မမမြတ် ... သူ့ပစ္စည်းတွေကို နေ့ခင်ကတည်းက ဒေါ်ဂျစ်ကားနဲ့ သယ်ယူသွားထားပြီးပြီ ... "

ဟု အနီးတွင်ရှိနေသော မိမိုးက ဝင်ပြောသည်။

မိုးက ဆက်ပြောသည်။

"နေ့ခင်းက မိုးကို ကျောင်းလာကြိုပြီး အိမ်ရောက်တော့ ကိုကိုလတ်က သူ့တန်းလျားလိုက်သွားတယ် ... ကိုကိုလတ်နဲ့ ကိုလွင်ဦး စကားများကြတယ် ... မိုးလိုက်သွားပြီး ဖျန်ဖြေတာ ကိုကိုလတ်က မိုးကို ဆောင့်တွန်းပစ်တယ် ... "





"ထိုးကြနှက်ကြသေးလားမိုး ... "

"ကိုကိုလတ်က ထိုးတယ် ... ဒါပေမဲ့ မထိဘူး ... ကိုလွင်ဦးက လွတ်အောင်ရှောင်တယ် ... "

"မမမျိုးက ဘာမှဝင်မပြောဘူးလား ... "

"မပြောဘူး ... တခြားမှာ ရှောင်နေတယ် ... "

မြတ်သူဇာ စိတ်မကောင်းပါ။ သို့သော် ဘာတတ်နိုင်မည်နည်း။

ကတိပေးထားသောတာဝန်ကရှိသေးသည်မို့ မြတ်သူဇာသည် သူ့ကားဖြူလေးကို ကိုယ့်ဘာသာမောင်းကာ ဗိုလ်တထောင်လုပ်သားကောလိပ်ရှိရာသို့ မောင်းလာခဲ့သည်။

ဟောပြောပွဲစင်ပေါ်သို့တက်ကာ သမိုင်းဘာသာနှင့်ပတ်သက်ပြီး သိကောင်းစရာအဖြာဖြာတို့ ဟောပြောတော့သည်။

ပထမနှစ်ကျောင်းသူကျောင်းသားများ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဖိုင်နယ်သမားများပါ နားထောင်ပရိတ်သတ် တော်တော်များပေသည်။

ဟောပြောပွဲအပြီး ... ကျောင်းဧည့်ခံကော်မတီမှ ဆရာမမြတ်အား ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်မျိုးစုံနှင့် ဧည့်ခံကျွေးမွေးသည်။

မြတ်သည် ထမင်းမစားရသေးသည်မို့ ဧည့်ခံသူ

ကျေနပ်အောင်စားသောက်ပြီး အိမ်ပြန်ရန် သူမ၏ကားဖြူလေးဆီသို့လာခဲ့သည်။

"ဟော ... မောင်လွင်ဦး ... "

"ဟုတ်ပါတယ် ... မမမြတ် အပြန်လိုက်မောင်းပေးဖို့ လိုမလားလို့ ကားနားက တင်ကြိုစောင့်နေတာပါ။ ကျွန်တော် မမမြတ်တို့အိမ်က အပြီးအပိုင်ထွက်လာပြီဆိုတာ မမမြတ် သိပြီးလောက်ရောပေါ့ ... "

"ကဲ ... ကားပေါ်တက် မောင်လွင်ဦး ... မောင်းတာကတော့ မမမြတ်ပဲမောင်းပါ့မယ် ... မောင်လွင်ဦးကို မမမြတ် ပြောစရာတွေ မေးစရာတွေရှိလို့ ... "

"ရှေ့ကူရှင်မှာ ထိုင်ရမလား မမမြတ် ... "

"ထိုင်ပါ ... စကားပြောတယ်ဆိုတာ ရှေ့မှာအတူတူထိုင်မှ ပြောလို့ကောင်းမှာပေါ့ကွယ် ... "

မောင်လွင်ဦး ဝင်ထိုင်သည်။ မမမြတ်မောင်းထွက်လာခဲ့သည်။

"ကဲ ... ဆိုပါဦး ... အရာရာမှာ သိပ်လျှို့ဝှက်တတ်တဲ့ မောင်လွင်ဦးဟာ ဒီနေ့တော့ လုပ်သားကောလိပ်မှာ ဖိုင်နယ်ဖြေမဲ့ကျောင်းသားမှန်း အထင်ကရ မမမြတ်သိစေမြင်စေပြီပဲ၊ ဒီတစ်ခါတော့ ရှောင်မသွားဘဲ ဘာလို့အသိခံ အမြင်ခံတာလဲ မောင်လွင်ဦး ... "





"ဒါလား ... ကျွန်တော် မမမြတ်တို့ မဟာမြိုင်ဂေဟာက အလုပ်ပြုတ်ခဲ့ပြီပဲ ... မမမြတ်တို့အပေါ်မှာ ကျွန်တော့်ဘဝကို ကွယ်ဝှက်ထားစရာမလိုတော့ဘူးလေ ... "

"ဒါဆို ... အလုပ်လုပ်နေစဉ်က လျှို့ဝှက်ထားတဲ့ရည်ရွယ်ချက်ကရော ... "

"အလုပ်ရှင်က ဒရိုင်ဘာကို ဒရိုင်ဘာလိုပဲ ခံယူထားစေချင်တယ် ... ဒီကောင် တက္ကသိုလ်မှာ ဖိုင်နယ်ဖြေတော့မဲ့ကောင် ... ဒီကောင်က စာရေးဆရာ ... ဆိုတာမျိုး မမမြတ်တို့သိထားရင် ဒရိုင်ဘာကို ဒရိုင်ဘာလို ဆက်ဆံရာမှာ နောက်တွန့်နေမှာစိုးရိမ်လို့ပါ ... "

"အင်း ... မောင်လွင်ဦး စိတ်ဓာတ်မျိုးကတော့ တကယ့်ကို စံပါပဲကွယ် ... ဒါထက် အိမ်မှာနေ့ခင်းက မောင်လွင်ဦးနဲ့ လတ်လတ်စကားများရန်ဖြစ်ကြတယ်ဆို ... ဘာလို့ရန်ဖြစ်ကြတာလဲကွယ် ... "

"ကျွန်တော် အဲဒီအကြောင်း မပြောချင်ဘူးမမမြတ် ... နှစ်ယောက်စကားများရန်ဖြစ်ကြပြီဆိုရင် ကိုယ့်ဘက်က သူလွန်လို့ ဖြစ်ရတာပါလို့ပဲ ပြောရမှာပဲ ... အဲဒါကို ကျွန်တော် မပြောချင် ... "

"မမမြတ်က တကယ့်အစစ်အမှန်ကိုသိချင်တာဆိုရင်ကော မောင်လွင်ဦးမပြောဘဲနေမှာလား ... မမမြတ်ဟာ မောင်

လွင်ဦးရဲ့အလုပ်ရှင်မှ မဟုတ်တော့တာ ... ကဲ ... ပြောဘာကစပြီး ဖြစ်ကြတာလဲ ... ”

“ကောင်းပြီ မမြတ် ... မမြတ်ကိုတော့ ကျွန်တော်ပြောပါမယ် ... ဒီနေ့ မမိမိုးကို နေ့ခင်းကျောင်းကြိုခဲ့ပြီး အိမ်ပြန်ရောက်တာနဲ့ ကိုလတ်လတ်က ကျွန်တော့်တန်းလျားခန်းကို လိုက်လာတယ် ... ပြီး ... ကျွန်တော့်လက်ရေးနဲ့ရေးပြီး တူးမာကို ကျွန်တော်ကဖြတ်စာရေးပေးရမယ်လို့ ဇွတ်တိုက်တွန်းပြောတယ် ... ”

“မောင်လွင်ဦးက ရေးမပေးဘူးမှတ်လား ... ”

“ဘာကြောင့် ရေးပေးရမှာလဲ မမြတ် ... ဖြတ်စာဆိုတာက တူးမာနဲ့ကျွန်တော် တစ်ခုခုဖြစ်ခဲ့ဖူးတယ် ... အိုဗျာ ... ချစ်သူဖြစ်ခဲ့ဖူးတယ်ဆိုမှ ဖြတ်စာရေးလို့ရမှာပေါ့ ... တူးမာနဲ့ကျွန်တော် ဘာဆိုဘာမှမဖြစ်ခဲ့တာ၊ တူးမာကို ကျွန်တော်မေတ္တာရှိပါတယ်လို့ တစ်ခွန်းမှ မဟာခဲ့ဘူး ... စာတစ်လုံးမှ မရေးခဲ့ဖူးဘူး ... ကျွန်တော့်ညီမလေးအရင်းလိုပဲ သဘောထားတယ် ... ဆက်ဆံတယ် ... ဒါကို ကိုလတ်လတ်က ဖြတ်စာရေးပေးရမယ်လို့ အတင်းဆိုလာတယ် ... ”

“အဲဒီလိုပဲ လတ်လတ်ကိုရှင်းပြပေါ့ ... ”

“အာပေါက်မတတ် ကျွန်တော်ရှင်းပြပါတယ် ... ဒါပေမဲ့ ... ကိုလတ်လတ်က ဇွတ်ပဲ ... ကျွန်တော်က တူးမာကို ချစ်





စကားမဆိုဘူးပေမဲ့ တူးမာက ကျွန်တော့်ကို မျှော်လင့်နေတယ်တဲ့ ... ကျွန်တော် တက္ကသိုလ်ဘွဲ့ရပြီးတဲ့အထိနဲ့ စာပေနယ်မှာ အောင်မြင်တဲ့အထိ တူးမာက စောင့်မယ်ဆိုတဲ့သဘောရှိတယ်တဲ့ ... ”

“လတ်လတ်က မောင်လွင်ဦးက တူးမာကိုဖြတ်စာရေးခိုင်းတာ သူနဲ့တူးမာဆက်ဆံရေးမှာ တစ်ခုခုအထစ်အငေါ့ဖြစ်နေလို့နေမှာပေါ့ ... ”

“ဖြစ်နေတယ် မမြတ် ... ကိုလတ်လတ်ကပဲ ပြန်ပြောပြတာပါ ... တူးမာရဲ့အမေ ဒေါ်ဒေါ်စိုးက တူးမာနဲ့ကိုလတ်လတ်ကို သဘောတူတယ်တဲ့ ... ကိုလတ်လတ်က မမြတ်ရဲ့မောင်အရင်းပဲ ... ရုပ်လည်းချောတယ် ... ဥစ္စာပစ္စည်းငွေကြေးလည်းချမ်းသာတယ် ... ဒီတော့လည်း ကျွန်တော့်လိုကောင်နဲ့တူးမာဖြစ်သွားမှာကို ဒေါ်ဒေါ်စိုး သိပ်စိုးရိမ်တာပေါ့ ... ဒေါ်ဒေါ်စိုး သူ့သမီးတူးမာကို လတ်လတ်လိုလူနဲ့သဘောတူတာ သဘာဝကျပါတယ် ... ဒါပေမဲ့ ခက်နေတာက တူးမာတဲ့ ... တူးမာက ကိုလွင်ဦးကို မျှော်လင့်ချက်ထားနေသရွေ့ ကိုလတ်လတ်ကို လက်မခံနိုင်တဲ့သဘောတွေ အရိပ်အယောင်ရှိနေတယ်တဲ့၊ ဒါကြောင့် ကျွန်တော်က တူးမာကို ဖြတ်စာရေးပေးရမယ်တဲ့ ... ”

“တကယ်လို့သာ လတ်လတ်အလိုကျ မောင်လွင်ဦးက

တူးမာကို ဖြတ်စာရေးပေးလိုက်ရင် မဟာမြိုင်က မောင်လွင်ဦး အလုပ်ထုတ်ခံရမှာမဟုတ်ဘူးနော် ... ”

လွင်ဦးက အောက်ကလီအာရယ်သံပြုလိုက်ပါ၏။

“အဲဒါကို ကျွန်တော်ရှင်းပြမယ် မမြြတ် ... ဖြတ်တယ်ဆိုတာ ... မိန်းကလေးက ယောကျ်ားလေးကိုပဲ ဖြတ်ဖြတ် ... ယောကျ်ားလေးက မိန်းကလေးကိုပဲဖြတ်ဖြတ် ... သူတို့နှစ်ဦးဖြစ်ခဲ့လို့ ချစ်ခဲ့လို့ ... ဖြတ်တာဆိုရင်တော့ မှန်ပါတယ်၊ အခု တူးမာနဲ့ကျွန်တော် ဘာဆိုဘာမှဖြစ်ခဲ့တာမှ မဟုတ်တာ ... ဘာမှမဖြစ်ခဲ့တဲ့ မိန်းကလေးကို ကျွန်တော်က ဖြတ်တယ်ဟေ့လို့ စာရေးပေးရင် ... မိန်းကလေးရဲ့သိက္ခာပိုင်းမှာ ဘယ်လောက်ထိခိုက်သွားသလဲ ... မမြြတ် မိန်းမချင်း ကိုယ်ချင်းစာကြည့်ပါဗျာ ... ဖြစ်လို့ဖြတ်တာမှမဟုတ်တာ”

မြတ်သူဇာ သက်ပြင်းလေးချမိသည်။

မောင်လွင်ဦး၏ တစ်ဘက်သားအပေါ် ငဲ့ညှာတတ်သောစိတ်သည် ပေါ်လွင်လှပါ၏။

“နောက်တစ်ချက်ရှိသေးတယ် မမြြတ် ... ကျွန်တော်က ရန်အေးရင်ပြီးရော ... နားအေးရင်ပြီးရောဆိုပြီး ကျွန်တော် အလုပ်ပြုတ်မဲ့ ကိုယ်ကျိုးကိုကြည့်ပြီး ဖြတ်စာရေးပေးလိုက်တယ်ဆိုပါတော့ ... လောလောဆယ်မှာတော့ လတ်လတ်နဲ့တူးမာ ချစ်ကြခင်ကြတုန်းမှာ ဘာအရေးလဲ ... နောက်





ပိုင်း ကြာမြင့်လာတဲ့အခါ တူးမာနဲ့အဆင်မပြေတိုင်း တူးမာကို အလိုမကျတိုင်း ကိုလတ်လတ်က တူးမာနဲ့ကျွန်တော့်ကို သမုတ်ပြီး အနိုင်စကားတွေပြောမယ် ... အနိုင်ယူမယ်၊ အနိုင်ကျင့်မယ် ... တူးမာခမျာ ဘာမှမဟုတ်ရဘဲနဲ့ အမည်းစက် အစွန်းတစ်ကွက်ရသွားမယ် ... အခု ကျွန်တော် တူးမာနဲ့ဘာမှမဖြစ်တာမို့ ဘာဖြတ်စာမှမရေးတာဟာ တူးမာအတွက် သိက္ခာမပျက်စေဘူး မမြြတ် ... ဒါကြောင့် ကျွန်တော် တူးမာဆီကို ဖြတ်စာရေးမပေးဘူး ... မဟာမြိုင်မှာ ကျွန်တော် အလုပ်ပြုတ်တာဟာ ... ဒီနေ့မပြုတ် နက်ဖြန်ပြုတ်မဲ့ အခြေအနေပါ ... ”

“ဘာကွဲ့ ... ဒီနေ့မပြုတ် နက်ဖြန်ပြုတ်မယ် ဟုတ်လား”

“ဆက်နားထောင်ပါ မမြြတ် ... လွန်ခဲ့တဲ့သုံးရက်ကပဲ မမိမိုးက နေ့ခင်းကျောင်းဆင်းပြီးခါနီးလေးနဲ့ ဗိုလ်ချုပ်ဈေးကို လိုက်ပို့ခိုင်းတယ် ... ”

“မောင်လွင်ဦးကို မမမျိုးက ဘာလို့မပို့ခိုင်းတာလဲ”

“မမိမိုးသွားတဲ့အချိန်က မွန်းလွဲနှစ်နာရီရှိနေပြီ ... ကျွန်တော် မမိမိုးကို ဗိုလ်ချုပ်ဈေးလိုက်ပို့နေရင် ... မမြြတ်ကို ပြန်ကြိုဖို့ မမီမှာစိုးလို့တဲ့ ... ”

“အင်း ... ဆက်ပြောပါဦး ... ”

“အိမ်မှာ မမမျိုးတစ်ယောက်ပဲ ကျန်ခဲ့တယ် ... မမမျိုးက

ကျွန်တော့်ကို ခေါ်တွေ့တယ် ... ဦးရန်မျိုးနောင်ရေးတဲ့စာကို ကျွန်တော့်ကို ဖတ်စေတယ် ... နောက်ဆုံး မမြတ်ဟာ ဦးရန်မျိုးနောင်နဲ့ မလွဲမသွေ ထိမ်းမြားလက်ထပ်ရမယ်တဲ့ လက်ထပ်ပြီးတဲ့အခါ ဦးရန်မျိုးနောင်က သူ့ဇနီးကို သူကိုယ်တိုင် ကျောင်းပို့ကျောင်းကြိုလုပ်မှာတဲ့ ... ဒီတော့ မဟာမြိုင်မှာ ဒရိုင်ဘာတစ်ယောက်ပဲလိုမယ်တဲ့ ... ဦးလေးဒေဝကတော့ မိဘလက်ထက်ကတည်းက လုပ်လာတဲ့လူမို့ အလုပ်က ထုတ်လို့မဖြစ်နိုင်ဘူးတဲ့ ... မမိမိုးအတွက် ကျောင်းပို့ကျောင်းကြိုလည်း ဦးဒေဝနဲ့ပဲ လုံလောက်တယ်တဲ့ ... ဒါပါပဲ မမြတ် ... အဲဒီတော့ ကျွန်တော်က ဒီလကုန်ရင် အလုပ်ထွက်ပါ့မယ်လို့ မမျိုးကို ကတိပေးလိုက်ရတယ် ... လကုန်ဖို့ကလည်း တစ်ပတ်ပဲလိုတော့တယ် ... အဲ ... ဒီနေ့ကိုလုတ်လတ်နဲ့ ရန်ဖြစ်တော့ ... လကုန်အထိတောင် ကျွန်တော်မနေသင့်တော့ဘူးလေ ... ဒါကြောင့် နေ့ခင်းကတည်းက ကျွန်တော့်ပစ္စည်းတွေပြောင်းထားတာ ... မမမြတ်ကို အေးအေးဆေးဆေးရှင်းပြပြီး နှုတ်ဆက်ချင်လို့ အခုမမြတ်ထွက်အလာကို စောင့်နေတာ ... ”

မြတ်သူဇာသည် ဖြုန်းခနဲ ဘာမျှပြန်မပြောသေးဘဲ တံတွေးမျိုလိုက်သည်။ ချောင်းဟန့်သည်။ စကားပြောလျှင် အသံမတုန်အောင် ကြိုတင်ထိန်းသည့်သဘောဖြစ်မည်။





“ဒါဆို မောင်လွင်ဦးရဲ့ နေရေးထိုင်ရေး စားရေးသောက်ရေးတွေ ဘယ်လိုလုပ်မလဲ ... ”

“အဲဒါကိုလည်း မမြတ်ကို ကျွန်တော်ပြောချင်တာ ... မဟာမြိုင်မှာ ဆက်နေရဦးမယ်လို့ထင်ထားတာရယ် ... ပြီးတော့ အခုထက်ပိုပြီး အောင်မြင်မှ မမြတ်ကိုပြောတော့မယ်လေဆိုပြီး မပြောဘဲထားတာ ... ဟင်း ... အခုတော့ပြောလို့ရသွားပြီပေါ့ ... ကျွန်တော့်အပေါ်မှာ သံသယဇဉ်ထားတဲ့ မမြတ်ကို ကျွန်တော်ပြောပါ့မယ် ... ဒီနေ့ကစပြီး မမြတ်နဲ့ကျွန်တော် နောက်ဆို တွေ့ဆုံချင်မှတွေ့ဆုံကြတော့မှာ မဟုတ်လား ... ”

“ဘာတွေများလဲ မောင်လွင်ဦးရယ် ... ”

“ကျွန်တော့်ကို စာအုပ်ထုတ်ဝေသူ ကိုစိုးလွင် လာတွေ့သွားတယ် ... မဟာမြိုင်ဂေဟာမှာ ကျွန်တော်ဒရိုင်ဘာလုပ်နေကြောင်း ပြောပြထားလို့ ဒီအိမ်လိပ်စာကို ထုတ်ဝေသူကသိနေတယ် ... အဲမှာ ဘယ်သူမှမရှိတဲ့အချိန် ကျွန်တော့်ကိုလာတွေ့တာ ... အခု ကျွန်တော် တတိယမြောက်ရေးနေတဲ့ စာမူအတွက် ကျွန်တော့်ကို တင်ကြိုငွေသုံးထောင်ပေးတယ် ... နောက်ပြီး နောက်ထပ်ထွက်မဲ့စာအုပ်တွေကို သူ့တိုက်ကပဲဆက်ထုတ်ပါတဲ့ ... စာမူခ အနည်းဆုံး သုံးထောင်သတ်မှတ်ပြီး အကျိုးရှိရင်ရှိသလို ရာခိုင်နှုန်းစားအထိပေးဖို့

ဆန္ဒရှိတယ်တဲ့ ... ပုတ်ပြတ်စနစ်ဆိုလည်း ညှိပြီးမနစ်နာစေတဲ့နှုန်းပေးပါ့မယ်တဲ့ ... ”

“ဟဲ့ ... ဒါဆို အလားအလာ မောင်လွင်ဦးမှာ သိပ်ကောင်းနေတာပေါ့ ... ”

“ဟုတ်တယ် မမြတ် ... အခု ကျွန်တော် ဖိုင်နယ်ဖြေပြီးသွားရင် ကျောင်းစာကျက်စရာမလိုတော့ဘဲ စာရေးချိန်ပိုရသွားမယ် ... အခု ကျွန်တော့်မှာ ငွေလေးထောင်နီးပါရှိတယ် ... ကျွန်တော့် စားဝတ်နေရေး မပူရတော့ဘူးဆိုပါတော့ ... ”

“မမြတ် ဝမ်းသာလိုက်တာ ... တကယ်ပြောတာ ... မမမြတ်တို့ဆီက အလုပ်ပြုတ်ပြီး မောင်လွင်ဦး ရှေ့ဆက်နေရေးထိုင်ရေး စားရေးသောက်ရေးကို မမြတ်က ပူပန်နေတာ”

“မမြတ်ရဲ့စေတနာနဲ့မေတ္တာကို ကျွန်တော် အရမ်းနားလည်ပါတယ် မမြတ် ... ”

“ကဲ ... ဒါဆို မောင်လွင်ဦးရဲ့လျှို့ဝှက်ချက်တွေ မမြတ်ရင်ထဲတော်တော်ရှင်းသွားပြီ ... နားလည်သွားပြီ ... ဒါပေမဲ့ တစ်ခုတော့ ကျန်နေသေးတယ် ... ”

“ဘာများလဲ မမြတ် ... ကျွန်တော့်အကြောင်း အိတ်သွန်ဖာမှောက် မမြတ်ကို ပြောပြပြီးပြီလေ ... ”

“ကျန်သေးတယ် ... ကိုရန်မျိုးနောင်နဲ့မောင်လွင်ဦးဟာ





တစ်ချိန်ချိန်က တစ်ခုခုပတ်သက်ခဲ့ဖူးရမယ်လို့ မမြတ်ယူဆထားတယ် ... အဲဒါ ... ဘယ်အချိန်က ဘာအကြောင်းနဲ့ ပတ်သက်ခဲ့တာလဲ မောင်လွင်ဦး ... ”

“အဲဒါကိုတော့ မမြတ် ဘယ်လိုမေးမေး ကျွန်တော်ဖြေမှာမဟုတ်ဘူး ... တစ်နေ့နေ့မှာ မမြတ်နဲ့ဦးရန်မျိုးနောင်လက်ထပ်ကြမှာပဲဟာ ... မမြတ်ကိုယ်တိုင်ပဲ ဦးရန်မျိုးနောင်ကို မေးကြည့်ပါ ... ဒီအကြောင်းကို လောကမှာ အဖြေသင့်ဆုံးလူဟာ ဦးရန်မျိုးနောင်ကိုယ်တိုင်ပါပဲမမြတ်”

“တော်တော်ကြီးကို ဟိတ်ဟန်ကြီးမားတဲ့စကားပါလား မောင်လွင်ဦး ... ”

“ကျွန်တော် ဘာမှ မဝေဖန်ပါဘူး ... ”

“ကဲ ... ထားပါတော့ ... ဒီအဖြေကို မမြတ်တစ်နေ့ကျရင် သိရမှာပဲ ... နောက်တစ်ခုမေးမယ် ... အခု မောင်လွင်ဦး ဖိုင်နယ်ဖြေပြီးရင် အောင်မှာ ဘွဲ့ရမှာပဲ ... စာပေနယ်မှာလည်း အောင်မြင်တဲ့လှေကားထစ်ကို စပြီးနင်းတက်နေပြီ၊ ဒီတော့ တူးမာလို မိန်းကလေးကို မင်းလက်ထပ်ပြီး ဘဝကို မထူထောင်ရဲဘူးလား ... မင်းရဲ့စိတ်ဓာတ် မင်းရဲ့ကြိုးစားမှု မင်းရဲ့အရည်အချင်းတွေဟာ ကြွယ်ပိုးကြွယ်ဝမဟုတ်တောင် အိမ်ထောင်တစ်ခုကို လူတန်းစေ့နေနိုင်ထားနိုင်ပြီပဲ ... ”

လွင်ဦး ခေါင်းခါပြသည်။

"ဘာလို့ ခေါင်းခါတာလဲ ..."

"အိမ်ထောင်တစ်ခုဖြစ်လာဖို့မှာ ဦးနှောက်နဲ့စဉ်းစားတာလည်းရှိတယ် ... အဲဒါက သူ့ကိုလက်ထပ်လိုက်ရင် သူ့ဘက်က ချမ်းသာတာမို့ ငါ့အတွက်အကျိုးအမြတ်ပဲလို့ ဦးနှောက်နဲ့ စဉ်းစားလက်ထပ်တာ ..."

"ဒုတိယက နှလုံးသားကိုသာ ဦးစားပေးတာမျိုး သူက ငါ့ကို ချစ်တယ် ... ငါကလည်း သူ့ကိုချစ်တယ် ... တူနှစ်ကိုယ် တဲအိုပျက်မှာနေရဆိုတဲ့ အိမ်ထောင်မျိုး ..."

"တတိယကတော့ နှလုံးသားလည်းပါတယ် ... ဦးနှောက်လည်းပါတယ် ... သူ့ကို ငါလက်ထပ်ရင် နှစ်ဦးသားအပြန်အလှန်လည်းချစ်တယ် ... သူ့ဘက်က အသိုင်းအဝိုင်းကလည်း မကန့်ကွက် သဘောတူတဲ့ဆိုတဲ့ အိမ်ထောင်မျိုးပဲ မမမြတ် ... တူးမာကို ကျွန်တော်လက်ထပ်လိုက်ရင် သူ့မိဘ စိတ်ဆိုးခဏပေါ့ ... ခဏနေ တစ်ဦးတည်းသောသမီးလေး ပါလားဆိုပြီး လက်ခံလာရတာမျိုး ဖြစ်မယ် ... ကျွန်တော် သိပါတယ် မမမြတ် ... ဒါပေမဲ့ ဒေါ်ဒေါ်စိုးရဲ့ ကျွန်တော့် အပေါ်အမြင်က အလကားလူ ဒရိုင်ဘာက သူဌေးသမီး တက်ချိုင်တဲ့လူလို့ ရာသက်ပန်မြင်သွားမှာသေချာတယ် ... နောက်ပြီး ဩဇာအလွှမ်းမိုးခံရပြီး ကိုယ်လုပ်ချင်တာ ဘယ်

လိုမှ လုပ်ခွင့်မရဘဲ သူခိုင်းသမျှလုပ်ပေးနေရမှာ သေချာတယ် ... ဒေါ်ဒေါ်စိုးလောင်ရိပ်အောက်မှာ ကျွန်တော် ခိုင်းနွားပဲဖြစ်သွားမယ် ... ချိုသွေးနွားမဖြစ်လာနိုင်ဘူး ... အဲဒီအချက်ကြောင့်လည်း တူးမာကို ကျွန်တော် ခေါင်းခါခဲ့တာပဲ ..."

"ဒါဆို ... တူးမာကို မင်းရင်ထဲနှလုံးသားထဲက မချစ်ဘူးလား"

"ရင်ထဲက ချစ်တယ်ဆိုတာက နှလုံးသားနဲ့တိုက်ရိုက်ကြီး သက်ဆိုင်တာပဲ ... နှလုံးသားထဲက ချစ်ပါတယ်ဆိုတဲ့အဆင့် ရောက်အောင် လှေကားထစ်တွေရှိနေသေးတယ် မမမြတ်၊ နှစ်ဦးနှစ်ဖက်တွေ့ဆုံကြပြီး နှစ်သက်တယ်၊ မြတ်နိုးတယ်၊ ယုံကြည်တယ်ဆိုတဲ့ အထစ်တွေတစ်ထစ်ပြီးတစ်ထစ် တက်လှမ်းပြီးမှ နောက်ဆုံးချစ်ပါတယ်ဆိုတဲ့အဆင့် ရောက်တာပါ။ တူးမာအပေါ်မှာ ကျွန်တော့်ရင်ထဲက နှစ်သက်ပါတယ် ... ကြိုက်ပါတယ် ... မြတ်နိုးပါတယ်ဆိုတဲ့ လှေကားထစ် သုံးထစ်မှာပဲ ရပ်သွားတယ် ... ချစ်တယ်ဆိုတဲ့အဆင့်ကို တက်လို့မရဘူး ... ဒါကြောင့်လည်း ... တူးမာကိုချစ်တယ်လို့ ကျွန်တော် တစ်ခွန်းမှမဖွင့်ဟခဲ့ဘူး ..."

"မင်း တကယ်စာရေးဆရာကောင်းတစ်ယောက်ဖြစ်သင့်တာပဲ ... အတွေးအခေါ်ပိုင်းတွေ အယူအဆအပိုင်းတွေ





စေတနာစာပေ

ခွဲခြမ်းစိတ်ဖြာပိုင်းတွေ တော်တော်အဆင့်မြင့်တာပဲ၊ ကဲ ဒါဆို မမမြတ်က တစ်ခုထပ်မေးဦးမယ် ... တူးမာမဟုတ်တဲ့ တခြားမိန်းကလေးတစ်ယောက်ပေါ့ကွယ် ... တူးမာထက် ရုပ်မညံ့ဘူး ပညာပိုင်းမညံ့ဘူး ... မင်းပြောတဲ့ ကြိုက်တယ် နှစ်သက်တယ် မြတ်နိုးတယ်ဆိုတဲ့ အဆင့်တွေအထိလည်း ရောက်ပြီးသား ... သူ့အုပ်ထိန်းသူတွေကလည်း ဒေါ်ဒေါ်စိုးလို မပြင်းထန်ဘူး သမာသမတ်ရှိတယ် ... မင်းရဲ့စာရေးဆရာအလုပ်ကိုလည်း လေးစားပြီး အဟန့်အတားမရှိတဲ့အပြင် ကျေနပ်ဝမ်းမြောက်စွာအားပေးတယ်ဆိုရင်တော့ မင်းဦးနှောက်နဲ့ နှလုံးသားပေါင်းစပ်ပြီး ချစ်တယ်ဆိုတဲ့ အဆင့် အမြင့်ဆုံးအထိမရောက်ဘဲနေမလား ... ”

“အဲဒါ မမမြတ် ဘယ်သူ့ကိုရည်ရွယ်ပြီး ပြောနေတာလဲဟင်”

“မိမိုး ... ”

“ဟာ ... ”

လွင်ဦး ရေရေလည်လည် အံ့သြသွားရသည်။ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားဖြင့် မမမြတ်ကို ငေးကြည့်နေမိသည်။

“ဘာလဲ ... မင်း အံ့သြသွားသလား ... ”

“ဘာထူးမှာလဲ မမမြတ် ... တူးမာနဲ့ ကျွန်တော့်ရဲ့အဖြစ်လိုပဲဟာ ... မမိမိုးက ခြသေ့်ဆီ ... ကျွန်တော်က အုန်းမှုတ်ခွက်၊ ကျွန်တော်က အမဲရိုး၊ မမိမိုးက ဟင်းအိုး၊ မမိမိုးကို ကျွန်တော်က ကြိုက်တယ် ... နှစ်သက်တယ် ... မြတ်နိုးတယ်ဆိုတဲ့ အဆင့်အထိပဲရောက်မှာပဲ ... ”





“ရောက်လည်းရောက်ခဲ့တယ် မဟုတ်လား မောင်လွင်ဦး”

လွင်ဦးမဖြေပေ။ ဖြေရမှာ သိပ်အားနာနေသည်။ မဝံ့မရဲဖြစ်နေသည်။

ကားဖြူလေးသည် စကားတပြောပြောနှင့် ရာပြည့်ကွင်းဆီသို့ရောက်လာသည်။ နောက်ထက် ဆယ်မိနစ်လောက်ဆက်မောင်းလျှင် မဟာမြိုင်ဂေဟာကြီးသို့ ရောက်တော့မည်။

မြတ်သူဇာသည် ညတစ်ညက လွင်ဦးကို ကားတိုက်မိသော နေရာတွင် ကားဖြူလေးကို လမ်းဘေးကပ်ရပ်သည်။ လမ်းဓာတ်တိုင်မီးများထွန်းထားသော်လည်း အားမပြည့်ဘဲ လမ်းမှာမှောင်ရီနေသည်။

“ဆက်မောင်းပါလား မမမြတ် ... မမမြတ်က ဦးရန်မျိုးနောင်ကိုယ်တော်နဲ့လက်ထပ်တော့မဲ့သူပါ ... တော်ကြာဖြတ်သွားဖြတ်လာတွေထဲက မမမြတ်အသိအကျွမ်းတွေ ဒီနေရာမှာ မမမြတ်နဲ့ကျွန်တော် နှစ်ယောက်တည်း ကားထဲမှာ မြင်တွေ့သွားရင် မမမြတ်ရဲ့အနာဂတ်အိမ်ထောင်ရေးမှာ မလိုလားအပ်တာတွေ ဖြစ်လာနိုင်ပါတယ် ... ”

“ဘယ်သူတွေဘယ်လိုမြင်ပြီး ဘယ်လိုတွေပြောတော့ကော

မမြတ်က ဂရုစိုက်တော့မတဲ့လား မောင်လွင်ဦးရယ် ... ကိုရန်မျိုးနောင်ကို လက်ထပ်ပါ့မယ်လို့ မမြတ်က ကတိပေးလိုက်တာဟာ မဟာမြိုင်မိသားစုအပေါ်မှာ မမြတ်တာဝန်အကျေပွန်ဆုံး ထမ်းဆောင်လိုက်တာမဟုတ်လား၊ အဲဒီနောက်မှာတော့ မမြတ်က ကိုယ်ကျင့်တရားပျက်တဲ့အလုပ်ကလွဲပြီး တခြားဘာလုပ်လုပ် မမြတ်လုပ်ရဲရမယ်၊ ဘယ်သူတွေ ဘယ်လိုပြောပြော ဘယ်လိုဝေဖန်ဝေဖန် မမမြတ် လုပ်ရဲတယ် ... မမြတ်မှန်တယ်ထင်တာကို လုပ်မယ် ... ”

“မမြတ် ... အရင်ထက်ပိုပြီး နည်းနည်း ခက်သရော်မလာဘူးလားဟင် ... ”

“ဒီလောက်တော့ ... ဖြစ်လာမှာပေါ့ကွယ် ... မမြတ်က မဟာမြိုင်မိသားစုအတွက် စတေးလိုက်တဲ့သူပဲ ... ကဲ ... မမြတ်ပြောချင်တာ ဆက်ပြောမယ် ... လတ်လတ်ဟာ တူးမာက လက်ခံတာနဲ့ ဇွတ်လက်ထပ်မှာသေချာတယ်၊ ဒေါ်ဒေါ်စိုးကလည်း သဘောတူပြီးသားကိုး ... ဒါဆိုရင် မျိုးရိုးစွဲကြီးတဲ့ မမမျိုးက တူးမာတို့ဟာ မဟာဆီမဟာနွယ်မျိုးမဟုတ်လို့ လတ်လတ်ကို ကန့်ကွက်တားမြစ်မှာပဲ ... မမြတ်အနေနဲ့ကတော့ မျိုးရိုးစွဲကြီးနဲ့ပတ်သက်ပြီး လတ်လတ်ကို မကန့်ကွက် ... မတားမြစ်ချင်တော့ဘူး၊ မိမိုးပြော





သလိုပေါ့လေ ... လတ်လတ်လက်ထပ်ဖို့ မဟာဆီမဟာသွေး မဟာမျိုးနွယ်ကို ဘယ်မှာလိုက်ရှာမလဲ ... ကုလားပြည်မှာ လိုက်ရှာရင် မဟာမျိုးတွေ ကုလားမ ကုလားထီးတွေဖြစ်နေတာကိုပဲ တွေ့မယ် ... နောက်တစ်ချက်က တူးမာတို့မိသားစုကို မမြတ်စုံစမ်းကြည့်ပြီးပါပြီ ... သင့်တော်ပါတယ် ... ဒါကြောင့် လတ်လတ်ကြိုက်တာလုပ်ပလေ့စေတော့ ... တိုတိုပြောရရင်ကွယ် မဟာမြိုင်ဂေဟာကြီးရဲ့ မဟာစွဲကြီးကို လတ်လတ်က ဇွတ်မလိုက်နာဖောက်ဖျက်မှာပဲ ... ဒါဆို မဟာမြိုင်ဂေဟာ မျိုးနွယ်ဇာတ်ပျက်သွားပြီ ... မိမိုးအတွက်တော့ မဟာမျိုးဆက်ကို ကုလားပြည်မှာရှာရမှာလား ... မန္တလေးစစ်ကိုင်း အင်းဝတွေမှာ ရှာရမှာမလွယ်ကြောကြီးပဲ၊ ဒီတော့ အစ်မအကြီးနှစ်ယောက်ဖြစ်တဲ့ မမမျိုးနဲ့မမြတ်က မယ်မယ်ဘုရားအလိုကျအတိုင်း မျိုးနွယ်ကို စောင့်ထိန်းမယ် ... မမြတ်က ကိုယ်တော်ရန်မျိုးနောင်ကို လက်ထပ်မယ် ... မမမျိုးအတွက် ရှာလို့ရရင်ရ မရရင် မမျိုး မဟာမျိုးနွယ်ကို ထိန်းသိမ်းရင်း အပျိုကြီးလုပ်ပေါ့ ... ဒါလောက်ဆို မဟာမြိုင်မျိုးနွယ် ထိန်းသိမ်းတဲ့ကိစ္စမှာ လုံလောက်ပါပြီ ... အငယ်နှစ်ယောက်ကတော့ ... သူတို့ခေတ်နဲ့သူတို့သဘောကျ ဖြစ်စေတော့ပေါ့ ... ဒီတော့ကာ ... ”

လွင်ဦး နားထောင်နေသည်။ ဘာပြန်ပြောရမည် မသိ။

"ကဲ ... မမိုးကို မမြတ်က သင့်တော်တဲ့ ယောကျ်ားရစေ ချင်တယ် ... မင်း မိမိုးအပေါ်မှာထားရှိတဲ့ ရင်ထဲကသဘော အမှန်အတိုင်း မမြတ်ကိုပြောပါ မောင်လွင်ဦး ... "

"ကျွန်တော် ပြန်မေးချင်သေးတယ် မမြတ် ... "

"မေး ... "

"မမိမိုးကရော ကျွန်တော့်လိုလူကို လက်ခံနိုင်မတဲ့လား ... မမြတ်ရဲ့ဩဇာသက်ရောက်မှုကြောင့် မချစ်သော်လည်း အောင့်ကာနမ်းဆိုရင် မမိမိုးလေးခမျာ တစ်သက်လုံး စိတ် ချမ်းသာရှာမှာ မဟုတ်ဘူး ... "

မြတ်သူဇာသည် ချက်ချင်းသဘောပေါက်သွား သည်။ မိမိုးအပေါ် ဒီလောက်ငဲ့ညှာနေမှတော့ လွင်ဦးရင်ထဲက မိမိုး ကို ချစ်နေသောကြောင့်သာဟု သဘောပေါက်ခြင်းဖြစ်သည်။

မောင်လွင်ဦးသည် မိမိုးကို ကြိုက်သည်။ နှစ်သက် သည်။ မြတ်နိုးသည်ဆိုသည့်အထစ်တွေကို ကျော်ပြီး သူ၏ရင်ထဲက ချစ်နေပြီ။ သို့သော် မဖွင့်ဟရဲသဖြင့် အပြောရခက်နေပုံရသည်။

တူးမာအား ကြိုက်သည်။ နှစ်သက်သည်။ မြတ်နိုး သည့် လေ့ကားထစ်အထိ တက်ခဲ့သော်လည်း ရင်ထဲနှလုံးထဲက





ချစ်သည်ဆိုသည့်အဆင့်မရောက်ခဲ့ကြောင်း ယခု မိမိုးနှင့်နှိုင်းစာမှ ပိုသိသာသည်။

"မင်းရဲ့ဘဝပေးပါရမီကြောင့်လား ... ဒါမှမဟုတ် မင်းမှာ မွေးလာကတည်းက မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ချစ်မွေး ပါလာသလားတော့ မသိဘူး ... မိန်းကလေးတွေက မင်းကို တွေ့မြင်ရင် ချစ်ခင်သွားကြတယ် ... စိတ်ချ ... မိမိုးရင်ထဲ က မင်းကိုချစ်နေတယ် ... "

"ဟာဗျာ ... မမြတ်ကလည်း ... "

"ဟာဗျာ လုပ်မနေနဲ့ ... မင်းဟာ မင်းပြန်စဉ်းစားကြည့်၊ မင်းနဲ့အနီးကပ်နေတဲ့မိန်းကလေးတွေဟာ မင်းကိုချစ်သွား ကြတယ် ... တူးမာကိုကြည့် ... သိသာတယ် ... မမြတ် လည်း ... အဲလေ ... မမြတ်တို့လိုအရွယ်တွေကျတော့ လည်း ကိုယ့်မောင်လေးလို ခင်မင်သွားတာပဲ ... နောက်ဆုံး ကုန်ကုန်ပြောရရင် ဒေါ်သာယာကိုကြည့်ဦး ... မောင်လွင် ဦးကို တူလေးလိုခင်မင်တာပဲ ... မိုးလည်း မောင်လွင်ဦး ကို ရင်ထဲနှလုံးထဲက ခင်မင်နေမှန်း မမြတ် ရိပ်မိတယ်"

လွင်ဦး မိမိုးနှင့်ပတ်သက်ပြီး သတိတရအမှတ် အသားလေးတွေ ရှိပါ၏။

"ကေသီခိုင်နဲ့မိမိုး ဘယ်သူကပိုချောလဲ ... "

"ကေသီခိုင်နဲ့ကိုလွင်တို့ ချစ်နေကြသလား ... "

"တော်စမ်းပါ ... ဘာမဟာဆီ–မဟာသွေးလဲ–မမိုးမှာ ဒါတွေမရှိဘူး ... "

စသည့် မိမိုးပြောခဲ့သည့်စကားလေးတွေသည် မိမိအပေါ် မိမိုး စိတ်ဝင်စားချစ်ခင်ကြောင်း သက်သေအထောက်အထားလေးတွေဟု တွက်ဆနိုင်ပါ၏။

"ကဲ ... ပြတ်ပြတ်ပြော ... မိမိုးကို မောင်လွင်ဦးရင်ထဲက ဘယ်လိုလဲ ... "

"လေ့ကားထစ်ကုန် ... အပေါ်ဆုံးအဆင့်အထိပါပဲ မမြတ်၊ မမိမိုးလေးကို ကျွန်တော့်ရင်ထဲနှလုံးသားထဲက ချစ်မှန်းမသိ ချစ်နေမိပါတယ် ... "

မြတ်သူဇာသည် ကားဒက်(ရှ်)ဘုတ်ထဲတွင် အသင့်ရှိနေသော စာရေးစက္ကူကတ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် လွင်ဦးအိတ်ထဲမှ မှင်စိမ်းဖောင်တိန်ကို ဆွဲယူလိုက်သည်။

"ကဲ ... အဲဒီ မင်းဖောင်တိန် စက္ကူကတ်ပေါ်မှာရေး ... ရေးပြီး မင်းထိုးမြဲလက်မှတ်ထိုး ... "

"ကျွန်တော် ဘာရေးရမှာလဲ မမြတ်"

"မင်းရင်ထဲမှာ မိမိုးနှင့်ပတ်သက်ပြီးရှိနေတဲ့အတိုင်းရေး"

လွင်ဦး မူယာမာယာမလုပ်တော့ဘဲ ဖောင်တိန်အဖုံးကို ချွတ်ကာ ဖောင်တိန်နစ်သွားဖြင့် ရေးချလိုက်သည်။





မမိမိုး

"မမိမိုးကို တို့ချစ်တယ်"

လွင်ဦး

"ဒါပဲပေါ့ မောင်လွင်ဦး ... ဒါပဲပေါ့ ... ဒီစာ မိမိုးလက်ထဲရောက်ပြီမှတ် ... မမိုးကိုတွေ့ရင် မင်းလူပျိုစကား ... ရည်းစားစကားသာပြောပေတော့ ... ကဲ ... မောင်လွင်ဦး ဘယ်မှာဆင်းမလဲ ... "

လွင်ဦး ဖောင်တိန်ကို အဖုံးပြန်စွတ်ပြီး အိတ်ထဲပြန်ထည့်သည်။

"ဒီမှာပဲ ကျွန်တော်ဆင်းမယ် မမြတ် ... ဒီနေရာက ဘတ်(စ်)ကားလွယ်တယ် ... "

ပြောပြောဆိုဆို လွင်ဦး ကားတံခါးဖွင့်ဆင်းလိုက်သည်။ မမြတ်သည် ကားကိုစက်နှိုးလိုက်သော်လည်း မမောင်းသေး။

"မောင်လွင်ဦး ... "

"ဗျာ ... မမြတ် ... "

လွင်ဦးဆက်မသွားဘဲ ပြန်လှည့်ကြည့်သည်။

"သြော် ... ရယ်စရာလေးတစ်ခုပြောချင်လို့ပါ ... တစ်ခါတုန်းက မမြတ်ကို နိုင်ငံခြားကပြန်လာတဲ့ မိတ်ဆွေတစ်

ယောက် ချောကလက်တစ်ပြားလက်ဆောင်ပေးတယ် ... အဲဒီ ချောကလက်ကို မမမြတ်မစားဘဲ ပိုက်ဆံအိတ်ထဲထည့် ယူလာခဲ့တယ် ... အိမ်ရောက်လို့ မမမြတ်သတိရပြီး ပိုက်ဆံ အိတ်တင်ထားတဲ့နေရာကို လှမ်းကြည့်တော့ မိမိုးလေ ... မိမိုး ... မမမြတ်အိတ်ထဲက ချောကလက်ကိုယူပြီး အားရ ပါးရစားနေတယ် ... မိမိုးစားနေတာကိုကြည့်ပြီး ငါ့ချော ကလက်ယူစားရသလားလို့ မမမြတ်တစ်စက်ကလေးမှ စိတ်မဆိုးဘူး ... ညီမလေး မိမိုးအားရပါးရ နှစ်နှစ်ခြိုက်ခြိုက် စားနေတာကိုကြည့်ပြီး ဝမ်းသာစိတ် ပီတိစိတ်တွေဖြစ်မိ တယ် ... အဲဒီနောက် ကြုံတဲ့အခါတိုင်း ညီမလေးမိမိုးအတွက် မြမြတ် ချောကလက်ဝယ်ခဲ့တယ် ... လက်ဆောင်ချော ကလက်ရလာလည်း မမမြတ်မစားဘူး ... မိမိုးကိုပဲ ပေးစား တယ် ... အေး ... သတိရလို့ ရယ်စရာထင်တာပြောတာပါ ကွယ် ... ကဲ ... မမမြတ်သွားပြီ မောင်လွင်ဦး ... ”

ကားဘီးလိမ့်အထွက်တွင် လမ်းဓာတ်မီးတိုင်မှ မီး ရောင်သည် မမမြတ်မျက်နှာသို့ ကျရောက်သွားသည်နှင့် ပြိုးခနဲ ပြက် ခနဲ မမမြတ် မျက်ဝန်းဆီမှာ အရောက်လက်သွားသည်ကို လွင်ဦး တွေ့ရသည်။

မျက်ရည်ကို အလင်းရောင်ဟပ်သဖြင့် ပြိုးပြိုးပြက် ပြက် အရောင်ထွက်လာခြင်းဖြစ်ပါ၏။





သြော် ... မမမြတ် မျက်ရည်ကျသွားပါလေတကား။

ညီမလေး မိမိုးအတွက် ဝမ်းသာ၍ကျသောမျက်ရည် ဖြစ်ပါစေ။ လွင်ဦးဆိုသောကောင်အတွက် ညီမနှင့်ဖြစ်မြောက်သွား သည်ကို ဝမ်းသာပြီး ကျသောမျက်ရည်ဖြစ်ပါစေ။

---- ? ----

## ၁၄

"ဒါပါပဲ တူးမာ ... မမမြတ်သိတာတွေကတော့ ဒါတွေပါပဲ"

"ဟုတ်ကဲ့ပါ မမမြတ် ... မမမြတ် အခုပြောပြမှပဲ ကိုလွင်ဦး ကို တူးမာသဘောပေါက်နားလည်သွားပါပြီ ... "

မြတ်သူဇာသည် စနေနေ့ ကလပ်(စ်)တစ်ချိန်သာ ဝင်ပြီး အပြန်တွင် ဗိုလ်ချုပ်ဈေး တူးမာ၏ဆိုင်သို့ ဝင်ခဲ့သည်။ အသင့် ပင် တူးမာတစ်ယောက်တည်းရှိနေသည်နှင့် ကြုံပေသည်။

သူမကိုယ်သူမ ကိုလတ်လတ်၏အစ်မ. မြတ်သူဇာ မှန်း တူးမာကို မိတ်ဆက်ပြီး မောင်လွင်ဦးက တူးမာကို ကြိုက်သည် နှစ်သက်သည် မြတ်နိုးသည် ဆိုသည့်အထစ်ထက်ရှေ့သို့ ထပ်တက် ဖို့ မဖြစ်နိုင်ကြောင်း ပြောပြလိုက်သည်။





ကိုယ့်အမေအကြောင်း ဓာတ်သိဖြစ်နေသော တူး မာက မောင်လွင်ဦးဘက်မှ မှန်ကန်ပါသည်ဟု နောက်ဆုံးကျေကျေ နပ်နပ် ခေါင်းညိတ်ပေသည်။

ယင်း ...

စနေနေ့ညနေပိုင်း လတ်လတ်ပြန်ရောက်လာသော အခါ မြတ်သည် ကွယ်ရာမှ လတ်လတ်ကို အကဲခတ်တော့သည်။

"ဒါ ... ဒါ ... ဒါ ချစ်သူလေးရဲ့ပြန်စာရလို့ ဒီလောက်ပျော်တာ ဒါ ... ဒါ ... ဒါ"

လတ်လတ်သည် သီချင်းတအေးအေးဆိုပြီး ရောက် လာရုံမက ရောက်သည်နှင့် ကက်ဆက်ခွေဖွင့်ကာ ဘရိတ်ဒန့်(စ်)ပင် ကွေးကောက်ကော့လန်အောင် ကနေပေသည်။

သေချာသွားပြီ။

တူးမာက သူ့အချစ်ကို လက်ခံလိုက်ပြီမို့ ဒီကောင် လေး ဒီလောက် ဝမ်းသာပျော်မြူးနေခြင်းဟူ၍။

ပြီး လတ်လတ်ရေချိုးသည်။ အဝတ်လဲပြီးသည်နှင့် သူ၏စာကြည့်စားပွဲထိုင်ကာ စာတွေကုန်းကျက်အော်ကျက်ဖတ်နေ ပေသည်။

"အလဲ ... ကိုကိုလတ် အရမ်းကြိုးစားနေပါလား ... "

"အေး ... ကြိုးစားရမယ်ဟ ... ဒီနှစ် ကိုကိုလတ် ဆယ်တန်း စာမေးပွဲအောင်ကိုအောင်ရမယ် ... မအောင်လို့မဖြစ်ဘူး၊

ဒီတွေဘာတွေမရချင်နေ ... အောင်တာကတော့ အောင်ကို
အောင်ရမယ် မိမိုး ... ”

“ဘာလဲ ... မကေခိုင်က ဆယ်တန်းအောင်မှ လက်ခံမယ်
ဆိုလိုက်လို့လား ... ”

“ဟဲ ... ဟဲ ... အဲဒီလိုလည်း မဟုတ်ပါဘူး ... ကိုယ့်အသိနဲ့
ကိုယ် အနည်းဆုံး ဆယ်တန်းအောင်မှကောင်းမယ်လို့ ဆုံး
ဖြတ်လို့ပါ ... ကေသီက ဆယ်တန်းအောင်ထားတော့ ငါ
လည်း ဆယ်တန်းအောင်ထားမှ ဆိုတဲ့ သိစိတ်နဲ့ပါ ... နင်
ကော စာမကျက်ဘူးလား မိမိုး ... ”

“လုပ်မနေနဲ့ ... မိမိုးက ရီဗီးရှင်း ဘာသာတိုင်း ... နှစ်ခါ
တောင်ပြီးသွားပြီ ... မိမိုးက ဒီတွေရဖို့မှန်းထားတာသိလား”

မြတ်သည် မောင်ငယ်နှင့်ညီမငယ်ကို ကွယ်ရာမှ
ကြည့်ပြီး အားတက်ရပါ၏။

တနင်္ဂနွေနေ့ မြတ်သူဇာနားသည်။

တနလ်ာနေ့နံနက် မိမိဌာနရုံးခန်းထဲ ဝင်လိုက်သည်
နှင့် မမစိမ်း၏ အော်ပြောသံထွက်ပေါ်လာသည်။

“ဟေး ... ဟေး ... ဒကာတော်လာပြီဟေ့ ... ဘာစားကြ
မှာလဲ ... ”

မြတ်သူဇာက နားမလည်သောအကြည့်ဖြင့် မမစိမ်း
ကိုကြည့်ကာ မေးလိုက်သည်။





“ဘာလို့လဲဟင် မမစိမ်း ... ”

“ဒီမှာလေ ... စာကျလာတယ် ... နည်းပြဆရာမ မြတ်သူဇာ
ကို နိုင်ငံခြားလေ့လာရေးလွှတ်ဖို့ လူကြီးအဖွဲ့က သဘောတူ
ကြောင်း ကျလာတဲ့စာလေ ... ရိုးရိုးလွှတ်တာတောင်
မဟုတ်သေးဘူး ... ကထိကရာထူးတိုးမြှင့်ပေးပြီး လွှတ်တာ
မြတ်ရေ ... မြတ်တော့ ပွတာပဲ ... ”

“ဟုတ်လား ... ဒါဆို ... လုပ်ပါ မမစိမ်း ... ဒီဌာနရှိလူအား
လုံး ကြိုက်ရာကို မြတ်ကျွေးပါ့မယ် ... ”

အားလုံး ဌာနဝန်ထမ်းတစ်ဦးခြင်းသည် မြတ်သူဇာ
ကို ကွန်ဂရက်ကျူလေးရှင်း လုပ်ကြပါ၏။

မြတ်သူဇာသည် မွန်းလွဲပိုင်းနေ့ဝက်ခွင့်ယူခဲ့ပြီး နေ့
လယ်(၁၂)နာရီသာသာတွင် မြေနီကုန်း၊ မြေနုလမ်းရှိ သူငယ်ချင်း
နွယ်နီတို့အိမ်သို့ လာခဲ့သည်။

အိမ်မှာ သံဘာဂျာတံခါးကြီး ပိတ်ထားပြီး ဧည့်ခန်း
တွင် မည်သူ့ကိုမျှ မတွေ့သဖြင့် သံဘာဂျာတံခါးကို ကိုင်လှုပ်ကာ

“မိနွယ် ... ဟေး ... မိနွယ်”

ဟု အော်ခေါ်သည်။

လာပြီဆိုသောအသံနှင့်အတူ သူငယ်ချင်းနွယ်နီသည်
အိပ်ခန်းထဲမှ ထွက်လာသည်။

မိနွယ်ထွက်လာပုံမှာ ရယ်စရာလည်းကောင်း ရိုက်

ချင်စရာလည်းကောင်းနေသည်။ စာအုပ်တစ်အုပ်ချိုင်းကြားညှပ်ထားသည်။ နောက်တစ်အုပ်ကို ဖတ်လက်စနေရာတစ်မျက်နှာတွင် လက်ညှိုးသွင်းကိုင်ထားကာ ထဘီစကိုင်ဆွဲရင်း ထွက်လာသည်ကို တွေ့ရသောကြောင့် ဖြစ်ပါ၏။

"ဟဲ့ ... မိမြတ် ... နင်ကျောင်းချိန်ကြီး"

"အေး ... ဟုတ်တယ် ... ငါ ခွင့်တိုင်ပြီးလာတာ ... နင်ကကော ဘယ်လိုဖြစ်နေတာလဲ မိနွယ် ... ထဘီမနိုင်ဘာမနိုင် စာအုပ်ချိုင်းကြားညှပ် နောက်တစ်အုပ်လက်ညှိုးသွင်းထားသေးတယ် ... "

နွယ်နီက ချိုင်းညှပ်စာအုပ်ရော လက်ညှိုးထောက်စာအုပ်ရော နီးရာစားပွဲတွင် တင်လိုက်ပြီး ထဘီကို သေချာပြန်ဝတ်ပြီးမှ တံခါးဖွင့်ပေးသည်။

"လာ ... မိမြတ် ... ဆိုစမ်း ... ဘာကိစ္စ အရေးတကြီးရောက်လာတာလဲ ... "

"အေး ... ငါ မော်ဘီသွားချင်လို့ နင့်ကိုအဖော်လာခေါ်တာ၊ ငါနဲ့အဖော်လိုက်ခဲ့ဟာ ... "

"ရတယ်လေ ... ငါလည်းပျင်းနေတာနဲ့အတော်ပဲ ... နေဦးခဏထိုင်စောင့် ... ငါ ကိုယ်လက်သန့်စင်ပြီး အဝတ်လဲဦးမယ် ... "

နွယ်နီ သန့်စင်ခန်းဝင် အဝတ်လဲနေစဉ် မြတ်သူဇာ





သည် စောင့်ရင်း မနွယ် စားပွဲပေါ်တင်ထားသော စာအုပ်တစ်အုပ်ကို ယူကြည့်လိုက်သည်။

**မောင်ဇေဒါ ...**
**ရင်သိမ့်သိမ့်စုန်ရသည်။**

ဟဲ့ ... ဟု မြတ်သူဇာ အာမေဋိတ်သံထွက်သွားသည်။

မောင်လွင်ဦးရေးသော ဝတ္ထုစာအုပ် ဖြစ်နေသောကြောင့်ပါတည်း။ စာအုပ်အပြင်အဆင်မှာ မျက်နှာဖုံးလှသည်။ စက္ကူသားကောင်းသည်။

မောင်လွင်ဦးသည် ဝတ္ထုရေးလျှင် ကဗျာလေးနှင့်ဖွင့်သည်မို့ ပထမဆုံး စာမျက်နှာမှ ကဗျာလေးကို မြတ်သူဇာ အာရုံစိုက်ဖတ်လိုက်သည်။

**ဆင်ခြင်ရန် ပုံစင်းလျှင်**
**ပွဲမင်းလည်း ငွေမှား။**
**ဆေးသမားလည်း သားသေ၊**
**ဆောက်သမားလည်း ထွင်းမကောင်း။**
**စောင်းသမားလည်း တေးမပီ၊**

ပန်းချီသမားလည်း ဟန်မရ၊
ကံကြမ္မာတစ်ချက်လိမ့်သည်နှင့်
ရင်ဝယ် တသိမ့်သိမ့်ခုန်ရပါသတည်း။

ကျီးကန်ရှင်ကြီးမေတ္တာစာ

မြတ်သူဇာက စာပိုဒ်ကို ငေးစိုက်နေစဉ်မှာပင် နွယ်နီ ပြန်ထွက်လာသည်။

"ဟဲ့ ... မြတ် ... အဲဒီစာအုပ်ကို မျက်ရည်မခိုင်ရင် သွားမဖတ်နဲ့ မိမြတ် ... ငါဖတ်ပြီးငိုလိုက်ရတာ မောသွားတာပဲ ..."

"ကလောင်နာမည်က မောင်ဗေဒါတဲ့နော် ..."

"အေး ... ကလောင်သစ်ပဲ ... ငါက ငါ့အမျိုးသားခရီးထွက်သွားတဲ့အခါ အိမ်မှာဝတ္ထုပဲဖတ်နေတာ ... ဖတ်စရာဝတ္ထုမကျန်တော့ဘူးလေ ... ဒါနဲ့ စာအုပ်အငှားဆိုင်က မောင်ဗေဒါရေးတဲ့ အဲဒီနှစ်အုပ်ယူသွားပြီး ဖတ်ကြည့်စမ်းတဲ့၊ကလောင်သစ်ဆိုပေမဲ့ အရေးအသားသိပ်ထက်တယ် ... သိပ်ညက်တယ်တဲ့၊ ခုနောက်ပိုင်း အဲဒီမောင်ဗေဒါရဲ့ စာအုပ်နှစ်အုပ်ဟာ အငှားသွက်နေတယ်ဆိုတာနဲ့ ငါယူလာပြီး ပထမအုပ်ဖတ်ကြည့်တယ် ... ငါတစ်ယောက်တည်း သူ့ပထမဝတ္ထုဖတ်ပြီး တရှုပ်ရှုပ်ငိုလိုက်ရတာ ... မေမေကတောင် နင်ရူးနေသလား ... စာအုပ်ဖတ်ပြီး ငိုရတယ်လို့ လို့တောင် ပြောယူရတယ် ... အေးလေ ... နင်ကတော့ ဝတ္ထုဖတ်ဝါသနာမပါတော့ မေမေ့လိုပဲ ငါရူးနေသလားလို့ ပြောမှာပဲမိမြတ်၊ မောင်ဗေဒါရဲ့ ရေးချက်တွေဟာ ... အသည်းနင့်သွားစေပြီး သူပေးထားတဲ့နာမည်အတိုင်း ရင်တံသိမ့်သိမ့်ခုန်ရတယ်ဟယ် ..."

"ဒုတိယအုပ်ကရော ..."

"ငါဖတ်နေတာ တစ်ဝက်ကျိုးပြီဟဲ့ ... ဒုတိယအုပ်ကျတော့ သူက အလွမ်းသိပ်မရေးဘူး၊ ဘဝမှာ အကျနာထားတဲ့လူတစ်ယောက်က အားမာန်တင်းပြီး ကျနေတဲ့ဘဝက ပြန်ပြီး ရင်ဆိုင်တာကိုရေးထားပြန်တယ်၊ စာအုပ်မျက်နှာဖုံးကို နင်ကြည့်လေ ..."

မြတ်သူဇာ ဒုတိယစာအုပ်၏ မျက်နှာဖုံးကို ကြည့်လိုက်သည်။

**မောင်ဗေဒါ**

**ငါဟဲ့ယောကျ်ား စနေသား။**

ဟု အမည်ပေးထားသည်ကို တွေ့ရသည်။ နွယ်နီက ဆက်ညွှန်းသည်။

"သူ့ပထမအုပ်မှာ ကျီးကန်ရှင်ကြီးမေတ္တာစာနဲ့ ဖွင့်ထားပေမဲ့ ... ဒုတိယအုပ်ကျတော့ အဖွင့်ကဗျာဟာ သူ့ဟာသူရေးစပ်ထားတဲ့ကဗျာပဲဖြစ်မယ် ... အခု ငါဖတ်ထားသ

လောက်တော့ သူ့ဘဝကို တိုးတက်ဖို့ကြိုးစားတဲ့အကြောင်း တွေပဲ၊ ဒါပေမဲ့ ကဗျာရဲ့နိမိတ်ပုံအရ နောက်ပိုင်းမှာ အလွမ်း ပဲနေမှာပါ၊ သူ့မှာစနေဂြိုဟ်ဝင်ပြီး ဗုန်းဗုန်းလဲကျတယ်လို့ ကဗျာမှာ ရေးထားတယ် ... တော်တယ်ဟယ် တကယ်၊ စာဖတ်သူရဲ့ရင်ထဲ နင့်ခနဲ နင့်ခနဲနေအောင် ရေးနိုင်စွမ်း တယ် ... အငှားဆိုင်က ကောင်မလေးက သူလည်း မောင် ဗေဒါရဲ့ ဝတ္ထုကိုဖတ်ပြီး ငိုလိုက်ရတာတဲ့လေ၊ အဲဒီအငှား ဆိုင်က ကောင်မလေးကပဲပြောလိုက်သေးတယ်၊ မောင်ဗေ ဒါ နောက်ထပ်တစ်အုပ်ထွက်ဦးမယ်တဲ့ ... အဲဒီစာအုပ်ကို"

မောင်ဗေဒါ

"ရေစုန်ကို ရွက်ကုန်ဖွင့်ပါလို့"

ဆိုတဲ့ နာမည်နဲ့ သတင်းစာတွေမှာ ကြော်ငြာဝင် ထားပြီတဲ့။

"နင်မှားနေပြီထင်တယ် ... မောင်ဗေဒါရဲ့နောက်ထွက်မဲ့ ဝတ္ထုက ... ရေစုန်ကိုရွက်ကုန်ဖွင့်ပါလို့ မဟုတ်ဘူး၊ ရေစုန်ကို ရွက်ကုန်ဖွင့်သော်လည်းလို့ ဖြစ်မှာ မိန္ဒယ် ... နင်ပြောတာ 'ပါလို့'နဲ့'သော်လည်း'မှားနေတယ် ... "

"ဒါတော့ ငါဘယ်သိမလဲ ... အငှားဆိုင်ကကောင်မလေး ပြောတဲ့အတိုင်း ငါပြောတာ ... "

"ကဲ ... ကဲ ... သွားကြစို့ မိန္ဒယ် ... "





"အေး ... နင် ကားမောင်းတုန်း ငါက မပြီးသေးတဲ့ ဒုတိယ စာအုပ်ကိုဖတ်ရင်း ကားလိုက်စီးမယ် ... "

"ဒီလောက်တောင် ဝတ္ထုစွဲရသလားမိန္ဒယ်"

"နင်မှ ဝတ္ထုဖတ်ဝါသနာမပါတာ ... ဝတ္ထုတကယ်ကောင်း ရင် ထမင်းမစား ညမအိပ် ဖတ်လို့အရသာရှိတာဟဲ့"

ဘာပဲဖြစ်ဖြစ် မောင်လွင်ဦး၏အောင်မြင်မှုအတွက် မြတ်သူဇာ ရင်သိမ့်သိမ့်ခုန် ဝမ်းသာပေသည်။ ကားကိုဆက်မောင်း ခဲ့သည်။

"ဟော ... ဟော ... မြတ်တို့ပါလား ... ကျောင်းဖွင့်ရက်ကြီး လာမယ်လို့ မျှော်လင့်မထားမိဘူး ... "

"ဟုတ်ပါတယ် ကိုရန်မျိုးနောင်ကို ပြောစရာစကားလည်းရှိ တယ် ... မေးစရာမေးခွန်းတွေလည်းရှိလာလို့ ... ဟောဒီ သူငယ်ချင်းနွယ်နီကို အဖော်ခေါ်ပြီး လာခဲ့တာပါ ... "

အလွန်ကျယ်သောခြံကြီးထဲတွင် လှပခေတ်မီသော တစ်ထပ်တိုက်လေး ဆောက်ထားသည်။ ငွေကြေးချမ်းသာသူမို့ ပရိဘောဂအဖိုးတန် အလှအပတွေနှင့် ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ မီးဖို စသည်တို့ကို သန့်ရှင်းလှပစေသည်။

"လာပါမြတ် ... ထိုင်ပါ ... အေးအေးဆေးဆေးပေါ့ ... ဟော့ မောင်ထွန်း စပါကလင်ယူခဲ့ ... ပုလင်းလိုက်ယူမလာ နဲ့၊ ဖန်ခွက်နဲ့ထည့်ယူလာ ... "

ဦးရန်မျိုးနောင်သည် မြတ်သူဇာ လာရောက်ခြင်းအတွက် အံ့ဩဝမ်းသာနေပုံရပါ၏။ ယခင်က ထိပ်ထားမြတ်သူဇာဟု ခေါ်သည်။ ယခုမူ ဦးရန်မျိုးနောင်က ဘယ်လိုသဘောနှင့်မှန်းမသိ 'မြတ်'ဟု တစ်လုံးတည်းခေါ်ပေသည်။ မြတ်သူဇာက သူ့အားလက်ထပ်ပါမည်ဆိုသည့်အကြောင်း မမမျိုးက အကြောင်းကြားထားပြီး ဖြစ်ဟန်တူပါ၏။

"မြတ်လာတာ အကြောင်းနှစ်ခုနဲ့ပဲ ကိုရန်မျိုးနောင် ... ပထမအကြောင်းကတော့ ဒီနေ့မနက်ပဲ မြတ်လက်ထောက်ကထိကရာထူးတိုးပေးတာခံရပြီး ဖားသားစတာဒီအတွက် အင်္ဂလန်ကို သွားဖို့ အမိန့်ကျတယ် ... "

"ဟာ ... သိပ်ကောင်းတာပေါ့ ... ကွန်ဂရက်ကျူလေးရှင်းပါမြတ် ... လှိုက်လှိုက်လှဲလှဲကြီးပါ ... "

လက်ကမ်းပေးသဖြင့် မရှောင်သာဘဲ မြတ်သူဇာက လက်ဆွဲနှုတ်ဆက်ခြင်းပြုပါ၏။

"အဲဒီတော့ ပထမအစီအစဉ်က လတ်လတ်နဲ့မိမိုးစာမေးပွဲအပြီးရယ် ... တက္ကသိုလ်စာမေးပွဲတွေရယ် ပြီးမှ စိတ်အေးလက်အေး ကျောင်းပိတ်ရက်မှာ လက်ထပ်ဖို့မမမျိုးနဲ့ တိုင်ပင်ပြီး ပဏာမအစီအစဉ်ဆွဲခဲ့တယ် ... ဒါပေမဲ့ ... ဒီနေ့ကျလာတဲ့ဌာနအမိန့်အရ မြတ် အင်္ဂလန်ကိုသွားရမယ်၊ မြတ်စိတ်အထင်တော့ ဌာနဆိုင်ရာကိစ္စမို့ ပတ်(စ်)ပို့ ဗီဇာဟာ





အမြန်ဆုံးကျလာမယ်ထင်တယ် ... အမိန့်စာမှာလည်း 'အလျင်အမြန်'လို့ပါထားတယ် ... "

မြတ်သူဇာက ပါရှိလာသော ရုံးမိန့်စာကို ထုတ်ပြပေသည်။

"ပါမောက္ခရဲ့ ခန့်မှန်းချက်ကတော့ ဒီတစ်ပတ်အတွင်း သွားရလိမ့်မယ်တဲ့ ... ဒီတော့ လက်ထပ်ဖို့ကိစ္စကို မြတ်ပြန်လာမှဆက်စီစဉ်ဖို့ပါ ... "

ရန်မျိုးနောင် စားပွဲကို လက်ညှိုးနှင့်တဒေါက်ဒေါက်ခေါက်ပြီး အတန်ကြာစဉ်းစားသည်။

"ဒီလိုဆိုရင်ကောမြတ် ... ဈေးဆစ်တယ်လို့တော့ မထင်ပါနဲ့တော့ မထင်ပါနဲ့ပေါ့နော် ... ကိုယ့်ရင်ထဲကဖြစ်ပေါ်လာတဲ့အတိုင်းပြောချင်တာပါ ... "

ထိုအခိုက်မှာပင် မောင်ထွန်းသည် ဖန်ခွက်များထည့်ထားသော လင်ဗန်းကိုင်ပြီး ရောက်လာကာ ဖန်ခွက်များစားပွဲတွင်ချပေးသည်။

မိနွယ်က ကိုထွန်းကိုပြောလိုက်သည်။

"တို့ခြံထဲဝင်လာတုန်းက သစ်ခွတွေ သဇင်တွေ စနစ်တကျစိုက်ထားတာတွေ့လိုက်တယ် ... အဲဒါ တို့ကြည့်ချင်လို့ကိုမောင်ထွန်းက လိုက်ပြပေးပါလား ... "

"ရပါတယ်ခင်ဗျ ... ဆရာခွင့်ပြုရင်း ကျွန်တော်လိုက်ပြလို့ ရပါတယ် ... "

ရန်မျိုးနောင်က မောင်ထွန်းကို ခေါင်းညိတ်ပြသဖြင့် နွယ်နီနှင့် မောင်ထွန်းခြံထဲသို့ထွက်သွားကြသည်။

"သောက်ပါမြတ် ... ကားမောင်းလာတာ ခရီးပန်းလာမှာပေ့ါ ... အဲ ... အအေးသောက်ရင် ကိုယ်ဆက်ပြောမယ်နော်၊ မြတ် နိုင်ငံခြားမသွားခင် ကိုယ်နဲ့တရားရုံးမှာ တရားဝင် လက်ထပ်ရင်ကော၊ မြတ်ပြန်လာမှ မင်္ဂလာဧည့်ခံပွဲကြီးလုပ်ပါရစေဆိုရင်ကော မြတ် ... "

"မဖြစ်နိုင်ပါဘူး ကိုရန်မျိုးနောင် ... ဘာလဲ ... မြတ်ကို စိတ်မချလို့ အပိုင်ထုထားချင်တဲ့ သဘောလား ... "

"အဲဒီလိုပြောမယ်ဆိုလည်း ပြောလို့ဖြစ်ပါတယ် ... မြတ် အင်္ဂလန်ကို သွားရမှာက အကြာကြီးဆိုတော့ ... အဲဒီအတောအတွင်းမှာ လက်ထပ်တို့ ကိစ္စပျက်သွားမှာစိုးလို့ပါ"

မြတ်သူဇာက ပြုံးပါ၏။ အောက်ကလိအာ အပြုံးဟု ခေါ်ဆိုနိုင်ပါသည်။

"မဟာဆီ၊ မဟာသွေးခြင်း တူညီတယ် ... ဒီအထဲမှာပဲ ကိုရန်မျိုးနောင်မှာ ရွေးပိုင်ခွင့်ရှိတယ်ဆိုပြီး မြတ်ကိုရွေးခဲ့တယ်မဟုတ်လား ... ဒီတော့ မြတ်က ကိုရန်မျိုးနောင်ကို လက်ခံလက်ထပ်ပါ့မယ်လို့ ... ကတိပေးရင်ပြီးတာပဲ ...





လက်ထပ်တာကတော့ ဘယ်အချိန်ကျမှဖြစ်ဖြစ်ပေ့ါ ... အဆင်ပြေတဲ့အချိန်ကျမှပေ့ါ ... "

"ကိုယ်ပြောပါရစေမြတ် ... ကိုယ်စာတိုက်ကရေးထည့်ပေးလိုက်တုန်းက သေချာစဉ်းစားပြီးမှ ရေးထည့်ပေးပို့တာပါ၊ မယ်မယ်ဘုရားရှိစဉ်က သွေးတူညီတူ မဟာမျိုးဂေဟာသူနဲ့ လက်ထပ်ဖို့သက်သက်ပါပဲ ... ဒါပေမဲ့ မြတ်ကို ကျွန်တော် နှစ်ကြိမ်တွေ့မြင်ပြီးတဲ့နောက်မှာ စဉ်းစားလေလေ မြတ်အပေါ် ကိုယ့်နှလုံးသားထဲက ချစ်မြတ်နိုးလာလေလေ ဖြစ်လာတယ် ... နှလုံးသားမေတ္တာဆိုတာက သူ့အလိုလို စိမ့်ယိုပေါက်ဖွားရတာပါ ... ကိုယ် အခုဆို မြတ်ကို ရင်ထဲနှလုံးထဲက သိပ်ချစ်နေပြီလေ ... အဲဒီတော့ ... အချိန်ကြာရင် အကြောင်းတစ်ခုခုကြောင့် မြတ်နဲ့လက်ထပ်ရေး လွဲချော်သွားမှာ ကိုယ် သိပ်စိုးရိမ်လို့ အင်္ဂလန်မသွားခင် လက်ထပ်ခဲ့ဖို့ ပြောရတာပါ ... "

ကိုရန်မျိုးနောင်က မိမိကို သူ့ရင်ထဲနှလုံးထဲက ချစ်လို့ပါဟု ဖွင့်ပြောသည့်အတွက် မြတ်သူဇာ အံ့ဩစွာဖြင့် မောင်လွင်ဦးပြောခဲ့သောစကားတွေကို သတိရမိသည်။

ပထမအထစ်သည် ကြိုက်ခြင်းဖြစ်သည်၊ ဒုတိယ တတိယအထစ်တို့သည် နှစ်သက်ခြင်း မြတ်နိုးခြင်းဖြစ်သည်။ ထိုသုံး

ထစ်ကိုကျော်ပြီးမှသာ ထိပ်ဆုံးအချစ်ဆိုသည့် လှေကားထစ်ကို ရောက်မည်ဟု ဆိုခဲ့သောစကားပင်။

ဒါဆို ကိုရန်မျိုးနောင်သည် ပထမ မိမိကိုကြိုက်သည်၊ ဒုတိယ နှစ်သက်သည်၊ တတိယ မြတ်နိုးသည်။

မောင်လွင်ဦးသည် တူးမာအပေါ်တွင် တတိယ အထစ်သာရောက်ပြီး အချိန်အကြာကြီးကြာသည့်တိုင်အောင် ... စတုတ္ထချစ်ခြင်း လှေကားထစ်သို့ မတက်ပေ။

ယခုတော့ ကိုရန်မျိုးနောင် လှေကားထစ်တွေကို တက်လိုက်သည်မှ နောက်ဆုံးလှေကားထစ် သိပ်ချစ်တယ်ဟုပြောဆို တက်ရောက်ခဲ့ခြင်းမှ မြန်လွန်းမနေဘူးလား

“ဒါဆို ... အခု ကိုရန်မျိုးနောင်ရင်ထဲက ဖြစ်နေတာဟာ မဟာဆီ မဟာသွေးခြင်းမို့ လူကြီးတွေ စီစဉ်ထားလို့၊ လက်ရှိမှာလည်း ချစ်သူမရှိလို့၊ ပန်းပင်ပေါ်မှာပွင့်နေတဲ့ ပန်းတွေထဲက အပွင့်အကားဆုံး အလှဆုံးကို ရွေးယူတာမျိုးမဟုတ်ဘူးပေါ့”

“ယောက်ျားကြီးတန်မဲ့ ... ကျိန်ဆိုကျိန်ပါ့မယ် ... မြတ်ကို ကိုယ့်ရင်ထဲနှလုံးထဲကကို တကယ်ချစ်လို့ပါ ... ခုနကပြောသလို မဟာမျိုးနွယ်ချင်းမို့ လူကြီးစကားမပယ်ရှားချင်လို့ ဆိုတာမျိုးနဲ့သာဆိုရင် မြတ် နိုင်ငံခြားသွားစရာရှိတာသွားပေါ့။ အခုချက်ချင်း လက်ထပ်ခဲ့ပါလို့ ကိုယ် ဘယ်ဈေးဆစ်





မလဲ ... အေးအေးဆေးဆေးပဲလို့ သဘောထားမှာပေါ့ ... ကိုယ် မြတ်ကို နှလုံးသားထဲက တကယ်ချစ်လို့ပါ”

“မြတ်ကတော့ ကိုရန်မျိုးနောင်နဲ့လက်ထပ်ရေးကိစ္စမှာ ... သံပတ်ပေးလို့ ခေါင်းညိတ်ပြတဲ့စက်ရုပ်သဘောပဲရှိတယ်ဆိုရင်ကော ... မြတ် အခုချက်ချင်း လက်ထပ်ဖို့ဆိုတာဟာ အများကြီးစဉ်းစားရမယ် ကိုရန်မျိုးနောင် ... မမမျိုးနဲ့ တိုင်ပင်ရမယ် ... ခုန အချစ်ဆုံးသူငယ်ချင်း မိန္နယ်နဲ့တိုင်ပင်ရမယ် ... ကဲ ... ဒီတော့ မြတ်သေချာတိုင်ပင်စဉ်းစားပြီးမှ ကိုရန်မျိုးနောင်ဆီကို အကြောင်းပြန်ကြားပါ့မယ် ... ကဲ ... မြတ် ဒီကိုလာတာ နောက်တစ်ကြောင်းရှိသေးတယ်”

“ပြောပါမြတ် ... ”

“တိုတိုပဲပြောပါ့မယ် ... မဟာမြိုင်ဂေဟာမှာ ကားမောင်းတဲ့ ဒရိုင်ဘာ မောင်လွင်ဦးကို ကိုရန်မျိုးနောင်သိတယ်နော်”

“သိပါတယ် မြတ် ... ”

“ကိုရန်မျိုးနောင်နဲ့ မောင်လွင်ဦးဟာ အခုမှသိဖူးမြင်ဖူးတာ မဟုတ်ဘဲ အတိတ်က သိဖူးရုံတော တစ်ခုခုပတ်သက်ခဲ့ဖူးတယ်လို့ မြတ်စိတ်ထဲက ရိပ်မိနေတယ် ... အဲဒါ မောင်လွင်ဦးနဲ့ ကိုရန်မျိုးနောင် ဘယ်လိုပတ်သက်ခဲ့ပြီး ဘယ်လိုသိကြတယ်ဆိုတာ မြတ် အမှန်အတိုင်းသိချင်တယ် ... ”

“ဪ ... ဒါလား”

ဟု ပြောပြီး ချက်ချင်း မဖြေသေးဘဲ သက်ပြင်းကြီး ရန်မျိုးနောင် မှုတ်ထုတ်လိုက်သည်။

"ကဲ ... ဇာမချဲ့ဘဲ လိုရင်းကို တိုတိုပဲပြောပြမယ်မြတ်"

"ကိုယ် ဩစတြေးလျက ပြန်လာတဲ့ပြီးခဲ့တဲ့နှစ်ဦးပိုင်းကပေါ့၊ ကိုယ့်လုပ်ငန်းအတွက် စက်ရုံတည်ဆောက်ဖို့ရယ်၊ မွေးမြူရေး စိုက်ပျိုးရေးအတွက်ရယ် အသင့်တော်ဆုံးဖြစ်စေနိုင်တဲ့ မြေနေရာရှာဖို့ ပထမတောင်ကြီးမြို့ကိုရောက်သွားတယ်၊ တောင်ကြီးမြို့စွန်မှာ လီမွှော်နဲ့လက်ဖက်စိုက်နေတဲ့ ဘာဘ ဘုရားနဲ့မယ်မယ်ဘုရားရဲ့တပည့် ဦးတေဇနဲ့ ဒေါ်နန်းသူဆိုတာရှိတယ် ... သူတို့မှာ အသက်နှစ်ဆယ်အရွယ် သမီးလေး ယုခိုင်ဆိုတာရှိတယ် ... ရှစ်တန်းအောင်တဲ့အထိ ကျောင်းနေခဲ့ပြီး မိဘရဲ့ခြံနဲ့စိုက်ခင်းမှာ ကူလုပ်နေတယ် ... ကိုယ်က သူတို့အိမ်မှာတည်းတယ် ... လက်တွေ့စိုက်ပျိုးရေးကို နိုင်ငံခြားစိုက်ပျိုးနည်းနဲ့ နှိုင်းယှဉ်ချင်လို့ အနီးကပ်လေ့လာချင်လို့ နောက်ပြီး တောင်ကြီးမြို့ပေါ်က ဟိုတယ်တွေမှာ မတည်းခိုချင်လို့၊ အဲဒီ ဦးတေဇအိမ်မှာတည်းတာ ... ဒီတော့ အနီးကပ် အတူနေထိုင်ရင်းက ဦးတေဇသမီး ယုခိုင်ကို ကိုယ့်ရင်ထဲက မေတ္တာရှိသွားတယ် ... ဒါပေမဲ့ ယုခိုင်ကို မေတ္တာရှိတဲ့အကြောင်း ဖွင့်မပြောခဲ့ဘူး ... သူတို့ကျေးလက်တွေမှာ သမီးလိုချင်ရင် သူ့မိဘကိုပြော ... သူ့မိဘသဘောတူရင်ပြီး





ရောဆိုတဲ့ ဓလေ့သဘောရှိတယ် ... ဒါကြောင့် ယုခိုင်ရဲ့မိဘ ဦးတေဇနဲ့ဒေါ်နန်းသူကိုပဲ ဖွင့်ပြောပြီး လက်ထပ်ခွင့်တောင်းတယ် ... "

"အဲဒီတုန်းက မဟာမျိုးမဟာနွယ်ဆိုတာတွေကို ကိုရန်မျိုးနောင် ထည့်မတွက်ဘူးလား ... "

ရန်မျိုးနောင်က ရယ်ပါ၏။

"ကိုယ်ပြောခဲ့ဖူးပါတယ် မြတ် ... အဲဒီ မဟာမျိုးမဟာနွယ်ဆိုတာကို ကိုယ့်ရဲ့မယ်မယ့်အလိုကျ အလိုက်အထိုက် ကိုယ်လုပ်ပေမဲ့၊ အယူသိပ်မသည်းဘူး၊ ကိုယ့်ရင်ထဲက တကယ့်ချစ်သူတွေ့ရင် လက်ထပ်မှာပဲ၊ ကဲပါလေ ဒါတွေထားလိုက်ပါတော့၊ တိုတိုပြောရရင် ကိုယ် ယုခိုင်မိဘတွေကိုပဲ ယုခိုင်နဲ့လက်ထပ်ချင်တာကို ဖွင့်ပြောတယ်၊ ယုခိုင်မိဘတွေက သဘောတူတာပေ့ါ ... အဲဒီနေရာမှာ မြတ်ကို ကိုယ်တစ်ခုပြောပြမယ် ... ကိုယ်တို့အထက်တန်းလွှာက မဟာမျိုးမဟာနွယ်တွေမို့ အချင်းချင်းလက်ထပ်ရမယ်ဆိုတာဟာ တကယ်တန်းတွေးကြည့်ရင် အတင်းအဓမ္မ ဘောင်ကွတ်ထားလို့ ဘောင်ထဲရောက်နေတဲ့သဘောပဲရှိတယ်၊ တကယ်တန်းဖြစ်လာရင် ဘောင်ကိုကျော်ထွက်ဖို့ ဝန်မလေးဘူး၊ အဲ ယုခိုင်တို့လို ကျေးလက်သူတွေကျတော့၊ မိဘစကားကို သားသမီးက နားထောင်ရမယ်လို့ ခံယူတာ ပိုသေနည်းပဲ၊

ယုခိုင်ကို ချစ်သူဘာဝပေးထားတဲ့ မောင်လွင်ဦးဓာတ်ပုံကို ရော တွေ့ရတယ် ... အဲဒီမှာတင် ကိုယ်အကြီးအကျယ် စိတ်မကောင်းဖြစ်ပြီး တောင်ကြီးမှာ မောင်လွင်ဦးကို လိုက်စုံစမ်းတယ် ... မတွေ့ပါဘူး ... ယုခိုင်သေဆုံးတဲ့နေ့ကစပြီး မောင်လွင်ဦး တောင်ကြီးကပျောက်သွားတယ် ... စုံစမ်းသိရသလောက်ကတော့ မောင်လွင်ဦးဟာ တေးဂီတပညာရှင်ကြီးရဲ့သားတစ်ယောက်ဖြစ်တယ် ... သူ့မှာ မိဘမရှိတော့ဘူး၊ မောင်လွင်ဦးကိုယ်တိုင်လည်း တေးဂီတဘက်မှာ တော်တော် အစွမ်းထက်တယ် ဆိုတာတွေ ကြားသိခဲ့ရတယ် မြတ် ... ”

“ဩ ... ဩ ... မောင်လွင်ဦးဟာ ချစ်သူဆုံးပြီး ကြေကွဲစွာနဲ့ လေလွင့်လာတဲ့ လူပေကိုး ... ရင်နာစရာကြီးနော်”

“ဒါပါပဲမြတ် ... ကိုယ်နဲ့မောင်လွင်ဦး ပတ်သက်တယ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် မသိကျွမ်းဘူးပဲ ပတ်သက်ခဲ့ကြတာပါ ... ကိုယ်က ယုခိုင်သေတ္တာထဲကရတဲ့ မောင်လွင်ဦး ပို့စကတ် ဓာတ်ပုံကိုတွေ့ဖူးတာပါ ... သူ့ကို စုံစမ်းရင်း သူများပြောလို့ သူ့အကြောင်းသိရတာပါ ... ”

“မောင်လွင်ဦးကရော ကိုရန်မျိုးနောင်ကို မြင်ဖူးထားသလား၊ မဟာမြိုင်အိမ်မှာ သူ အအေးဖန်ခွက်တွေလာပို့ရင်း ကိုရန်မျိုးနောင်ကို သူတွေ့လိုက်တာနဲ့ အံ့အားသင့်သွားတာ





မြတ်သတိထားမိခဲ့တယ် ... သူ ကိုရန်မျိုးနောင်ကို သိနေသလိုပဲ ... ”

“ယုခိုင်နဲ့မောင်လွင်ဦးဟာ တိတ်တခိုးချစ်သူတွေပဲ၊ ကိုယ်က သူ့ကိုမသိပေမဲ့ ယုခိုင်ဆီကို မောင်လွင်ဦး တိတ်တခိုးလာရင်း အဲဒီအိမ်မှာတည်းခိုနေတဲ့ ကိုယ့်ကို သူမြင်ဖူးသွားမှာပေါ့၊ ခက်တယ်မြတ် ... ဦးတေဇ၊ ဒေါ်နန်းသူတို့လို ကျေးလက်သားတွေဟာ သမီးမိန်းကလေး မိဘမသိဘဲ ခိုးရာလိုက်ပြေးရင် ရာသက်ပန်စွန့်ပစ်တယ်၊ ခိုးရာလိုက်ပြေးတဲ့ မိန်းကလေးကို မိန်းမယုတ်လို့ အများက သတ်မှတ်တယ်၊ ဒါကြောင့် ယုခိုင်ဟာ မောင်လွင်ဦးကို ချစ်ပေမဲ့ ခိုးရာမလိုက်ဘဲ မောင်လွင်ဦးဘွဲ့ရ၊ အလုပ်ရပြီး မိဘသဘောတူတဲ့အထိ ဖွင့်မပြောဘဲ တိတ်တိတ်နေခဲ့တာ ... ကိုယ် သိသမျှကတော့ ဒါလောက်ပါပဲ မြတ် ... ”

အင်း ... ဒီလိုပါလားဟု မြတ်ရင်ထဲက မှတ်ချက်ချရတော့သည်။

အချိန်လည်းတော်တော်ကြာ မိနွယ်လည်း ပြန်ရောက်လာပြီမို့ မြတ်သည် ကိုရန်မျိုးနောင်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

လမ်းတွင် မောင်လွင်ဦးအကြောင်းမပါဘဲ သူမနှင့် ရန်မျိုးနောင်အကြောင်း အစမှအဆုံး နောက်ဆုံး ရန်မျိုးနောင်က

အင်္ဂလန်မသွားမီ တရားဝင်လက်ထပ်ဖို့အကြောင်းတွေပါ သူငယ်ချင်း မိန္နယ်ကို ပြောပြကာ အကြံတောင်းခံသည်။

"ငါ့ကို အကြံပေးပါဆိုရင်တော့ ... ငါက ကိုရန်မျိုးနောင်ရဲ့ တောင်းခံချက်ကို သဘောတူတယ် မမြတ်၊ သူက ရှင်းရှင်းပြောသားပဲ ... လက်ထပ်ပေမဲ့ ညအတူမအိပ်ဘူးလို့၊ နင်နိုင်ငံခြားသွားနေစိုက်မှာ နင့်မှာ အော့အန်စရာ နားထင်ဆံစခြောက်စရာတွေ ပါမသွားဘူးပေါ့ ... နောက်တစ်ချက်ရှိသေးတာက မဟာမြိုင်ဂေဟာကြီးကို နင်မရှိဘဲ မမမျိုးတစ်ယောက်တည်း အုပ်ချုပ်စီမံနိုင်မတဲ့လား၊ ကိုရန်မျိုးနောင်က နင်နဲ့တရားဝင်လက်ထပ်ပြီးသားဖြစ်နေရင် မဟာမြိုင်ကို နင်မရှိတုန်း ဝင်အုပ်ချုပ်လုပ်ကိုင်ပေးနိုင်မယ် မဟုတ်လား မိမြတ် ... "

မြတ်သူဇာ ဇဝေဇဝါနှင့်ပင် မိန္နယ်အား ခေါင်းညိတ်ပြလိုက်ပေတော့သည်။





# ၁၉

"ဘယ်လိုလဲ ကိုလွင်ဦး ... ခင်ဗျား မဟာမြိုင်ဂေဟာက မြတ်သူဇာ လက်ထပ်သွားတာရယ် ... အင်္ဂလန်ကို သမိုင်းလေ့လာရေးထွက်သွားတာရယ် ... သတင်းစာထဲမှာ ပါလာပြီးတဲ့နောက် ခင်ဗျား ငြိမ်ချက်သားကောင်းလှပါလား"

"ဟုတ်တယ် ကိုညိုမှိုင်း ... ကျွန်တော်လည်း ... အဲဒါကို စဉ်းစားနေတယ် ... ခင်ဗျားနဲ့ကျွန်တော်ရဲ့ ဖိုင်နယ်အောင်စာရင်းတွေလည်း ထွက်ပြီးပြီ ... ခင်ဗျားရဲ့ 'လေအစုန်ရွက်ကုန်ဖွင့်သော်လည်း' တတိယမြောက်လုံးချင်းလည်း ထွက်ပြီးပြီ ... မနေ့က ဆယ်တန်းအောင်စရင်းတွေထွက်ပြီး ... ခင်ဗျားဆီ သိပ်လာသင့်တဲ့လူနှစ်ယောက် မလာသေးပါလား ... "

ကိုညိုမှိုင်းသည် အကောက်ခွန်ရုံးမှ အရာရှိငယ်တစ်ဦးဖြစ်သည်။ လူပျိုလူလွတ်ဖြစ်သည်။ တောင်ဥက္ကလာ(၁)ရပ်ကွက်တွင် သီးသန့်အခန်းငှားနေသည်။

လွင်ဦး သက်ကြီးတက္ကသိုလ် ဖိုင်နယ်တက်ရင်း ထိုင်ခုံချင်း ကပ်ထိုင်ရာမှ ကိုလွင်ဦးနှင့် ကိုညိုမှိုင်း ခင်မင်သွားသည်။

စိတ်သဘောထား တိုက်ဆိုင်ကြခြင်း အကျင့်သိက္ခာချင်း တူညီခြင်း၊ ခလေ့စရိုက်ချင်း တူညီခြင်းတို့ကြောင့် ... တစ်ယောက်အကြောင်း တစ်ယောက်ကောင်းကောင်းသိ သူငယ်ချင်းဖြစ်သွားသည်။

မဟာမြိုင်ဂေဟာမှ ဆင်းလာစဉ်က ပစ္စည်းသယ်ဖို့ ဦးဒေဝက ကူညီရင်း ကိုလွင်ဦးနေသောအိမ်ကို သိခဲ့သည်။

"ခင်ဗျား စာအုပ်ထုတ်ပေးသူ ကိုစိုးလွင်လာသင့်ပြီ ... အဲနောက်တစ်ယောက်က မိုးစန္ဒာ ... ခင်ဗျားအခေါ်အဝေါ် အရ မမိမိုးလေ ... လာသင့်နေပြီ ... "

"အေးဗျာ ... သူတို့ ဘာလို့မလာကြသေးတာလဲ မသိဘူး"

"နေဦးဗျ ... ခင်ဗျား ကျွန်တော့်ကိုပြောခဲ့တယ်နော် ... ခင်ဗျားမမြတ်နဲ့နောက်ဆုံးတွေ့ခဲ့တုန်းက မမိမိုးဆီ ခင်ဗျား ချစ်တဲ့အကြောင်း စာရေးပေးခဲ့တယ်လို့ ... "

လွင်ဦး ခေါင်းညိတ်ပြသည်။





"အေးဗျာ ... ကျွန်တော့်ရင်ထဲမှာရှိတဲ့အတိုင်း ဝန်ခံရရင် မမြတ်နဲ့ကျွန်တော် ဘယ်လိုမှမနီးစပ်နိုင်မှန်းသိတဲ့အချိန်က စပြီး မိမိုးအပေါ် ကျွန်တော့်အချစ်စိတ်တွေ ရင်ထဲနှလုံးထဲက မိမိုးအပေါ်ပုံကျသွားတယ်၊ မိမိုးက ကလေးဆန်ပေမဲ့ သိပ်ချစ်စရာကောင်းတယ်ဗျ၊ မမြတ်ကိုယ်တိုင်ကလည်း သူညီမ မိမိုးနဲ့ကျွန်တော့်ကို ဖြစ်မြောက်စေချင်တယ် ... လက်ထပ်စေချင်တယ် ... မိမိုး ဆယ်တန်းမအောင်သေးလို့ ကျွန်တော်စောင့်နေတာ ... ဒါပေမဲ့ ခက်တယ်ကိုညိုမှိုင်း သူတို့အလွှာကဟာတွေက အကဲခတ်ရခက်တယ်"

"နေဦးဗျာ ... ခင်ဗျား မမြတ်က ခင်ဗျား မိမိုးဆီရေးပေးတဲ့စာကို သူဟာသူ ဗျာများပြီး မပေးဖြစ်ဘဲ ထွက်သွားသလားမှ မသိတာ ... "

"အင်း ... စဉ်းစားစရာပေါ့ဗျာ ... ဒါပေမဲ့ မမြတ်ဟာ အလုပ်တစ်ခုကို သေသေချာချာ တိတိကျကျ အလေးအနက်လုပ်လေ့ရှိတယ် ကိုညိုမှိုင်း ... မေ့လျော့တယ်ဆိုတာမျိုး မရှိတတ်ဘူး ... "

"နောက်တစ်ခု ထပ်စဉ်းစားဖို့က မိုးစန္ဒာဆီ ခင်ဗျားရဲ့ မေတ္တာစာရေးနိုင်းပြီးမှ တကယ်တမ်းစာပေးဖို့ကျတော့ သူ့ညီမကို သူ နှမြောနေသလား ... ဒါမှမဟုတ် ခင်ဗျားကို

"ဟာ ... မမိမိုး"

ဟုအော်ကာ ... ကားနီလေးပေါ်မှဆင်းလာသော အမျိုးသမီးငယ်ဆီသို့ တစ်ဟုန်ထိုးပြေးဆင်းသွားသည်။

သို့သော် ... မမိုးရှေ့တွင်မရောက်မီ ကားနီးပေါ်မှ ဦးဒေဝကြီးဆင်းလာကာ မမိမိုးရှေ့တွင် ကာ၍ရပ်လိုက်သည်။

"ဟေး ... မောင်လွင်ဦး"

"ဗျာ ... "

"ကျန်းခန့်သာလို့မာရဲ့လား ... "

"ဟုတ်ကဲ့ ပို့သသောမေတ္တာကြောင့်ပေါ့ဗျာ ... "

မမိမိုးက ရှေ့မှာကာရပ်နေသော ဦးဒေဝကြီးကို ဘေးသို့တွန်းဖယ်ကာ လွင်ဦးနှင့်မျက်နှာချင်းဆိုင် ရှေ့သို့တိုးရပ်သည်။

"လာ ... မမိမိုး ... အိမ်ပေါ်တက်ဦး ... အိမ်ကတော့ မမိမိုးတို့ မဟာမြိုင်အိမ်ကြီးနဲ့စာလိုက်ရင် နွားတင်းကုတ်ပဲ"

"အိမ်ကိုလာတွေ့တာမှမဟုတ်တာ ... လူကိုလာတွေ့တာပဲ ဟာ ... ကိုလွှင့်ကို လာတွေ့တာ ... "

"ဒါဆိုရင်တော့ ဝမ်းသာစရာကြီးပေါ့ ... "

အိမ်ပေါ်သို့တက်ခဲ့ကြသည်။

ကိုညိုမှိုင်းက အနီရောင်အနားကွတ်နှင့် ဖျာချော လေးခင်းပေးသည်။ ပြီး တစ်ဆက်တည်းမေးသည်။





"ကိုလွင်ဦး ကျွန်တော် မမိမိုးရဲ့ကားဆရာကြီးကို ခေါ်သွားပြီး ... လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သွားတိုက်မယ် ... ဧည့်သည်အတွက်ရော မောင်ရင့်အတွက်ပါ ပါဆယ်ဝယ်ခဲ့မယ်လေ ... မမိမိုး ကော်ဖီလား ... လက်ဖက်ရည်လားဟင် ... "

မိုးစန္ဒာက ခေါင်းခါပြသည်။

"ဗျို့ ကားဆရာကြီး ... လမ်းထိပ်မှာ လက်ဖက်ရည်ဆိုင်ရှိတယ် သွားရအောင် ... "

"ဒီအချိန် ငါလက်ဖက်ရည်မသောက်ဘူးကွ ... "

ပြော့ဆိုနေကြစဉ်မှာပင် ထုတ်ဝေသူနှစ်ဦး ကိုစိုးလွင်နှင့်ကိုမျိုးသန့်တို့ လက်တို့ကာ ဆင်းသွားကြသည်။ မမိမိုးနှင့် လွင်ဦး ဖျာပေါ်တွင်ထိုင်ကြသည်။

"ဗျို့ ကားဆရာကြီး ... "

"ဟေလကွာ ... ခဏခဏခေါ်နေတာ ဘာသဘောလဲကွ"

"ဒီအိမ်ကနေ တစ်လမ်းကျော်မှာ အဖြူဆိုင်ရှိတယ်ဗျ ... ဘီအီးဒီစီဆိုင်လေ ... ဒီအချိန်ဆို လူရှင်းတယ်"

"ဟေ ... ဟုတ်လား ... ဘီအီးဒီစီစစ်ရဲ့လားကွ ... "

"စစ်တာမှ စစ်စစ် စစ်စစ်နဲ့ ပုစွန်ဆိတ်ခုန်ဗျ ... "

"အေး ... အဲဒါကောင်းတယ် ... အခု ညနေလေးစောင်းလာပြီပဲကွ ... "

ကိုညိုမှိုင်းခေါ်ရာသို့ ဦးဒေဝကြီးပါသွားတော့သည်။

အိမ်တွင် ကြမ်းပေါ်တွင် ငွေသုံးထောင်အထုပ်မှလွဲပြီး ဘယ်သူမှ မရှိတော့ပြီ။

"အခု မိမိုးလာတာ ... ဆယ်တန်းအောင်တဲ့အကြောင်း ကိုလွင့်ကို လာပြောတာ ... ရှုပန့်ခာတု ဂုဏ်ထူးနှစ်ခုပါတယ် ..."

"ဝမ်းသာလိုက်တာ မမိမိုး ... ဒီနှစ်ခုနဲ့အောင်တာလွယ်မှတ်လို့ ... ရိုးရိုးအောင်ဖို့တောင်မှ မလွယ်တာ ..."

"ကိုလွင်ကော ဗိုင်နယ်အောင်လား ..."

"အောင်တယ် မမိမိုး ..."

"ဒါတောင် အိမ်ကိုဖုန်းဆက်မပြောဘူး ..."

"ဖုန်းလည်းဆက်ပြောချင်တယ် ... ကိုယ်ကိုယ်တိုင်လည်း မမိမိုးကိုလာပြောချင်တာမှ ယားကျိယားကျိ ဖြစ်နေတယ်၊ ဒါပေမဲ့ မမျိုးတို့ ကိုလတ်လတ်တို့နဲ့ တိုးမှာကြောက်လို့ ဆက်ရကောင်းမလား၊ လာရကောင်းမလား ဇဝေဇဝါဖြစ်နေတယ် ..."

"ဘာဇဝေဇဝါလဲ ..."

"မမြတ်လက်မထပ်ခင် နိုင်ငံခြားမသွားခင် အစောကြီးကတည်းက တို့ မမြတ်ကတစ်ဆင့် မမိမိုးဆီကို စာတစ်စောင်ရေးပေးပို့ခဲ့တယ် ... အဲဒီစာ မမိမိုးလက်ထဲရောက်မှ





ရောက်ရဲ့လားဆိုတာကို စိတ်ထဲမှာ မသေချာဘူး၊ တကယ်လို့ တို့ပေးတဲ့စာ မမိမိုးရရင်လည်း ... တို့အပေါ်ဘယ်လိုသဘောထားတယ်မှန်းမသိဘူးလေ၊ ဒါကြောင့် စိတ်ထဲမှာ ဇဝေဇဝါနဲ့ ဖုန်းလည်းမဆက်ရဲ လူလည်းမလာရဲဖြစ်နေတာ"

"ကိုလွင်ပေးတဲ့စာက ဘာစာမို့လဲ ..."

"အဲဗျာ ... ဒါဆို ... မမြတ်က မမိမိုးကို ဘာစာမှ မပေးခဲ့ဘူးလား ..."

ခစ်ခနဲ မိမိုးက ရယ်လိုက်သည်။

ပြီးမှ သူမ ပိုက်ဆံအိတ်ထဲတွင် တရိုတသေသိမ်းထားသော မှင်ရောင်စိမ်းနှင့်စာကို ထုတ်ပြသည်။

"အဲဒါတော့ မမြတ်က ပေးသွားတာပဲ ..."

"ဟာ ... မမိမိုးသိပ်နောက်တာပဲ ... ဒီစာရထားပြီးသားနဲ့"

"မမြတ်က အဲဒီနေ့ကတည်းက ဒီစာ မိမိုးကိုပေးပါတယ်၊ ဒါပေမဲ့ မမြတ်က မိုးကိုသေချာမှာသွားတယ် ... မိမိုးဆယ်တန်းအောင်စာရင်းထွက်ပြီး စာမေးပွဲအောင်မှ ကိုလွင်ကို သွားတွေ့တဲ့၊ တကယ်လို့ ဆယ်တန်းစာမေးပွဲကျရင် သွားမတွေ့ရဘူးတဲ့၊ သူပြန်လာမှ ဘာဆက်လုပ်ရင်ကောင်းမလဲဆိုတာ စဉ်းစားစီစဉ်ပေးမယ်တဲ့ ... ဒါကြောင့် စာရပြီးပေမဲ့ ကိုလွင်ကို လာမတွေ့တာ ... အခု ဆယ်တန်းအောင်ပြီမို့ လာတွေ့တာ ..."

"ဝမ်းသာလိုက်တာ မိမိုးရယ် ... ဒါထက် ... ကိုလတ်လတ်ရော ... ဆယ်တန်းအောင်သလားဟင် ... "

"အောင်တယ် ... "

"ဒီပါသေးလား မိမိုး ... "

"မပါဘူး ... ကိုကိုလတ်က စိစွာနဲ့ဖြေတာပဲ ... ဒီပါဖို့ ဘယ်လွယ်မလဲ ... "

"ဘာပဲဖြစ်ဖြစ် ကိုလတ်လတ်အတွက်လည်း တို့ဝမ်းသာတာပဲ ... "

"အင်း ... မမြတ်က မှာခဲ့သေးတယ် ... ကိုကိုလတ်ဆယ်တန်းအောင်ရင် မတူးမာနဲ့ ကိုရန်မျိုးနောင်နဲ့ မမမျိုးကပဲ မိဘနေရာကစင်ပြီး ကိုလတ်လတ်ကို လက်ထပ်ပေးပါတဲ့"

"ကိုလတ်လတ်က တက္ကသိုလ်ဆက်မတက်ဘူးလားဟင်"

"မတက်ဘူးတဲ့ ... သူ့ယောက္ခမလောင်းကြီး ဒေါ်ဒေါ်စိုးက ကိုကိုလတ်ကို သူ့သမီးနဲ့လက်ထပ်ပြီးရင် သူ့လုပ်ငန်းတွေမှာပဲ ဝင်ဦးစီးလုပ်ပေးရမယ်တဲ့ ... သူ့သမီး တူးမာဆယ်တန်းအောင်တာတောင် တက္ကသိုလ်ဆက်ပြီး မတက်စေတာပဲ"

"ဒါဆို မမမျိုးသဘောထားကရော ... "

"မမမျိုးက ဘာမှမစီစဉ်တတ်ဘူး ... ကိုရန်မျိုးနောင်ပဲ စီစဉ်ပေးဖို့ ကိုရန်မျိုးနောင်ကို ဖုန်းဆက်ခေါ်တယ် ... အိမ်မှာ မမမျိုးနဲ့ကိုရန်မျိုးနောင်တိုင်ပင်နေတုန်း ... မိမိုး ကိုလွင့်





ဆီ ထွက်လာတာ ... ဦးလေးဒေဝက ကိုလွင်ရဲ့လိပ်စာသိတယ်လေ ... ဒီတော့ တူးမာဟာ ကိုကိုလတ်နဲ့လက်ထပ်တော့မှာ သေချာပြီမို့ ကိုလွင် သိပ်ဝမ်းသာမနေနဲ့လို့ မိမိုးက ပြောချင်တာ သိလား ... "

"ဘာဆိုင်လဲ ... တို့ရင်ထဲမှာ ကိုလတ်လတ်နဲ့ တူးမာ လက်ထပ်တာကို ဝမ်းတောင်သာနေတာပဲဟာ ... တကယ်တော့ တူးမာနဲ့တို့ ဘာမှဖြစ်တာမှမဟုတ်တာ ... "

"တကယ်လား ... "

"တကယ်ပေါ့ မိမိုးလေးရယ် ... ကျိန်ဆိုရင် ကျိန်ပြလိုက်မယ် ... "

"အလကားနောက်တာပါ ... မမြတ်က ကိုလွင်ရဲ့အချစ်အဘိဓမ္မာ အချစ်ငှက်ဘာ အချစ်သီအိုရီကို မိမိုးသဘောပေါက်နားလည်အောင် အားလုံးရှင်းပြပြောပြထားပါတယ် ... "

"ဒို့ မမမျိုးက ကိုလတ်လတ်နဲ့ တူးမာလက်ထပ်ဖို့ကိစ္စမှာ မကန့်ကွက်ဘူးလား၊ တူးမာက မဟာမျိုးမဟာနွယ် မဟုတ်ဘူးလေ ... "

"မမမျိုးကတော့ မျိုးရိုးစွဲသိပ်ကြီးသူပဲ ... ကန့်ကွက်ချင်တာပေါ့ ... ဒါပေမဲ့ ကိုရန်မျိုးနောင်ကရော မမြတ်ကရော မဟာဆီမဟာသွေးဆိုတဲ့အစွဲဟာ ... ဂုဏ်ပုဒ်တစ်ခုဖြစ်တာကလွဲပြီး ကနေ့ခေတ်မှာ မဟာအချင်းချင်းမှ လက်ထပ်ရ

မယ်ဆိုတာ မရှိတော့တဲ့အကြောင်း နားဝင်အောင် နားချလို့ မမမျိုးလက်မခံချင်ပေမဲ့ နောက်ဆုံး လက်ခံပေးပါတယ် … ဒါကြောင့် … ကိုကိုလတ်ကို မတူးမာနဲ့လက်ထပ်ပေးဖို့ သဘောတူလိုက်တယ် …”

“ဒါဆို … မမမျိုးအလှည့် လက်ထပ်ဖို့ကျရင် … မဟာဆီမဟာသွေးမတွေ့ရင် ဘယ့်နှယ်လုပ်မလဲ မိမိုး … ဒါတော့ မမမျိုးက မလျှော့သေးဘူးပဲ … သူနဲ့ဒြပ်ခြင်းတူတဲ့ မဟာဆီမဟာသွေးသတို့သား နောက်ဆုံးမတွေ့ရင် မမမျိုးက ဘယ်သူ့မှ လက်မထပ်တော့ဘဲ ယောဂီဝတ်လိုက်မယ်တဲ့လေ …”

“အင်းပေါ့လေ … မမမျိုးအလိုကျ မမမြတ်က မဟာသွေးချင်း တူတဲ့ ဦးရန်မျိုးနောင်ကို လက်ထပ်ပြလိုက်တာကို မမမျိုး ကျေနပ်သွားတဲ့သဘောရှိနေပြီပဲ …”

“ဟုတ်တယ် … မမမြတ်က မိမိုးတစ်ယောက်တည်းကိုပဲ တိုးတိုးလေးလာပြောတယ် … ဦးရန်မျိုးနောင်နဲ့တရားသူကြီးအိမ်ခေါ် တရားဝင်လက်ထပ်တဲ့နေ့ကလေ မမမြတ် မိမိုးကို ပြောတာ …”

“ဘာပြောသလဲ မမမြတ်က …”

“မဟာမြိုင်မိသားစုအတွက် ငါ့ဘဝကို ငါစတေးလိုက်တာတဲ့ …”





မမမြတ်ကို လွင်ဦးကွက်ခနဲသတိရလိုက်မိပါ၏။

“ကဲလေ … ကိစ္စတွေအားလုံး ငြိမ်းငြိမ်းသွားပြီပဲ၊ တခြားကိစ္စတွေဘေးချိတ် မမိမိုးနဲ့တို့ကိစ္စဆက်ပြောကြစို့ …”

“ဘာ … ဘာ … ကိုလွင်နဲ့မိမိုးကိစ္စဟုတ်လား … ဟွန်း ကိုလွင် အကွက်တစ်ကွက်ကျော်နေပြီလေ …”

“ဘာတစ်ကွက်ကျော်မိလို့လဲ မမိမိုးလေးရယ် … စိတ်ထဲကြည်နူးနေတာလေးတောင် မမိမိုး စကားကြောင့် အထိတ်တလန့်ဖြစ်သွားပြီ …”

“တစ်ကွက်ကျော်နေတာပေါ့ … ကိုလွင်က မိမိုးကိုချစ်တယ်လို့ ဖွင့်ပြောထားတာ … မိမိုးက ကိုလွင်ကိုပြန်ချစ်ရဲ့လားဆိုတဲ့အဖြေကို အရင်ရှာရဦးမယ်လေ … ဒါမှ သူ့အကွက်နဲ့သူ အကွက်မှန်သွားမှာပေါ့ …”

“ကဲ … ဒါဆိုမေးပြီ … မမိမိုး … တို့ … ကိုလွင်ကိုပြန်ချစ်ရဲ့လားဟင် …”

“သိဘူး …”

“ဘာရမလဲ … သိကိုသိရမယ် … ဒီကိစ္စ ကလေးကစားတာ မဟုတ်ဘူး၊ ထပ်မေးမယ် … မမိမိုး … ကိုလွင်ကိုချစ်လား …”

“သိဘူး …”

“ကဲ … ဒါဆို မသိနဲ့ဦး … ကဲလေ … သိပြီလား”

ကိုငလွင် ဘာလုပ်လိုက်မှန်းတော့မသိ။ မမိမိုးထံမှ တခစ်ခစ်ရယ်သံလေးနှင့်အတူ ...

"ဟွန်း ... ဒီလိုတော့ မလုပ်နဲ့နော် ... မိမိုးကို ငလွင့်ကို သိပ်ချစ်ပါတယ် ... "

ဟု ပြောလိုက်သော အသံငြိမ့်ငြိမ့်လေးထွက်လာပေတော့သတည်း။

နားကြဦးဓိ ...

တက္ကသိုလ်တင်မြင့်

စေတနာစာပေ